

# ငွေတာမာန်

# ကမ္ဘာတုန်တဲ့ည




## လုံးချင်းဝတ္ထု


www.burmeseclassic.com




နွေတမာန်– ၏

ကမ္ဘာတုန်တဲ့ည– ဝတ္ထုကို

မာန်ထက်ချီဗီဒီယိုထုတ်လုပ်ရေးမှ

ဟိန်းဝေယံ၊ သက်မွန်မြင့်၊

မေသန်းနု၊ ဇော်ဝမ်း၊ အောင်ခိုင်

တို့ခေါင်းဆောင်၍

ဒါရိုက်တာ–နေပိုင်.. က

ဗီဒီယိုဇာတ်ကားရိုက်ကူးခဲ့ပြီးဖြစ်ပါသည်။

ကမ္ဘာတုန်တဲ့ည ဗီဒီယိုဇာတ်ကား၏

စီဒီမျက်နှာဖုံးပုံများအား

အမှတ်တရတင်ပြလိုက်ပါသည်။

www.burmeseclassic.com




# အပိုင်း–၁

## ( က )

ကျွန်မ အသက် ၁၃ နှစ်အရွယ်တွင် 'ခေါ်သံ'ကို စတင် ကြားခဲ့ရခြင်း ဖြစ်ပါသည်။

ပထမဦးဆုံးအကြိမ်ကြားရစဉ်က 'ခေါ်သံ'ကို အမှတ်မထင်သာ ရှိခဲ့သည်။ လျို့ဝှက်နက်နဲလိမ့်မည်ဟု မထင်ခဲ့ချေ။ ယုတ်စွအဆုံး ကျွန်မ ကို ခေါ်နေသည်ဟုပင် မထင်မှတ်ခဲ့ပါပေ။

အသက်ငယ်ရွယ်လွန်းသေးသောကြောင့် အမှတ်မထားမိလေသလား မသိပါ။

BURMESE CLASSIC .com

'ခေါ်သံ'ကိုကြားရချိန်မှာ ဆောင်းတွင်းညအချိန်ဖြစ်ပါ၏။

မှတ်မှတ်ရရ ထိုနေ့သည် ခရစ္စမတ်ညတစ်ညဖြစ်ပါ၏။

ထိုစဉ်က ကျွန်မတို့သည် ဖေဖေ တာဝန်ထမ်းဆောင်ရာ ရှမ်းပြည်နယ် တောင်ပေါ်မြို့ကလေးတစ်မြို့တွင် နေထိုင်လျက်ရှိပါသည်။

ထိုညတွင်…

ညဆယ်နာရီလောက် ရှိမည်ထင်သည်။ တစ်အိမ်လုံး အိပ်နေကြပါပြီ။ ကျွန်မတို့တစ်အိမ်လုံးသာမက ဘေးပတ်ဝန်းကျင်ရှိ အိမ်များလည်း အိပ်ရာဝင်ကုန်ကြသည့်အချိန်ဖြစ်ပါသည်။

www.burmeseclassic.com

www.burmeseclassic.com

ကျွန်မသည် အိပ်ပျော်နေပြီးမှ ထိုခေါ်သံကြောင့် အိပ်ရာမှပြန်နိုးလာခြင်း ဖြစ်ပုံရပါ၏။ သေချာမမှတ်မိတော့။

တိတ်ဆိတ်နေသောညအချိန်ကြီးတွင် အိမ်ရှေ့မှ ခေါ်သံထွက်ပေါ်လာခြင်း ဖြစ်သည်။

**"စောမြတ်မွန် .စောမြတ်မွန်"**

ထိုအသံကို ကျွန်မ သဲသဲကွဲကွဲ ကြားလိုက်ခြင်းဖြစ်ပါသည်။

**"စောမြတ်မွန် .စောမြတ်မွန်"**

ထိုအသံသည် ကျွန်မတို့အိမ်ရှေ့မှနေ၍ ကျွန်မတို့အိမ်ထဲကို ရည်ရွယ်၍ လှမ်းခေါ်နေပုံမျိုးဖြစ်သည်။ မသေချာပါ။ အိမ်များမှာ ဘေး ၂င်းအလွန် နီးကပ်နေပါသဖြင့် ဘေးအိမ်တစ်အိမ်အိမ်ကို လှမ်းခေါ်ခြင်းလည်း ဖြစ်နိုင်ပါသည်။ တိတ်ဆိတ်နေချိန်ဖြစ်၍ ကိုယ့်အိမ်ရှေ့တည့်တည့်က ထွက်ပေါ်လာသယောင် ထင်မိခြင်းဖြစ်နိုင်၏။

သေချာတာကတော့ ကျွန်မတို့အိမ်တွင် စောမြတ်မွန်ဆိုသူ မရှိပါ။ မေမေ့နာမည်က ဒေါ်အေးညွန့်မာဖြစ်ပါသည်။ ကျွန်မနာမည်က **မြစံပယ်ရုံ** ဖြစ်ပါသည်။ အိမ်တွင် ဖေဖေရယ်၊ မေမေရယ်၊ ကလေးအရွယ် သာသာပင်ရှိသေးသည့် ကျွန်မ ရယ်ပဲ ရှိပါသည်။

စောမြတ်မွန်ဆိုသည့်အမည်က ရှမ်းအမည်မို့ ရှမ်းပြည်နယ်ဖြစ် သော ဤ မြို့လေးတွင် မဆန်းပြားပါ။

သို့သော် ခေါ်သံနောက်တွင် နောက်ဆက်တွဲပေါ်လာသော အသံကတော့ ဆန်းပြားပါလေသည်။

**"စောမြတ်မွန် .စောမြတ်မွန်"**

လူငယ်တစ်ယောက်၏အသံဖြင့် တတိယအကြိမ် ခေါ်သံထွက်လာ ပြီးနောက်တွင် လူကြီးတစ်ယောက်အသံက ကပ်ပါလာသည်။

"မောင်သီဟ .မောင်သီဟ .လာပါကွယ်။ သူ့ဟာ သူ ရှိပါစေတော့။ သူ ပျော်ရာမှာ နေပါစေဦးကွယ်။ အချိန်တန်ရင် စောမြတ်မွန်ပြန်လာမှာပေါ့။ ခေါ်မနေပါနဲ့တော့ကွယ်၊ အဘတို့ ပြန်ကြပါ စို့"

နောက်မှပေါ်လာသော အဘိုးအိုအသံမှာ လူငယ်ကို ချော့မော့ နေသည့် အသံမျိုးဖြစ်ပါသည်။ အသံများ ပျောက်ကွယ်သွားသည်ကို ထောက်၍ အဘိုးအိုသည် စောမြတ်မွန် ဟု အော်ခေါ်နေသောလူငယ်ကို ချော့မော့ခေါ်ယူသွားဟန်တူပါသည်။

နောက်ထပ် ဘာသံမှ မကြားရတော့ပေ။

သူတို့၏စကားသံများအရ စောမြတ်မွန်အမည်ကို ခေါ်သူမှာ မောင်သီဟ ဟု သိခဲ့ရပေသည်။

နောက်တစ်နေ့မနက်၌ .မေမေက .

"ညက စောမြတ်မွန်ဆိုတဲ့နာမည်ကို အိမ်ရှေ့မှာ လာအော်နေသံ ကြားတယ် ကိုလွင်၊ ရှင်ရော ကြားလား"

ဖေဖေ့ကို မေးလိုက်ခြင်းဖြစ်သည်။


www.burmeseclassic.com

www.burmeseclassic.com

''အေး ..ကြားမိတယ်၊ ကိုယ်လည်း ထူးဆန်းသလို ထင်မိသား။ ဘေးအိမ်က မိန်းကလေးတစ်ယောက်ယောက်ကို ခေါ်တာ ထင်ပါရဲ့''

''ကျွန်မလည်း ဒီလိုပဲထင်တာပဲ၊ ဒါပေမဲ့ အသံက ကျွန်မတို့ အိမ်ရှေ့တည့်တည့်က ထွက်လာသလိုပဲနော်''

''ညပိုင်းတိတ်ဆိတ်နေလို့ဖြစ်မှာပါ။ ဒါမှမဟုတ်လည်း အိမ်မှားပြီး လာခေါ်တာမျိုးလည်း ဖြစ်နိုင်တာပဲ''

ဖေဖေနှင့်မေမေ ပြောနေသည့်စကားများကို ကျွန်မ မှတ်မိနေခြင်း ဖြစ်ပါ၏။ ပထမဆုံးအကြိမ်ကြားခဲ့ရသော ခေါ်သံနှင့်ပတ်သက်၍ ဤမျှသာ ဖြစ်ပါသည်။

ကျွန်မတို့အားလုံး မေ့မေ့ပျောက်ပျောက်ပင် ဖြစ်သွားကြ၏။

\+ \+ \+ \+ \+ \+ \+ \+ \+

## ( ၁ )

ထိုအကြောင်းကို ယခုပြန်လည်သတိရပြီး ပြောပြနိုင်ခြင်းမှာ ခေါ်သံကို ဒုတိယအကြိမ် ကြားခဲ့ရ၍ဖြစ်ပါသည်။

ဒုတိယမြောက်ခေါ်သံကြားချိန်၌ ကျွန်မတို့သည် တောင်ပေါ် မြို့ကလေးတွင် မဟုတ်တော့ပါ။ ဖေဖေ၏တာဝန်အရ မိတ္ထီလာမြို့သို့ ပြောင်းရွှေ့ရောက်ရှိလာပြီ ဖြစ်ပါသည်။

အချိန်ကာလမှာလည်း ဆောင်းတွင်းဖြစ်သည်။ ရက်ကလည်း ခရစ္စမတ်ရက်ပင်ဖြစ်ပါပေ၏။

ကျွန်မ အသက် ၁၆ နှစ်အရွယ်၊ ဆယ်တန်းကျောင်းသူဘဝ ဖြစ်ပါသည်။

ဆယ်တန်းနှစ်မို့ ကျွန်မက ညဉ့်နက်သည်အထိ စာကျက်လျက် ရှိရာ အချိန်သည် ညဆယ်နာရီကျော်မျှ ရှိနေပါပြီ။

မိတ္ထီလာတွင် ကျွန်မတို့နေသောအိမ်မှာ မိတ္ထီလာကန်ပေါင်တွင် ဖြစ်ပါ၏။ မိတ္ထီလာကန်ကို နောက်ကျောခိုင်း၍ ဆောက်ထားသော အိမ် ဖြစ်ပါသည်။

ထိုညက ကျွန်မ စာကျက်နေစဉ်တွင် ကန်ဘက်ဆီမှ ခေါ်သံကို ကြားလိုက်ရခြင်း ဖြစ်သည်။

**''စောမြတ်မွန် ..စောမြတ်မွန်''**

ကျွန်မသည် စောမြတ်မွန်ဆိုသည့်အသံကို ကြားသည်နှင့် တောင်ပေါ်မြို့လေးတွင်နေစဉ်ကအဖြစ်ကို ချက်ချင်း သတိရလိုက်ပါသည်။ ပြီးတော့ ကန်ဘက်ဆီမှ ထွက်ပေါ်လာသည့် အသံကြောင့် အံ့အားသင့်သွားမိသည်။ ညအချိန်တွင် ကန်ပေါင်ဘေး၌ လူမရှိတတ်ပါ။ မှောင်မည်းနေသောနေရာဖြစ်သည်။ ပြီးတော့ လမ်းလည်းမဟုတ်။ အိမ်နောက်ဖေးဘက် ဖြစ်ပါသည်။

www.burmeseclassic.com

မည်သူသည် ကျွန်မတို့အိမ်နောက်ဖေးမှနေ၍ အော်ခေါ်နေပါသနည်း။

“စောမြတ်မွန် ...စောမြတ်မွန်”

ခေါ်သံက ဒုတိယအကြိမ်ထွက်လာပြန်သည်။

တောင်ပေါ်မြို့လေးတွင် ခေါ်သံကြားစဉ်က အိမ်များ တစ်အိမ်နှင့်တစ်အိမ် ကပ်နေ၍လည်းကောင်း၊ အိမ်ရှေ့လမ်းမမှ အော်ခေါ်ခြင်းဖြစ်၍လည်းကောင်း၊ နာမည်မှာ ရှမ်းနာမည်ဖြစ်၍လည်းကောင်း ခေါ်သံကြားရသည်ကို ဤမျှ ထူးဆန်းသည်ဟု မထင်ခဲ့ရပါချေ။

ယခုမူ ပေါက်ချောင်းရပ်ရှိ မိတ္ထီလာကန်ပေါင်ဘေးမှ အိမ်များမှာ တစ်အိမ်နှင့်တစ်အိမ်ခြားသော ခြံကျယ်ကြီးများ ဖြစ်ပါသည်။ ခေါ်သံသည် ကျွန်မတို့အိမ်နောက်ဘက်တည့်တည့်မှ ထွက်လာရာ ကျွန်မတို့အိမ်ကို ရည်ရွယ်၍ အော်ခေါ်နေသယောင် ထင်မှတ်ရတော့သည်။ ထို့ပြင် ခေါ်သံသည် လမ်းမမဟုတ်သော မှောင်မည်းသည့် ကန်ပေါင်ရိုးဆီမှ ထွက်ပေါ်လာသည့်အတွက် အံ့သြစရာ ကောင်းနေသည်။

“စောမြတ်မွန် ...စောမြတ်မွန်”

တတိယအကြိမ်မြောက်ခေါ်သံထွက်ပေါ်အလာတွင် ကျွန်မအတွက် ကော်ဖီဖျော်နေသော မေမေသည် ကော်ဖီခွက်ကိုကိုင်ကာ ကျွန်မအနားသို့ ရောက်လာ၏။

မေမေလည်း အံ့သြနေပေသည်။

ကျွန်မတို့သားအမိ တစ်ယောက်မျက်နှာ တစ်ယောက် ကြည့်နေစဉ်တွင် နောက်ဆက်တွဲအသံ ပေါ်ထွက်လာလေ၏။

“မောင်သီဟ ...မောင်သီဟ ...လာပါကွယ်။ သူ့ဟာသူ ရှိပါစေတော့။ သူ ပျော်ရာမှာ နေပါစေဦးကွယ်။ အချိန်တန်ရင် စောမြတ်မွန် ပြန်လာမှာပေါ့၊ ခေါ်မနေပါနဲ့တော့ကွယ်။ အဘတို့ ပြန်ကြပါစို့”

နောက်ဆက်တွဲအသံကြောင့် ကျွန်မ ကြက်သီးဖြန်းဖြန်း ထ သွားမိသည်။ မေမေ့နှုတ်မှ အံ့သြလွန်းသော အာမေဋိတ်သံတစ်ခု ထွက်လာခဲ့သည်။

“မေမေ ဒီအသံကိုမှတ်မိလား၊ မြိုင်သေလာမှာနေတုံးကလည်း သမီးတို့ ကြားခဲ့ဖူးတယ်”

“ဟုတ်တယ် သမီး ...မှတ်မိတယ်၊ ခေါ်သံချင်းတူပုံက တိုက်ဆိုင် လိုက်တာနော်”

“ဒါ တိုက်ဆိုင်တာဖြစ်မလား မေမေ၊ မြိုင်သေလာနဲ့မိတ္ထီလာနဲ့ အဝေးကြီး။ ပြီးတော့ ခေါ်သံနောက်မှာ အဘိုးကြီးတစ်ယောက်အသံ ပါလာသေးတယ်။ သမီးတော့ အဘိုးကြီးပြောတဲ့စကားက ဟိုတုန်းက ပြောတဲ့ စကားအတိုင်းပဲလို့ ထင်တယ်”

“အင်း ...ဟုတ်ချင်လည်း ဟုတ်မှာပေါ့။ ဒီအချိန်ကြီးမှာ ကန်ပေါင်ရိုးကနေ ဘယ်လိုလူတွေကများ လာအော်နေပါလိမ့်မလဲ”

“ဘယ်သူပဲအော်အော် ခေါ်သံတွေ စကားပြောသံတွေ တူနေ တာတော့ အံ့သြစရာ သိပ်ကောင်းတာပဲ မေမေ”


www.burmeseclassic.com

www.burmeseclassic.com

''တိုက်ဆိုင်တာပါ သမီးရယ်၊ ကဲ ..ကဲ.စာကျက်၊ စာကျက်''

ထိုစဉ်က ဖေဖေ ရန်ကုန်ရုံးချုပ်အစည်းအဝေးသွားနေ၍ အိမ်မှာ မရှိပါ။ မေမေက ဖေဖေ့ကို ထိုအကြောင်းပြန်ပြောဖြစ် မပြောဖြစ် သတိမထားမိပါ။

ကျွန်မလည်း ကြာတော့သည်အဖြစ်ကို မေ့သွားပြန်လေသည်။

\+ + + + + + + + +

( ၈ )

ခေါ်သံကို တတိယအကြိမ်မြောက်ကြားသည်မှာ ကျွန်မ ရန်ကုန် တွင် တက္ကသိုလ်တက်ရောက်နေချိန် ဖြစ်ပါ၏။ ကျွန်မ၏အသက်မှာလည်း ၂၁ နှစ်ရှိနေပြီ၊ တက္ကသိုလ်နောက်ဆုံးနှစ်တက်ရောက်နေချိန် ဖြစ်သည်။

ခေါ်သံကြားရသောနေ့သည်လည်း ခရစ္စမတ်နေ့ဖြစ်ကာ အချိန်သည်လည်း ညဆယ်နာရီအချိန်ပင် ဖြစ်ပေသည်။

ကျွန်မသည် အင်းလျားကန်အနီးရှိ ပြည်လမ်းမပေါ်မှ အတွင်းသို့ဝင်ရသော ရိုးမရိပ်သာထဲရှိ အမျိုးသမီးအဆောင်တစ်ခုတွင် နေထိုင် လျက်ရှိပါသည်။

ထိုအချိန်၌ ကျွန်မသည် ယခင်နှစ်ကြိမ် ကြားခဲ့ဖူးသော ခေါ်သံကို မေ့လျော့နေပါပြီ၊ ခေါ်သံမှာ နှစ်စဉ်ကြားရခြင်းမျိုးလည်း မဟုတ်ပါ၍ နှစ်ကြိမ်ကြားခဲ့ဖူးသော ဆင်တူခေါ်သံမှာ တိုက်ဆိုင်မှုသာဖြစ်မည်ဟု မှတ်ယူထားလိုက်သည်၊ ကြာတော့လည်း မေ့သွားခဲ့ခြင်းဖြစ်ပါသည်။

အမျိုးသမီးအဆောင်ဖြစ်သည့်အားလျော်စွာ ညနေခြောက်နာရီ အချိန်ကပင် အဆောင်တံခါးပိတ်ပြီးဖြစ်ပါသည်။ ကျွန်မသည် ကျွန်မ၏ အခန်းဖော် သီတာလှိုင်နှင့်အတူ ရှိနေသည်။ ကျွန်မက မဂ္ဂဇင်းတစ်အုပ်ကို ဖတ်နေကာ သီတာ လှိုင်က ခုတင်ပေါ်တွင် လဲလျောင်းလျက် ပုတီးစိပ်နေပါသည်။

''စောမြတ်မွန် ..စောမြတ်မွန်''

ကျွန်မ ကြားခဲ့ဖူးသော ခေါ်သံ။ ခေါ်သံက အဆောင်ရှေ့မှ ထွက်ပေါ်လာခြင်းဖြစ်ပါ၏။ ခေါ်သံကြောင့် ကျွန်မကိုယ်မှာ ဆတ်ခနဲ မတ်သွားလေသည်။ ဖတ်လက်စမဂ္ဂဇင်းကို စားပွဲပေါ်ချထားလိုက်၏။

ယနေ့သည် ခရစ္စမတ်နေ့ဖြစ်ကြောင်းကိုလည်း ကျွန်မ သတိရလိုက်သည်။

''စောမြတ်မွန် ..စောမြတ်မွန်''

အဆောင်ရှေ့လမ်းမပေါ်မှ ပီပီပြင်ပြင်ခေါ်လိုက်သံက နောက် တစ်ကြိမ် ထွက်လာပြန်၏။

ကျွန်မ သီတာလှိုင်ကို ကြည့်လိုက်သည်။ သီတာသည် မျက်စိ ကိုမှိန်းကာ ပုတီးကိုစိပ်နေဆဲ။ ကျွန်မ ကြားသောခေါ်သံကို သီတာပါ ကြားသလားဆိုတာ မေးချင်သော်လည်း ပုတီးစိပ်နေသည်ကို မနှောင့်ယှက်လို၍ ကျွန်မ မြိုသိပ်လိုက်သည်။

ခေါ်သံက တတိယအကြိမ် ပေါ်ထွက်လာပြန်သည်။

''စောမြတ်မွန် ..စောမြတ်မွန်''


www.burmeseclassic.com

တတိယမြောက်ခေါ်သံအဆုံးတွင် ကျွန်မက အသက်ကိုပင် မရှူမိတော့ဘဲ အဘိုးကြီး၏ချော့မော့သံ ထွက်ပေါ်လာမည်ကို နားစွင့် နေမိလေ၏။

သို့သော် အဘိုးအို၏ ကိုသီဟကို ချော့မော့ခေါ်ယူသံကို ကျွန်မ မကြားခဲ့ရပါ။ အတန်ကြာ စောင့်ကြည့်နားထောင်သည့်တိုင် မကြားရပါ။

ကျွန်မသည် ရင်ထဲမှာ ဟာကျန်ခဲ့၏။

စောမြတ်မွန် ဟု အော်ခေါ်လိုက်သောအသံကမူ ယခင် ကျွန်မ ကြားခဲ့ဖူးသောအသံပင် ဖြစ်ပါသည်။

ဒါဟာ တိုက်ဆိုင်တာလား။ သုံးကြိမ်ကြားရသော ခေါ်သံသည် တိုက်ဆိုင်မှုသက်သက် ဖြစ်နိုင်ပါတော့မည်လား။ ခေါ်သံသည် ကျွန်မ တစ်ဦးတည်းကိုပင် ရည်ရွယ်လေသလား။

''သီတာ ခုနက အိမ်ရှေ့ကအော်လိုက်တဲ့ စောမြတ်မွန်ဆိုတဲ့ ခေါ်သံကို မင်း ကြားသလားဟင်''

ကျွန်မက မနေနိုင်တော့ဘဲ ပုတီးစိပ်နေသော သီတာ့ခုတင်တွင် တင်ပလ္လင် သွားထိုင်ကာ မေးလိုက်သည်။

သီတာက မျက်လုံးကိုဖွင့်ကြည့်၏။

''ကြားလိုက်တယ်လေ၊ ဘာဖြစ်လို့လဲ''

''ကြားလိုက်တယ် ဟုတ်လား၊ စောမြတ်မွန်ဆိုတဲ့နာမည်ကို ပီပီပြင်ပြင် ကြားလိုက်တာလားသီတာ'

'ဟုတ်တယ်၊ ကြားလိုက်ပါတယ်ဆို၊ ဘာဖြစ်လို့လဲ စံပယ်ရှုရဲ့၊ ငါတို့ အ ဆောင်မှာ စောမြတ်မွန်ဆိုတာ ရှိမှ မရှိပဲ'

'အေး ဟုတ်တယ်၊ ငါလည်း အဆောင်မှာစောမြတ်မွန် ဆိုတာမရှိပဲ အော်ခေါ်နေသံကြားလို့ မေးကြည့်တာပါ'

'တို့အဆောင်ထဲကိုခေါ်တာ ဟုတ်ချင်မှဟုတ်မှာပေါ့စံပယ်ရှု၊ နင်ကလဲ့ ကိုယ်နဲ့မဆိုင်ပဲနဲ့'

ကိုယ်နဲ့မဆိုင်ပဲနဲ့တဲ့။ ခေါ်သံသည် တကယ်ပဲ ကျွန်မနဲ့မဆိုင်ဘူးလေ လား။

မြိုင်သေလာရယ် မိတ္ထီလာရယ် ရန်ကုန်ရယ် ဝေးလံသောမြို့ သုံးမြို့မှာ ခရစ္စမတ်နေ့တစ်နေ့တည်းတွင် ခေါ်သံကိုကြားရသည်။ ခေါ်သံထွက်ပေါ်လာရာ နေရာများတွင် ကျွန်မရှိနေသည်။ ဒါ–တိုက်ဆိုင်မှုသက်သက်လား။

သက်ရှိလူသားတစ်ဦး၏ခေါ်သံရော ဟုတ်မှဟုတ်ရဲ့လား။ ကျွန်မသည် ပရဝိဉာဉ်လောကကို အယုံအကြည်ရှိသူမဟုတ်ပါ။ သို့သော် တိုက်ဆိုင်မှုသုံးကြိမ် ကြုံအပြီးတွင် ကျွန်မတွေးတောရပါလေပြီ။

ကျွန်မသည် တစ်ချိန်သောအခါက စောမြတ်မွန်ဖြစ်ခဲ့ဖူးလေ သလား။ ဘဝဟောင်းတစ်ခုခုတွင် ကျွန်မသည် စောမြတ်မွန်လေလား။

ခေါ်သံသည် ပရလောကသားတစ်ဦးခေါ်သံဖြစ်သည်ထားပါဦး၊ ကျွန်မကို ရည်ရွယ်၍ခေါ်နေသည်ပဲ ဆိုပါလေဦး။ တကယ်သာ ပရလောကမှခေါ်သံဖြစ်လျှင်


www.burmeseclassic.com

ကျွန်မတစ်ယောက်တည်းသာ ကြားရမည်လေ။ ဘေးမှ မသက်ဆိုင်သူများကြားရနိုင်မည်မထင်။ မေမေက ကျွန်မမိခင်မို့ ကျွန်မနည်းတူ ကြားရသည်ထားဦး။ သီတာလှိုင်လို သူစိမ်းတစ်ယောက်ကလည်း ကြားနေရသည်ပင်။

ပြီးတော့ဘတတိယမြောက်ခေါ်သံကြားအပြီး၌ 'အဘတို့ပြန်ကြပါစို့'ဟု ချော့မော့ခေါ်ငင်သော အဘိုးအို၏အသံ ပျောက်ကွယ်နေပုံကလည်း ဆန်းကြယ်နေပြန်သည်။ အဘဆိုသော့အဘိုးအို ဘယ်ရောက်သွားလေသလဲ။

ကျွန်မသည် ခေါ်သံသုံးကြိမ်ကို တိုက်ဆိုင်စွာကြားရခြင်းအပေါ်တွင် အတွေးနယ်ချဲ့နေမိခြင်းဖြစ်ပါသည်။

မေမေ့ထံစာရေးရာတွင် ထိုအကြောင်းကို ထည့်ရေးဖြစ်ခဲ့သေး၏။ ကြာတော့လည်း မေ့သွားပြန်လေသည်။

+ + + + + + + + +

## ( ဃ )

လူတစ်ယောက် အသက်ရှင်ရပ်တည်ရေးအတွက် ပညာရှာမှီးခြင်း၊ အသက်မွေးဝမ်းကျောင်းမှု၊ စားဝတ်နေရေးလိုအပ်ချက်များ ဖြည့်ဆည်းခြင်း စသည်ဖြင့် တာဝန်များများပြားစွာရှိနေရာ ကျွန်မ သည်လည်းဘဝ၏လိုအပ်ချက်များအတွက် ရုန်းကန်ရင်းမှ အချိန်များကိုကုန်လွန်ခဲ့ရလေသည်။ အချိန်ကာလများပြောင်းရွှေ့လာသည်နှင့်အမျှ ထိုအဖြစ်အပျက်ကို မေ့လျော့သွားခဲ့လေသည်။

ကျွန်မ အသက်၂၅နှစ်အရွယ်တွင် အိမ်ထောင်ကျခဲ့ပါသည်။ ကျွန်မတို့ကုပ္ပဏီမှ ကျွန်မ၏အထက်အရာရှိ ဦးကိုကိုကျော်ဇင်နှင့် အိမ်ထောင်ပြုခဲ့ခြင်းဖြစ်ပါသည်။ ကိုကိုသည် ကျွန်မ၏ချစ်သူတော့ မဟုတ်ပါ။ ကိုကိုက လူကြီးများမှတစ်ဆင့် နားဖောက်လာသောကြောင့် ကျွန်မက အဖက်ဖက်မှချင့်ချိန်ကာ ခေါင်းညိတ်ခဲ့ခြင်းဖြစ်ပါသည်။

ထိုအချိန်၌ ကျွန်မဖခင်ကြီးမှာ ကွယ်လွန်သွားခဲ့ပါပြီ။ ရန်ကုန်ရုံးချုပ်သို့ ညွှန်ကြားရေးမှူးရာထူးဖြင့် ပြန်ပြောင်းပြီး နောက်တစ်နှစ်တွင် ကွယ်လွန်ခဲ့ခြင်းဖြစ်ပါသည်။ မေမေက တစ်ဦးတည်းသောသမီး ကျွန်မကို သူမျက်စိမှိတ်ချိန်၌ စိတ်ချလက်ချ ရှိသွားချင်သည်။ ကျွန်မ၌လည်း ချစ်သူရည်းစားရယ်လို့ မရှိသည်မို့ ကျွန်မက ကိုကို့ကို ဖူးစာဖက်အဖြစ် လက်ခံခဲ့ခြင်းဖြစ်ပါ၏။

ယနေ့သည် ကျွန်မနှင့် ဦးကိုကိုကျော်ဇင်တို့ မင်္ဂလာဆောင်သည့်နေ့ဖြစ်ပါ၏။

နေ့လည်ပိုင်းတွင် ဆီဒိုးနားဟိုတယ်၌ ကျွန်မတို့မင်္ဂလာ အခန်းအနားကို ကြီးကျယ်ခန်းနားစွာ ကျင်းပခဲ့ပြီးဖြစ်ပါသည်။

မင်္ဂလာဦးညကို ကျွန်မတို့က ဟိုတယ်တစ်ခု၌ ကုန်လွန်မည်ဖြစ်ပါ၏။ ကိုကို၏အစီအစဉ်ပင်ဖြစ်ပါသည်။

ကျွန်မတို့သည် ရန်ကုန်မြို့အစွန်ရှိ တိတ်ဆိတ်သော ဟိုတယ်လေး တစ်ခုတွင်တစ်ပတ်တည်းခိုနေထိုင်ကာ မင်္ဂလာဦးကာလကို လွန်မြောက်ရန်


www.burmeseclassic.com

www.burmeseclassic.com
စီစဉ်ထားပေ၏။

ညနေပိုင်း ဟိုတယ်သို့ကျွန်မတို့ရောက်ချိန်တွင် ကိုကို့အပေါင်းအသင်းများ နောက်မှလိုက်လာလေ၏။

ထုံးစံအတိုင်း အပေါင်းအသင်းများက စကြနောက်ကြကာ လူပျို နောက်ဆုံးညအဖြစ် ပြုစုရမည်ဆိုကာ ကိုကို့ကို ဆွဲခေါ်သွားကြလေ၏။ ကျွန်မတို့ တည်းခိုသည့်ဟိုတယ်လေးမှာ အစားအသောက်မရသည်မို့ ပြင်ပစားသောက်ဆိုင်သို့ချီတက်သွားကြလေသည်။

ယောကျ်ားလေးသူငယ်ချင်းများချည်း အရက်သေစာသောက် စားကြမည်ဖြစ်၍ ကျွန်မလိုက်မသွားခဲ့ပါ။ ဟိုတယ်၌ စောင့်မျှော်ရင်းပင် နေရစ်ခဲ့ပါ၏။

ကျွန်မသည် ကျွန်မတို့ငှားထားသောအခန်းလေးထဲတွင် သတို့သားကိုကို့ကိုစောင့်မျှော်နေခဲ့လေသည်။ ယနေ့ညသည် ကျွန်မ၏ မင်္ဂလာဦးညဖြစ်ပေ၏။

ကျွန်မသည် ရင်ဖိုလှိုက်မောစွာဖြင့် ဦးကိုကိုကျော်ဇင်ပြန်အလာကို စောင့်ဆိုင်းလျှက်ရှိပေသည်။

ကျွန်မက ငြီးငွေ့လာ၍ ကြည့်နေသောတီဗွီကို ပိတ်လိုက်သည်။

ညဆယ်နာရီထိုးပေပြီ။ ကိုကိုက ပြန်မလာသေးချေ။ သူငယ် ချင်းများက ကိုကို့ကို ညှင်းနေဟန်တူပါသည်။

ကျွန်မသည် အခန်းမီးကိုပိတ်၍ မီးပွင့်ရောင်လေးကိုသာ ထွန်းညှိကာ ကုတင်ပေါ်တွင် လဲလျောင်းနေလိုက်သည်။

ထိုစဉ် ကျွန်မကြားခဲ့ဖူးသောခေါ်သံသည် ကျွန်မနားထဲသို့ ပျံ့လွင့်ဝင်ရောက်လာလေ၏။

**'စောမြတ်မွန် စောမြတ်မွန်'**

ကျွန်မ ကုတင်ပေါ်မှ ရုတ်တရက်ထထိုင်လိုက်သည်။

အသံသည် ဟိုတယ်အပြင်ဖက်မှထွက်လာဟန်တူပါသည်။

ကျွန်မက ပြတင်းပေါက်ကိုဖွင့်ကြည့်ရန် ပြတင်းပေါက်နားသို့ ပြေးသွားလိုက်၏။ သည်တစ်ခါတော့ အသံရှင်ကို ကျွန်မမြင်ရတော့မည် ထင်ပါသည်။

**'စောမြတ်မွန် စောမြတ်မွန်'**

ကျွန်မပြတင်းပေါက်နား မရောက်မီမှာပင် ခေါ်သံနောက်တစ်ကြိမ် ထွက်ပေါ်လာပြန်သည်။ သို့သော် အပြင်ဖက်မှမဟုတ်။ အခန်းအပြင်မှထွက်ပေါ်လာခြင်း ဖြစ်ပါ၏။ ပြတင်းပေါက်ဆီလှမ်းနေသော ကျွန်မခြေလှမ်းများ တုံ့သွားသည်။

ကျွန်မက အခန်းတခါးမကြီးကိုဖွင့်ရန်ပြေးသွားလိုက်သည်။

**'စောမြတ်မွန် စောမြတ်မွန်'**

တခါးနားသို့မရောက်မီ တတိယအကြိမ်ထွက်ပေါ်လာသောအသံမှာ ရေချိုးခန်းအတွင်းမှဖြစ်ပါသည်။

ကျွန်မသည် အခန်းအလည်၌ ဇဝေဇဝါရပ်နေမိတော့၏။

ခေါ်သံသုံးကြိမ်ပြည့်သွား၍ နောက်တစ်ဖန် ခေါ်သံကြားရတော့မည် မဟုတ်ပါ။


www.burmeseclassic.com

www.burmeseclassic.com

သို့သော်

'စောမြတ်မွန် စောမြတ်မွန်'

သည်တစ်ခါထွက်ပေါ်လာသောအသံက အပေါ်ဖက်မျက်နှာကျက်ဆီမှဖြစ်နေပြန်သည်။

ကျွန်မအပေါ်ကိုမော့်ကြည့်နေဆဲမှာပင် ခေါ်သံက နောက်တစ်ကြိမ်ပေါ်လာပြန်၏။

**'စောမြတ်မွန် စောမြတ်မွန်'**

ဘုရားရှေ့ ခေါ်သံကိုကျွန်မကြားနေရသည်မှာ တကယ်မှ ဟုတ်ပါလေစ။ ကျွန်မစိတ်ထင်လို့လား။ ခေါ်သံက ဆက်လက်ထွက်ပေါ်နေမြဲသာ–

**'စောမြတ်မွန် စောမြတ်မွန်'**

**'စောမြတ်မွန် စောမြတ်မွန်'**

အလို။ ခေါ်သံသည် အဆုံးမသတ်နိုင်တော့ပါလား။

အိမ်သာခန်းထဲမှ ထွက်ပေါ်လာသည်။ ကုတင်အောက်မှ ထွက်ပေါ်လာသည်။ ဘီရိုထဲမှ ထွက်ပေါ်လာသည်။ နံရံများဆီမှ ထွက်ပေါ်လာသည်။

**'စောမြတ်မွန် စောမြတ်မွန်'**

**'စောမြတ်မွန် စောမြတ်မွန်'**

ခေါ်သံတွေ ခေါ်သံတွေ။ မဆုံးနိုင်သောခေါ်သံတွေကို ကျွန်မကြားနေရသည်။ နေရာအနှံ့မှကြားနေရသည်။

ကျွန်မက ယခင်ခေါ်သံကြားရသောရက်များကို သတိရကာ အံ့ညြသွားရပြန်သည်။ ယနေ့သည် ခရစ္စမတ်နေ့ မဟုတ်ပါကလား။ ခရစ္စမတ်ရောက်ရန် သုံးလပင်လိုပါသေးသည်။

'စောမြတ်မွန် စောမြတ်မွန်'

ခေါ်သံက နေရာအနှံ့မှထွက်ပေါ်လာနေဆဲ။ သုံးကြိမ်မကသောခေါ်သံများ။

'ကလင့် ကလင့် ကလင့် လင့်'

တယ်လီဖုန်းမြည်သံက ခေါ်သံများကိုဖြတ်တောက်ပစ်လိုက်သည်။

ကျွန်မ တစ်နည်းတစ်ဖုံ စိတ်သက်သာရာရသွားလေ၏။

တယ်လီဖုန်းကိုကောက်ကိုင်လိုက်သည်။

'ဌါမြစပယ်ရှုံ၊ အောက်မှာ ဧည့်သည်တွေရောက်နေပါတယ်၊ ဧည့်ခန်းကို ခဏဆင်းတွေ့ပေးပါ'

အောက်ထပ်ဧည့်ကြိုကောင်တာမှ အကြောင်းကြားသည့်ဖုန်း ဖြစ်ပါသည်။

ဘယ်ကဧည့်သည်တွေပါလိမ့်။ ကိုကိုဘာလို့ပြန်မရောက်သေး ပါလိမ့်။

ကျွန်မသည် ဟိုတယ်အောက်ထပ်သို့ဆင်းခဲ့လေ၏။

ဓာတ်လှေကားထဲသို့ရောက်သည်နှင့် ခေါ်သံကို ပြန်လည် ကြားရပြန်လေသည်။

**'စောမြတ်မွန် စောမြတ်မွန်'**

အို့ ဓာတ်လှေကားထဲ၌ ကျွန်မတစ်ယောက်တည်းရှိပါသည်။ ခေါ်သံသည်


www.burmeseclassic.com

ဘယ်နေရာကမှန်းမသိထွက်ပေါ်လာနေခြင်းဖြစ်ပါ၏။

**'စောမြတ်မွန် စောမြတ်မွန်'**

အောက်ဆုံးထပ်အရောက်တွင် ဓာတ်လှေကားထဲမှ ကျွန်မ ထွက်လိုက်သည်။

**'စောမြတ်မွန် စောမြတ်မွန်'**

ခေါ်သံများက အောက်ထပ်တွင် ကျွန်မကိုစောင့်ကြိုနေလေ သည်။

ကျွန်မ ဟိုတယ်ညော်ခန်းထဲသို့ ဝင်လာရာတလျှောက်လုံး ခေါ်သံများကို ဆက်တိုက်ကြားနေရလေသည်။

**'စောမြတ်မွန် စောမြတ်မွန်'**

**'စောမြတ်မွန် စောမြတ်မွန်'**

ညော်ခန်းထဲတွင် ကျွန်မကိုစောင့်ကြိုနေသူများကို တွေ့ လိုက်ရသည်။

ကိုကိုနှင့်အတူလိုက်ပါသွားသည့် ကိုကို့သူငယ်ချင်းအပေါင်းအသင်း များပါလား။ သူတို့သည် ကျွန်မဝင်လာသည်ကို ပြုံးကြောင်သော မျက်လုံးအစုံဖြင့် ဝိုင်းကြည့်နေကြလေသည်။ သူတို့အားလုံး တစ်ယောက်မှ ထိုင်ခုံပေါ်တွင် ထိုင်မနေကြပါ မတ်တပ်ရပ်လျက်သားများဖြစ်သည်။

**'စောမြတ်မွန် စောမြတ်မွန်'**

ခေါ်သံများကို ကျွန်မကြားနေရဆဲဖြစ်သည်။ ကျွန်မကြားသလို တခြားလူ တွေရော ကြားရသလား။ ကျွန်မသိချင်လာသည်။

'စောမြတ်မွန် စောမြတ်မွန်'

ခေါ်သံများက ညော်ခန်းနေရာအနှံ့မှထွက်ပေါ်နေလေ၏။

သူတို့နှင့်အတူ ကိုကို့ကိုမတွေ့ရသည့်အတွက် ကျွန်မအံ့ဩ သွားသည်။

ကျွန်မသူတို့ရှေ့တွင်ရပ်လိုက်သည့်အထိ သူတို့က ကျွန်မကို စကား တစ်ခွန်းမှ မပြောသေးပါ။ ထိတ်လန့်ကြောက်ရွံ့ဟန် ပူပန်သောက မျက်နှာများဖြင့် ကျွန်မကို ကြောင်ငေးကြည့်နေကြပေသည်။

'ကိုကိုရော့'

ကျွန်မကပင် ဦးအောင်မေးလိုက်လေသည်။ သူတို့သည် တချို့က ကျွန်မ တို့ကုမ္ပဏီမှဝန်ထမ်းများဖြစ်ကာ တချို့က ကိုကို့ငယ်ပေါင်း သူငယ်ချင်းများဖြစ်လေ သည်။

**'စောမြတ်မွန် စောမြတ်မွန်'**

ခေါ်သံက ထွက်ပေါ်လာပြန်သည်။

'မြစပယ်ရုံ'

ကုမ္ပဏီမှ ကျွန်မသိသောအရာရှိတစ်ဦးက ချောက်ကပ်အက်ကွဲသောအ သံဖြင့် ကျွန်မကိုခေါ်လိုက်သည်။

**'စောမြတ်မွန် စောမြတ်မွန်'**

သူ့အသံက ခေါ်သံနှင့်အတူ ထပ်ရက်ထွက်ပေါ်လာလေသည်။

စောမြတ်မွန်ခေါ်သံကို သူတို့ရော ကြားကြရသလား။


www.burmeseclassic.com

www.burmeseclassic.com

'မြစံပယ်ရုံ စိတ်ငြိမ်ငြိမ်ထားပြီးနားထောင်ပေးပါဗျာ့'

'ရှင့်'

**'စောမြတ်မွန် စောမြတ်မွန်'**

'ကိုကိုကျော်ဇင့် ကိုကိုကျော်ဇင်'

'ကိုကိုရော့ ကိုကိုဘာဖြစ်လို့လဲ ဦးညွန့်ဝေ'

'စောမြတ်မွန် စောမြတ်မွန်'

'ကိုကိုကျော်ဇင်၊ ကားနဲ့ပြန်အလာမှာ ကား့ ကား့ မှောက်ပြီး'

'ရှင့်ဦးညွန့်ဝေ'

**'စောမြတ်မွန် စောမြတ်မွန်'**

'ပွဲချင်းပြီး ပွဲချင်းပြီးဆုံးသွားတယ်မြစံပယ်ရုံ'

'စောမြတ်မွန် စောမြတ်မွန်'

'ဒါနဲ့နေပါဦးရှင့် စောမြတ်မွန်ဆိုတဲ့ခေါ်သံကိုရှင်တို့ရော ကြားသလား'

'ဗျာ'

**'စောမြတ်မွန် စောမြတ်မွန်'**

'ဟော့ကြားရပြန်ပြီ၊ စောမြတ်မွန်တဲ့၊ စောမြတ်မွန်ဆိုတဲ့ နာမည်ကိုခေါ်နေတဲ့အသံလေ၊ ရှင်ကြားသလား ဦးညွန့်ဝေ'

**'စောမြတ်မွန် စောမြတ်မွန်'**

ခေါ်သံက နံရံများကြားမှ၊ ဆိုဖာဆက်တီများကြားမှ၊ မှန်ရှိုးကေ့စ်များကြားမှ၊ စားပွဲခုံများအတွင်းမှ၊ ပန်းအိုးများအတွင်းမှ၊ ပန်းတွေကြားမှ၊ ကောင်တာအတွင်းထဲမှ အိုနေရာတကာ အစုံအစေ့ဆီမှ 'စောမြတ်မွန်'ဆိုသောခေါ်သံများ ပျံ့လွင့်နေပေသည်။

သည်မျှ ကျယ်လောင်၍ အဆက်မပြတ်ပေါ်ထွက်နေသော ခေါ်သံကို သူတို့တွေရော ကြားကြပါသလား။ ကျွန်မသိချင်လှပါသည်။ ယခုအချိန်တွင် ကျွန်မအ သိချင်ဆုံးအရာမှာ ထိုအရာသာဖြစ်ပါသည်။

'စောမြတ်မွန်ဆိုတဲ့အသံလေ၊ ရှင်တို့ကြားကြသလားလို့'

'မြစံပယ်ရုံ သတိထားပါဗျာ'

အလိုသူတို့သည် ကျွန်မကို ကိုကိုကားမှောက်ကွယ်လွန် သည့်သတင်းကြောင့် စိတ်ကယောင်ချောက်ချားဖြစ်သွားပြီဟု ယူဆနေကြပါပကော။ ကိုကိုသေဆုံးသွားကြောင်း သူပြောသည်ကို ကျွန်မသေချာမှတ်သားပြီးဖြစ်ပါသည်။ သို့သော် ကျွန်မအတွက် ယခုအချိန်တွင် အရေးတကြီးအသိချင်ဆုံးအရာမှာ 'စောမြတ်မွန်'ဆိုသည့်ခေါ်သံကို ဘေးလူတွေကြားကြသလား။

**'စောမြတ်မွန် စောမြတ်မွန်'**

ဟော့ခေါ်သံက နောက်တစ်ကြိမ်ထွက်လာပြန်ပြီလေ။

'မြစံပယ်ရုံ ကျွန်တော်တို့ဆေးရုံကိုလိုက်သွားကြပါစို့'

'အင်း့ လိုက်တာပေါ့၊ လိုက်တာပေါ့ဦးညွန့်ဝေ၊ ဒါနဲ့ စောမြတ်မွန်ဆိုတဲ့ခေါ်သံကိုရှင်ကြားသလား၊ ရှင်တို့အားလုံးကြားသလား၊ ကျွန်မကိုပြောစမ်းပါ'


www.burmeseclassic.com

www.burmeseclassic.com

'မြစံပယ်ရှုံ'

**'စောမြတ်မွန် စောမြတ်မွန်'**

'ဟော့ ကြားလား၊ ကြားလား၊ ခေါ်သံကြားလား၊ ညီမလေး စောမြတ်မွန်လို့ ခေါ်လိုက်တဲ့အသံကို ညီမလေးရော ကြားလိုက်သလားဟင်'

ကျွန်မက ဦးညွန့်ဝေတို့လူသိုက်ကို စိတ်မရှည်တော့၍ ငေးကြိုကောင်တာမှအမျိုးသမီးလေးကို လှမ်းမေးလိုက်လေသည်။

'မြစံပယ်ရှုံ'

'ရှင့်'

'တရားနဲ့ပြေပါ၊ ကျွန်တော်တို့'

**'စောမြတ်မွန် စောမြတ်မွန်'**

'ဟော့ခေါ်ပြန်ပြီ၊ ခေါ်ပြန်ပြီ'

'ကျွန်တော်တို့ ဆေးရုံကို'

'ဟုတ်ကဲ့၊ ကျွန်မလိုက်ပါမယ်ဦးညွန့်ဝေ၊ ကျွန်မသိပါတယ်၊ နားလည်ပါတယ်၊ ဆေးရုံကို ကျွန်မလိုက်ပါမယ်၊ ကိုကို့အလောင်းကို လိုက်ကြည့်ပါမယ်၊ အခု လောလောဆယ် အရေးကြီးတာက ခေါ်သံကို ကျွန်မကြားသလို ရှင်တို့လည်းကြား သလားလို့ သိချင်တာပဲ၊ ဟော့ ဟော့ ခေါ်နေပြန်ပြီ'

**'စောမြတ်မွန် စောမြတ်မွန်'**

**'စောမြတ်မွန် စောမြတ်မွန်'**

ခေါ်သံ့ ခေါ်သံ့ ခေါ်သံများက အကြိမ်များစွာထွက်ပေါ်လာလေ သည်။ ခေါ်သံများ ထပ်ကာ့ထပ်ကာ့ ဆက်၍ပေါ်လာနေသည်။

**'စောမြတ်မွန် စောမြတ်မွန်'**

**'စောမြတ်မွန် စောမြတ်မွန်'**

ဘယ်ကခေါ်နေတာလဲ ဘယ်သူ့ကိုခေါ်နေတာလဲ ဘာကြောင့်ခေါ်နေတာလဲ

**'စောမြတ်မွန် စောမြတ်မွန်'**

**'စောမြတ်မွန် စောမြတ်မွန်'**

**'စောမြတ်မွန် စောမြတ်မွန်'**

ခေါ်သံတွေ ခေါ်သံတွေ ခေါ်သံတွေ

ခေါ်သံတွေက ကျွန်မနားထဲမှာ အဆက်မပြတ်မြည်ဟည်းနေ လေသည်။

**'စောမြတ်မွန် စောမြတ်မွန်'**

**'စောမြတ်မွန် စောမြတ်မွန်'**

**'စောမြတ်မွန် စောမြတ်မွန်'**

\+ + + + + + + + +

www.burmeseclassic.com

# အပိုင်း-၂

( က )

ကျွန်မသည် ကံဆိုးမိုးမှောင်ကျစွာဖြင့် မမျှော်လင့်ပဲ မုဆိုးမ ဘဝရောက်ခဲ့ရပါသည်။

မုဆိုးမ။

အပျိုရည်မပျက်သော မုဆိုးမ။ မင်္ဂလာဦးညကိုဖြတ်သန်းခွင့် မကြုံလိုက်ရပဲ သတိုးသားသေဆုံးသွားသဖြင့် ကျွန်မသည် အပျိုစင် အဖြစ်နှင့်ပင် မုဆိုးမဖြစ်ခဲ့ရလေ၏။

မင်္ဂလာဆောင်သောနေ့တွင် သတိုးသားသေဆုံးရခြင်းအတွက် ကျွန်မကို လူတကာက သနားဂရုဏာသက်ခဲ့ကြပေသည်။

ဦးကိုကိုကျော်ဇင်သေဆုံးမှုကြောင့် ကျွန်မဘဝသည်လည်း များစွာပြောင်းလဲသွားခဲ့ပါသည်။ ကိုကိုသည် အမေတစ်ခုသားတစ်ခု ဖြစ်သည်။ ကိုကိုနှင့်ကျွန်မသည် အကြင်လင်မယားအဖြစ် မပေါင်းသင်း လိုက်ရသော်လည်း လက်ထပ်စာချုပ်၌ လက်မှတ်ရေးထိုးပြီးဖြစ်ပါသည်။ လက်ထပ်ပြီးနောက် ကိုကိုတို့အိမ်၌လိုက်နေဖို့လဲ ဆုံးဖြတ်ထား ခဲ့ပြီးဖြစ်သည်။

ကိုကိုရုတ်တရက်ကွယ်လွန်သွားရခြင်းကြောင့် စီစဉ်ထားသောအစီအစဉ်များ တစ်ခုမှပြောင်းလဲမသွားခဲ့ပါ။

ကိုကို့မိခင်သည် နဂိုကပင် ကျန်းမာရေးချို့တဲ့နေခဲ့သည်။ အနီးတွင် ကူဖော်လောက်ဖက်လိုအပ်လျှက်ရှိသည်။ ကိုကိုကွယ်လွန် သွားသော်လည်း ကိုကို့မိခင် ဒေါ်မိမိဇင်က သူနှင့်အတူလာနေဖို့ခေါ် ထားခဲ့သည်။ ဘာပဲဖြစ်ဖြစ် ကျွန်မသည် သူမ ၏ချွေးမတစ်ယောက် ဟုဆိုပါသည်။ တကယ်လည်း တရားဥပဒေအရ ကျွန်မသည် ဦးကိုကိုကျော်ဇင်၏ဇနီး၊ ဒေါ်မိမိဇင်၏ ချွေးမဖြစ်ပါသည်။

ကျွန်မသည် မပေါင်းသင်းလိုက်ရသောခင်ပွန်းသည်၏မိခင်ကို ပြုစုခဲ့ပါသည်။ တာဝန်အရမဟုတ်ပဲ့ မိဘအရင်းသဖွယ်သဘောထားပြုစု ခဲ့သည်ကို ကာယကံရှင်ဖြစ်သော ဒေါ်မိမိဇင်က သိရှိနားလည်ပေသည်။

သို့သော် ခြောက်လအကြာတွင် ဒေါ်မိမိဇင် ရောဂါဖြင့် ကွယ်လွန်သွားခဲ့ရလေသည်။

ဒေါ်မိမိဇင်၏ ချမ်းသာကြွယ်ဝမှုအားလုံးကို တစ်ဦးတည်းသော အမွေခံအဖြစ် ကျွန်မဆက်ခံခဲ့ရပေ၏။

ထိုအခါ ကျွန်မအား မင်္ဂလာဦးနေ့တွင် မုဆိုးမဖြစ်ခဲ့ရ၍ သနား လှပါသည်ဆိုသော လူတို့သည် ကျွန်မအပေါ် အမြင်တစ်မျိုးပြောင်းသွား ကြလေသည်။ လူတို့သဘောကား နားလည်ရခက်ပေစွ။ ဖြစ်ပေါ်လာသမျှ ဖြစ်စဉ်အားလုံးကို ကျွန်မဖန်တီးခဲ့ခြင်း မဟုတ်ပါ။ ဖန်တီးလို့လည်း မရပါ။ လူတို့သည် မနာဝန်တို မစ္ဆရိယကြီးမားသူများဟု ကျွန်မ စွတ်စွဲချင်တော့သည်။

www.burmeseclassic.com

ကျွန်မ အမွေအနှစ်များစွာရလိုက်ခြင်းသည် သူတို့အတွက် မရှုစိမ့်နိုင်သောအဖြစ်တစ်ခုဖြစ်ခဲ့ပုံရပါသည်။

သနားလှပါသည်ဆိုသောသူများက ဦးကိုကိုကျော်ဇင် ကွယ်လွန်သောညက ကျွန်မကယောင်ချောက်ချားဖြစ်ခဲ့ပုံများကို ပြန်လည်ဖော်ထုတ်ခဲ့ကြလေ၏။

လင်ယောကျ်ားသေဆုံးသည့်သတင်းထက် မကြားရသော အသံကိုအလေးအနက်ထားနေပုံ။ လင်သားသေဆုံးခြင်းအတွက် ဝမ်းနည်းကြေကွဲဟန်မပြပုံများကို ပြန်လည်ဖော်ထုတ်ကြလေသည်။

ကျွန်မကိုလည်း ဦးကိုကိုကျော်ဇင်အား မချစ်ပဲ စည်းစိမ် ဥစ္စာကိုမက်မော၍ လက်ထပ်ယူခဲ့ခြင်းကြောင့်သာ သေဆုံးမှုအပေါ် မခံစားရခြင်းဖြစ်သည်ဟု စွပ်စွဲလေ၏။

အမှန်ကို ဝန်ခံရလျှင် ကိုကိုကွယ်လွန်စဉ်က ကွယ်လွန် သည့်သတင်းထက် 'ခေါ်သံ'ကိုသာ ကျွန်မစိတ်ဝင်စားနေမိသည်မှာ အမှန်ဖြစ်ပါသည်။ ဒါလည်း ကျွန်မဘဝတစ်သက်တာတွင် ကြုံတွေ့ခဲ့ရ သောအဖြစ်ဆန်းကြောင့်ဖြစ်ပါသည်။ ခေါ်သံနှင့်ပတ်သက်၍ ပဟေဠိ ဆန်လှသောအဖြစ်ကို ကျွန်မသာလျှင်သိပါသည်။ တိုက်တိုက်ဆိုင်ဆိုင် ကျွန်မမင်္ဂလာဆောင်သည့်နေ့မှပေါ်ထွက်လာပြန်သော ခေါ်သံအတွက် ကျွန်မအံ့ဩမိရသည်။

ထို့ထက်ပို၍ ယခင်ကခေါ်သံများကို ကျွန်မဘေးကလူတွေ ပါကြားခဲ့ရပြီး ယခုခေါ်သံကိုမူ ကျွန်မတစ်ယောက်တည်းကြားနေခြင်း၊ ယခင်ကခေါ်သံများနှင့်မတူ သုံးကြိမ်ထွက်ပေါ်ပြီးသည့်တိုင် ပြတ်မသွားပဲ အဆက်မပြတ်ထွက်ပေါ်နေခြင်းများက ကျွန်မဦးနှောက်အတွင်း စိုးမိုး ခဲ့သည်မှာ အမှန်ဖြစ်ပါသည်။

ထို့ကြောင့် ကျွန်မသည် ကိုကိုသေဆုံးသည့်အပေါ်တွင် အလေးအနက် မထားသယောင်ဖြစ်ခဲ့ရပေသည်။ တကယ်တော့ ကျွန်မလို ဗုဒ္ဓဘာသာဝင် ဗမာမိန်းကလေးတစ်ယောက်အဖို့ မင်္ဂလာဦးညတွင် လင်ယောကျ်ားကွယ်လွန် သွားခြင်းအပေါ် အဘယ်ကြောင့် အလေးအနက်မထားရမည်နည်း။ ကိုကိုသေဆုံး သွားခြင်းအတွက် ကျွန်မကြေကွဲဝမ်းနည်းခဲ့ရပါသည်။ တဒင်္ဂအချိန်တွင်သာ ကျွန်မအတွက် သတိလက်လွတ်ဖြင့် ကယောင်ချောက်ချားဖြစ်ခဲ့ရခြင်းဖြစ်ပါ၏။

အတင်းအဖျင်းပြောလိုသူများက ကျွန်မနှင့်ကိုကိုတို့ သမီး ရည်းစားမဟုတ်ကြပါပဲနှင့် ကိုကို၏စကားကမ်းလှမ်းမှုကြောင့် ကျွန်မ လက်ခံခေါင်းညိတ်ခဲ့ခြင်းကိုလည်း ကျွန်မကို ငွေမက်လို့လက်ခံသည်ဟု ပြောကြပြန်သည်။

တကယ်တော့ ဦးကိုကိုကျော်ဇင်သည် ကျွန်မတို့ကုမ္ပဏီ၌ ဒါရိုက်တာ အဖွဲ့ဝင်လူကြီးတစ်ဦးဖြစ်ပေရာ ကိုကို၏ကြွယ်ဝမှုနှင့် ရာထူး ဂုဏ်သိန်ကိုမက်မောသူ ဝန်ထမ်းမိန်းကလေးတွေ များစွာရှိပေ၏။ ထိုအထဲကမှ ကျွန်မကိုရွေးချယ်ခဲ့ခြင်းက သူတို့၏စိတ်နှလုံးကို ထိခိုက်စေခဲ့ဟန်တူပါသည်။ ဦးကိုကိုကျော်ဇင်နှင့် မပေါင်း လိုက်ရပါပဲ ခြောက်လကာလအတွင်း ကိုကိုနှင့်ပတ်သက်သောစည်းစိမ်ဥစ္စာအားလုံး ကျွန်မလက်ထဲရောက်လာခြင်းက ကျွန်မကို မရှုစိမ့်နိုင်အောင်ဖြစ်စေခဲ့တော့သည်။



www.burmeseclassic.com

www.burmeseclassic.com

ဝန်ထမ်းအများ၏ ကဲ့ရဲ့စကားတင်းဆိုမှုကို ကျွန်မ၏အခင်မင်ဆုံး သူငယ်ချင်းဖြစ်သော မေတင့်ခိုင်ထံမှတစ်ဆင့် ကြားသိရပေသည်။ ကျွန်မနှင့် မေတင့်ခိုင်မှာ ငွေစာရင်းဌာနတွင် တာဝန်ယူရသော အဆင့်တူ ဝန်ထမ်းများဖြစ်ပါသည်။

ကျွန်မသည် အများ၏ကဲ့ရဲ့ရှုံ့ချမှုကို ခံယူနိုင်စွမ်းမရှိတော့ပါပေ။ သာမန်ဘဝများနှင့်မတူအောင် ကြုံခဲ့ရသောအဖြစ်များကလည်း ကျွန်မစိတ်ကို ပြင်းထန်စွာ ရိုက်ပုတ်ခဲ့လေပြီ။ ဘဝ၏ထုထောင်းမှုဏ်၊ ပတ်ဝန်းကျင်၏မနာလိုစကားတင်းဆိုမှုများကို ကျွန်မခံနိုင်ရည်မရှိတော့။

ကျွန်မအလုပ်မှနှုတ်ထွက်လိုက်လေ၏။

ကုမ္ပဏီဒါရိုက်တာလူကြီးများက ကျွန်မကိုခေါ်မေးခဲ့သည်။ ကျွန်မကလဲ အလုံးစုံကို မချွင်းမချန်ရင်ဖွင့်ပြောပြလိုက်ပါ၏။

'တကယ်တော့ မြစံပယ်ရုံအနေနဲ့ ဒီကုမ္ပဏီမှာ ဒါရိုက်တာအဖွဲ့ဝင်လူကြီးရာထူးနဲ့ဆက်ပြီး လုပ်ရင်တောင်ရပါတယ်၊ ဦးကိုကိုကျော်ဇင်ဟာ ကုမ္ပဏီမှာ အများဆုံးအစုရှယ်ယာဝင်ထားသူ တစ်ယောက်ပဲ၊ ဦးကိုကိုကျော်ဇင်ရဲ့ အစုရှယ်ယာအားလုံးကို မြစံပယ်ရုံကပဲ ဆက်ခံရမှာလေ'

မှန်ပေသည်။ ကျွန်မသည် ကျွန်မခင်ပွန်းနေရာတွင်ဝင်၍ တာဝန်ထမ်းဆောင်လိုက ထမ်းဆောင်နိုင်ပေသည်။ သည်လိုလုပ်ခြင်း အားဖြင့် ကျွန်မကိုမနာလို စကားတင်းဆိုသူများကို အထက်မှအုပ်ချုပ်ကာ ပြန်လည်ပညာပေးလို့ရပေသေး၏။

သို့သော် သည်လိုသေးသိမ်သောလုပ်ရပ်မျိုး ကျွန်မမလုပ်လိုပါ။ သည်ပတ်ဝန်းကျင်နှင့်လည်း ကျွန်မကင်းကွာလိုပေပြီ။ ကျွန်မက ဒါရိုက်တာလူကြီးများကို တောင်းပန်လိုက်သည်။ ကျွန်မ၏အစုရှယ်ယာများကို ဆက်လက်ထားရှိပါမည်။ ဒါရိုက်တာအဖွဲ့အစည်းအဝေးများကို တက်ရောက်ပါမည်။ အလုပ်တာဝန်ကိုတော့ မယူလိုတော့ပါဟု ပြောလိုက်လေသည်။

လူကြီးများက ကျွန်မကိုနားလည်မှုပေးကာ အလုပ်ထွက်ခွင့် ပေးခဲ့ပါ၏။

\+ + + + + + + + +

ကျွန်မ၏ စိတ်နှလုံးညှိုးနွမ်းမှုများကို ပြေပျောက်စေသူမှာ မေမေဖြစ်ပါသည်။ တကယ်တော့ ဤကမ္ဘာပေါ်၌ ကျွန်မအပေါ်နားလည်မှု အရှိဆုံးသူမှာ မေမေသာဖြစ်လေသည်။

မေမေက ကျွန်မကို နှစ်သိမ့်မှုပေးခဲ့သည်။ တရားပြခဲ့သည်။ ဆိုဆုံးမခဲ့သည်။

ကျွန်မက ခေါ်သံနှင့်ပတ်သက်သော ပဟေဠိဆန်သည့်ဖြစ်ရပ်ကို မေမေ့ကိုငြီးငြူပြမိသည်။ မေမေသည် ခေါ်သံကို ကျွန်မနှင့်အတူ နှစ်ကြိမ်တိတိ ကြားခဲ့ဖူးသူဖြစ်သည်။ ခေါ်သံအပေါ်တွင် ကျွန်မအား နားလည်မှုအပေးနိုင်ဆုံးမှာ မေမေပင်ဖြစ်ပေ၏။

www.burmeseclassic.com

'ဒီခါသံဟာ ဘာကြောင့်ထွက်လာရတာလဲ၊ ဒါဟာ သာမန် အဖြစ်တစ်ခုမဟုတ်တာတော့သေချာတယ်မေမေ၊ ထူးတာက နောက်ဆုံးကြားခဲ့ရတဲ့ ခေါ်သံဟာ တကယ်အစစ်ဟုတ်မဟုတ်ဆိုတာ သမီး မဝေခွဲနိုင်တာပဲ'

'ဘာဖြစ်လို့လဲသမီး'

'သမီးအသက်၁၃နှစ်နဲ့၁၆နှစ်မှာ ကြားခဲ့ရတဲ့ခေါ်သံကို မေမေပါ ကြားခဲ့ရတယ်လေ၊ အဆောင်မှာနေတုံးကကြားရတဲ့ခေါ်သံကိုလည်း သမီးနဲ့အတူနေတဲ့ သီတာလှိုင်ပါ ကြားခဲ့ရတယ်၊ ဒီခေါ်သံသုံးကြိမ်ဟာ သမီးစိတ်ထင်ယောင်ထင်မှားဖြစ်လို့မဟုတ်ဖူးဆိုတာ သေချာတာပေါ့'

'အင်း'

'ကိုကိုဆုံးတဲ့ညမှာပေါ်လာတဲ့ခေါ်သံက အရင်ခေါ်သံတွေလို မဟုတ်ဖူး၊ သုံးခါတည်းခေါ်ပြီး ပြတ်မသွားဘူးမေမေ၊ ခေါ်သံတွေဟာ ဆက်တိုက်ပေါ်လာနေတယ်၊ ပြီးတော့ အဲဒီနေ့ဟာ ခရစ္စမတ်နေ့ မဟုတ်ဖူးလေ၊ အရင်ကြားရတဲ့ခေါ်သံတွေနဲ့ ကွဲလွဲနေလို့ သမီးအဲဒီအပေါ်မှာ အုံ့သြနေရတယ်၊ အဲဒါကြောင့်ပဲ ကိုကို ကားမှောက်တဲ့သတင်းကိုကြားရက်နဲ့ မတုံ့ပြန်မိခဲ့တာပေါ့၊ သမီးရဲ့အဖြစ်က ခုတော့ လူတွေကဲ့ရဲ့ဖို့ဖြစ်လာရပြီလေ'

'လူတွေအမြင်ကို ဂရုထားမနေဖို့ မေမေအတန်တန် ဆုံးမပြီးပြီလေ၊ သမီးရဲ့စိတ်ရင်းစေတနာမှန်ဖို့သာလိုရင်းပါ၊ သမီးအနေနဲ့ ကိုယ့်ယောက္ခာကို မိခင်ရင်းတစ်ယောက်လို စေတနာသန့်သန့်နဲ့ ပြုစုလိုက်ရတဲ့အပေါ်မှာ စိတ်သန့်ဖို့ပဲလိုတယ်၊ အဲဒီကုသိုလ်က သမီးဆီ တန်ပြန်လာမှာပါ၊ သူများပြောတာတွေကို ဂရုထားမနေပါနဲ့ကွယ့်'

'ဟုတ်ကဲ့မေမေ'

'မေမေသိချင်တာက အဲဒီနေ့ကကြားခဲ့ရတဲ့ခေါ်သံဟာ တကယ်ထွက်လာတဲ့ခေါ်သံဟုတ်သလားဆိုတာပဲ'

'သမီးနားထဲမှာတော့ အဆက်မပြတ်ကြားနေရတယ်၊ အဲဒါကြောင့်လည်း သမီးကြားသလို ဘေးလူတွေပါကြာသလားဆိုတာ သမီးစပ်စုမိတာပဲ မေမေ၊ အဲဒါကြောင့်ပဲ သမီးကို ကဲ့ရဲ့စရာဖြစ်ခဲ့ရ တာပေါ့၊ ဒါပေမယ့် ခေါ်သံကို လူတွေကြားပုံမရပါဘူးမေမေ၊ တကယ်လို့သာ သမီးကြားသလိုကြားခဲ့ရင် သမီးကို ဒီလို အတင်းပြောစရာ ဘယ်ဖြစ်လာမလဲ၊ သူတို့မကြားရလို့သာ သမီးကို ယောကျ်ားသေတာ ဝမ်းနည်းပုံမပြဘူးလို့ ကဲ့ရဲ့စရာဖြစ်တာပေါ့မေမေ'

'အင်း ဒါလဲ ဟုတ်တာပဲ'

မေမေက တဒင်္ဂငြိမ်သက်သွားသည်။

အတန်ကြာမှ မေမေက သက်ပြင်းကိုရှည်လျားစွာချလိုက် လေ၏။

'ခေါ်သံနဲ့ပတ်သက်ပြီး မေမေ့မှာ ထင်မြင်ချက်တစ်ခုရှိတယ် သမီး'

'ရှင့် မေမေ'

ကျွန်မက မေမေ၏ လေးနက်တည်ငြိမ်သောမျက်နှာကို ပြန်ကြည့်လိုက်သည်။


www.burmeseclassic.com

www.burmeseclassic.com

'အခုမေမေပြောမယ့်စကားကို အတည်လို့တော့ မမှတ်စေချင်ဘူး၊ မေမေ့ရဲ့စိတ်အထင်ကိုပဲ ပြောတာနော်'

မေမေ့စကားကြောင့် ကျွန်မပို၍ စိတ်ဝင်စားသွားလေသည်။ မေမေသည် ခေါ်သံ၏လျှို့ဝှက်ချက်ကို သိထားလေသလား။

'ဂမ္ဘီရဆန်တဲ့အဖြစ်တွေ၊ ပရလောကတို့၊ သိုက်နန်းတို့၊ ဥစ္စာစောင့်တို့ကို မေမေအယုံအကြည်မရှိပါဘူး၊ သမီးရဲ့အဖြစ်ဟာ တဖြည်းဖြည်းဆန်းကြယ်လာလွန်းလို့ မေမေက အတွေးချဲ့မိတာပါ'

'မေမေ့ ပြောပါမေမေ'

ကျွန်မက မေမေ့စကားကို စိတ်ဝင်စားသည်ထက် ဝင်စားလာလေပြီ။

'မေမေ့ရဲ့စိတ်အထင်ကိုပဲ ပြောမှာဖြစ်လို့ တစ်ထစ်ချအမှန်လို့ မယူဆစေချင်ဘူး၊ အေးလေ သမီးလည်းခေတ်ပညာတတ်တစ်ယောက်ပဲ၊ စဉ်းစားတတ်မှာပါ'

'ဟုတ်ကဲ့ပါ မေမေ'

+ + + + + + + + +

'ဒီလိုကွဲ့ မေမေနဲ့သမီးအဖေအိမ်ထောင်ကျပြီးတော့ အိမ်ထောင်သက်ခုနစ်နှစ်ရှိတဲ့အထိ သားသမီးမထွန်းကားခဲ့ဘူး၊ အဲဒီတုန်းက မေမေတို့ မြိုင်သေလာမြို့ကိုရောက်နေပြီ၊ မြိုင်သေလာကိုရောက်တာ ၂နှစ်ရှိတဲ့အချိန်ပေါ့၊ မြိုင်သေလာမှာ မေမေတို့ငှားနေတဲ့အိမ်ရဲ့အိမ်ရှင် ဒေါ်နန်းအေးဝေကို သမီးမှတ်မိသေးလား'

'အန်တီနန်းအေးဝေကို သမီးမှတ်မိပါတယ်မေမေ'

'ဒေါ်နန်းအေးဝေက မေမေ့ကို အကြံပေးခဲ့တယ်လေ၊ ကလေးလိုချင်ရင် 'စမ်းဦးလွင်'စခန်းက ညောင်ပင်ကြီးဆီမှ သွားပြီးဆုတောင်းပါတဲ့၊ အဲဒီညောင်ပင်ကြီးမှာ သားဆုတောင်းရင်ပြည့်တယ်တဲ့'

စမ်းဦးလွင်စခန်းမှာ အပန်းဖြေစခန်းတစ်ခုဖြစ်ပြီး မြိုင်သေလာနှင့် ၁၈မိုင်ဝေးပေသည်။ မြိုင်သေလာမြို့နယ်အတွင်းပါဝင်သော ကျေးရွာအုပ်စုအဆင့်ရှိ ရွာသေးတစ်ခုဖြစ်ပါ၏။ စမ်းဦးလွင်တွင် လျှိုမြောင်စိမ့်စမ်းများ၊ စမ်းချောင်းရေအိုင်များနှင့် ရေတံခွန်တစ်ခုရှိပေသည်။ သာယာလှပသောရှုခင်းကြောင့် အပန်းဖြေစခန်းတစ်ခုအဖြစ်ဖွင့်လှစ်ထားပေ၏။

အနီးပတ်ဝန်းကျင်၌လည်း ရှေးဟောင်းဘုရားပုထိုးများ တည်ရှိပေသည်။

မြိုင်သေလာသည် အစိုးရရုံးစိုက်ရာ မြို့နယ်အဆင့်မြို့တစ်မြို့ဖြစ်သည်။ မြိုင်သေလာထက် အပန်းဖြေစခန်းဖြစ်သော စမ်းဦးလွင်က ပို၍စည်ကားကာ၊ ပို၍ လည်း လူသိများပေသည်။

နွေရာသီလိုအချိန်များ၌ စမ်းဦးလွင်တွင် အပန်းဖြေအနားယူသူညည့်သည်များဖြင့် ပြည့်နေတတ်ပါ၏။

ကျွန်မစိတ်ထဲတွင် ငယ်စဉ်ကရောက်ဖူးသော စမ်းဦးလွင်ကို မြင်ယောင်လာလေသည်။

'ဒေါ်နန်းအေးဝေက သူကိုယ်တိုင် မေမေ့ကို လိုက်ပို့ခဲ့တယ်၊ ညောင်ပင်

ကြီးဆိုပေတဲ့ သွားရတဲ့ခရီးက မနီးလှဘူး၊ စမ်းဦးလွင်ကနေ ရွာထဲဝင်၊ ရွာရဲ့တောင်ဖက်စူးစူးမှာရှိတဲ့ ရှေးဟောင်းဘုရားပျက်ကြီးထဲကို သွားရတာ၊ ညောင်ပင်က ဘုရားပျက်ဝင်းထဲမှာရှိတဲ့ ညောင်ပင်လေ၊ ဘေးမှာလည်း ဘုရားပုထိုးအပျက်အစီးတွေမှအများကြီးပဲ၊ သစ်ပင်အိုကြီးတွေကလည်း တန်းစီပြီး အရိပ်အာဝါသတွေနဲ့မှိုင်းညို့လို့၊ သွားရတာကို တော်တော်စိတ်ချောက်ချားဖို့ကောင်းတဲ့ နေရာမျိုးပေါ့သမီး'

'ဟုတ်ကဲ့မေမေ'

'အဲ့ဒီ ဘုရားအိုကျောင်းပျက်တွေထဲမှာ အချောက်အလှန့် ကြမ်းတမ်းတယ်လို့လဲ ပြောကြတယ်၊ နေဝင်ချိန်ဆိုရင် ဘယ်သူမှမသွားရဲကြဘူး၊ ဥစ္စာစောင့်သိုက်တွေလည်း ရှိတယ်တဲ့၊ ဖွါးနန်းအေးဝေအပြောအရတော့ သိုက်ပေါင်းမှ မျိုးကိုစုံနေတာပဲ'

'အို'

'ညညဆို ဥစ္စာစောင့်မလေးတွေဟာ ဖီးလိမ်းချယ်သပြီး စမ်းဦးလွင်အပန်းဖြေစခန်းအထိထွက်လာကြတယ်တဲ့၊ စခန်းကဆိုင်တွေမှာ မုန့်ဝယ်စားကြတယ်တဲ့၊ ဘယ်တော့မှ ထိုင်မစားဘူး၊ သူတို့ဝယ်တဲ့မုန့်ပဲသရေစာကို အမြဲပဲ ထုတ်ပိုးပြီးယူသွားတတ်ကြတယ်တဲ့၊ အဲ့ သူတို့ပေးတဲ့ပိုက်ဆံဟာ သူတို့လည်း မြင်ကွင်းထဲကပျောက်သွားရော သစ်ရွက်တွေဖြစ်နေတတ်တယ်တဲ့'

'ဟင့်'

'တချို့က လိုက်ချောင်းပေမယ့် ကိုယ်ရောင်ပျောက်သွားလို့ သိုက်ရှိတဲ့နေရာအထိ ဘယ်တော့မှလိုက်လို့မရဘူးလို့ ပြောတယ်သမီး၊ သူတို့ပေးတဲ့ပိုက်ဆံတွေကလည်း သူတို့ကွယ်ပျောက်သွားမှသာ သစ်ရွက်အဖြစ်ပြောင်းသွားတော့ သူတို့ကို မိအောင် ဘယ်လိုမှဖမ်းလို့မရဘူးတဲ့'

'မေမေသွားတုံးကရော ဥစ္စာစောင့်တွေမြင်ခဲ့ရသလားဟင်'

'မမြင်ရပါဘူး၊ မေမေသွားတာက နေ့ခင်းပိုင်းလေ၊ စိတ်ချောက်ချားဖို့တော့ကောင်းတယ်၊ ဥစ္စာစောင့်ရှိတယ်ဆိုတာတော့ မေမေမယုံပါဘူး၊ ဒီလိုပဲ ရှေးဟောင်းအဆောက်အအုံပျက်ရှိတဲ့နေရာဆိုရင် မြန်မာလူမျိုးတွေက ဥစ္စာစောင့်တို့သရဲတစ္ဆေတို့ရှိသယောင်ပြောတတ်ကြတာပဲလေ'

'ဟုတ်တယ်နော်မေမေ'

'မေမေလည်း ဖွါးနန်းအေးဝေလိုက်ပို့တဲ့ ညောင်ပင်ကြီးဆီမှာ သားဆုတောင်းခဲ့တယ်လေ၊ အဲ့ဒီကအပြန်မှာ သမီးကိုကိုယ်ဝန်ရှိတာပဲ'

'ဟင့်ဟုတ်လား'

'တိုက်ဆိုင်တာပဲဖြစ်ဖြစ်၊ ဘာပဲဖြစ်ဖြစ်၊ ခုနစ်နှစ်လုံး ကလေးမရခဲ့တာ သားဆုတောင်းပြီးမှ သမီးကိုမွေးတော့ ညောင်ပင်ကြီးမှာသားဆုတောင်းတာ ပြည့်တယ်လို့ပဲပြောရမှာပေါ့လေ'

'အင်းပေါ့လေ'

'အဲ့ဒါပဲသမီး၊ မေမေလည်း အထိုက်အလျှောက်ပညာတတ်ပြီး ကျောင်း


www.burmeseclassic.com

တုန်းကလည်း သိပ္ပံဘာသာတွဲယူခဲ့တာဆိုတော့ ဂမ္ဘီရဆန်ဆန်အကြောင်းအရာတွေကို အယုံအကြည်မရှိခဲ့ပါဘူး။ ါပေမယ့် သမီးကြားနေရတဲ့ခေါ်သံနဲ့ပတ်သက်လာတော့ မေမေ့မှာ တွေးစရာအကြောင်းတွေရှိလာတယ်'

'ဘယ်လိုများလဲမေမေရယ်'

\+ + + + + + + + +

'ခေါ်သံကို မေမေကိုယ်တိုင် နှစ်ခါကြားခဲ့ရတယ်လေ၊ ပထမတစ်ခါကြားတုံးကတော့ အမှတ်မထင်ပဲ၊ မိတ္ထီလာအရောက်မှာထပ်ကြားရမှ တို့သားအမိ ခေါ်သံနဲ့ပတ်သက်ပြီး ထူးခြားမှုရှိတာကို သတိထားမိလာတာမဟုတ်လား'

'ဟုတ်တယ်လေမေမေ၊ မိတ္ထီလာနဲ့ မြိုင်သေလာ တစ်မြို့နဲ့တစ်မြို့ အဝေးကြီး၊ ကြားရတဲ့ခေါ်သံက တစ်မျိုးထဲ၊ နောက်ကထွက်လာတဲ့ အဘိုးကြီးအသံရော၊ စကားအသုံးအနှုန်းရော တူနေတော့ မေမေရော သမီးပါ အံ့သြခဲ့ကြရတာပဲ'

'မိတ္ထီလာမှာ ဒုတိယအကြိမ်ကြားရတော့ မေမေ့မှာ ိအတွေးဝင်ခဲ့တာပဲသမီး၊ သမီးကိုသာ မေမေဖွင့်မပြောဖြစ်ခဲ့တာ'

'ဘယ်လိုများလဲမေမေ'

'မေမေတို့ဟာ ဝန်ထမ်းဘဝမှာ မြိုင်သေလာမှာ အကြာဆုံးနေခဲ့ရတယ်၊ သမီးမမွေးခင် ၂နှစ်၊ သမီးကိုမြိုင်သေလာမှာပဲမွေးပြီး သမီးအသက်၁၃နှစ်မှပြောင်းလာတာဆိုတော့ မြိုင်သေလာမှာ ၁၅နှစ်တောင်ကြာခဲ့တာပေါ့ကွယ်'

'ဟုတ်သားပဲမေမေ၊ သမီးရှစ်တန်းနှစ်ကျမှ မိတ္ထီလာပြောင်းရတာလေ'

'ခေါ်သံနဲ့ အခေါ်ခံရတဲ့နာမည်ရှင်က 'စောမြတ်မွန်'တဲ့၊ စောမြတ်မွန်ဆိုတဲ့နာမည်ဟာ ရှမ်းပြည်နယ်မှာ မဆန်းကြယ်ပါဘူး၊ မိတ္ထီလာရောက်လို့ အလားတူခေါ်သံမျိုးကို တူတူညီညီကြားလိုက်ရတော့ မေမေ့စိတ်ထဲဇဝေဇဝါဖြစ်လာတယ်'

မေမေက ပြောမထွက်သေးပဲ သက်ပြင်းကိုချလိုက်သည်။

ကျွန်မသည် မေမေ့ကိုငေးကြည့်နေမိ၏။

'မေမေ သားဆုတောင်းစဉ်က ဆုတောင်းပြည့်ခဲ့တယ်၊ သမီးကိုမွေးခဲ့တယ်၊ အခုတော့ မေမေ့စိတ်ထဲမှာ ဘယ်လိုထင်နေမိသလဲဆိုတော့ သမီးဟာ စမ်းဦးလွင်ရဲ့ ဂမ္ဘီရဆန်တဲ့နယ်မြေထဲက ပါလာတဲ့'

'မေမေ၊ ဥစ္စာစောင့်၊ သမီးကို ဥစ္စာစောင့်လို့ ဆိုလိုတာလားဟင်'

'အဲ့ဒီအတွေးဟာ မိတ္ထီလာမှာ ခေါ်သံကို ဒုတိယအကြိမ်ကြားခဲ့ရတဲ့ညမှာတွေးခဲ့မိတဲ့အတွေးပဲသမီး၊ ဘာဖြစ်လို့လဲဆိုတော့ ခေါ်သံရဲ့နာမည်ဟာ စောမြတ်မွန်ဆိုတာ တိုက်ဆိုင်နေတယ်လေ၊ စောမြတ်မွန်ဆိုတဲ့ ရှမ်းနာမည်နဲ့မိန်းကလေးကို မိတ္ထီလာအထိ ဘာကြောင့်လိုက်ခေါ်ရသလဲ၊ ါလောက်ပဲ တိုက်ဆိုင်ရသလား၊ ပြီးတော့ မိတ္ထီလာမှခေါ်သံကြားတုန်းက လူမရှိတဲ့ နောက်ဖေးဖက်ကန်ပေါင်ကနေလှမ်းခေါ်တာ'

'အို့ မေမေ'

'ခေါ်သံကြားချိန်တိုင်းမှာ ခေါ်တဲ့သူရဲ့အကောင်အထည်ကို မမြင်ရဘူး၊ ပြီးတော့ သမီးရန်ကုန်မှာကျောင်းတက်နေတုံးကလည်း အဆောင်ရှေ့ကနေလှမ်း


www.burmeseclassic.com

www.burmeseclassic.com

ခေါ်တဲ့ခေါ်သံကိုကြားရပြန်တယ်ဆိုတော့ကာ ပရလောကသားမို့ သူတို့ရဲ့အဆက်အနွယ်ဖြစ်တဲ့သမီးကို ဘယ်ရောက်နေတယ်ဆိုတာ သိနေတယ်လို့ ယူဆမိတာပေါ့လေ'

'မေမေ၊ စမ်းဦးလွင်မှာ စောမြတ်မွန်ဆိုတဲ့ ဥစ္စာစောင့်ရှိတယ်လို့ မေမေကြားခဲ့လို့လားဟင်'

'မကြားခဲ့ပါဘူးကွယ်၊ မကြားခဲ့ဘူးဆိုတာထက် ၎င်းနန်းအေးဝေပြောတဲ့အကြောင်းတွေကို သေချာမမှတ်မိတော့တာပါ၊ ၎င်းနန်းအေးဝေကလည်း တကယ်သာဥစ္စာစောင့်တွေရှိခဲ့ရင် ဥစ္စာစောင့်တိုင်းရဲ့နာမည်ကို သူသိချင်မှသိမှာပေါ့ကွယ်'

'ဩလည်း ဟုတ်တာပဲလေ'

'သမီးမင်္ဂလာဆောင်တဲ့နေ့မှာ ကြားရတယ်ဆိုပြန်တော့ မေမေ့အတွေးက ပိုပြီးခိုင်သွားသလိုပဲ သမီး၊ ဓိကြားထဲ မောင်ကျော်ဇင်ပါ သေရပြန်တယ်၊ အို မပြောကောင်း မဆိုကောင်း မေမေထင်သလိုများဖြစ်နေခဲ့ရင့်'

'မေမေ့ မေမေ့ ပြောပါဦး၊ မေမေက ဘယ်လိုထင်သလဲဟင်'

'သမီး၊ ဥစ္စာစောင့်တွေဟာ လူ့လောကကိုရောက်လာရင် နှစ်အကန့်အသတ်နဲ့နေရတာတို့ ဘာတို့ ကြားဖူးတယ်မဟုတ်လား'

'ကြားဖူးပါတယ်မေမေ'

'တချို့ သိုက်ကလာတဲ့ကလေးတွေကို ရှုးအောင်၊ အ,အောင်လုပ်လွှတ်လိုက်ကြတယ်၊ အဲ့ဒါ သူတို့သိုက်ရှိတဲ့နေရာကို ပြောမှာစိုးလို့ လူစဉ်မမီအောင်လုပ်ပြီး လူ့ပြည်ကိုလွှတ်လိုက်တာတဲ့'

'မေမေရယ့် သမီးတော့ တစ်သက်လုံး ကိုယ့်ကိုကိုယ် ဥစ္စာစောင့်လို့ ထင်ရလောက်တဲ့သဲလွန်စ တစ်ခုမှ မတွေ့ဘူးပါဘူး မေမေ၊ ဘယ်သိုက်ကိုမှလည်း သမီးမမှတ်မိဘူး'

'မေမေပြောချင်တာက တစ်မျိုးပါ၊ ဥစ္စာစောင့်တွေဟာ လူအဖြစ်နဲ့ လူ့လောကမှာ နေရချိန်မှာ အိမ်ထောင်မပြုပါဘူး၊ အိမ်ရာမထူထောင်ပါဘူးဆိုတဲ့ကတိကို သိုက်မှာပေးခဲ့ရတာမျိုးလည်း ရှိတယ်လေ၊ အိမ်ထောင်ပြုရင် တစ်နည်းနည်းနဲ့ သိုက်ကပြန်ခေါ်တယ်တဲ့၊ သမီးကိုတော့'

'ရှင့် သမီးကိုတော့ သမီးကိုတော့ပြန်မခေါ်ပဲ့ သမီးနဲ့အိမ်ထောင် ပြုတဲ့ ကိုကို့ကိုပဲ့'

'အဲ့ဒီလိုယူဆမိတာပဲ သမီးရယ့် သူတို့က သမီးကိုအိမ်ထောင်မပြုစေချင်တော့ မောင်ကျော်ဇင်ကို သမီးအနားက ဖယ်ထုတ်ပစ်လိုက်တယ်'

'သူတို့က သူတို့က'

သူတို့ဆိုသည်မှာ ဘယ်သူတွေလဲ၊ ဘယ်ကလဲ၊ ကျွန်မဘာမှမမှတ်မိပါ။

ဩတွေက မေမေ့အတွေးသက်သက်ပါ သမီး၊ ဟုတ်ချင်မှလဲ ဟုတ်မယ်၊ မရေရာလို့ သမီးကို မေမေ ပြောကိုမပြောခဲ့ဘူး၊ အခုပြောရတာက တခြားကြောင့် မဟုတ်ဖူးသမီး၊ သမီးကို ဘုရားတရားမြဲစေချင်လို့၊ အရင်ကထက် ဘုရားအလုပ်ကို ပိုလုပ်ပါသမီး၊ ဘုရားတရားမြဲတဲ့သူကို ဘယ်သူကမှ လုပ်ချင်တိုင်းလုပ်လို့မရပါဘူး၊

သမီးအသက်ရှည်ဖို့ သမီးအန္တရာယ်ကင်းဖို့အတွက် သတိပေးချင်လို့ မေမေ့အတွေးတွေကို ဖွင့်ပြောလိုက်တာသမီး'

'မေမေပြောတာ ဖြစ်နိုင်ပါတယ်လေ၊ ခေါ်သံကိုကြားရတဲ့ အစပိုင်း နှစ်ခါတုံးက အဘိုးကြီးတစ်ယောက်အသံနဲ့ သူပျော်ရာမှာနေပါစေ၊ အချိန်တန်ရင်ပြန်လာမှာပါဆိုတဲ့စကားကို ကြားလိုက်ရတယ်လေ၊ "အဘိုးကြီးဟာ့သိုက်က့'

'ဥပ္ပါါနိကြောင့်တော့ ဥပ္ပါမရောက်စေချင်ဘူး သမီးရယ်၊ အစွဲအလမ်းမထားပါနဲ့၊ သမီးကိုဘုရားတရားအလုပ်ပိုလုပ်စေချင်လို့ မေမေက ါတွေကိုပြောပြတာပါ၊ မေမေကိုယ်တိုင်လည်း ယုံလှတယ်တော့မဟုတ်ဖူး၊ ါပေမယ့် တို့ဟာဗုဒ္ဓဘာသာဝင်တွေမဟုတ်လား၊ ရိုးရာအစွဲအလမ်းတွေကိုတော့ မပစ်ပယ်သင့်ဘူး၊ အ စွန်းမရောက်ဖို့ပဲ အရေးကြီးတယ်သမီး'

'သမီးနားလည်ပါပြီမေမေ'

\+ + + + + + + + +

( ၁ )

မေမေ၏အထင်အမြင်များကိုသိလိုက်ရ၍ ကျွန်မရင်မှာ စောမြတ်မွန်ဆိုသောခေါ်သံသည် တစ်ဖန်ပြန်လည်ဆန်းသစ်လာပြန်လေသည်။

စောမြတ်မွန်၊ စောမြတ်မွန်။ စောမြတ်မွန်ဆိုသည်မှာ မည်သူဖြစ်လေမည်လဲ။ မေမေထင်သလို သိုက်နန်းတစ်ခုခုက ဥစ္စာစောင့်မလေးပေပဲလား။ ကျွန်မသည်ပင် သိုက်နန်းမှလာသော ဥစ္စာစောင့်မလေးစောမြတ်မွန်ဖြစ်လေသလား။ ကျွန်မကိုခေါ်သူအသံရှင်သည် သိုက်နန်းတွင်ကျန်ရစ်ခဲ့သော ကျွန်မချစ်သူ (သို့မဟုတ်) ကြင်ယာတော်တစ်ဦးပေလား။ ခေါ်သံရှင်၏နောက်မှ လိုက်ပါချော့မော့ဖျောင့်ဖျခဲ့သူအဘိုး အိုကရော မည်သူဖြစ်လေမည်လဲ။ သိုက်နန်း၏အကြီးအကဲတစ်ယောက်ပေလော။

ကျွန်မသည် ထူးဆန်းသောခေါ်သံကို အဖြေပေါ်အောင်လိုက်ပါစုံစမ်းလိုစိတ်များ ပြင်းထန်လာခဲ့လေသည်။ ခေါ်သံ၏နောက်ကွယ်တွင် လျှို့ဝှက်နက်နဲလှစွာသော အချက်အလက်များရှိနေမည်ကိုလည်း အလိုလိုသိနေမိ၏။ ခေါ်သံ၏အဖြေသည် ဘာလဲ။

ကျွန်မက မေမေ့ကို ကျွန်မ၏အကြံအစည်အား ဖွင့်ဟမိလေသည်။

'သမီး မြိုင်သေလာမြို့ကို သွားပါရစေမေမေ၊ မြိုင်သေလာနဲ့စမ်းဦးလွင်မှာ စောမြတ်မွန်ဆိုတာ ဘယ်သူဆိုတဲ့အဖြေကို သွားပြီးရှာပါရစေ'

မေမေက ခါးခါးသီးသီးပင်ငြင်းဆန်ခဲ့လေသည်။

'ဘာဖြစ်လို့သွားချင်ရတာလဲသမီး၊ သိရတော့ကော သမီးအတွက် ဘာထူးခြားမှာမို့လဲ'

'အဖြေကိုသိချင်လွန်းလို့ပါမေမေရယ်၊ စောမြတ်မွန်ဆိုတာဟာ့'

'စောမြတ်မွန်ဟာ မြိုင်သေလာနဲ့ဆက်စပ်နေမယ်ဆိုတာရော သေချာလို့လားသမီးရဲ့'


www.burmeseclassic.com

www.burmeseclassic.com

'နာမည်က ရှမ်းနာမည်လေ ပြီးတော့ ခေါ်သံကို မြိုင်သေလာမှာပဲ သမီးတို့ စကြားခဲ့ရတာမဟုတ်လား'

'သမီးရယ့် မေမေ့ရဲ့အထင်အမြင်အယူအဆတွေကို ပြောလိုက်မိတာ မှားပြီထင်ပါရဲ့၊ တကယ်ဟုတ်ရင် မေမေက သာပြီးတော့တောင် မသွားစေချင်သေးတယ် သမီး'

'ဘာဖြစ်လို့လဲမေမေ'

'သမီးသာ စောမြတ်မွန်ဖြစ်ခဲ့ရင့် ဟိုကအဆက်အနွယ်တစ်ခုခု အမှန်ဖြစ်ခဲ့ရင့် သမီးကိုပြန်ခေါ်ထားလိုက်မှာ စိုးလို့ပေါ့ကွယ်'

'အို'

မေမေအတန်တန်တားသောကြောင့် မြိုင်သေလာသို့ မသွားဖြစ်ခဲ့ပါပေ။

'မြိုင်သေလာကို မသွားချင်ပါနဲ့ကွယ်၊ အခုလည်း မသွားနဲ့၊ ဘယ်တော့မှလည်း မသွားရဘူးသမီး'

မေမေက ယတိပြတ်တားမြစ်ခဲ့လေသည်။

\+ + + + + + + + +

မေမေ့တားမြစ်မှုကြောင့် မြိုင်သေလာသို့သွားရောက်စုံစမ်းလိုသော ကျွန်မစိတ်များကိုထိန်းချုပ်ထားခဲ့ရလေသည်။

သို့သော့် ကျွန်မဘဝအတွက် ဖန်လာသောကံကြမ္မာများကား မျှော်လင့်မထားသောအရာများသာဖြစ်ခဲ့လေသည်။

မေမေသည် နောက်တစ်နှစ်အကြာတွင် ကွယ်လွန်ခဲ့၏။ ရောဂါဝေဒနာကိုကြာရှည်မခံစားလိုက်ရပဲ ရုတ်တရက်ကွယ်လွန်သွားခဲ့ခြင်းပင်ဖြစ်ပါသည်။

မေမေကွယ်လွန်ခြင်းကြောင့် ကျွန်မသည် လောကအလည်၌ အထီးကျန်တစ်ကိုယ်ရည်ဖြစ်သွားရလေသည်။

ထိုနှစ် ၂၀၀၆ခုနှစ်၏ ခရစ္စမတ်ညတွင် ကျွန်မစိတ်ဝင်စားသောခေါ်သံသည် ပြန်လည်ပေါ်ထွက်လာပြန်လေ၏။

**'စောမြတ်မွန် စောမြတ်မွန်'**

ညသန်းခေါင်တွင် ခေါ်သံပေါ်ထွက်လာသည်နှင့် ကျွန်မက သတိကြီးစွာထားရင်း အိမ်ရှေ့သို့ထွက်ခဲ့လေသည်။

အိမ်ရှေ့တခါးမကြီးကိုဖွင့်လိုက်ချိန်၌ ၊တိယမြောက်ခေါ်သံ ထွက်ပေါ်ပြီးဖြစ်လေသည်။

**'စောမြတ်မွန် စောမြတ်မွန်'**

ခေါ်သံရှင်၏အသံမှာ ကျွန်မမှတ်မိနေသော အသံပင်ဖြစ်ပါသည်။ လူလတ်ပိုင်းအရွယ် ယောကျာ်းသားတစ်ယောက်၏ အသံသြသြဖြစ်သည်။

ကျွန်မက လက်နှိပ်ဓါတ်မီးဖြင့် အသံကြားရာ အိမ်ရှေ့မျက်နှာစာသို့ ထိုး ကြည့်လိုက်သည်။ တကယ်တော့ အိမ်ရှေ့တွင် မီးများကို လင်းထိန်နေအောင်ဖွင့်ထားပြီးဖြစ်ပါသည်။


www.burmeseclassic.com

www.burmeseclassic.com

ဘာကိုမှ မမြင်ရပါ။

**'စောမြတ်မွန် စောမြတ်မွန်'**

တတိယအကြိမ်ခေါ်သံကို ကြားလိုက်ရသည်။ ခေါ်သံကြားသော်လည်း မည်သည့်အရိပ်အယောင်မှ မမြင်ရပါချေ။

သုံးကြိမ်ကြားလိုက်ရပြီးနောက် ခေါ်သံနောက်ထပ်ထွက်ပေါ်မလာပါတော့ချေ။ ပျောက်ကွယ်သွားလေပြီ။

သည်တစ်ကြိမ်ကြားရသောခေါ်သံက မြိုင်သေလာ၊ မိတ္ထီလာနှင့် ရန်ကုန်အဆောင်တွင် ကြားခဲ့ရသော ခေါ်သံမျိုးပင်ဖြစ်ပါသည်။ ကိုကိုသေဆုံးသည့်ညကကြားရသောခေါ်သံမျိုးလို ထပ်ဆင့်ထပ်ဆင့်ခေါ်သံများ ထွက်ပေါ်လာခြင်းမရှိပါ။ ကျွန်မအတွက် ပုံမှန်ခေါ်သံတစ်ခု ဆိုပါစို့။ နေ့ရက်မှာလည်း ခရစ္စမတ်ညနှင့် ကိုက်ညီနေပါသည်။

ခေါ်သံရှင်သည် ကျွန်မကို စိတ်ဝင်တစားရှိနေဆဲပါတကား။

သည်တစ်ကြိမ်ကြားလိုက်ရသော ခေါ်သံကြောင့် မြိုင်သေလာသို့ သွားရောက်စုံစမ်းလိုသော ကျွန်မ၏ဆန္ဒများရုန်းကြွလာရပြန်ချေပြီ။

ကျွန်မ မြိုင်သေလာသို့သွားပါတော့မည်။ တအုံနွေးနွေးနှင့် ပဟေဠိဖြစ်နေရသောအဖြစ်ကို ကျွန်မသည်းမခံနိုင်တော့ပါ။

မြိုင်သေလာတွင် မည်သို့သောဖြစ်ရပ်မျိုးကြုံတွေ့ရသည်ဖြစ်စေ၊ ခေါ်သံ၏အဖြေကို ရရ,မရရ မြိုင်သေလာသို့အရောက်၊ ပြီးတော့ စမ်းဦးလွင်သို့အရောက် ကျွန်မသွားရောက်စုံစမ်းပါတော့မည်။

အသံရှင်သည် ကျွန်မကို စောင့်ကြိုနေလိမ့်မည်ဟု ကျွန်မရင်ထဲ၌ မှတ်ယူနေမိသည်။

မြိုင်သေလာကိုသွားဖို့ ကျွန်မဆုံးဖြတ်လိုက်လေပြီ။ တစ်နည်းအားဖြင့် ခေါ်သံရှင်ကို ရှာဖွေရန်၊ ကျွန်မ၏ဘဝအမှန်ကို ဖော်ထုတ်ရန် ကျွန်မ မြိုင်သေလာနှင့်စမ်းဦးလွင်သို့သွားပါတော့မည်။

\+ + + + + + + + +

ရန်ကုန်မြေမှ ကျွန်မထွက်ခွာသွားကြောင်းကို ကုမ္ပဏီမှဲရိုက်တာလူကြီးအချို့ကို အသိပေးထားခဲ့ပါသည်။ ပြီးတော့ ကုမ္ပဏီမှာ အလုပ်လုပ်နေဆဲဖြစ်သော ကျွန်မ၏အခင်မင်ဆုံးသူငယ်ချင်း မေတင့်ခိုင်ကိုလည်း အသိပေးခဲ့ပါသည်။

သူတို့အားလုံး၏အမြင်မှာတော့ ကျွန်မသည် အပန်းဖြေအနားယူရန် စမ်းဦးလွင်စခန်းသို့ထွက်သွားသည်လို့ပဲ ထင်နေကြပေလိမ့်မည်။ တစ်လကိုးသီတင်းခန့်သာ ခေတ္တခဏသွားရောက်ခြင်းဟု ယူဆနေကြလိမ့်မည်။

ကျွန်မကတော့ ခေါ်သံ၏အဖြေပေါ်သည်အထိ မြိုင်သေလာနှင့်စမ်းဦးလွင်တွင် နေထိုင်စုံစမ်းရန် ဆုံးဖြတ်ထားပြီးဖြစ်ပါသည်။

၂၀၀၇ခုနှစ်၏ ဇန်နဝါရီလထဲတွင် ကျွန်မ မြိုင်သေလာသို့ ထွက်ခွာခဲ့ပါသည်။


www.burmeseclassic.com

www.burmeseclassic.com

ဆောင်းရာသီ ဇြဗင်ဘာလ၏ ခရစ္စမတ်ညချမ်းများတွင် 'ခေါ်သံ'ကိုကြား ရလေ့ရှိသည်။

လာမည့်ခရစ္စမတ်ညတွင် ခေါ်သံ၏အဖြေကို သိရလိုသိရငြား မြိုင်သေလာနှင့်စမ်းဦးလွင်သို့ ထွက်လာခဲ့ခြင်းဖြစ်ပါသည်။

တစ်နည်းအားဖြင့် ခေါ်သံရှင်ရှိရာသို့..

\+ + + + + + + + +

# အပိုင်း-၃

## ( ၁ )

မြိုင်သေလာသို့ကျွန်မရောက်ခဲ့ပါပြီ။ မြိုင်သေလာမြို့ကလေးသည် ကျွန်မနေထိုင်ခဲ့စဉ်ကထက် ပိုမိုစည်ကားလို့နေပေသည်။ ဆန်းတော့မဆန်းပါ၊ ယခုခေတ်အခါတွင် နေရာဒေသအနှံ့၌ ဖွံ့ဖြိုးတိုးတက်ရေးစီမံကိန်းများ ချမှတ်လုပ်ဆောင်နေရာ နိုင်ငံအနှံ့သည် ရှေးယခင်ကနှင့်မတူ စည်ကားတိုးတက်နေပြီဖြစ်၏။

မြိုင်သေလာမြို့ကလေးသည်လည်း ပို၍မြို့ပြဆန်လာသည်။ လူနေအိမ်ခြေများလာသည်။ တိုက်တာအဆောက်အဦးမြင့်မြင့်တွေမှာ ယခင်ကနှင့်စာလျှင် ပိုမို နေရာယူလာသည်။

ကျွန်မမြိုင်သေလာမှထွက်ခွာခဲ့သည်မှာ အသက်၁၃နှစ်အရွယ်က ဖြစ်ပါသည်။ ၁၄နှစ်ပင်ကြာမြင့်ခဲ့ပါပြီ။ မြိုင်သေလာမြို့သည် လွန်ခဲ့သော၁၄နှစ်က အပျိုပေါက်အရွယ်ဖြင့်နေထိုင်သွားခဲ့သောကျွန်မကို မှတ်မိတော့မည်မဟုတ်ပေ။

ခရီးဆုံးရောက်၍ ကားပေါ်မှဆင်းသည်နှင့် ကျွန်မက ပတ်ဝန်းကျင်ကို မျက်စိကစားကြည့်လိုက်ရာ အဆောက်အအုံသစ်များကြောင့် မြို့အသွင်အပြင်မှာ ပြောင်းလဲနေသည်ကို တွေ့ရလေသည်။

ကျွန်မသည် ကားဂိတ်မှလှမ်းမြင်နေရသော တည်းခိုခန်းတစ်ခုသို့ ခြေလျင်ပင်လျှောက်သွားလိုက်သည်။

စခန်းသာတည်းခိုခန်း-တဲ့။

ထိုတည်းခိုခန်းမှာပင် တည်းခိုလိုက်ပါသည်။

ခရီးပန်းသည်ကို ခေတ္တအိပ်စက်အပန်းဖြေလိုက်သည်။

ညနေစောင်းတွင် ရေမိုးချိုး ကိုယ်လက်သန့်စင်ပြီး ကျွန်မနေထိုင်ခဲ့ဖူးရာ အရှေ့ကုန်းသာအရပ်သို့သွားရောက်ရန် တည်းခိုခန်းအောက်သို့ဆင်းခဲ့လေသည်။

'တက္ကစီအဆင်သင့်ရှိပါတယ် မမ၊ စက်ဘီးနဲ့မော်တော်ဆိုင်ကယ်လည်း အချိန်ပိုင်းနဲ့ငှားပေးပါတယ်'

ကျွန်မက အခန်းသော့ကိုသွားအအပ်တွင် ဧည့်ကြိုကောင်တာမှ မိန်းကလေးက ပြောခြင်းဖြစ်သည်။

'ကိစ္စမရှိပါဘူး ညီမရယ်၊ မမက အရှေ့ကုန်းသာဖက်ကို သွားမလို့ပါ၊ မဝေးတော့ ခြေလျင်ပဲလျှောက်သွားလိုက်တော့မယ်၊ မမက အရင် ဒီမြို့မှာနေခဲ့ဖူးတယ်လေ'


www.burmeseclassic.com

www.burmeseclassic.com

'ဪ့ ဟုတ်လား၊ စမ်းဦးလွင်ကိုသွားဖို့ရော အစီအစဉ်ရှိပါသလား မမ'

'စမ်းဦးလွင်ကိုရည်ရွယ်ပြီးလာခဲ့တာပါ၊ မြိုင်သေလာက မိတ်ဟောင်းဆွေ ဟောင်းတွေတွေ့ရအောင် ခဏဝင်လိုက်တာပါညီမ'

'စမ်းဦးလွင်ကိုလည်း မနက်တိုင်း ကားစီစဉ်ပေးပါတယ်၊ နေ့ချင်းပြန်သွား ချင်လည်းရပါတယ်၊ ဟိုမှာနေချင်ရင်လည်း ကျွန်မတို့ဟိုတယ်ဖွင့်ထားပါတယ်မမ'

'ကျေးဇူးပဲညီမရယ်၊ မနက်မှစီစဉ်တာပေါ့၊ မမသွားဦးမယ်နော်'

ကျွန်မသည် ဈေးလမ်းမကြီးအတိုင်း အရှေ့ကုန်းသာဖက်သို့လျှောက်လာ ခဲ့လေသည်။ မြိုင်သေလာ၌ ရပ်ကွက်ကြီး၈–ခုရှိရာ အရှေ့ကုန်းသာ၊ အနောက် ကုန်းသာဆိုသော ရပ်ကွက်နှစ်ခုအပါအဝင်ဖြစ်ပေသည်။ ခုတော့ ခေတ်ကာလအ လျောက် လူနေကွက်သစ်များ၊ မြို့သစ်များ တိုးချဲ့နေပေရာ ရပ်ကွက်ရှစ်ခုမက ရှိနေ ပေရော့မည်။

လမ်းတလျှောက်သည်လည်း လွန်ခဲ့သော၁၄နှစ်ကလို တိတ်တိတ်ဆိတ် ဆိတ်မဟုတ်တော့ပေ။ ကားနှင့်မော်တော်ဆိုင်ကယ်အများအပြား သွားလာနေသည် ကိုတွေ့ရပေ၏။ လမ်းဘေး၌လည်း ဈေးဆိုင်များ ယခင်ကထက်ပိုများလာလေသည်။ လက်ဖက်ရည်ဆိုင်များမှာ တစ်ဆိုင်နှင့်တစ်ဆိုင်အလှမ်းမဝေးလှပေ။ ဗွီဒီယိုခွေအငှား ဆိုင်များလည်း အတော်များများတွေ့ရ၏။

ခေတ်အလိုက်တိုးတက်စည်ကားမှုများကြားတွင် သဘာဝပတ်ဝန်းကျင်ကို မပျက်မစီးသေးပဲတွေ့ရသည့်အတွက် ဝမ်းသာမိရသည်။ လမ်းဘေးတလျှောက်မှ ယူ ကလစ်ပင်များမှာ လေတွင်ယိမ်းနွဲ့နေကြ၏။ အိမ်ဝင်းများအတွင်းမှ ချယ်ရီပင်များမှာ ချယ်ရီပန်းများပွင့်ဖူးနေကြပေသည်။ ဟိုးအဝေး၌ ရှမ်းရိုးမတောင်တန်းသည် မြူခိုး များဆိုင်းကာ မြို့၏အနားသတ်နောက်ခံရှုခင်းအဖြစ် တည်ရှိနေဆဲပင်။

တကယ်တော့ မြိုင်သေလာသည် ကျွန်မမွေးဖွားခဲ့ရာ ကျွန်မ၏ဇာတိမြို့ ဖြစ်သည်။ အသက်ဆယ့်သုံးနှစ်အရွယ်အထိ နေထိုင်ခဲ့ရာမြို့။ ဆယ့်သုံးနှစ်အရွယ် တွင်ထွက်ခွာခဲ့သည်မှာ ယခုအကြိမ်သည် ပထမဆုံးအကြိမ်ပြန်လည်ရောက်ရှိခြင်း ပင်ဖြစ်ပါသည်။

ကျွန်မပညာသင်ကြားခဲ့ရာ အလယ်တန်းကျောင်းရှေ့ကိုရောက်တော့ ရင် များခုန်လာခဲ့သည်။ ငယ်ဘဝကို သတိရမိသည်၊ ကျောင်းနေဖက်သူငယ်ချင်းများ၊ ဆရာ၊ဆရာမများ

ကျွန်မသည်လမ်းတလျှောက်တွင် ငယ်စဉ်က သူငယ်ချင်းများကိုတွေ့လို တွေ့ငြားသတိထားကြည့်ရှုလာပါသော်လည်း တစ်ယောက်မှ မမြင်မိချေ။ အသက် အရွယ်ကြီးရင့်လာ၍ ကျွန်မကိုသူတို့မမှတ်မိသလို ကျွန်မကလည်း သူတို့ကို မြင် ပါလျှက်မမှတ်မိတာမျိုးလည်း ဖြစ်နိုင်ပါသည်။

အရှေ့ကုန်းသာအရပ်မှ နန်းမြိုင်–၂လမ်းထဲသို့ ဝင်ခဲ့မိသည်တွင် ကျွန်မ ရင်များလှိုက်ဖိုလာရပြန်သည်။ ဖေဖေနှင့်မေမေ့ကို သတိရမိသည်။


www.burmeseclassic.com

www.burmeseclassic.com

ကျွန်မက လမ်းအတွင်းပိုင်း လေးအိမ်ကျော်မှ ကျွန်မတို့ငှားရမ်းနေထိုင်ခဲ့ရာ တစ်ထပ်တိုက်လေးကို မျှော်ကြည့်လိုက်သည်။ ယခင်အတိုင်း ပုံစံမပြောင်းလဲပဲ တွေ့လိုက်ရ၍ ပျော်ရွှင်သွားမိလေသည်။ ခြံဝင်းထဲတွင် တိုက်နှစ်လုံးဆောက်ထားပြီး ၂ထပ်တိုက်မှာ အိမ်ရှင်ဖွါးနန်းအေးဝေတို့မိသားစုနေထိုင်ပါသည်။ တစ်ထပ်တိုက်ကလေးကို အိမ်ငှားထားခြင်းဖြစ်ပါ၏။

ကျွန်မ၏ခြေလှမ်းများသည် အိမ်နှင့်နီးလာလေ သွက်လက်လာခဲ့လေသည်။ အန်တီဖွါးနန်းအေးဝေရှိသေးသလား။ ရှိသေးလျှင် ကျွန်မသည် စောမြတ်မွန်ဇာတ်လမ်းကို အန်တီနန်းအေးဝေထံမှ မေးမြန်းဖော်ထုတ်ရပါမည်။

ကျွန်မက အိမ်ရှေ့မြောင်းကလေးကိုဖြတ်ထိုးထားသော တံတားလေးပေါ်မှ ဖြတ်လျှောက်လာခဲ့သည်။

ကျွန်မလာနေသည်ကိုမြင်ဟန်တူသော အိမ်ရှင်က အိမ်ရှေ့သို့ ထွက်လာလေသည်။ ထိုအမျိုးသမီးကို ကျွန်မကြည့်လိုက်သည်။ အသက်အရွယ်ကြောင့် ရင့် ရော်သွားသော်လည်း ထိုအမျိုးသမီးကို ကျွန်မမှတ်မိလိုက်ပါသည်။ အန်တီနန်းအေး ဝေ၏သမီးကြီး မမနန်းကြာအုံးပါကလား။

သူမကလည်း ကျွန်မကို ဇဝေဇဝါဟန်ဖြင့်စိုက်ကြည့်နေလေသည်။

'ကျွန်မကိုမှတ်မိသလား မမနန်းကြာအုံး'

ကျွန်မက သူမအမည်ကိုခေါ်၍ ရင်းနှီးစွာနှုတ်ဆက်လိုက်သည်။

'အို့ အသံကြားမှမှတ်မိတယ်၊ စံပယ့် စံပယ် မဟုတ်လား'

သူမက ပြေးလာကာ ကျွန်မလက်များကိုဆုပ်ကိုင်လိုက်လေသည်။

'ဟုတ်ပါတယ်မမ၊ ကျွန်မမြစံပယ်ရုံပါ'

'သြော်ဒီကပြောင်းသွားကတည်းက တစ်ခါမှပြန်မဆုံရတော့ဘူး၊ ဝမ်းသာလိုက်တာကွယ်'

သူမက ကျွန်မကိုဖက်ပွေ့ကာ အိမ်ထဲသို့ခေါ်သွားလေသည်။

'ထိုင့် မြစံပယ်ရုံ'

'အိမ်ကိုအငှားမထားတော့ဘူးလား မမအုံး'

'မထားတော့ပါဘူးကွယ်၊ မမတို့မောင်နှမသုံးယောက် အမွေခွဲလိုက်ကြတာ၊ နှစ်ထပ်တိုက်နဲ့မြေတစ်ခြမ်းကို မောင်လေးနဲ့ညီမလေးက ယူလိုက်ကြတယ်၊ မမအုံးကတော့ ဒီအိမ်နဲ့မြေတစ်ခြမ်းပေါ့'

'အန်တီရော့'

'မေမေဆုံးသွားပြီ၊ ခြောက်နှစ်ရှိပြီစံပယ်'

'ဟင့်'

ကျွန်မသည် ဖွါးနန်းအေးဝေဆုံးသွားကြောင်းကြားသိလိုက်ရ၍ စိတ်မောသွားလေ၏။

'ဟုတ်တာပေါ့၊ စံပယ့်ဖေဖေနဲ့မေမေလည်း ဆုံးသွားကြပြီမမ၊ ဖေဖေဆုံးတာလေးနှစ်၊ မေမေဆုံးတာကတော့ လာမယ့် စက်တင်ဘာမှတစ်နှစ်ပြည့်မယ်'

'သြော် အန်ကယ်နဲ့အန်တီညွန့်လည်း ဆုံးသွားကြပြီကိုး၊ ဒါပေါ့လေ၊

www.burmeseclassic.com
တို့တွေလည်း အသက်မငယ်တော့ဘူးမဟုတ်လား။ ဒါနဲ့ စံပယ်က အခုဘယ်သူနဲ့နေလဲ၊ ဒီကိုဘာလာလုပ်တာလဲစံပယ်'

ကျွန်မက အိမ်ထောင်ကျခဲ့ကြောင်းနှင့် ခင်ပွန်းသည်ဆုံးသွားကြောင်းကို ပြောပြလိုက်သည်။

'မြိုင်သေလာကို စိတ်ပြေလက်ပျောက်ဆိုပြီး ထွက်လာခဲ့တာပါမမအုံး'

'ဒါဖြင့် ဒီမှာဘာလို့မတည်းလဲကွယ်၊ မမအုံးဆီမှာပဲတည်းပါ'

'နေပါစေမမအုံး။ စံပယ် မနက်ဖန်စမ်းဦးလွင်ကိုသွားဦးမယ်၊ လောလောဆယ်တော့ ကားဂိတ်နားက စခန်းသာမှာပဲ တည်းနေပါတယ်'

'စမ်းဦးလွင်၊ စမ်းဦးလွင်မှာ မောင်လေးက ထမင်းဆိုင်ဖွင့်ထားတယ် စံပယ်၊ မောင်လေး ခွန်သာဦးကိုမှတ်မိလား'

'မှတ်မိပါတယ်၊ စံပယ့်ထက်သုံးလေးနှစ်ကြီးမယ်ထင်တယ်'

'သူတို့လင်မယားက စမ်းဦးလွင်မှာ စားသောက်ဆိုင်ဖွင့်ထားတယ်၊ ဆိုင်နာမည်က မိန်မိန်-တဲ့၊ မမအုံးယောကျ်ားက စမ်းဦးလွင်နဲ့ မြိုင်သေလာကို အိမ်က စူပါရှုဖ်ကားနဲ့ တက်စီဆွဲတယ်ကွဲ့'

'ဒါနဲ့ မမမြိုင်တစ်ယောက်ကော မမအုံး'

မမမြိုင်ဆိုသော နန်းကြာမြိုင်မှာ မမအုံး၏ညီမဖြစ်သည်။ မမအုံးနှင့်ခွန်သာဦးတို့ကြားမှ အလတ်ဖြစ်သည်။

'မြိုင်က ဝန်ထမ်းနဲ့အိမ်ထောင်ကျတယ်လေ၊ သူ့ယောကျ်ားကသစ်တောဖက်က၊ အခု တောင်ကြီးမှာတာဝန်ကျလို့ တောင်ကြီးကိုလိုက်နေတယ်စံပယ်'

'မမအုံးကလေးဘယ်နှယောက်ရပလဲ'

'တစ်ယောက်ထဲပဲ၊ သားက ရှစ်တန်းရောက်ပြီလေ၊ အခု ကျူရှင်သွားနေလို့'

မမအုံးက ကျွန်မကိုပြန်တွေ့ရ၍ ဝမ်းသာနေရှာပေသည်။ မမအုံးသည် ကျွန်မထက်ဆယ်နှစ်ခန့်ကြီးပေရာ ကျွန်မ ဤမြို့မှာပင်မွေးဖွားကြီးပြင်းခဲ့သည်များကို မှတ်မိနေပေ၏။

'မနက် စမ်းဦးလွင်ကိုသွားမှာမဟုတ်လား၊ စံပယ်တည်းနေတဲ့တည်းခိုခန်းကို မမအမျိုးသားကိုလွှတ်လိုက်မယ်'

'နေပါစေမမအုံး'

'ဘယ်ဟုတ်မှာလဲကွဲ့၊ သူက မနက်တိုင်း ဗနာရီဆို ခရီးသည်လေးယောက်တင်ပြီး စမ်းဦးလွင်ကိုသွားနေကျ၊ ဈေးနားမှာပဲ ဂိတ်ထိုးတယ်လေ၊ စံပယ်တည်းခိုခန်းကနေသာစောင့်နေပေတော့၊ မမအမျိုးသားနာမည်က စိုင်းဗလတဲ့၊ သူ့ ကားနံပါတ်က '

အန်တီလှ၏နန်းအေးဝေမရှိတော့သော်လည်း မမအုံးက နွေးထွေးစွာကြို ဆိုသည့်အတွက် ကျွန်မအားတက်ရပါသည်။ စမ်းဦးလွင်မှာလည်း ခွန်သာဦးတို့လင်မယားရှိနေ၍ အဆင်ပြေသွားသည်။

'ဒီကမပြန်သေးသမျှ မမအုံးနဲ့အဆက်အသွယ်မပြတ်နဲ့နော်၊ ကြည့်ပါဦး၊


www.burmeseclassic.com

မွေးကတည်းက အတူနေလာရပေမယ့် ကိုယ့်ဘဝနဲ့ကိုယ်ဆိုတော့ ဇာကပြောင်းသွား ပြီးကတည်းက မတွေ့ရတော့တာပဲ၊ တစ်ယောက်နဲ့တစ်ယောက်လည်း သာရေးနာ ရေးသတင်းတောင် မရခဲ့ကြဘူးနော်၊ ခုလိုပြန်ဆုံရတာ မမအုံး ဝမ်းသာတယ်ကွယ်'

'စံပယ်လည်း ဝမ်းသာပါတယ်မမအုံးရယ်'

\+ + + + + + + + +

မနက်စောစောတွင် မမအုံးယောက်ျား ကိုစိုင်းဗလရောက်လာပြီး စမ်းဦး လွင်သို့သူ၏ကားဖြင့်လိုက်ပါရန် လာကြိုပေးပါသည်။

'ကားပေါ်မှာ ခရီးသည်သုံးယောက်ရခဲ့ပြီ မြစံပယ်ရဲ့ စမ်းဦးလွင်ကို တန်း ထွက်ရုံပဲ'

ညှော်ကြိုကောင်တာက စမ်းဦးလွင်တွင် သူတို့၏စခန်းသာဟိုတယ်၌တည်း ခိုနိုင်ရန် ဟိုတယ်လိပ်စာကတ်နှင့်ကြော်ငြာလက်ကမ်းစာစောင်များ ကျွန်မကိုပေးလိုက် သည်။ ကျွန်မလည်း စခန်းသာဟိုတယ်မှာပင် တည်းခိုရန်ဆုံးဖြတ်လိုက်ပါ၏။

မြိုင်သေလာနှင့်စမ်းဦးလွင်သည် ၁၈မိုင်ခရီးဖြစ်သော်လည်း တောင်တက် တောင်ဆင်းလမ်းဖြစ်ကာ ကွေ့ဝိုက်မောင်းနှင်ရသည်မို့ အချိန်တစ်နာခွဲခန့်ကြာပါ၏။

ကိုစိုင်းဗလက ကျွန်မတည်းခိုမည့် စခန်းသာဟိုတယ်ရှေ့အထိ လိုက်ပို့ ပေးခဲ့သည်။

'ကျွန်တော့်ကားကတော့ မြိုင်သေလာနဲ့စမ်းဦးလွင် သွားလိုက်ပြန်လိုက်ပဲ မြစံပယ်ရဲ့ တစ်နေ့လေးခေါက်လောက်တက်ဖြစ်ပါတယ်၊ မြိုင်သေလာကိုမှာစရာရှိရင် ကားဂိတ်မှာ ကျွန်တော့်ကိုလာရှာလို့ရပါတယ်'

'ဟုတ်ကဲ့၊ ကျေးဇူးတင်ပါတယ်ကိုဗလ၊ မမအုံးကိုလည်း ကျေးဇူးတင် ကြောင်းပြောပြလိုက်ပါ'

'ခွန်သာဦးတို့စားသောက်ဆိုင်က ရေတံခွန်ဘေးက ဆိုင်တန်းထဲမှာနော်၊ နာမည်က 'မိန်မိန်'တဲ့၊ ကျွန်တော်လည်း မြစံပယ်ရုံရောက်နေကြောင်း ခွန်သာဦးကို ဝင်ပြောထားလိုက်ပါမယ်'

'ကျေးဇူးတင်ပါတယ်ကိုဗလ၊ နေ့လည်စာစားချိန်မှ ခွန်သာဦးတို့ဆီကို ကျွန်မသွားတော့မယ်'

စခန်းသာဟိုတယ်ထဲသို့ ကျွန်မဝင်ခဲ့သည်။

မြိုင်သေလာမှစခန်းသာမှာ တည်းခိုခန်းသာဖြစ်သည်။ စမ်းဦးလွင်မှစခန်း သာကတော့ ဟိုတယ်အဆင့်ဖြစ်ပါ၏။ နိုင်ငံခြားသားများပါတည်းခိုခွင့်ရှိသော ကြယ် သုံးပွင့်အဆင့်ဟိုတယ်ကြီးဖြစ်ပါသည်။

ကျွန်မက တတိယထပ်ရှိအခန်းကိုရွေးချယ်လိုက်သည်။ စမ်းဦးလွင်တစ်ခု လုံးကို အပေါ်မှစီးမိုးမြင်ရသောရှုခင်းကို ကြည့်ရှုလို၍ဖြစ်ပါသည်။

\+ + + + + + + + +


www.burmeseclassic.com

( ၂ )

စခန်းသာဟိုတယ်၏တတိယထပ်မှကြည့်သော် စမ်းဦးလွင်၏ရှုခင်းတစ်ခုလုံးကို စီးမိုး၍မြင်နေရပါသည်။

ဘန်ဂလိုများ၊ တည်းခိုခန်းနှင့်ဟိုတယ်များ၊ စားသောက်ဆိုင်တန်း၊ လက်ဆောင်ပစ္စည်းအရောင်းဆိုင်များ၊ ရေတံခွန်ရှိရာတောင်ကြော၊ ပန်းခြံစသည်များ။ ထိုမှလွန်သော် စမ်းဦးလွင်ရွာသို့သွားရာမြေလမ်းဖုံဖုံ။

ပစ္စည်းများကိုနေရာချထားပြီး ဟိုတယ်အောက်သို့ဆင်းခဲ့သည်။

'လိုအပ်တာအမိန့်ရှိပါမမ၊ စက်ဘီးဆိုင်ကယ်ငှားလို့လည်း ရပါတယ်'

'ကျေးဇူးပဲ၊ မမ ဒီနားဟိုနားပဲလျှောက်ကြည့်လိုက်ဦးမယ်'

ဟိုတယ်ဝင်းထဲမှထွက်လာခဲ့သည်။

အသက်ဆယ်နှစ်အရွယ်ခန့်ကလေးငယ်တစ်ဦးက ကျွန်မအနားကပ်လာ၏

'မမကြီးကို ကျွန်တော် ဘယ်လိုက်ပို့ရမလဲခင်ဗျာ၊ စမ်းဦးလွင်ကို နေရာအနှံ့ကျွန်တော်လိုက်ပြတတ်ပါတယ်၊ ရှင်းလည်းရှင်းပြပေးပါမယ်'

ကလေးငယ်က အဝတ်အစားနွမ်းသော်လည်း သပ်သပ်ရပ်ရပ်ဝတ်ဆင်ထားပေသည်။ လမ်းပြကလေးငယ်တစ်ဦးဖြစ်ပေ၏။

'စမ်းဦးလွင်မှာ လိုက်ပြစရာလိုသေးလို့လားကွဲ့၊ ဒီအတိုင်းပဲလျှောက်သွားနေလို့ရတာပဲမဟုတ်လား၊ ရှင်းပြစရာရော ဘာများရှိလို့လဲကွယ်'

'ဒီတိုင်းလျှောက်သွားတော့ အပေါ်ယံကြောရှုခင်းတွေကိုမြင်ရရုံပဲရှိမှာပေါ့ မမကြီး၊ ပြီးတော့ ရွာထဲမှာ ရှေးဟောင်းစေတီပုထိုးတွေရှိပါသေးတယ်၊ အဲ့ဒါတွေကို ကျွန်တော်လိုက်လည်းပြတတ်ပါတယ်၊ ရှင်းလည်းရှင်းပြတတ်ပါတယ်ခင်ဗျာ'

'ရှေးဟောင်းစေတီပုထိုးတွေ' ကလေးငယ်စကားကို ကျွန်မကပဲ့တင်ထပ်မိသည်။ ကလေး၏သွက်လက်ချက်ချာပုံကိုလည်း ချစ်ခင်သွားမိ၏။

'မမကလည်း စမ်းဦးလွင်အပန်းဖြေစခန်းထက် စေတီပုထိုးတွေကို ပိုပြီးစိတ်ဝင်စားပါတယ်ကွယ်၊ ကဲ့ကဲ့ ဒါဖြင့် မမကို ဘုရားလည်း လိုက်ပို့၊ ရှင်းလဲရှင်းပြပေတော့'

'ကျွန်တော့်အကူအညီကိုယူတာ ကျေးဇူးတင်ပါတယ်မမကြီး'

ကလေး၏စကားက အလွတ်ကျက်ထားသောစကားများဖြစ်ပုံရပေသည်။

ကျွန်မက ပြုံးလိုက်မိ၏။

'မင်းနာမည်လည်း ပြောဦးလေ'

'စိုင်းနောင်လို့ခေါ်ပါတယ်ခင်ဗျာ'

'စိုင်းနောင်'

သူက ပါးဖောင်းဖောင်းကြီးဖြင့်ပြုံးပြကာ ပြောလိုက်၏။

'မမကြီး၊ ဒါဆိုရွာထဲကိုအရင်သွားမှာပေါ့၊ ဘယ်လိုသွားချင်လဲ၊ မမကြီး စက်ဘီးဆိုင်ကယ်စီးတတ်သလား၊ စက်ဘီးတို့ ဆိုင်ကယ်တို့ငှားချင်ရင် သီးခြားငှားပေးတဲ့ဆိုင်လည်းရှိပါတယ်၊ ဟိုတယ်ထဲက ငှားခဲ့လို့လည်းရပါတယ်၊ ဆိုင်ကယ်ငှား


www.burmeseclassic.com

www.burmeseclassic.com

မယ်ဆိုရင်တော့ မမကြီးက ကျွန်တော့်ကို နောက်ခုံမှာတင်ခေါ်သွားရမှာခင်ဗျ၊ ကျွန် တော်က ကလေးဆိုတော့ ဆိုင်ကယ်စီးလို့မရသေးဘူး၊ စီးလည်းမစီးတတ်ဘူး'

မောင်စိုင်းနောင်၏အပြောကြောင့် ကျွန်မက ရယ်မောလိုက်မိလေသည်။

'မမဆိုင်ကယ်ကောင်းကောင်းစီးတတ်ပါတယ်၊ ဒါပေမယ့် မမတို့ခြေလျင် ပဲလျှောက်သွားတာပေါ့၊ မနက်ခင်း လမ်းလျှောက်တာ ကောင်းပါတယ်၊ ဟုတ်တယ် မဟုတ်လား မောင်စိုင်းနောင်'

'ဟုတ်ကဲ့ခင်ဗျ၊ ဒါဆို ကျွန်တော်တို့ ကြိုးတံတားပေါ်ကဖြတ်သွားတဲ့ လမ်းက သွားရအောင်၊ လာ– မမကြီး'

မောင်စိုင်းနောင်က ကျွန်မကို ဦးဆောင်ခေါ်သွားခဲ့လေသည်။

ကြိုးတံတားမှဖြတ်သန်းသည့်လမ်းမှာ ဖြတ်လမ်းဖြစ်လေသည်။

'မင်း ကျောင်းမနေဘူးလားမောင်စိုင်းနောင်'

'လေးတန်းနဲ့ကျွန်တော်ကျောင်းထွက်ထားတာပါမမကြီး'

'ဘာဖြစ်လို့လဲကွယ်၊ ကျောင်းနေသင့်တာပေါ့မောင်စိုင်းနောင်ရဲ့'

မောင်စိုင်းနောင်က လမ်းလျှောက်ရင်းမှ ကျွန်မကိုမော်ကြည့်သည်။

'ကျွန်တော့်အဖေနဲ့အမေက တာချီလိတ်ကို အလုပ်သွားလုပ်ရင်းက ဆုံး သွားကြပါတယ်မမကြီး'

'အို'

'အဘွားက မျက်စိမမြင်ပါဘူး၊ ကျွန်တော် ကျောင်းဆက်နေလို့မဖြစ် တော့လို့ပါမမကြီး'

မောင်စိုင်းနောင်အပြောကြောင့် ကျွန်မရင်မှာ နာကြင်သွားမိသည်။

'တခြားမောင်နှမတွေရော'

'မရှိပါဘူး၊ ကျွန်တော်က တစ်ဦးတည်းသောသားပါ'

'ဒါဖြင့် မင်းနဲ့မင်းအဘွားနှစ်ယောက်ထဲနေကြတာပေါ့'

'ဟုတ်ကဲ့မမကြီး၊ စမ်းဦးလွင်ရွာထဲမှာ ကျွန်တော်တို့အိမ်ရှိပါတယ်'

'အခုလို မင်း အလုပ်ထွက်လုပ်နေတဲ့အချိန်ကျတော့ရော အဘွားကို ဘယ်သူကကြည့်လဲ'

'အဘွားကမျက်စိမမြင်ပေမယ့် ကိုယ့်အိမ်ထဲမှာတော့သွားတတ်လာတတ် တယ်ခင်ဗျ၊ ကျွန်တော်က ထမင်းအိုးတစ်လုံးချက်ပေးခဲ့ရုံပဲ၊ သူ့ဟာသူ စားတတ် တယ်'

'မင်းအလုပ်ကရောကွယ့်၊ နေ့တိုင်းငွေသည်ရရဲ့လား'

'မသိုးပါဘူးမမကြီး၊ တစ်ခါတလေ နိုင်ငံခြားသားတွေငှားရင် ကျွန်တော် ပိုက်ဆံတွေအများကြီးရတယ်လေ'

'အမယ့် တယ်ဟုတ်ပါလားဟေ့၊ နိုင်ငံခြားသားတွေနဲ့စကားပြောတော့ ရော၊ အခုမမကိုပြောတဲ့စကားမျိုးတွေကို မင်းအင်္ဂလိပ်လိုပြောတတ်လား'

'ပြောတတ်တာပေါ့မမကြီး'

'ဒါဖြင့် မမကို နည်းနည်းပါးပါးပြောပြစမ်းကွယ်'


www.burmeseclassic.com

www.burmeseclassic.com

မောင်စိုင်းနောင်က ကျွန်မကို လာရောက်မိတ်ဖွဲ့ခဲ့သည့်စကားများအား အင်္ဂလိပ်လိုသွက်လက်စွာပြောပြလေသည်။

‘ဒါတွေ မင်းကိုဘယ်သူသင်ပေးလဲဟင်’

‘ရွာထဲက ကျူရှင်ဆရာကြီး သင်ပေးထားတာပါ၊ တချို့ လိုတဲ့ဟာတွေကိုလည်း နိုင်ငံခြားသားတွေက ပြန်သင်ပေးသွားတယ်လေ၊ ကျွန်တော်မှတ်ထားတာပေါ့မမကြီး’

မောင်စိုင်းနောင်သည် မှတ်ဉာဏ်ကောင်းသောကလေးမို့သာ အင်္ဂလိပ်ဘာသာကို ကျွမ်းကျင်စွာပြောနိုင်ခြင်းဖြစ်ပေ၏။

ကျွန်မတို့သည် စကားတပြောပြောဖြင့်လာခဲ့ရာ ရွာထဲသို့ရောက်လာလေသည်။

မောင်စိုင်းနောင်က လမ်းကြားတစ်ခုသို့လက်ညှိုးထိုးပြကာ

‘ကျွန်တော်တို့အိမ်က ဒီလမ်းကြားထဲမှာပါ မမကြီး’

–ဟုပြောသည်။

‘မမကို ဘယ်ကိုအရင်ဆုံးလိုက်ပြမှာလဲ မောင်စိုင်းနောင်’

‘ရွာအပြင်က ကိုးဆူဘုရားကိုအရင်ဆုံးလိုက်ပို့မယ်ခင်ဗျ၊ ကိုးဆူဘုရားက ရှေးဟောင်းဘုရားပါ၊ ဝတ္တဘောင်မင်းကြီးလက်ထက်က တည်ခဲ့တဲ့ဘုရားပါ၊ လိုဏ်ဂူတွေလည်းရှိတော့ စိတ်ဝင်စားစရာကောင်းပါတယ်၊ လိုဏ်ဂူတွေထဲကို မမကြီးဝင်ရဲ မလား’

‘မင်းပါရင် ဝင်မှာပေါ့ကွယ်၊ တခြားသူတွေလည်း ဝင်နေတာပဲမဟုတ်လား’

‘ဟုတ်ကဲ့မမ’

ကျွန်မသည် ငယ်စဉ်က စမ်းဦးလွင်ကို တစ်ခေါက်သာရောက်ခဲ့ဖူးရာ အပန်းဖြေစခန်းသို့သာနေ့ချင်းပြန်လာရောက်ခဲ့ခြင်းဖြစ်ပါ၏။ စမ်းဦးလွင်ရွာထဲသို့လည်း မရောက်ဖူးပါ၊ စေတီပုထိုးများသို့လည်း မရောက်ဖူးပါ။

ရွာအလည်လောက်အရောက်တွင် မျက်နှာချင်းဆိုင်မှလျှောက်လာနေသောအမျိုးသမီးတစ်ဦးက ကျွန်မကိုစိုက်ကြည့်လာသည်ကိုသတိပြုမိပေသည်။ သူမက ကျွန်မကိုတအံ့တဩကြည့်နေပေ၏။ သူမ လွန်သွားသည့်အခါ ကျွန်မက အလို လိုသိစိတ်ဖြင့်နောက်သို့မလုံမလဲလှည့်ကြည့်လိုက်သည်။ သူမသည်ကျွန်မကိုနောက် ကျောဖက်မှငေးကြည့်နေသည်ကိုတွေ့လိုက်ရ၏။ ကျွန်မလှည့်ကြည့်လိုက်ပါမှ သူမ က ရှေ့ဆက်လျှောက်သွားလေတော့သည်။ ကျွန်မထက် အသက်လေးငါးနှစ်ကြီးပုံရ သောအမျိုးသမီးတစ်ဦးဖြစ်ပါသည်။

သူမလက်ထဲတွင် ဈေးခြင်းတောင်းအလွတ်တစ်လုံး ကိုင်ထားသည်ကိုကြည့်ခြင်းအားဖြင့် ဈေးသွားခြင်းဖြစ်ပုံရသည်။

ရွာထဲမှ ကျွန်မတို့ဖြတ်သန်းလာရာ ရွာအပြင်ရောက်လုတွင် ကျယ်ဝန်းသောခြံကျယ်ကြီးနှင့် ခြံဝင်းအလည်မှ တိုက်အိုဟောင်းကြီးတစ်လုံးကို မြင်လိုက်ရသည်။ တိုက်ကြီးမှာ အုတ်အနီများဖြင့်ဆောက်လုပ်ထားပြီးနှစ်ထပ်ဖြစ်ကာ ခေါင်တော်

www.burmeseclassic.com

ပင်မြင့်မားပေ၏။ ခြံထဲမှ သစ်ပင်အုံ့အုံ့ဆိုင်းဆိုင်းများကိုကျော်လွန်ကာ တိုက်၏အမိုး နီနီများက မိုးပေါ်သို့ထိုးထွက်နေပေသည်။ ဥရောပဆန်ခြင်းနှင့်လှို့ဝှက်သည်းဖိုဆန်ခြင်းတို့ပေါင်းစပ်ထားသော ခြံကြီးကို လမ်းသွားရင်း ကျွန်မက ငေးမောလာမိ၏။

'အဲ့ဒါ ဟိုးတုန်းကစော်ဘွားမျိုးနွယ်တွေ နေသွားတဲ့အိမ်ကြီးတဲ့ မမကြီး၊ ကျွန်တော့်အဘွားဟာ ငယ်ငယ်က ဓိအိမ်ကြီးထဲမှာ အလုပ်လုပ်ဖူးတယ်တဲ့၊ သိပ်ပြီးကြီးကျယ်တဲ့လူတွေတဲ့ အဘွားက ပြောဖူးတယ်'

'ကြီးကျယ်တဲ့လူတွေ ဟုတ်လား'

ကြီးကျယ်တယ်ဆိုသည်မှာ ကြီးကျယ်မြင့်မြတ်ခန်းနားခြင်းကို ဆိုလေသလား၊ ဘဝင်မြင့်၍ လူတစ်ဖက်သားအပေါ် မတူမတန်စိတ်ထားရှိတတ်သော ကြီး ကျယ်ခြင်းကိုဆိုလေသလား။ မောင်စိုင်းနောင်လည်း သရုပ်ခွဲပြတတ်မည် မဟုတ် ပါပေ။

ကျွန်မတို့ ဆက်လျှောက်လာခဲ့ရာ ရွာအပြင်သို့ရောက်လာလေ၏။

မောင်စိုင်းနောင်က ရှေ့တူရူမှ တောအုပ်ကြီးကိုလက်ညှိုးထိုးပြလိုက်လေသည်။

'မမကြီး၊ တွေ့လား၊ ရှေ့မှာ ဘုရားတွေအများကြီးရှိတယ်၊ တချို့ဘုရားတွေကို အစိုးရက ပြန်ဖော်ထုတ်ပြီး ပြုပြင်ထားပါတယ်၊ တချို့ကတော့ စေတီပျက်အတိုင်းပဲရှိကြသေးတယ်၊ ၁ နေ့ခင်းမို့လို့၊ ညဆိုရင် ဓိဖက်ကို ဘယ်သူမှမလာရဲကြဘူးမမကြီး'

'ဘာဖြစ်လို့လဲကွဲ့'

'သရဲခြောက်တယ်လို့လဲပြောတယ်၊ ဥစ္စာစောင့်တွေလည်း ထွက်ထွက်လာတယ်တဲ့'

'ဥစ္စာစောင့်၊ ဥစ္စာစောင့်ဆိုတာ တကယ်ရှိလို့လားကွယ်'

'ကျွန်တော်တော့ မတွေ့ဖူးဘူး၊ ပြောကြတာပဲ၊ လာ–မမကြီး၊ ဟော့ဒါ ကျွန်တော်ပြောတဲ့ ကိုးဆူဘုရားပဲ၊ သိပ်စိတ်ဝင်စားဖို့ကောင်းတယ်'

\+ + + + + + + + +

ကိုးဆူဘုရားမှာ ပြန်လည်ပြုပြင်ဆဲရှိပေသည်။ အလည်၌ စေတီကြီးတစ်ဆူတည်ထားကာ အရပ်ရှစ်မျက်နှာ ထောင့်လေးထောင့်တွင် စေတီတစ်ဆူစီ ရံထားသော စေတီကိုးဆူဖြစ်ပါ၏။

မောင်စိုင်းနောင်က ကျွန်မကို စေတီရာဇဝင်အား ခင်းကျင်းပြနေသည်။ သူကျက်မှတ်ထားသည့်အတိုင်းအလွတ်ရွတ်ဆိုသွားခြင်းပင်ဖြစ်ပါသည်။ ဝတ္တဘောင်မင်းကြီးလက်ထက်က တည်ထားသောဘုရားဟု သိရသည်။

စေတီဝင်းကို ပြန်လည်ပြုပြင်နေဆဲဖြစ်၍ ပန်းရံအလုပ်သမားများကို ဘု ရားဝင်းထဲ၌ တွေ့မြင်နေရပါသည်။ ဘုရားဖူးအချို့ကိုလည်း တွေ့ရသည်။ နိုင်ငံခြားသားစုံတွဲကိုလည်း တွေ့ရပါ၏။ နံနက်ပိုင်းဖြစ်၍ လူသူစည်ကားနေခြင်း ဖြစ်ပုံရသည်။



www.burmeseclassic.com

'မမကြီးကို လိုဏ်ဂူထဲ ကျွန်တော်လိုက်ပြပါ့မယ်'

မောင်စိုင်းနောင်က ကျွန်မကို လိုဏ်ဂူရှိရာသို့ဦးဆောင်သွားလေသည်။

'လိုဏ်ဂူထဲမှာလမ်းတွေရှုပ်ထွေးလွန်းလို့ ဝင်္ဂဘာလိုဏ်ဂူလို့ခေါ်တယ် မမကြီး'

လိုဏ်ဂူဆို၍ မြေပြင်အထက်တောင်ကမူတွင် လိုဏ်ပေါက်ဖြစ်နေသော ဂူမျိုးဟု ကျွန်မက ထင်မိသည်။ ကမ္ဘာအေးလိုဏ်ဂူကဲ့သို့ လူတို့ပြုလုပ်ဖန်တီးထားသောလိုဏ်ဂူကို မြင်တွေ့ဖူးသလို၊ ပင်းတယလိုဏ်ဂူကဲ့သို့ တောင်ပေါ်တွင် လိုဏ်ပေါက်များရှိသော လိုဏ်ဂူမျိုးကိုလည်း တွေ့ဖူးပါသည်။ ပြင်ဦးလွင်၊ ပိတ်ချင်းမြောင်မှလိုဏ်ဂူမှာ လိုဏ်ဂူပေါက်သည် မြေပြင်နှင့်တပြေးညီရှိပြီး တောင်ခေါင်းထဲသို့ ဝင် သွားရသောလိုဏ်ဂူမျိုးဖြစ်ပါသည်။

ဝင်္ဂဘာလိုဏ်ဂူမှာ ထိုကဲ့သို့သောလိုဏ်ဂူများနှင့် မတူပေ။ အပြင်ပန်းမှ ကြည့်လျှင် မြေပြင်ညီတစ်ခုသာဖြစ်ပြီး လိုဏ်ခေါင်းက မြေအောက်ထဲတွင်ဖြစ်ပေါ်နေခြင်းဖြစ်ပါသည်။ လိုဏ်ခေါင်းအပေါ်ယံမြေပြင်၌ မီးတောင်အဝကဲ့သို့ တောင်ပူစာတွင် ထိပ်၌ အပေါက်ကလေးများပါသော တောင်ပူစာအငယ်လေးများရှိနေပေသည်။

လိုဏ်ခေါင်းထဲဆင်းကြည့်သည့်အခါမှပင့် ထိုတောင်ပူစာအပေါက်များမှတိုးဝင်လာသောအလင်းရောင်များက လိုဏ်ဂူအတွင်းထဲသို့အန္တကျရောက်နေသည်ကိုတွေ့မြင်ရပေ၏။

ကျွန်မတို့သည် လိုဏ်ခေါင်းထဲဆင်းရန် ပြုလုပ်ထားသော လှေကားမှ အောက်သို့ဆင်းခဲ့ကြ၏။ မြေအောက်ခန်းတစ်ခုသို့ ဆင်းရသည်နှင့် တူလှပေသည်။ လှေကားတစ်ခုတည်းကိုသာ ကွန်ကရစ်ဖြင့်ပြုလုပ်ထားပြီး လိုဏ်ခေါင်းအတွင်းပိုင်းကို သဘာဝအတိုင်းပင် ထားရှိလေသည်။ အပေါ်တွင်မြင်ခဲ့ရသော အပေါက်ပါသည့် တောင်ပူစာလေးများမှာ လိုဏ်ဂူ၏အမိုးတွင် ဖောက်ထားသောအပေါက်လေးများကဲ့သို့ရှိနေပြီး ဂူအတွင်းသို့ အလင်းရောင်များဝင်နေပေ၏။ လိုဏ်ဂူအတွင်း၌ လျှပ်စစ်မီးများ ထွန်းညှိမထားပါပေ။

လှေကားရင်းရောက်သည်နှင့် လိုဏ်ခေါင်းပေါက်များမှာ လှေကား၏ပတ်ပတ်လည်တွင် ဖြာထွက်နေပေသည်။ ဘယ်အပေါက်ကို အရင်ဝင်ရမည်မှန်းမသိအောင် လှေကားပတ်လည်၌ လိုဏ်ခေါင်းပေါက်များပြန့်ကျဲနေပေ၏။ ဝင်္ဂဘာလိုဏ်ခေါင်းဆိုသည့်အမည်နှင့်လိုက်ဖက်လှပေသည်။

'လာ–မမကြီး၊ ကျွန်တော့်နောက်က လိုက်ခဲ့'

ကျွန်မကို မောင်စိုင်းနောင်က လမ်းပြခေါ်ဆောင်သွားလေသည်။

'မြေကြီးပေါ်မှာ ဆေးအစိမ်းချယ်ထားတာတွေ့လား မမကြီး'

မောင်စိုင်းနောင်ပြောမှ အောက်သို့ငုံ့ကြည့်လိုက်ရာ လိုဏ်ခေါင်းအောက်ခြေကို သံမံတလင်းခင်းထားပြီး အလည်၌ အစိမ်းရောင်ဆေးများရေးချယ်ထားသည်ကိုတွေ့လိုက်ရလေသည်။

'ဆေးအစိမ်းချယ်ထားတဲ့ အခန်းတွေကိုပဲ သွားခွင့်ရှိတယ်မမကြီး၊ လိုဏ်ခေါင်းပေါက်တွေထဲမှားဝင်ရင် ထွက်ပေါက်မတွေ့မှာစိုးလို့ ဆေးချယ်ပေးထားတာ'

www.burmeseclassic.com

'ဘြော့ ဒီလိုလား'

'ဒါပေမယ့် မှားဝင်စရာအကြောင်းမရှိပါဘူးမမကြီး၊ အန္တရာယ်ရှိတဲ့အပေါက်တွေကို အသေပိတ်ထားတယ်၊ ဟိုမှာ ကြည့်လိုက်လေ'

လိုဏ်ခေါင်းအခန်းတစ်ခုအရောက်တွင် လက်ဝဲဖက်သို့ ကွေ့သွားသော လိုဏ်ပေါက်တစ်ခုကိုတွေ့ရသည်။ သို့သော် ထိုလိုဏ်ပေါက်အဝကို သံတိုင်များဖြင့် ကာရံကာ သံတိုင်ကို အပေါ်အောက်အင်္ဂတေကိုင်၍ အသေပိတ်ထားသည်ကို မြင်လိုက်ရလေ၏။

'ရှေးတုန်းက အဲ့ဒီလိုဏ်ခေါင်းပေါက်တွေထဲကို လူတွေဝင်သွားကြဖူးတယ်တဲ့မမကြီး၊ ဝင်သွားတဲ့လူတွေဟာ တစ်ယောက်မှ ပြန်ထွက်မလာကြဘူးတဲ့'

'အို'

'လိုဏ်ခေါင်းအပေါက်တွေဟာ ဘယ်မှာဆုံးမှန်းမသိဘူး၊ အတွင်းထဲမှာ အစီစီအထိနက်တဲ့ချောက်ကြီးတွေလည်း ရှိတယ်တဲ့၊ ဝင်သွားတဲ့လူတွေဟာ အဲ့ဒီချောက်ကြီးတွေထဲ ကျသေသွားကြတာလို့ပြောတယ်'

'ကြောက်စရာကွယ်'

'တချို့က အဲ့ဒီလိုဏ်ခေါင်းပေါက်တွေဟာ ပင်းတယလိုဏ်ဂူနဲ့ဆက်နေတယ်လို့ပြောကြတယ်မမ၊ ပြင်ဦးလွင်က ပိတ်ချင်းမြောင်လိုဏ်ဂူကိုလည်းရောက်နိုင်တယ်တဲ့'

'ဒါကတော့ ပါးစပ်ရာဇဝင်တွေပေါ့လေ'

ပင်းတယလိုဏ်ဂူထဲသို့ဝင်သွားသော ဘုန်းကြီးတစ်ပါးနှင့် ကျောင်းသားလေးတစ်ယောက်တို့ လိုဏ်ဂူထဲမှ ပြန်ထွက်မလာပဲ နောင်တွင် ပုဂံပြည်၌ ထိုဘုန်းကြီးနှင့်ကျောင်းသားကိုတွေ့ရသော ပါးစပ်ရာဇဝင်ဇာတ်လမ်းကို ကျွန်မ သတိရမိပေသည်။ လျှို့ဝှက်ဆန်းကြယ်သော နေရာမှန်သမျှ ဤကဲ့သို့ ထူးဆန်းသော ရာဇဝင်ဇာတ်လမ်းများရှိသည်မှာ မဆန်းပါပေ။

သံတိုင်ကာရံထားသောလိုဏ်ခေါင်းအတွင်းတွင် ပိန်းပိတ်အောင်မှောင်နေကာ ဘာကိုမှမမြင်ရပေ။ ထိုအထက်၌ အပေါက်ဝပါသောတောင်ပူစာမရှိခြင်းကြောင့် ဖြစ်ပေသည်။ လိုဏ်ခေါင်းသည် မည်မျှထိရှည်၍ ဘယ်အထိ ခရီးပေါက်နိုင်ကြောင်း မသိနိုင်ပါပေ။ မောင်စိုင်းနောင်ပြောသလို ချောက်ကမ္ဘားကြီးများလည်း ရှိကောင်းရှိနိုင်ပေ၏။ မမြင်နိုင်သောအရာမို့ စိတ်ကူးယဉ်ချင်သလို ယဉ်ကြည့်လို့ရပေသည်။

ကျွန်မသည် လိုဏ်ခေါင်းအတွင်း သွားနိုင်ရန် ဆေးစိမ်းချယ်ထားသည့် အခန်းများကိုလှည့်ပတ်ကြည့်ရင်းမှ လိုဏ်ခေါင်း၏ဖွဲ့စည်းပုံကို သဘောပေါက်လာလေသည်။

လိုဏ်ခေါင်းသည် သဘာဝလိုဏ်ခေါင်းဖြစ်ရာ အတွင်း၌ ခြံအိမ်သဖွယ် လမ်းအသွယ်သွယ်၊ လျှိုမြောင်အနိမ့်အမြင့်များဖြင့် ရှိချင်သလိုရှိနေခြင်းဖြစ်ပေသည်။ အထက်မြေပြင်မှ အလင်းရောင်ရနိုင်သော တောင်ပူစာပေါက်မရှိသည့်နေရာတိုင်းကို သံတိုင်များဖြင့် ကာရံကာ အသေဆို့ပိတ်ထားလေ၏။ အတွင်းသို့လှမ်းမျှော်ကြည့်သော်လည်း အမှောင်ထုသာဖြစ်၍ ဘာကိုမှမမြင်သာပါပေ။ သံတိုင်များဆို့ပိတ်ထား

www.burmeseclassic.com

ခြင်းမှာ အလွန်ကောင်းသော အစီအစဉ်ဖြစ်ပေ၏။ သို့မဟုတ်ပါက စပ်စုလိုသော၊ လေ့လာလိုစိတ်ရှိသော လူငယ်လူရွယ်များ အတွင်းသို့ဝင်သွားလျှင် ကြာရောက်နိုင်ပေသည်။

'လိုဏ်ခေါင်းထဲမှာ အခန်းကြီး၁၆ခန်းကိုပဲ လူတွေဝင်ကြည့်လို့ရပါတယ် မမကြီး'

မောင်စိုင်းနောင်က ကျွန်မကိုရှင်းပြနေသည်။

သွားလာနေကျ မောင်စိုင်းနောင်လိုက်ပြ၍ ကျွန်မအဆင်ပြေပြေသွားနိုင်ခြင်းဖြစ်ပါသည်။ ကိုယ့်ဟာကိုယ်ဆိုလျှင် ထို၁၆ခန်းထဲ၌ ဝင်ပြီးသားနေရာပြန်ရောက်လိုက်၊ ထွက်ပေါက်ရှာမတွေ့လိုက်နှင့် လုံးချာလည်နေမည်ဖြစ်ပါ၏။

အပေါ်တွင် တောင်ပူစာပေါက်ရှိသော လိုဏ်ခေါင်းနေရာများကိုသာ လူများဝင်ကြည့်နိုင်ရန်စီစဉ်ထားခြင်းဖြစ်သည်။

အခန်းကြီးများထဲ၌ ဘုရားဆင်းတုတော်များနှင့် နိပါတ်တော်ပန်းချီကား တစ်ချပ်စီကို တွေ့ရလေသည်။ ဘုရားဆင်းတုတော်များကို ကျောက်တုံးကျောက်ဆောင်များပေါ်တွင် တင်ထားသည်။ ကျောက်အမျိုးမျိုးကိုထုလုပ်ထားသောဆင်းတုများဖြစ်ပါ၏။

အထူးခြားဆုံးမှာ နိပါတ်တော်ပန်းချီကားများဖြစ်ပေသည်။ အခန်း၁၆ခန်းရှိရာ နိပါတ်တော်ပန်းချီကား တစ်ချပ်စီသာရှိပေ၏။ အားလုံးမှာ ကောသလအိပ်မက်၁၆ချက်ကို သရုပ်ဖော်ထားသည့်ပန်းချီကားများချည်းဖြစ်လေသည်။ အခန်း၁၆ခန်းအတွက် အိပ်မက်နိမိတ်ပုံ ၁၆ပုံကို ချိတ်ဆွဲထားသည့်စိတ်ကူးမှာ အဆင်ပြေလှပေသည်။ နိုင်ငံခြားသားများ နားလည်နိုင်စေရန်လည်း ပန်းချီကားအောက်ဖက်၌ အင်္ဂလိပ်စာဖြင့် အိပ်မက်နိမိတ်များကို ရေးသားထားလေ၏။

ပန်းချီကားများကို ဘုရားစောင်းတန်းများ၌ ချိတ်ဆွဲသလို အထက်ဖက်တွင်ချိတ်ဆွဲထားခြင်းမဟုတ်ချေ။ ကြည့်ရှုသူနှင့် မျက်နှာတစ်တန်းတည်းဖြစ်အောင် စားပွဲခုံတစ်ခုပေါ်တွင်တင်၍ နံရံတွင်ကပ်ထောင်ထားခြင်းဖြစ်ပါသည်။ လိုဏ်ဂူအနေအထားအရ အလင်းရောင်သည် အထက်မှဝင်လာခြင်းဖြစ်ရာ ပန်းချီကားကို ထောင်ထားသောအနေအထားမှသာလျှင် ကောင်းစွာမြင်နိုင်မည် မဟုတ်ပါလား။ ရှုပ်ထွေးပွေလီသောအခန်းများအတွင်း မျက်စိလည် လမ်းမမှားစေရန်လဲ ကောသလအိပ်မက်၁၆ချက်ပန်းချီကားများကို အမှတ်အသားပြုနိုင်လေသည်။

ကျွန်မက နိပါတ်တော်ပန်းချီကားများကို စိတ်ဝင်စားစွာကြည့်ရှုမိလေ၏၊ ပန်းချီပညာကို နားလည်သည်မဟုတ်သော်လည်း လိုဏ်ခေါင်းအတွင်းမှ ပန်းချီကားများကိုကြည့်ရသည်မှာ ဘုရားများတွင်မြင်နေကျ ပုံတော်များနှင့် မတူညီသည်ကို သတိထားမိပေ၏။ ကျွန်မတို့ ဘုရားများတွင်မြင်တွေ့ရသော ပန်းချီလက်ရာများမှာ ရှေးဆန်၍ လူရုပ်များမှာလည်း အရုပ်နှင့်တူလှပေသည်။ ယခုမြင်တွေ့နေရသောပန်းချီကားများကတော့ ပန်းချီပြခန်းများတွင် မြင်တွေ့ရလေ့ရှိသောပန်းချီမျိုးဖြစ်လေ၏။ လူရုပ်ပုံများမှာ သဘာဝကျသည်။ ယခုခေတ်လူများနှင့်တူသည်။ မျက်နှာများပေါ်၌လည်းခံစားချက်ပါသည်ဟုထင်မိပေ၏။



www.burmeseclassic.com

www.burmeseclassic.com

ကျွန်မက ပန်းချီဆွဲသောပညာရှင်အမည်ကိုမှတ်သားလိုက်သည်။

ပုံတိုင်း၏ လက်ယာဖက်ထောင့်တွင် **'ပန်းချီ–ဗစိုးအောင်'**ဟု ရိုးရိုးပင်ရေးသားထားသည်ကိုတွေ့ရပါ၏။ ပန်းချီကားဘောင်ချပ်စလုံးမှာ ဗစိုးအောင်၏လက်ရာများချည်းဖြစ်ပါ၏။

အခန်းဘောင်ခန်းကို အနှံ့ကြည့်ရှုပြီးသည့်အခါ ကျွန်မတို့ အပေါ်ပြန်တက်ခဲ့ကြလေ၏။

+ + + + + + + + +

မြေပြင်ပေါ်ပြန်တက်လိုက်သည်နှင့် ထိတ်လန့်ဖွယ်အဖြစ်တစ်ခုနှင့် တိုးလိုက်ပါတော့သည်။

'ဟော့ မင်းသမီးလေးပြန်ထွက်လာပြီ၊ မင်းသမီးလေး လိုဏ်ဂူထဲက ပြန်ထွက်လာပြီ'

လူတစ်ယောက်သည် ကျယ်လောင်စွာအော်ဟစ်ကာ ကျွန်မနှင့်မောင်စိုင်းနောင်အနီးသို့ပြေးလာလေ၏။ သူသည် ကိုးဆူဘုရား၏ အရံစေတီတစ်ခုဘေးတွင် ထိုင်နေကာ ငှက်ပျောသီးတစ်လုံးကို အခွံခွာစားနေရာမှ အပေါ်ပြန်တက်လာသော ကျွန်မကိုအမြင်တွင် အော်ဟစ်၍ပြေးလာခြင်းဖြစ်ပါ၏။

ထိုလူကြီး၏အသွင်အပြင်ကိုကြည့်၍ အရူးတစ်ယောက်ဖြစ်ကြောင်း ကျွန်မသိလိုက်သည်။ သူသည် စုတ်ပြတ်နေသောအဝတ်အစားများကိုဝတ်ဆင်ထားကာ တစ်ကိုယ်လုံးညစ်ပတ်ပေရေနေပေသည်။

'မင်းသမီးလေး မင်းသမီးလေး ပြန်လာပြီလား၊ မင်းသမီးလေး အခုမှပြန်လာတယ်နော်'

သူက ကျွန်မအနီးသို့ပြေးလာရင်းမှ နှုတ်ဆက်သည့်သဖွယ် ပြောနေခြင်းဖြစ်သည်။

အရူးတစ်ယောက်ဖြစ်၍ ကျွန်မကိုအန္တရာယ်ပြုမှာစိုးကာ ကျွန်မက မောင်စိုင်းနောင်ပခုံးကို တင်းတင်းဆုပ်ကိုင်ကာ ကွယ်ရပ်လိုက်လေသည်။

အရူးကြီးက ကျွန်မတို့နှစ်ယောက်ရှေ့တွင် ပိတ်ရပ်လိုက်၏။

'မင်းသမီးလေး မင်းသမီးလေးလိုဏ်ဂူထဲဝင်သွားတာ နှစ်ပေါင်း၃၀မကတော့ဘူး၊ အခုမှပြန်လာတယ့် အခုမှပြန်လာတယ်'

'အို'

'ဦးဖိုးနီကြီးကလဲဗျာ ဧည့်သည်ကို ဒီလိုမလုပ်ပါနဲ့၊ ကိုယ့်ဟာကိုယ် သွားနေပါ့ဖယ်–'

မောင်စိုင်းနောင်က အရူးကြီးကို ရဲရဲတင်းတင်းပင်တွန်းပစ်လိုက်သည်။

'လာ– မမကြီး'

ကျွန်မကိုလက်ကိုဆွဲ၍ အရူးရှေ့မှ ထွက်လာခဲ့၏။

ကျွန်မမှာ အရူးနောက်ယှက်လိုက်၍ ရှက်သည့်အပြင် ဘုရားဖူးဧည့်သည်သုံးလေးဦးနှင့် နိုင်ငံခြားသားစုံတွဲနှစ်ယောက်ကကြည့်နေကြသဖြင့် ထူပူနေမိသည်။

ခပ်လှမ်းလှမ်းရောက်မှ စကားပြောနိုင်တော့၏။


www.burmeseclassic.com

www.burmeseclassic.com

'လန့်သွားတာပဲ မောင်စိုင်းနောင်ရယ့်'

'အလကားပါ၊ အရူးကြီးဖိုးနီပါ၊ မကြောက်ပါနဲ့မမကြီးရဲ့'

မကြောက်ပါနဲ့ဆိုသော်လည်း အရူးကြီးက ခပ်လှမ်းလှမ်းမှနေ၍ 'မင်းသမီးလေး မင်းသမီးလေး'ဟု လှမ်းအော်နေသည့်အတွက် ကျွန်မဘုရားဝင်းထဲမှ ခပ်သုတ်သုတ်ထွက်ခဲ့လေသည်။

'သူက မိန်းကလေးတွေမြင်ရင် အဲ့ဒီလို အော်နေတာပဲလား'

'ဟင့်အင်း ဦးဖိုးနီကြီးက ရူးပေမယ့် သူ့ဟာသူနေတာပါ၊ အဲ့ဒီဘုရားဝင်းထဲမှာပဲ သူနေတယ်၊ ဒီတစ်ခါပဲ သူ့ဒီလိုအော်တာတွေ့ဖူးသေးတယ်'

'ဟင့်'

ကျွန်မကတော့ တုန်လှုပ်နေဆဲပင်။

'မမကြီး ဟိုဖက်မှာ ဘုရားပျက်တွေရှိသေးတယ်'

'တော်ပါပြီကွယ့် မသွားတော့ပါဘူး'

ကျွန်မက လက်မှနာရီကိုကြည့်လိုက်သည်။

'၁၁နာရီတောင် ထိုးနေပြီပဲ၊ နောက်နေ့မှသွားတော့မယ်ကွယ်၊ အခု မမတို့ ထမင်းစားကြစို့'

'မမကြီး၊ သွားစားပါ၊ ကျွန်တော်စောင့်ပေးရဦးမလား'

'မင်းလည်း လိုက်စားလေကွယ်'

'ဟင့်အင်း ကျွန်တော် ညေ့်သည်ကျွေးတာ မစားပါဘူး၊ အကျင့်ပါမှာစိုးလို့ပါ၊ အိမ်ကိုပြန်စားပါတယ်မမကြီး'

'အိမ်ပြန်စားချိန်မရရင်ကောကွာ'

'ဈေးသက်သာတဲ့ဆိုင်မှာ ထမင်းသုပ်ပဲဝယ်စားပါတယ်မမ'

ကျွန်မက သူ၏စည်းကမ်းကိုမဖျက်ဆီးချင်တော့၍ ခေါ်မနေတော့ပါ။

'ကဲ– အိမ်ဝင်ထမင်းစားမယ်ဆိုရင် ရွာထဲမှာပဲ နေခဲ့တော့လေ၊ မမကြီးကိုယ့်ဟာကိုယ်ပြန်လိုက်တော့မယ်'

ကျွန်မက သူ့ကို တစ်ထောင်တန်ငွေစက္ကူတစ်ရွက်ထုတ်ပေးလိုက်သည်။

'နေ့လည်ပိုင်း ကျွန်တော်လာခေါ်ပေးရဦးမလားမမကြီး၊ ပိုက်ဆံထပ်ပေးစရာမလိုပါဘူး'

ကိုခွန်သာဦးတို့စားသောက်ဆိုင်ကိုသွားစရာရှိသေးသည်ကို သတိရလိုက်သည်။

'မနက်ဖန်မနက်ကျမှ လာခေါ်တော့ကွယ်'

'ဟုတ်ကဲ့မမကြီး၊ ဘုရားတွေလည်း လိုက်ပြမယ်၊ ဥစ္စာစောင့်တွေအကြောင်း မမကြီး စိတ်ဝင်စားရင်လည်း ကျွန်တော့်အဘွားက ပြောပြတတ်ပါတယ်၊ အိမ်ကိုလိုက်ခဲ့လို့ရပါတယ်မမကြီး'

'ဥစ္စာစောင့်၊ အေး မောင်စိုင်းနောင်အဘွားနဲ့လဲ မမကြီးတွေ့ဦးမှာပါ၊ မမကြီး စမ်းဦးလွင်မှာ အေးအေးဆေးဆေး နေဦးမှာပါကွယ်၊ အချိန်ရပါတယ်'

\+ + + + + + + + +


www.burmeseclassic.com

( ၃ )

နေ့လည်စာကို ဟိုတယ်မှာပင်မှာစားလိုက်ကာ ညနေပိုင်းတွင် ခွန်သာဦးတို့စားသောက်ဆိုင်ကိုထွက်ခဲ့လေသည်။

'မိန်မိန်'စားသောက်ဆိုင်ကို ဆိုင်တန်း၏အစွန်၌ပင် တွေ့ရလေ၏။

ကျွန်မဝင်သွားသည်နှင့် ခွန်သာဦးထွက်လာကာ ကြိုဆိုလေသည်။ ကိုစိုင်းဖလ ကြိုသတင်းပေးထား၍ ကျွန်မရောက်လာမည်ကို ခွန်သာဦးက သိနေပေသည်။

'မြစံပယ်ရှိ လာ့ လာ့ ငယ်ငယ်က ရုပ်အတိုင်းပါပဲလား။ ငါ့ကို ရောမှတ်မိလား'

'တခြားတစ်နေရာမှာတွေ့ရင်တော့ မှတ်မိချင်မှ မှတ်မိမှာပေါ့ ကိုသာဦး၊ အခုတော့ ဒီမှာကိုသာဦးရှိတယ်ဆိုတာ မမအုံးပြောလိုက်တော့ မြင်တာနဲ့မှတ်မိပါတယ်ရှင်'

'အေး ငါလည်း နင့်လိုပဲပေါ့၊ ငါ့မိန်းမကိုခေါ်ပြဦးမယ်ဟေ့၊ နင် အံ့သြသွားအောင်၊ ယဉ်ယဉ်ရေ ယဉ်ယဉ်၊ ဒီမှာ မြစံပယ်ရှိရောက်လာပြီဟေ့'

စိုင်းသာဦးက လှမ်းအော်လိုက်ရာ အတွင်းဖက်မှ အမျိုးသမီးတစ်ဦးထွက်လာလေသည်။

အမျိုးသမီးကိုကြည့်၍ ကျွန်မနှုတ်မှ 'ယဉ်ယဉ်ယဉ်ယဉ်'ဟု ရေရွတ် ကာ အပြေရှာနေမိသည်။ သူမကို ကျွန်မ ရင်းရင်းနှီးနှီးသိနေသောကြောင့်ဖြစ်သည်။

သူမက ကျွန်မတို့ထံလျှောက်လာရင်းမှ ပြုံးပြလိုက်ရာ သွားတက်ကလေးတစ်ဖက်ပေါ်သွားလေ၏။ သွားတက်ကြောင့် သူမကို ကျွန်မမှတ်မိသွားပါပြီ။

'အို့ နန်းယဉ်မြနွယ်၊ နန်းယဉ်မြနွယ် ဟုတ်တယ်နော်'

သူမသည် ကျွန်မနှင့်အတန်းတူတက်ခဲ့သော သူငယ်ချင်းဖြစ်ပါ၏။

'သိပ်မှန်တာပေါ့စံပယ်ရှိ၊ မမအုံးက စံပယ်ရှိရောက်နေတယ်ဆိုကတည်းက တို့သူငယ်ချင်းမှန်း သိလိုက်ပြီ'

သူမက ကျွန်မကိုဖက်ပွေ့ရင်းပြောလိုက်၏။

'သြော် မင်းက ကိုသာဦးနဲ့အိမ်ထောင်ကျနေတာကိုး'

ကိုသာဦးနှင့်ယဉ်ယဉ်တို့က ကျွန်မကို ကောင်တာနောက်ဖက်သို့ခေါ်သွားလေသည်။ ညနေခင်းဖြစ်၍ ဆိုင်မှာလူကျနေပြီဖြစ်သည်။ ယမကာပါ တွဲရောင်းသောဆိုင်မို့ အရက်သောက်နေသာဝိုင်းများရှိနေပေသည်။

ကျွန်မနှင့်ယဉ်ယဉ်သည် ရှေးဟောင်းနှောင်းဖြစ်များကိုပြောကာ စကားလက်ဆုံကျနေကြ၏။ ယဉ်ယဉ်က ငယ်ငယ်ကသူငယ်ချင်းများအကြောင်းကို ပြောပြသည်။ ကျွန်မက မြိုင်သေလာတွင် တစ်ညနေနေခဲ့စဉ်အတွင်း ဘယ်သူငယ်ချင်းမှ မတွေ့ခဲ့ကြောင်းပြောလိုက်သည်။

'နှစ်တွေကြာပြီမဟုတ်လား၊ တွေ့ရင်လည်း မမှတ်မိနိုင်ကြဘူးပေါ့၊ အခုတောင် မမအုံးကြိုပြောထားလို့ ရုပ်ဖမ်းနိုင်တာလေ'



www.burmeseclassic.com

www.burmeseclassic.com

'ဟုတ်တာပေါ့၊ တို့ပြောင်းသွားတော့ အသက်၁၃နှစ်၊ ၁၃နှစ်ဆိုတာ အပျိုဖော်ဝင်စ ရုပ်ပြောင်းတဲ့အချိန်လေ၊ အခု တို့တွေအသက်ကသုံးဆယ်ပဲနီးပြီကိုး'

'မင်း ဒီမှာ နေဦးမှာမဟုတ်လားစံပယ်ရုံ'

'ကိုယ်စိတ်ပြေလက်ပျောက်ဆိုပြီးထွက်လာတာ၊ ရန်ကုန်မှာလည်း ကိုယ့်ကိုမျှော်မယ့်လူမရှိဘူးလေ၊ အေးအေးဆေးဆေးမှပြန်မှာပါ'

'ဒါဆို တစ်ရက်ရက် မြို့ငသေလာကို ပြန်သွားကြတာပေါ့၊ သူငယ်ချင်းတွေအကြောင်းကြားပြီး စုခိုင်းထားလိုက်မယ်လေ'

'ကောင်းတာပေါ့ယဉ်ယဉ်ရယ့်'

ခွန်သာဦးနှင့်ယဉ်ယဉ်တို့ဆိုင်ကလေးမှာ လူစည်ကားပြီး ရောင်းကောင်းသည်ကိုတွေ့ရ၍ ကျွန်မစိတ်ချမ်းသာမိပေသည်။

'အစိုးရက ခရီးသွားလုပ်ငန်းတွေအားပေးနေတာမှုတ်လား၊ အရင်ကထက် ဧည့်သည်လည်းများတယ်၊ နိုင်ငံခြားသားတွေလည်း တော်တော်လာကြတယ် စံပယ်ရုံ၊ စည်ကားတော့ စီးပွားရေးလည်းကောင်းကြတာပေါ့၊ ကြည့်ပါလား၊ စမ်းဦးလွင်ဟာ တို့ငယ်ငယ်ကနဲ့မှမတူတော့ပဲ၊ လေးငါးဆယ်ဆိုပြီးစည်ကားလာတယ်လေ'

ယဉ်ယဉ်က အားရပါးရပြောပြသည်။

မှန်ပေသည်။ ကျွန်မတို့ငယ်ငယ်က သည်နေရာတွင် ရိုးရိုးမြန်မာထမင်းဆိုင်လေးငါးဆိုင်သာရှိပါသည်။ လက်ဆောင်ပစ္စည်းရောင်းသည့်ဆိုင်ဟူ၍ သီးသန့်မရှိ။ ထမင်းဆိုင်များမှာသာ ရွှေသထွက်ပစ္စည်းနှင့် အသီးအနှံအချို့တင်ထားသည်။ ယခုတော့ စမ်းဦးလွင်တံဆိပ်ပါသောတီရှပ်များပင်ထုတ်လုပ်ရောင်းချနေပေပြီ၊ ၁တ်ပုံဆိုင်တင်မက ဗီနိုင်းထုတ်လုပ်သောဆိုင်များ၊ မိတ္တူကူးဆိုင်များပင် ရှိနေ၏။

တည်းခိုဖို့အတွက်လည်း အဆင့်မီဟိုတယ် လေးခုရှိပေသည်။ ယခင်ကတော့ ဧည့်သည်များသည် မြို့ငသေလာတွင်သာတည်းခို၍ နေ့ပိုင်းတွင် စမ်းဦးလွင်သို့လည်ပတ်ကြသည်။ စမ်းဦးလွင်မှာ အခြေချတည်းခိုခြင်းနည်းပါသည်။

ယဉ်ယဉ်ပြောမှပင် ကျွန်မက စမ်းဦးလွင်တစ်ခုလုံး၏ရှုခင်းကို ငေးကြည့်ရင်း အံ့သြဝမ်းသာနေမိ၏။

ယဉ်ယဉ်တို့ကျွေးသော ညစာကိုစားသောက်ပြီးမှ ကျွန်မပြန်လာခဲ့လေသည်။

ယဉ်ယဉ်က ကျွန်မကို ဆိုင်အပေါက်ဝအထိလိုက်ပို့သည်။

ကျွန်မတို့ဆိုင်ရှေ့တွင် ရပ်၍နှုတ်ဆက်နေကြဆဲတွင် ဆိုင်ထဲသို့ လူတစ်ယောက်ဝင်လာလေ၏။

ထိုသူက ဆိုင်အဝထိရောက်ပြီးမှ ကျွန်မကိုမြင်ကာ ပြန်လှည့်လာသည်။

**'စောမြတ်မွန်'**

ထိုသူက ကျွန်မကိုတည့်တည့်ကြည့်ကာ ခေါ်လိုက်သောကြောင့် ကျွန်မကြက်သီးထသွားရလေသည်။

**'စောမြတ်မွန်'**

သူက နောက်တစ်ကြိမ်ခေါ်လိုက်ပြန်၏။


www.burmeseclassic.com

www.burmeseclassic.com

'အို လူမှားနေပြီ'

'မမှားပါဘူးစောမြတ်မွန်၊ မမှားပါဘူး၊ စောမြတ်မွန်ဟာ စောမြတ်မွန်ပါပဲ'

'အို'

'စောမြတ်မွန်မမှတ်မိလို့ပါကွယ့် ကိုယ့်ကိုကြည့်ပါဦး၊ သေချာကြည့်ပါ ဦး၊ မမှတ်မိဘူးလားစောမြတ်မွန်'

'ကျွန်မ့ ကျွန်မနာမည် မြစံပယ်ရုံပါရှင်'

ကျွန်မတို့နှစ်ယောက်ကြားထဲသို့ နန်းယဉ်မြနွယ်က ဝင်လိုက်သည်။

'ဘာတွေလျှောက်ပြောနေတာလဲကိုထိုက်၊ ကိုယ့်ဟာကိုယ် သောက်မှာ သွားသောက်ပါ၊ ါ ငါတို့သူငယ်ချင်း စံပယ်ရုံ၊ ရန်ကုန်က လာတာ'

'စံပယ်ရုံ၊ ဟုတ်လား တကယ်တော့ သူဟာ တစ်ချိန်က စောမြတ်မွန် ပါပဲလေ၊ သူမမှတ်မိလို့ပါမယဉ်'

'ကိုထိုက့် တော်ကွာ၊ နင် မူးလည်းမမူးသေးပဲနဲ့'

ယဉ်ယဉ်က ကိုထိုက်ဆိုသူအား အသံပြင်းပြင်းနှင့်အော်ရင်း နှင်ထုတ်လိုက်သည်။

ကိုထိုက်က ကျွန်မကို လည်ပြန်လှည့်ကြည့်ရင်းဖြင့် ဆိုင်ထဲဝင်သွားလေ၏။

'အလကား မမူးပဲနဲ့ ရစ်နေတယ်'

'သူက ဘယ်သူလဲယဉ်ယဉ်'

'ကိုထိုက်တဲ့၊ ဇော်လင်းထိုက်လို့ခေါ်တယ်စံပယ်ရုံ၊ ဟိုဖက်က ၁တ်ပုံဆိုင်ကပါ၊ ါတွေ ဂရုစိုက်မနေပါနဲ့စံပယ်ရုံရယ်'

ကျွန်မက ယဉ်ယဉ့်ကိုနှုတ်ဆက်ရင်း ပြန်ခဲ့လေသည်။

+ + + + + + + + +

အိပ်ရာဝင်ချိန်အထိ ကျွန်မကိုစောမြတ်မွန်ဟုခေါ်လိုက်သောသူက ကျွန်မ အပေါ်စိုးမိုးနေလေသည်။

သူဘယ်သူလဲ။

တိုက်ဆိုင်စွာဖြင့် သူမှားခေါ်သောနာမည်မှာ စောမြတ်မွန်ဖြစ်နေသည်။

ကျွန်မဘဝတလျှောက်လုံး ပဟေဠိဆန်စွာကြားခဲ့ရသော ခေါ်သံ။

ခေါ်သံအတွက်ပင် ကျွန်မသည် စမ်းဦးလွင်အထိရောက်လာရခြင်းဖြစ်၏။ ခေါ်သံ၏အဖြေကိုရှာဖွေရန် ရောက်လာခြင်းဖြစ်ပါသည်။

ရောက်သည့်နေ့မှာပင် လူတစ်ဦး၏ 'စောမြတ်မွန်'ဟူသော ခေါ်ငင်နှုတ်ဆက်မှုကို ခံရသည်။

သူဘယ်သူလဲ။ ကျွန်မကိုတွေ့တွေ့ချင်း ဘာကြောင့် စောမြတ်မွန်လို့ ခေါ်နိုင်ရတာလဲ။ စောမြတ်မွန်နှင့်သူ ဘယ်လိုပတ်သက်သလဲ။

ကျွန်မသည် အံ့သြမင်သက်လွန်းမှုကြောင့် သူ့ကို မတုံ့ပြန်ခဲ့မိချေ။

ရင်ထဲမှသိချင်လွန်းမှုပဟေဠိများကြောင့် ကျွန်မ အိပ်မပျော်တော့ပါချေ။

+ + + + + + + + +


www.burmeseclassic.com

( ၄ )

နောက်တစ်နေ့မနက်တွင်

ဘရိတ်ဖတ်စ်စားအပြီး ဟိုတယ်ပေါ်မှ ဆင်းလာသည်နှင့် ပန်းခြံထဲတွင် ထိုင်စောင့်နေသောမောင်စိုင်းနောင်ကို တွေ့လိုက်ရလေသည်။

'ဟော့ မောင်စိုင်းနောင်၊ ဝိရိယကောင်းလှချည်လားဟေ့'

'နေမပူခင်သွားရအောင်လို့ပါမမကြီး'

'ပြစရာတွေ တော်တော်ကျန်သေးလို့လားကွ'

'ဘုရားတွေအများကြီးရှိပါသေးတယ်၊ ရှေးဘုရားတွေပါ၊ မမကြီးက စိတ်ဝင်စားတယ်ဆိုလို့ လိုက်ပြမှာပါ၊ တခြားလူတွေဆိုရင်တော့ ကိုးဆူဘုရားနဲ့ဝဂ်ဘာလိုဏ်ဂူပဲပြပါတယ်'

'ဒါဆို သွားကြစို့'

ကျွန်မတို့ မနေ့ကသွားသည့်လမ်းအတိုင်း ကြိုးတံတားပေါ်မှဖြတ်သွားကြလေသည်။

ရွာထဲသို့ဖြတ်လာရာ လျှို့ဝှက်သည်းဖိုဆန်သောတိုက်အိုကြီးရှိရာခြံကျယ်ကြီးရှေ့အရောက်တွင် အတွင်းမှ ခြံတခါးကိုလှပ်ကာ ထွက်လာသောအမျိုးသမီးတစ်ယောက်ကို တွေ့လိုက်ရသည်။ ထိုအမျိုးသမီးမှာ မနေ့က ကျွန်မအား အံ့သြဟန်ဖြင့် လည်ပြန်လှည့်ကြည့်သွားသောအမျိုးသမီးဖြစ်ကြောင်း မှတ်မိလိုက်သည်။ သူမ ဓါခြံကြီးထဲက လူတစ်ယောက်ပါလား။ ယနေ့လည်း ဈေးဝယ်ထွက်ရန် ထွက်လာခြင်းပင်ဖြစ်ဟန်တူသည်။ လက်ထဲ၌ ဆွဲခြင်းကိုကိုင်ထားပါ၏။

သူက ကျွန်မကိုမြင်လိုက်သည့်တွင် မနေ့ကအတိုင်း အံ့သြသွားကာ စိုက်ကြည့်နေပေ၏။ ထို့နောက် အပြင်သို့ထွက်မလာပဲ ခြံအတွင်းထဲသို့ ခပ်သုတ်သုတ်ပြန်ဝင်သွားလေတော့သည်။

သူမ၏ထူးခြားသောအပြုအမူကြောင့် ကျွန်မမှာ မဝေခွဲတတ်အောင် ဖြစ်ကျန်ခဲ့လေ၏။

ကျွန်မတို့ဆက်လျှောက်လာရာ ကိုးဆူတန်းဘုရားဝင်းအနီးသို့ရောက်လာလေသည်။

'မနေ့က အရှုးကြီးနဲ့ တွေ့နေပါဦးမယ်ကွယ်'

'အရူးကြီးဖိုးနီက ဓါအချိန်ဆို ဈေးထဲရောက်နေပြီ မမကြီး၊ ဈေးထဲမှာ တစ်ဆိုင်ဝင်တစ်ဆိုင်ထွက် မုန့်တွေလိုက်တောင်းစားနေရောပေါ့၊ တွေ့လဲ ကြောက်စရာမလိုပါဘူးမမကြီးရယ်၊ ကျွန်တော်ပါပါတယ်'

မောင်စိုင်းနောင်အပြောကြောင့် ကျွန်မက သဘောကျစွာရယ်မောလိုက်သည်။

'ဦးဖိုးနီကြီး ဘာလို့ရူးသွားတာလဲ၊ သိလားမမကြီး'

'ပြောပါဦးကွယ်'

'လိုဏ်ခေါင်းထဲက မကောင်းဆိုးဝါးတွေက ပြုစားလိုက်တာတဲ့၊ အဲဒါအဘွား


www.burmeseclassic.com

www.burmeseclassic.com

ကပြောတယ်'

'ဘယ်လို'

'ဦးဖိုးနီကြီးငယ်ငယ်က ဝင်္ဂဘာလိုဏ်ခေါင်းထဲကိုဝင်သွားတာတဲ့၊ အကြာကြီးကြာတယ်၊ လူတွေက ဦးဖိုးနီကို လိုဏ်ခေါင်းထဲမှာ သေပြီထင်ထားကြတာ၊ ရက်အကြာကြီးနေတော့ လိုဏ်ခေါင်းထဲကပြန်ထွက်လာတယ်တဲ့၊ လိုဏ်ခေါင်းထဲက ထွက်လာကတည်းက ရူးသွားတာပဲတဲ့ မမကြီး'

'သနားစရာပဲကွယ်'

ကျွန်မတို့ အတန်ကြာလျှောက်လာခဲ့ရာ ရှေးဟောင်းဘုရားတစ်ဆူသို့ ရောက်သွားလေ၏။ ဘုရားဝင်းထဲ၌ ညောင်ပင်အုပ်အုပ်ဆိုင်းဆိုင်းကြီးများကို တွေ့လိုက်၍ ကျွန်မက ဝင်ကြည့်ဖို့ပြောလိုက်သည်။

ဘုရားဘွဲ့မည်ကို မောင်စိုင်းနောင်လည်း မသိချေ။ ဘုရားငုတ်တိုများအဖြစ်သာတွေ့ရပြီး ခြုံနွယ်ပိတ်ပေါင်းများပြည့်နေပေ၏။ ညောင်ပင်အုပ်ဖားဖားကြီးများကိုမြင်၍ ကျွန်မက စိတ်ဝင်စားသွားခြင်းဖြစ်ပါသည်။

တစ်နေရာ၌ ညောင်ပင်ကြီးတစ်ပင်အောက်၌ နတ်စင်လိုမျိုးစင်ကလေးတစ်ခုတွေ့ရာ ရုက္ခစိုးစင်ဟု ထင်မိလေသည်။ ထိုညောင်ပင်မှာ အကြီးဆုံးလည်းဖြစ်သည်။ စင်ရှေ့မှာလည်း ထိုင်ကန်တော့ရန်ကွပ်ပျစ်ကလေးတစ်ခုကို ပျဉ်ပြားဖြင့်ရိုက်ထားသည်။

'ဒါ သားဆုတောင်းတဲ့ညောင်ပင်ပဲဖြစ်မယ်၊ ဟုတ်လားမောင်စိုင်းနောင်'

'ဟုတ်တယ်မမကြီး၊ ကလေးလိုချင်ရင် ဒီမှာဆုတောင်းရတယ်တဲ့၊ အဖေနဲ့အမေက ကျွန်တော့်ကိုမွေးဖို့ ဒီညောင်ပင်ကြီးမှာ လာပြီးဆုတောင်းတာတဲ့'

'ဒါဆို မင်းနဲ့မမကြီးနဲ့ တူနေပြီ၊ မမကြီးအမေကလည်း မမကြီးကိုရအောင် ဒီညောင်ပင်ကြီးမှာ ဆုတောင်းထားတာပေါ့'

'ဗျာ– မမကြီး'

မောင်စိုင်းနောင်က ကျွန်မအပြောကြောင့် အံ့သြသွားလေသည်။

'မမကြီးက မြိုင်သေလာမှာမွေးသွားတဲ့ မြိုင်သေလာဇာတိကွဲ့'

'ကျွန်တော်က အဝေးကြီးက လာတယ်ထင်နေတာ'

'ဟုတ်တယ်လေ့ ရန်ကုန်ကလာတာပဲ၊ အဝေးကြီးပေါ့၊ မြိုင်သေလာမှာမွေးပြီး ရန်ကုန်ကိုရောက်နေတာ၊ ဘဲ့နဲ့လဲမောင်စိုင်းနောင်ရဲ့၊ မင်းက မမကြီးကိုနာမည်လည်း မမေး၊ ဘယ်ကလာသလဲဆိုတာပါ မမေးပါလား'

'အဲ့ဒီလိုမေးရင် မကြိုက်ဖူးထင်လို့မမေးတာပါမမကြီး၊ အဘွားကလည်း ဧည့်သည်တွေအကြောင်းကို မစပ်စုရဘူးလို့ မှာထားလို့ပါ'

မောင်စိုင်းနောင်စောင့်စည်းသောစည်းကမ်းတစ်ခုပင်ဖြစ်ပေလိမ့်မည်။

တကယ်တော့ မောင်စိုင်းနောင်အရွယ်နှင့် ကျွန်မအရွယ်မှာ တူဝရီးအရွယ်များဖြစ်ပါ၏။ သူ ကျွန်မကို အန်တီ(သို့မဟုတ်)ဝဏ္ဏလေးဟု ခေါ်သင့်သည်။ မမကြီးဟုခေါ်ခြင်းမှာ သူ၏လူမှုရေးလိမ္မာပါးနပ်မှုပင်ဖြစ်ပေသည်။

'မမကြီးနာမည်က မြစံပယ်ရုံ–တဲ့'


www.burmeseclassic.com

'ဟင့် မမကြီးနာမည်က ဥစ္စာစောင့်နာမည်မျိုးကြီး'

'မြစံပယ်ရုံဆိုတဲ့နာမည်နဲ့ ဥစ္စာစောင့်ရှိလို့လားကွဲ့၊ ဓိနေရာမှာရော ဥစ္စာစောင့်သိုက်ရှိတယ်လို့ မကြားမိဘူးလား မောင်စိုင်းနောင်'

'မသိဘူး၊ ရှိချင်ရှိမှာပေါ့၊ ကျွန်တော်တောင် အဘွားကိုပြောထားသေးတယ်၊ မမကြီးက ဥစ္စာစောင့်တွေအကြောင်း သိချင်တာလို့၊ အဘွားက မမကြီးကို အိမ်အလည်ခေါ်ခဲ့ပါတဲ့'

'ဒါဆိုလည်း အပြန်ကျ မောင်စိုင်းနောင်တို့အိမ် ဝင်တာပေါ့ကွယ်'

ကျွန်မတို့သည် နောက်တစ်နေရာသို့ ရွေ့ခဲ့ကြပြန်၏။

သည်တစ်ခါတော့ တောင်ကုန်းအထက်မှ ပြုပြင်လက်စဘုရားတစ်ဆူကို တွေ့ရလေ၏။ တောင်ခြေ၌ 'သတ္တဋ္ဌာနရွှေဟောင်းဘုရား' ဟု ဆိုင်းဘုတ်အသစ်ကြီး စိုက်ထူထားပေသည်။

တောင်ပေါ်သို့တက်လာရာ ပန်းရံသမားများဖြင့် ဘုရားပျက်ကိုပြုပြင်နေသည်ကိုတွေ့ရလေ၏။ တောင်ပေါ်စေတီဖြစ်၍ရှုခင်းလှပပေရာ ဧည့်သည်များကို ဆွဲဆောင်မှုရှိ၍ ပြုပြင်ဖော်ထုတ်နေခြင်းဖြစ်ပေလိမ့်မည်။

မောင်စိုင်းနောင်အဘွားနှင့်ဝင်တွေ့ဖို့ရှိသေးသဖြင့် ဆယ်နာရီထိုးလောက်တွင် ကျွန်မတို့ပြန်ခဲ့ကြလေ၏။

+ + + + + + + + +

အပြန်လမ်းတွင် ကိုးဆူဘုရားရှေ့အရောက်၌ ရွာဖက်မှလျှောက်လာနေသော အရူးကြီးဖိုးနီကိုမြင်လိုက်၍ ကျွန်မ လန့်သွားလေသည်။

'မောင်စိုင်းနောင်ရေ့ ဟိုမှာ အရူးကြီးဖိုးနီတော့၊ မနေ့ကလို နောက်ယှက်နေရင် ကွဲပဲ၊ မမကြီးကြောက်တယ်'

'ကြောက်စရာမလိုပါဘူး မမကြီးရ၊ နှောက်ယှက်ရင် ကျွန်တော်ပြောပါ့မယ်'

မောင်စိုင်းနောင်က မည်သို့ပင်တာဝန်ခံသော်လည်း အရူးကြီးသည် ကျွန်မကိုမြင်သည်နှင့် အော်လေတော့သည်။

'မင်းသမီးလေး မင်းသမီးလေး မင်းသမီးလေးပြန်လာပြီ၊ ပြန်လာပြီ၊ လိုဏ်ခေါင်းထဲကမင်းသမီးလေး ပြန်ပေါ်လာပြီ'

'ဦးဖိုးနီ၊ ကျွန်တော့်ဧည့်သည်ကို မနှောက်ယှက်ပါနဲ့ဗျ၊ ကိုယ့်ဟာကိုယ် သွားမှာ သွားစမ်းပါ'

မောင်စိုင်းနောင်က အရူးကြီးကို မကြောက်မရွံ့ဖြင့် နှင်ထုတ်နေလေ၏။

'အွဲ့ မင်းသမီးလေးကွ၊ လိုဏ်ခေါင်းထဲကိုဝင်သွားတဲ့မင်းသမီးလေးပြန်ပေါ်လာတာ'

ကျွန်မတို့က အရူးကြီးရှေ့မှ ခပ်သွက်သွက်ဖြတ်လာခဲ့ကြလေသည်။

'မင်းသမီးလေး မင်းသားလေးရော၊ မင်းသားလေးလိုဏ်ခေါင်းထဲမှာ ကျန်ခဲ့တာလား၊ မင်းသားလေးကို ဘာလို့ပါအောင် မခေါ်ခဲ့တာလဲ၊ သနားစရာတယ်


www.burmeseclassic.com

မင်းသမီးလေးရယ့်၊ ကိုကျော်စွာနဲ့ရော တွေ့ခဲ့သလားဟင်’

အရှုးကြီးဖိုးနီသည် စိတ်ကူးတည့်ရာ လျှောက်အော်ရင်း ကျန်ရစ်ခဲ့လေသည်။ စိတ်ကူတည့်ရာ အော်ဟစ်နေသည်ဆိုသော်လည်း သူ့စကားထဲ၌ ကိုကျော်စွာဆိုသော နာမည်တစ်ခုပါလာ၍ ကျွန်မအံ့ဩမိပေသည်။

‘ဦးဖိုးနီကြီး အရင်က ဒီလိုမဟုတ်ပါဘူး၊ အေးအေးနေတာပါ’

မောင်စိုင်းနောင်က တအံ့တဩရေရွတ်နေ၏။

ကျွန်မတို့က ခပ်သွက်သွက်လျှောက်လာခဲ့ရာ ခြံကျယ်နှင့်တိုက်အိုကြီးရှေ့သို့ရောက်လာကြလေ၏။ ခြံရှေ့တည့်တည့်မရောက်မီမှာပင် ထူးခြားသောမြင်ကွင်းကို ကျွန်မမြင်လိုက်ရပြန်သည်။

ခြံတခါးဝကိုဖွင့်ထားကာ အမျိုးသမီးနှစ်ယောက်ကို ခြံရှေ့တွင်တွေ့လိုက်ရ၏။ တစ်ယောက်မှာ ကျွန်မအား နှစ်ရက်ဆက်တိုက် အံ့ဩဟန်ဖြင့်စိုက်ကြည့်သွားသော ကျွန်မထက် အသက်ငါးနှစ်ခန့်ပိုကြီးသည့် အမျိုးသမီးဖြစ်သည်။ နောက်တစ်ယောက်က ဘီးတပ်ကုလားထိုင်ပေါ်တွင် ထိုင်နေလျှက်ရှိသည်။ ဘီးတပ်ကုလားထိုင်ပေါ်မှမိန်းမကြီးမှာ ထိုအမျိုးသမီး၏မိခင်ဖြစ်ပုံရသည်။ ရုပ်ရည်ချင်းဆင်တူပေ၏။

ထိုအမျိုးသမီးက သူ့မိခင်ကို ဘီးတပ်ကုလားထိုင်ပေါ်တင်၍ တွန်းလာခြင်းဖြစ်သည်။

ကျွန်မနှင့်မောင်စိုင်းနောင်လျှောက်လာသည်ကို မြင်သည်နှင့် ထိုအမျိုးသမီးက ကိုယ်ကိုကိုင်းကာ သူ့မိခင်နားနားသို့ကပ်၍ တီးတိုးပြောလိုက်သည်။

မိန်းမကြီးသည် ကျွန်မအလာကို ငေးကြည့်နေပေ၏။

ကျွန်မ သူတို့ရှေ့မှဖြတ်အသွားတွင်

‘တူတယ်မဟုတ်လားမေမေ’

‘ဟုတ်ပါရဲ့ကွယ်၊ တူလိုက်တာ၊ တူတာမှ ချွတ်စွတ်ပါပဲလား’

တီးတိုးပြောနေကြခြင်းဖြစ်သော်လည်း သူတို့ရှေ့မှဖြတ်အလာတွင် ကျွန်မကြားလိုက်ရခြင်းဖြစ်ပါသည်။

အမျိုးသမီးနှစ်ယောက်သည် ကျွန်မပြန်လာမည်ကို အတတ်သိ၍ ကျွန်မကိုစောင့်ကြည့်နေကြခြင်းဖြစ်မည်။ ကျွန်မနှင့်မောင်စိုင်းနောင်တို့ ကိုးဆူဘုရားဖက်လျှောက်သွားသည်ကို သမီးဖြစ်သူအမျိုးသမီးက ဈေးသွားရန်ထွက်အလာတွင် မြင် လိုက်ပေသည်။ ကျွန်မတို့ပြန်အလာကို တမင်ပင် စောင့်နေကြည့်နေကြသည်ဟု ကျွန်မစိတ်ထဲ၌ ရိပ်စားမိပေ၏။

‘အင်မတန်ကြီးကျယ်တဲ့လူတွေ’ –ဟု မောင်စိုင်းနောင် တင်စားပြောဆိုခဲ့သော အိမ်ကြီးရှင်များသည် ကျွန်မအပေါ် ဘာများစိတ်ဝင်စားနေကြပါသနည်း။ တ ကူးတကက စောင့်မျှော်ကြည့်ရှုလောက်အောင် ကျွန်မသည် သူတို့အတွက် ဘာများ ထူးခြားနေလို့ပါလိမ့်။ တူလှချည်ရဲ့ဟုဆိုသည်မှာ ဘာကိုဆိုလိုပါသလဲ။ ကျွန်မသည် ဘယ်သူနှင့်တူနေလို့လဲ့

ပဟေဠိပေါင်းများစွာဖြင့် ကျွန်မရင်မှာ တအုံ့နွေးနွေးဖြစ်ရပြန်လေသည်။

+ + + + + + + + +



www.burmeseclassic.com

( ၅ )

မောင်စိုင်းနောင်တို့အိမ်သို့ရောက်ခဲ့လေပြီ။

အိမ်ကလေးမှာ ၂ပင်၃ခန်း မြေစိုက်တဲကလေးဖြစ်ပေ၏။

မောင်စိုင်းနောင်၏အဘွားကို အိမ်ရှေ့ကွပ်ပျစ်ကလေးပေါ်တွင် ထိုင်လျက်တွေ့ရ၏။

'ငါ့မြေး ပြန်လာပြီလားဟေ့'

အဘွားအိုက အိမ်ထဲလူဝင်လာသံကြားသည်နှင့် မောင်စိုင်းနောင်မှန်းသိကာ မေးလိုက်ခြင်းဖြစ်ပေ၏။

'ဟုတ်ကဲ့အဘွား'

'ဧည့်သည်လည်း ပါလာတယ်ပေါ့၊ လာပါ၊ ထိုင်ပါ'

အဘွားက ကျွန်မကိုမမြင်ရပါပဲနှင့် ဧည့်ဝတ်ပြုလိုက်သည်။

'မနွေ့ကပြောတဲ့ မိန်းကလေးပဲလားကွဲ့'

'ဟုတ်ပါတယ်အဘွား၊ ကျွန်မ မြစ်ပယ်ရုံလို့ခေါ်ပါတယ်'

ကျွန်မက စကားပြောရင်း မိတ်ဆက်လိုက်သည်။

'အဘွား၊ အရှူးကြီးဖိုးနီကလေ့ မမကြီးကိုမြင်တော့ လိုဏ်ခေါင်းထဲက ပြန်တက်လာတဲ့မင်းသမီးလေးလို့ အော်ခေါ်တယ်ဗျ၊ မနွေ့ကလည်း တစ်ခါ၊ ဧနွေ့လည်း တစ်ခါ'

မောင်စိုင်းနောင်က အရူးဖိုးနီအကြောင်းကို သူ့အဘွားအားပြောပြလိုက်သည်။

'အရူးဆိုတော့ကွယ့် စိတ်ထင်ရာမြင်ရာအော်မှာပေါ့ငါ့မြေးရယ်'

'ဦးဖိုးနီကြီးကို လိုဏ်ခေါင်းထဲက နာနာဘာဝတွေပြုစားလိုက်လို့ ရူးသွားတာမဟုတ်လားအဘွား၊ မမကြီးကိုပြောပြလိုက်ပါဦး၊ မမကြီးက ဥစ္စာစောင့်တွေအကြောင်းလည်း သိချင်တာတဲ့'

အဘွားအိုက ရယ်မောနေသည်။

'မမကြီး၊ အဘွားနဲ့စကားပြောဦးနော်၊ ကျွန်တော် အဘွားအညစ်အကြေးတွေ ပစ်လိုက်ဦးမယ်'

မောင်စိုင်းနောင်က ကျွန်မကိုပြောရင်း ကွပ်ပြစ်ဘေးမှ အဘွားဆီးသွားထားသောအိုးကို နောက်ဖေးသို့ယူသွားလေသည်။ လိမ္မာရေးခြားရှိသော ကလေးတစ်ယောက်ပါပေ။

'ဖိုးနီရူးရတာ လိုဏ်ခေါင်းထဲက ပြန်တက်အလာမှာ ရူးတာတော့ အမှန်ပဲ မိန်းကလေးရဲ့'

'သူက လိုဏ်ခေါင်းထဲ ဘာလို့ဆင်းတာလဲအဘွား'



www.burmeseclassic.com

www.burmeseclassic.com

'လူရှာဖို့လေ'

'ရှင့် လူရှာဖို့'

'ဟုတ်တယ်၊ လိုဏ်ခေါင်းပေါက်ထဲဆင်းပြေးသွားတဲ့ သမီးရည်းစားစုံတွဲကိုလိုက်ရှာဖို့ သူ့ကိုလွှတ်လိုက်တာ၊ ဟိုစုံတွဲလည်း ပြန်ထွက်မလာဘူး၊ သူလည်း ပြန်ထွက်မလာတော့ အားလုံးကို သေပြီလို့ပဲမှတ်ကြတာကိုးကွဲ့၊ ဝင်္ဘာလိုဏ်ဂူထဲ ဝင်သွားသမျှလူတွေလည်း ပြန်မလာကြတာချည်းပဲကိုး၊ ဟိုစုံတွဲကတော့ တကယ်ပဲ သေသွားကြရောပေါ့လေ့၊ ဖိုးနီကတော့ ၁၂ရက်ကြာတဲ့အချိန်ကျမှ လိုဏ်ဂူထဲက ပြန်ထွက်လာတယ်'

'ဆယ့်နှစ်ရက်တောင်ကြာတယ်'

'အေး ၁၂ရက်ဆိုတာ နည်းမှတ်လို့၊ ထမင်းအသက်ခုနစ်ရက်လို့ ဆိုတယ်မဟုတ်လား၊ ထမင်းကလည်း ငတ်၊ ထွက်ပေါက်လည်းရှာမရဆိုတော့ စိတ် ချောက်ချားပြီး ရူးသွားတာဖြစ်မှာပေါ့ကွယ်၊ သည်းခြေပျက်သွားတာပေါ့'

'သူ့ကျတော့ လိုဏ်ခေါင်းထဲကနေ ပြန်ထွက်လာလို့ရသားပဲနော်'

'ကံကောင်းထောက်မလို့ပေါ့ကွယ်၊ ဒါပေမယ့် သွက်သွက်ခါအောင် ရူးနေတော့လည်း သေတာနဲ့ ဘာထူးတော့မလဲကွယ်၊ ဘာမှလည်း မေးလို့မြန်းလို့မရတော့ပါဘူး၊ ဒါကို လူတွေက နာနာဘာဝပြုစားတယ်လို့ ပြောနေကြတာပါ'

'လိုဏ်ခေါင်းပတ်ဝန်းကျင်မှာ ဥစ္စာစောင့်သိုက်တွေရော မရှိဘူးလား အဘွား'

'မိန်းကလေးက ဥစ္စာစောင့်စိတ်ဝင်စားသကိုး၊ ဥစ္စာစောင့်ဇာတ်လမ်းတွေကတော့ အများကြီးကွယ်၊ ရှေးတုန်းကတော့ ညညဆို ဥစ္စာစောင့်မလေးတွေထွက်ထွက်လာတယ် ပြောကြတာပဲ၊ အဘွားတို့တော့ တစ်ခါမှမတွေ့ဖူးပေါင်၊ ပါးစပ်ပြောဇာတ်လမ်းတွေကတော့ အများကြီးပေါ့'

အဘွားကြီးက ကျွန်မကြားဖူးထားသော သစ်ရွက်ဖြင့်မုန့်ဝယ်စားသည့်အကြောင်းကိုပြောပြနေသည်။

'ဥစ္စာစောင့်တွေကို ဘယ်သူဘယ်ဝါလို့နာမည်တပ်ပြောတာ မရှိဘူးလား အဘွား'

'ကိုးဆူဘုရားထဲကသိုက်က မြနန်းနွယ်သိုက်တဲ့ကွဲ့'

'မြနန်းနွယ့် မြနန်းနွယ်သိုက်ကလည်း များလှချည်လား၊ ရန်ကုန်မှာလဲ မြနန်းနွယ်ရှိတာပဲအဘွား၊ နာမည်တူတာများလား'

'ဒါတော့ အဘွားမသိဘူးကွယ်၊ ဟိုးဖက်က ချောက်ထဲမှာလည်း သိုက်တစ်ခုရှိသေးသတဲ့၊ မိသားစုသုံးယောက်တဲ့၊ မြစိမ်းသိုက်ဆိုလားပဲ၊ အမယ့် ရေတံခွန်အောက်ထဲမှာလည်း သိုက်ရှိသတဲ့တော့၊ အဲ့ဒါကြောင့် ရေတံခွန်နားမှာရေချိုးရင် ရေချိုးရင်းက အပေါ့အပါးမစွန့်ကြဖို့ ပြောရတာ'

အဘွားကြီးပြောသမျှ နားထောင်နေရလျှင် ကျွန်မသိလိုသော စောမြတ်မွန်အကြောင်းကို ရောက်တော့မည်မဟုတ်ပေ။ ကျွန်မသိလိုသည်က စောမြတ်မွန်အကြောင်းသာမဟုတ်ပါလား။


www.burmeseclassic.com

www.burmeseclassic.com

'ဥစ္စာစောင့်တွေထဲမှာ စောမြတ်မွန်ဆိုတာရော ရှိသလားဟင် အဘွား'

'စောမြတ်မွန်ဟုတ်လား'

'ဟုတ်ကဲ့အဘွား'

အဘွားအိုက ရုတ်တရက်တွေဝေသွားလေသည်။

'မိန်းကလေးရဲ့၊ စောမြတ်မွန်ဆိုတာတော့ ရှိတယ်၊ ဒါပေမယ့် သူက ဥစ္စာစောင့်မဟုတ်ဖူး'

'ပြောပါဦးအဘွားရယ်'

စောမြတ်မွန်တကယ်ရှိသည်ဆို၍ ကျွန်မရင်များခုန်သွားလေသည်။

'ခုန ပြောခဲ့တဲ့ ဖိုးနီဟာကော့ ဖိုးနီရှူးရတာ တခြားကြောင့်မဟုတ်ဖူး၊ စောမြတ်မွန်ကြောင့်ပဲ'

'ရှင့် အဘွား၊ စောမြတ်မွန်နဲ့ အရူးဖိုးနီနဲ့က'

'စောမြတ်မွန်နဲ့အရူးဖိုးနီ ဘာမှမဆိုင်ပါဘူးကွယ်၊ စောမြတ်မွန်ဆိုတာက တို့မျှားသခင်ကြီးရဲ့ သမီးပါ၊ စောမြတ်မွန် သူ့ချစ်သူနဲ့ထွက်ပြေးပြီး လိုဏ်ခေါင်းထဲ ဝင်ပုန်းနေလို့ သခင်ကြီးက သူ့သားနဲ့ ဖိုးနီကို လိုက်ရှာခိုင်းတာ'

အဘွားအိုစကားကြောင့် ကျွန်မ နားထွေးသွားလေသည်။

'ဪလိုကွဲ့ ဪလို ဇာတ်လမ်းက ဪလို'

ကျွန်မနားမလည်သည်ကို ရိပ်မိသွားသောအဘွားက ရှင်းအောင်ပြောပြလေသည်။

'အဘွားဟာ ငယ်ငယ်က သခင်ကြီးတို့အိမ်မှာ အလုပ်လုပ်ဖူးတယ်ကွဲ့၊ သခင်ကြီးတို့က အရင်ကတော့ စော်ဘွားမျိုးနွယ်တွေပဲ၊ ကိုးဆူဘုရားဖက်အထွက်မှာ တိုက်အိမ်ကြီးတစ်အိမ် တွေ့တယ်မဟုတ်လားမိန်းကလေး'

'ဟုတ်ကဲ့ တွေ့ပါတယ်အဘွား'

'အဲ့ဒါ အဘွားအလုပ်လုပ်ခဲ့တဲ့ သခင်ကြီးတို့အိမ်ပေါ့ကွယ်၊ သခင်ကြီး သခင်မကြီးမှာ သားတစ်ယောက် သမီးတစ်ယောက်ရှိတယ်၊ သားနာမည်က စိုင်းကျော်စွတဲ့'

'စိုင်းကျော်စွ'

'သမီးလေးနာမည်ကတော့စောမြတ်မွန်တဲ့လေ၊ စောမြတ်မွန်ဟာ အရွယ်ရောက်လာတော့ ရွာထဲက လူငယ်တစ်ယောက်နဲ့ ချစ်ကြိုက်ကြတယ်၊ လူငယ်က ဆင်းဆင်းရဲရဲ လက်လုပ်လက်စားထဲကဆိုတော့ သခင်ကြီးက သဘောမတူဘူးပေါ့ကွယ်၊ အစ်ကိုလုပ်တဲ့ စိုင်းကျော်စွကလည်း ဝင်ဖျက်တယ်၊ ဒါပေမယ့် အချစ်ကြီးတဲ့ချစ်သူနှစ်ယောက်ကို ခွဲလို့မရခဲ့ဘူး၊ တစ်နေ့တော့ စောမြတ်မွန်ဟာ သူ့ချစ်သူနောက် လိုက်ပြေးပါလေရော့'

ကျွန်မက အဘွားအိုပြောသမျှကို အသက်ရှူရန်ပင် သတိမရပဲ နားထောင်နေမိလေ၏။

'သခင်ကြီးရော၊ စိုင်းကျော်စွာရော သိသိချင်း တပည့်တပန်းတွေနဲ့ စောမြတ်မွန်တို့နောက်ကိုလိုက်ကြတယ်ကွဲ့၊ စောမြတ်မွန်နဲ့ သူ့ချစ်သူဟာ ထွက်ပြေးကြ


www.burmeseclassic.com

ရင်းက ကိုးဆူဘုရားဝင်းထဲက လိုဏ်ခေါင်းထဲကို ဝင်ပုန်းကြတယ်၊ စိုင်းကျော်စွာနဲ့ ဖိုးနီဟာ မီးတုတ်ကိုယ်စီကိုင်ရင်း စောမြတ်မွန်တို့နောက်ကို ဝင်လိုက်သွားကြတာပေါ့'

'အို'

'အဲ့ဒီတုန်းက လိုဏ်ခေါင်းကို ခုလို ပြုပြင်မထားဘူး၊ သံတိုင်တွေနဲ့ကာရံထားတာမျိုးမရှိသေးဘူး၊ စောမြတ်မွန်တို့လည်း ရှေ့ကနေ ကြောက်ကြောက်နဲ့ပြေးတယ်ထင်ပါရဲ့ကွယ်၊ သူတို့လက်ထဲမှာ အလင်းရောင်ရတဲ့ပစ္စည်းဆိုလို့ ဘာမှပါမသွားဘူး၊ မမြင်မစမ်းနဲ့ပြေးရင်းက မျက်စိပဲလည်သလား၊ လိုဏ်ခေါင်းထဲက ချောက်ကမ္ဘားတွေ ချောင်းမြောင်းတွေ ရေတံခွန်တွေထဲပဲ ကျသွားသလားမသိဘူး၊ ဘယ်တော့မှ ပြန်ထွက်မလာတော့ပါဘူးကွယ်'

'ဖြစ်ရလေ့'

'သူတို့တင်မဟုတ်ဖူး၊ နောက်က မီးတုတ်ကိုင်ပြီးလိုက်သွားတဲ့ စိုင်းကျော်စွာရော၊ သူ့တပည့်ဖိုးနီပါ ပြန်ထွက်မလာတော့တာပဲကွဲ့'

'ဒါနဲ့ ဖိုးနီက'

'ဘယ်သူမှ ပြန်ပေါ်မလာတော့ အားလုံးသေပြီလို့ပဲ မှတ်လိုက်ကြတယ်လေ၊ ခုနပြောခဲ့သလို ဖိုးနီကတော့ ၁၂ရက်ကြာတဲ့အချိန်မှာ လိုဏ်ခေါင်းထဲကနေ ပြန်ပေါ်လာတယ်ကွဲ့၊ ဒါပေမယ့် ဘာမှမေးလို့မရတော့ဘူး၊ သည်းချေပျက်ပြီးရူးသွားတော့တာ အဲ့ဒီကတည်းကပါပဲမိန်းကလေးရယ်'

ဇာတ်လမ်းကို ကျွန်မရိပ်စားမိပေပြီ၊ အရူးကြီးဖိုးနီက ကျွန်မကို မင်းသမီးလေးဟုခေါ်ကာ လိုဏ်ခေါင်းထဲက ပြန်ပေါ်လာပြီဟု အော်ခဲ့သည်။ ယနေ့မနက်တွင်တော့ မင်းသားလေးရောမပါဘူးလားဟုလည်းကောင်း၊ ကိုကျော်စွာနှင့်မတွေ့ခဲ့ဘူးလားဟုလည်းကောင်း မေးမြန်းခဲ့ပြန်၏။

အရူးကြီးဖိုးနီသည် အတိတ်ကဖြစ်ရပ်များကိုသတိတရရှိနေသေးကြောင်း သိသာပေသည်။ စိုင်းကျော်စွာအမည်ကို သူမှတ်မိနေသေးသည်။ ကျွန်မကို မင်းသမီးလေးဟုခေါ်ကာ လိုက်ခေါင်းထဲကပြန်လာသလားဟု မေးခြင်းမှာ စောမြတ်မွန်အမှတ်နှင့်မေးခြင်းလား၊ လိုဏ်ဂူအဝတွင် သူထိုင်နေစဉ် မိန်းကလေးတစ်ယောက် (ကျွန်မ) လိုဏ်ဂူထဲမှတက်လာသည်ကိုမြင်၍ အတိတ်ကိုသတိရကာ အယောင်ယောင်အမှားမှား အော်ဟစ်ခြင်းလား။ စဉ်းစားရခက်လှပေသည်။

မောင်စိုင်းနောင်အပြောအရ အရူးကြီးဖိုးနီမှာ ယခင်က သည်လိုအော်ဟစ်နှောက်ယှက်ခြင်းမျိုး မရှိဘူးဟုသိရသည်။ ကျွန်မသည်ပင် စောမြတ်မွန်ဆိုသော အမျိုးသမီးနှင့် တူနေခြင်းကြောင့်လော့။

'အဲ့ဒီအဖြစ်တွေဟာ ဘယ်လောက်ကြာပြီလဲအဘွား'

'အဘွား အိမ်ကြီးမှာအလုပ်လုပ်ခဲ့တုန်းကဆိုတော့ အင်း နှစ်ပေါင်းသုံးဆယ်လောက်ရှိပြီပေါ့မိန်းကလေးရယ့်'

နှစ်ပေါင်းသုံးဆယ်၊ ကျွန်မတို့မမွေးခင်က အဖြစ်များပါလား။

'ခုတော့ သခင်ကြီးနဲ့သခင်မကြီးတို့လည်း မရှိကြတော့ပါဘူး၊ သားစိတ်

www.burmeseclassic.com

www.burmeseclassic.com
သမီးစိတ်နဲ့ မကြာခင်ပဲ ဆုံးပါးကုန်ကြတယ်၊ အင်း သင်္ချိုင်းရတွေပေါ့မိန်းကလေး ရယ်'

'ကျွန်မ အိမ်ကြီးရှေ့ကဖြတ်လာတော့ အမျိုးသမီးနှစ်ယောက်တွေ့ခဲ့ပါ တယ်အဘွား၊ သားအမိထင်ပါရဲ့၊ အမေလုပ်တဲ့လူက ဘီးတပ်ကုလားထိုင်ပေါ်မှာ'

'အဲ့ဒါ စိုင်းကျော်စွာရဲ့ဇနီး နန်းခမ်းယုံနဲ့ သူ့သမီး နန်းခမ်းကြွယ်လေ၊ စိုင်းကျော်စွာဆုံးတော့ ဇနီးနဲ့သမီး ကျန်ခဲ့တာပေါ့၊ နန်းခမ်းယုံကတော့ မနှစ်ကပဲ လေဖြတ်သွားတယ်ကြားတယ်၊ အဲ့ဒါကြောင့် ဘီးတပ်ကုလားထိုင်နဲ့နေရတာဖြစ်မယ် ကွဲ့၊ အဘွားလည်း မျက်စိကွယ်တာ ဆယ့်ငါးနှစ်ရှိပြီဆိုတော့ ဒါတွေ မမြင်နိုင်တော့ ပါဘူးကွယ်၊ သူတို့နဲ့လည်း အဆက်အသွယ်ပြတ်ပါပြီ'

'အဘွားမျက်စိကွယ်တာ ဆယ့်ငါးနှစ်ရှိပြီဆိုတော့ မောင်စိုင်းနောင်ကို အဘွားဘယ်မြင်ဖူးမလဲနော်'

'ဟုတ်တာပေါ့၊ ဒါပေမယ့် အဘွားမြေးလေးဟာ သိပ်ပြီးလိမ္မာရေးခြားရှိ တယ်၊ အဘွားကို လုပ်ကျွေးနေတာသာကြည့်တော့၊ သူတော်ကောင်းလေးပါကွယ်'

'ဟုတ်ပါတယ်အဘွား၊ ဒါနဲ့ အဘွား စောမြတ်မွန်ရဲ့ချစ်သူနာမည်က ရော ဘယ်လိုခေါ်သလဲဟင်'

'စောမြတ်မွန်ချစ်သူက မောင်သီဟတဲ့'

'အို'

ကျွန်မမျက်လုံးများပြူးဝေကာ မိုက်ကနဲဖြစ်သွားလေတော့သည်။

\+ + + + + + + + +

ကျွန်မသည် ထမင်းစားနေသောမောင်စိုင်းနောင်ကိုပင် မစောင့်တော့ပဲ အဘွားလက်ထဲသို့ ငွေငါးထောင်ထည့်ကန်တော့ကာ နှုတ်ဆက်၍ပြန်လာခဲ့လေ၏။

ကျွန်မ၌ စဉ်းစားစရာအချက်များစွာ ပါလာခဲ့လေပြီ။

ဟိုတယ်ရောက်မှ အေးအေးဆေးဆေးတွေးကြည့်ရန် ခပ်သွက်သွက်ပင် ပြန်လာခဲ့လေ၏။

ကြိုးတံတားပေါ်မှ ကျွန်မဖြတ်လာချိန်တွင် ကြိုးတံတား၏တစ်ဖက်ထိပ်မှ ရပ်နေသော လူတစ်ယောက်ကို သတိပြုမိလိုက်သည်။ ထိုသူက တံတားကိုဖြတ် လျှောက်မလာပဲ ကျွန်မကိုရပ်စောင့်သလို ရပ်နေသည့်အတွက် ဂရုထားကြည့်လိုက် မိ၏။

ထိုသူမှာ မနေ့ကညက 'မိန်မိန်'စားသောက်ဆိုင်တွင် ကျွန်မကို 'စော မြတ်မွန်'ဟု ခေါ်ဝေါ်နှုတ်ဆက်သူဖြစ်နေပါ၏။

သူ့ကိုမြင်လိုက်၍ ကျွန်မ လျှောက်နေရာမှ တန့်သွားမိသည်။ မဖြစ်သာ ၍ တံတားပေါ်မှဖြတ်လာခဲ့ရ၏။ သူက ကျွန်မကို တံတားထိပ်မှ ပိတ်၍စောင့်နေပါ သည်။ တံတားမှာ မကျယ်လှသည်မို့ ကျွန်မလည်း သူ့ကိုမရှောင်သာပဲ ရင်ဆိုင်မိ ရက်သားဖြစ်သွားတော့သည်။

**'စောမြတ်မွန်'**


www.burmeseclassic.com

www.burmeseclassic.com

သူက ကျွန်မကို ရင်းရင်းနှီးနှီးဟန်ဖြင့်စိုက်ကြည့်ရင်း ခေါ်လိုက်ပြန်သည်။

'ကျွန်မနာမည်စောမြတ်မွန်မဟုတ်ပါဘူး ကိုဇော်ဝင်းထိုက်'

'သြော်ကျွန်တော့်နာမည်ကိုသိနေသားပဲ၊ မယဉ်ပြောပြတယ်ထင်တယ်၊ တကယ်တော့ နာမည်အမှန်က ဇော်လင်းထိုက်ပါ စောမြတ်မွန်၊ ဇော်လင်းထိုက်ဆိုတာလည်း တကယ်တော့ ခုဘဝနာမည်ပါလေ၊ ကိုယ့်နာမည်အမှန်က ကိုသီဟဆိုတာ စောမြတ်မွန်မှတ်မိတယ် မဟုတ်လားဟင်'

'အို ကျွန်မတို့ ကျွန်မတို့ အရင်က မတွေ့ဖူးဘူးလေ'

'စောမြတ်မွန်က အရင်ဘဝကို မမှတ်မိဘူးကိုး၊ တကယ်ပဲ မမှတ်မိတာလား၊ ကိုသီဟကိုတွေ့နေတာတောင် မှတ်မိမလာဘူးလား၊ စဉ်းစားကြည့်ပါဦး စော မြတ်မွန်ရယ်'

'ခက်တာပဲ၊ ရှင်ပြောတဲ့စကားတွေ ကျွန်မ တစ်ခုမှနားမလည်ပါဘူးကို ဇော်လင်းထိုက်ရယ်၊ ကျွန်မ သွားပါရစေနော်'

'စောမြတ်မွန် အခုဘယ်က ပြန်လာတာလဲ၊ ရွာထဲကပြန်လာတာမဟုတ်လား၊ ရွာထဲကနေရာတွေအားလုံးဟာ စောမြတ်မွန်နဲ့ကိုသီဟ အရင်ဘဝက ကျင်လည်ခဲ့တဲ့နေရာတွေချည်းပါပဲစောမြတ်မွန်၊ စောမြတ်မွန် တကယ်ပဲ မမှတ်မိဘူးလားဟင်'

'အရင်ဘဝအကြောင်းကို မှတ်မိလောက်အောင် ကျွန်မပါရမီမထူးဘူးရှင့်၊ ရှင်ပြောတာတွေလည်း ကျွန်မနားမလည်ပါဘူး၊ ဖယ်ပါရှင်၊ ကျွန်မသွားပါရစေ၊ လူ မြင်လို့မကောင်းပါဘူး'

'စောမြတ်မွန် စခန်းသာဟိုတယ်ကို ပြန်မှာမဟုတ်လား၊ ကျွန်တော်လိုက်လာရင်း စကားပြောပါရစေ၊ လူမြင်မကောင်းစရာ မရှိပါဘူး၊ ကျွန်တော်ဟာ လူကောင်းသူကောင်းတစ်ယောက်ဆိုတာ ဒီနယ်မြေမှာ လူတိုင်းသိပါတယ်စောမြတ်မွန်'

'ဒီနာမည်မခေါ်ပါနဲ့ရှင်၊ ကျွန်မနာမည်မှမဟုတ်ပဲ'

ကျွန်မက သူ့ဖယ်ပေးလိုက်၍ ခပ်သွက်သွက်လျှောက်ရင်း ပြောလိုက်၏။

'စောမြတ်မွန်ဟာ ကျွန်တော့်အတွက်တော့ စောမြတ်မွန်ပါပဲ၊ ဘယ်ဘဝရောက်ရောက် စောမြတ်မွန်ပါပဲ စောမြတ်မွန်၊ ကျွန်တော့်မှာ ပြစရာသက်သေတွေ အများကြီးရှိပါတယ်'

'ဘာကိုလဲ ကိုဇော်လင်းထိုက်'

'ကျွန်တော်ဟာ အရင်ဘဝက ကိုသီဟဖြစ်ကြောင်းနဲ့ စောမြတ်မွန်ဟာလည်း အရင်ဘဝက စောမြတ်မွန်ဖြစ်ကြောင်းပေါ့'

'ကျွန်မကိုယ်တိုင် မမှတ်မိတဲ့အတိတ်ဘဝကို ရှင်က ဘယ်လိုသက်သေပြမှာလဲရှင်'

'စောမြတ်မွန် ဟိုဘဝကရိုက်ထားတဲ့ ဓာတ်ပုံတွေရှိပါတယ်၊ ပန်းချီကားလဲ ရှိပါတယ်၊ အဲ့ဒီ ဓာတ်ပုံတွေ ပန်းချီတွေထဲက မျက်နှာဟာ ဟော့ဒီက ကျွန်တော်နဲ့ စကားပြောနေတဲ့မိန်းကလေးမျက်နှာနဲ့ ချွတ်စွတ်တူနေတယ်ဆိုရင် လက်ခံနိုင်လောက်တယ်မဟုတ်လား စောမြတ်မွန်'


www.burmeseclassic.com

www.burmeseclassic.com

'ရုပ်ချင်းတူတာနဲ့ လူဝင်စားလို့ဆိုချင်တာလား ကိုဇော်လင်းထိုက်'

'ကျွန်တော်ပြောနေတဲ့ ၁တ်ပုံနဲ့ပန်းချီကားတွေဟာ ကျွန်တော့်လက်ထဲမှာရှိနေတာမဟုတ်ပါဘူး၊ အရင်ဘဝက စောမြတ်မွန်ရဲ့ဆွေမျိုးတွေ လက်ထဲမှာပါ စောမြတ်မွန်၊ စောမြတ်မွန်ရဲ့အမျိုးတွေကလည်း ထောက်ခံကြပါလိမ့်မယ်၊ ဒါဆို ကျွန်တော်က ဒီအကြောင်းတွေကို အကွက်ဆင်ပြောနေတာမဟုတ်ဖူးဆိုတာ စောမြတ်မွန်သိလာရပါလိမ့်မယ်'

'နေပါဦးရှင့် ရှင်က ကျွန်မကို အရင်ဘဝက စောမြတ်မွန်ဆိုတာကို ဘာလို့ယုံစေချင်နေရတာလဲ'

'စောမြတ်မွန်နဲ့ကိုယ်နဲ့ အရင်ဘဝက ချစ်သူတွေဖြစ်ခဲ့ကြလို့ပေါ့ စောမြတ်မွန်'

'အို'

'ကိုသီဟနဲ့စောမြတ်မွန်တို့ ချစ်ဇာတ်လမ်းကို ဒီနယ်မြေက သိမှီလိုက်တဲ့ လူတွေအကုန်လုံး မှတ်မိကြပါတယ် စောမြတ်မွန်၊ အထူးသဖြင့် ဘကြီးစိုးက ထောက်ခံပါလိမ့်မယ်၊ ပန်းချီဆရာကြီးဘကြီးစိုးကိုရော စောမြတ်မွန်မမှတ်မိဘူးလား'

'ခက်ပါလားရှင့် ကိုယ့်ကိုကိုယ်တောင် မမှတ်မိပါဘူးဆိုမှ တခြားသူကို မှတ်မိရဦးမလား'

'ဘကြီးစိုးက ပန်းချီဆရာ–ဗစိုးအောင်လေ၊ ဘကြီးစိုးဟာ ကိုယ်တို့ဇာတ်လမ်းထဲမှာ အဓိကပါဝင်တဲ့လူတစ်ယောက်ပေါ့၊ ဘကြီးစိုး အသက်ရှင်ရက်ရှိပါသေးတယ်'

ပန်းချီဆရာ ဗစိုးအောင်ဆိုသည်ကို သိဖူးသလိုရှိ၍ ကျွန်မစဉ်းစားကြည့်ရာ ဝင်္ကဘာလိုဏ်ခေါင်းထဲမှ နံပါတ်တော်ပန်းချီကားများရေးဆွဲသည့် ပန်းချီဆရာအမည်ဖြစ်ကြောင်း မှတ်မိလိုက်သည်။

'ဘကြီးစိုးဆီကိုလိုက်ခဲ့ပေးပါလား စောမြတ်မွန်'

'ကိုဇော်လင်းထိုက်၊ ဟိုတယ်ရှေ့လည်း ရောက်လာပြီ၊ ရှင်ပြောတဲ့စကားတွေကို ဖြစ်နိုင်မဖြစ်နိုင် ကျွန်မစဉ်းစားပါရစေဦး'

ဟိုတယ်ရှေ့ရောက်လာ၍ ကျွန်မက လမ်းလျှောက်ရာမှ ရပ်ရင်း ပြောလိုက်သည်။ သူ ဟိုတယ်ထဲထိ ဝင်လိုက်လာမည်စိုး၍ပါ။ ကျွန်မအနေနှင့် သူဘာဆိုသည်ကို မသိရသေးမီ အရောတဝင်မရှိချင်ပါ။ သူသည် ဖြစ်ရပ်တစ်ခုလုံးကို အလုံး စုံသိထား၍ ကျွန်မကိုလှည့်စားနေခြင်းလည်း ဖြစ်နိုင်သည်မဟုတ်ပါလား။

'စဉ်းစားတာထက် ကျွန်တော်ပြမယ့်သက်သေတွေကို လိုက်ပြီးမေးမြန်းစုံစမ်းလိုက်ရင် ရှင်းသွားမှာပါစောမြတ်မွန်၊ ဘကြီးစိုးဆီကို လိုက်ခဲ့ဖို့ ကျွန်တော့်ကို ကတိပေးပါလားဗျာ'

'ကျွန်မ စမ်းဦးလွင်မှာ နေဦးမှာပါ၊ ဟိုတယ်ထဲဝင်ပါရစေတော့ ကိုဇော်လင်းထိုက်၊ ကျွန်မသွားမယ်နော်'

ကျွန်မ သူ့ရှေ့မှထွက်လာခဲ့သည်။

သုံးလေးလှမ်းလျှောက်ပြီးမှ ကျွန်မလှည့်ကြည့်လိုက်ရာ သူက ကျွန်မကို


www.burmeseclassic.com

www.burmeseclassic.com
ငေးကြည့်နေဆဲရှိသေး၏။

ကျွန်မက တုံ့ရပ်ရင်းမှ သူ့ကို လှမ်းပြောလိုက်၏။

'တစ်ခုတော့ရှိတယ်ကိုဇော်လင်းထိုက်၊ ကျွန်မဟာ အိမ်ထောင်သည်တစ်ယောက်ပါ'

'ဟာ့'

သူ့မျက်နှာ ကလန့်ငြမဆည်နိုင်လောက်အောင် ပျက်သွားလေသည်။

+ + + + + + + + +

( ၆ )

ဟိုတယ်ခန်းထဲသို့ပြန်ရောက်သည်နှင့် ကျွန်မအတွေးနယ်ချဲ့ရပါလေပြီ။

ကျွန်မသည် မြို့င်သေလာနှင့်စမ်းဦးလွင်သို့ 'ခေါ်သံ'ကြောင့်ရောက်လာရခြင်းဖြစ်ပါ၏။ 'ခေါ်သံ'၏ဇာစ်မြစ်ကိုစုံစမ်းရန် ကျွန်မသဘောနှင့်ကျွန်မ လာရောက်ခဲ့ခြင်းဖြစ်ပါသည်။

ဝိရောက်သည်နှင့် သုံးရက်အတွင်းမှာ ထူးဆန်းသောအဖြစ်များနှင့်ကြုံဆုံရသည်။ 'ခေါ်သံ' မည်သို့ထွက်ပေါ်လာသည်။ ခေါ်သံနှင့်ကျွန်မ မည်သို့ပတ်သက်သည်ကိုဂဃနဏမသိသေးသော်ငြား 'ခေါ်သံ'ထဲမှာပါခဲ့သောနာမည်အချို့ကိုမူ ကျွန်မ သိခွင့်ရခဲ့ပြီ။

'စောမြတ်မွန်'အကြောင်းကို ကြားသိခဲ့ရပြီ၊ 'မောင်သီဟ'အမည်သည်လဲ စောမြတ်မွန်အချစ်ဇာတ်လမ်းထဲ၌ပါခဲ့လေသည်။

ဝိကြားထဲမှာ သူ့ကိုယ်သူ အတိတ်က'ကိုသီဟ'ပါဟုဆိုလာသော လူဝင်စားယောင်ယောင် ကိုဇော်လင်းထိုက်က ပါဝင်ပတ်သက်လာပြန်သည်။

ကျွန်မနှင့်မေမေသည် 'ခေါ်သံ'ကိုအကြောင်းပြု၍ ဥစ္စာစောင့်သိုက်မှုပြန်လည်ခေါ်ယူသည့်သိုက်ဇာတ်လမ်းယောင်ယောင် စိတ်ကူးယဉ်မိခဲ့ကြသည်။ တကယ်တမ်းကျတော့ စောမြတ်မွန်ဇာတ်လမ်းသည် သိုက်နှင့်မပတ်သက်ပါ၊ စောမြတ်မွန်သည်လည်း ဥစ္စာစောင့်မဟုတ်ပါ၊

စောမြတ်မွန်၏အဖြစ်သည် လွန်ခဲ့သောနှစ်ပေါင်းသုံးဆယ်လောက်ကမှဖြစ်ပွားခဲ့သော သာမန်အချစ်ဇာတ်လမ်းတစ်ပုဒ်သာဖြစ်ပါပေ၏။ အဖြစ်မှန်ကို စုံစမ်းမေးမြန်းရန်လည်း သက်ဆိုင်သူပုဂ္ဂိုလ်များ သက်ရှိထင်ရှားရှိနေသေးသည်။

တစ်ခုပဲ ကျွန်မအတွက်စဉ်းစားစရာရှိပေသည်။ ကျွန်မသည် အတိတ်မှ စောမြတ်မွန် ဟုတ်–မဟုတ်။

ကျွန်မမှာ စောမြတ်မွန်ဆိုသူနှင့် ရုပ်ချင်းတူကောင်းတူပေမည်။ အရူးကြီးဖိုးနီက ကျွန်မကိုအမြင်တွင် ရုတ်တရက် ထအော်ခြင်း၊ စောမြတ်မွန်နေခဲ့သောအိမ်ကြီးရှေ့မှဖြတ်အလျှောက်တွင် စောမြတ်မွန်အမျိုးများက ကျွန်မအား အံ့သြစွာစောင့်ကြည့်ကြခြင်းများကိုကြည့်ပါက ကျွန်မသည် စောမြတ်မွန်နှင့် ရုပ်ချင်းတူ၍ဖြစ်နိုင်ပါသည်။ မောင်စိုင်းနောင်၏အဘွားမှာမူမျက်စိကွယ်နေသူဖြစ်၍ ထိုအချက်ကိုထောက်ခံချက်ပေးနိုင်မည်မဟုတ်ပေ။


www.burmeseclassic.com

www.burmeseclassic.com

ကျွန်မသည် စောမြတ်မွန်ဝင်စားသူ လူဝင်စားတစ်ယောက် ဟုတ်လေသလား။ ဟုတ်ခဲ့လျှင် ကျွန်မသည် ယခင်ဘဝဟောင်းကို ဘာကြောင့်မမှတ်မိရသနည်း။ ကျွန်မသည် ဘဝဟောင်းနှင့်ပတ်သက်၍ ရေးရေးမှ မမှတ်မိခဲ့ပါပေ။ ဇာတ်ကြောင်းဖြစ်ရပ်ကို မောင်စိုင်းနောင်အဘွားက ပြောပြခဲ့သော်လည်း ထိုဖြစ်ရပ်အပေါ်တွင် ကျွန်မမှတ်မိသိရှိခြင်း တစ်စွန်းတစ်စမှ မဖြစ်ပေါ်ခဲ့ပါပေ။

သည်ကြားထဲမှာ့ သူ့ကိုယ်သူ ကိုသီဟဝင်စားပါသည်ဆိုသော ကိုဇော်လင်းထိုက် ပါလာပြန်သည်။ သူကလည်း ကျွန်မကို စောမြတ်မွန်ဟုစွတ်စွဲနေပြန်၏။ ကာယကံရှင်များနှင့်တွေ့ဆုံပေး၍ သက်သေပြမည်ဟု ဆိုပြန်သည်။ ကိုဇော်လင်းထိုက်စကားများကိုရော ကျွန်မ ဘယ်အတိုင်းအတာအထိယုံကြည်ရမည်လဲ။

ကျွန်မသည် စောမြတ်မွန်ဝင်စားသူမဟုတ်ပါပဲ ကိုဇော်လင်းထိုက်၏ လှည့်ကွက်ထဲ ဝင်သွားမှာကို စိုးရိမ်နေမိခြင်းဖြစ်ပါသည်။ သူသည် 'မောင်သီဟနှင့် စောမြတ်မွန်'ဇာတ်လမ်းကို အလုံးစုံသိထား၍ သူ့ကိုယ်သူ မောင်သီဟဝင်စားသူဟန်ဆောင်ကာ ကျွန်မကိုလည်း စောမြတ်မွန်အဖြစ် ထင်မှားစေပြီး သူ့ဖက်ပါအောင် လှည့်စားနေခြင်း မဖြစ်နိုင်ပါသလော့။ ကျွန်မသည် မယောင်မလည်ဖြင့် သူတစ်ပါးလှည့်ကွက်ထဲဝင်ရမည်ကိုတော့ စိုးရွံ့လှပါသည်။

ထို့ကြောင့် 'ကျွန်မသည် အိမ်ထောင်သည်တစ်ယောက်ဖြစ်ကြောင်း' သူ့ကို အသိပေးလိုက်ခြင်းဖြစ်ပါသည်။ သူသာ ဟန်ဆောင်လှည့်ဖျားရန် ကြံရွယ်သူ ဖြစ်ပါက ကျွန်မအိမ်ထောင်သည်ဖြစ်ကြောင်းသိသည်နှင့် နောက်ဆုတ်သွားပေလိမ့် မည်။

ဒါတွေထက်ပို၍ ကျွန်မစိတ်ထဲတွင် သံသယဖြစ်နေသည့်အချက်မှာ့ ကျွန်မသည် တကယ်ပင် စောမြတ်မွန်ဝင်စားသူ ဟုတ်မဟုတ်ဆိုသည့်အချက်ပါပင်၊ တကယ်သာ လူဝင်စားတစ်ယောက်ဖြစ်ခဲ့လျှင် အတိတ်ဘဝအကြောင်းကို အနည်းအကျဉ်းမျှဖြစ်စေ မှတ်မိရမည်မဟုတ်ပါလား။ စောမြတ်မွန် ကျင်လည်ရာ ပတ်ဝန်းကျင်သို့ရောက်နေသည့်တိုင် ကျွန်မအဖို့ ယခင်ဘဝက စောမြတ်မွန်ဖြစ်ခဲ့ကြောင်း ဘယ်လိုမှ ခံစားလို့မရခဲ့ပါပေ။ စောမြတ်မွန်၏ပုံရိပ်သည် ကျွန်မအပေါ် လွှမ်းမိုးထင်ဟပ်လာခြင်းမရှိခဲ့ပါပေ။ ကိုယ့်ကိုကိုယ်လည်း စောမြတ်မွန်ဟု အာရုံဝင်စားကြည့်လို့ မရခဲ့ပါပေ။

ကျွန်မတွင် စောမြတ်မွန်နှင့်ပတ်သက်သော အချက်ဟူ၍တစ်ခုသာရှိပါသည်။

'ခေါ်သံ'

ကျွန်မဘဝတလျှောက်လုံးတွင်ကြားရသောခေါ်သံသည် မည်သို့ထွက်ပေါ်လာပါသနည်း။

ခေါ်သံထဲတွင် စောမြတ်မွန်အမည် ပါဝင်နေသည်။ နောက်ဆက်တွဲပေါ်လာသောအဘိုးအို၏စကားထဲ၌ မောင်သီဟအမည် ပါဝင်နေသည်။ ခေါ်သံထဲမှ နာမည်များအရ ခေါ်သံသည် စမ်းဦးလွင်တွင်ဖြစ်ခဲ့သော မောင်သီဟနှင့်စောမြတ်မွန်တို့ အချစ်ဇာတ်လမ်းနှင့် ပတ်သက်နေသည်မှာတော့ သေချာပါလေ၏။

ခေါ်သံသည် ကျွန်မနှင့် မည်သို့ပတ်သက်နေသလဲ ခေါ်သံကို ကျွန်မ


www.burmeseclassic.com

www.burmeseclassic.com

ဘဝတလျှောက်လုံး ဘာကြောင့်ကြားနေရသလဲ

ကျွန်မသည် အတွေးများဖြင့် လုံးချာလည်နေရပါပြီတည်း။

+ + + + + + + + +

ကျွန်မသည် တစ်နေ့လုံး ဟိုတယ်အောက်သို့ပြန်မဆင်းဖြစ်တော့ပေ။ နေ့လည်စာရော ညစာကိုပါ ဟိုတယ်မှပင် မှာစားလိုက်သည်။

ညနေပိုင်းတွင် ယဉ်ယဉ့်ဆီကို ဟိုတယ်မှပင် ဖုန်းဆက်ကြည့်လိုက်၏။

'မိန်မိန်စားသောက်ဆိုင်မှာ တယ်လီဖုန်းရှိသလားကွယ်၊ ရှိရင် မမကို တစ်ချက်ခေါ်ပေးပါလား'

'ဟုတ်ကဲ့ရှိပါတယ်၊ ခေါ်ပေးပါ့မယ်မမ'

ညော်ကြိုဌာနမှ ဆက်သွယ်ပေးသောကြောင့် ကျွန်မနှင့်ယဉ်ယဉ် စကားပြောခွင့်ရခဲ့သည်။

'ယဉ်ယဉ်ရေ့ တို့ စံပယ်ရုံပါ'

'ဟေး စံပယ်ရုံ၊ ဒီနေ့မလာတော့ဘူးလား၊ ထမင်းစားရအောင် ဆင်းခဲ့လေ'

'တို့ အပြင်မထွက်ချင်တော့လို့ ဟိုတယ်ကပဲ မှာစားလိုက်ပြီ ယဉ်ယဉ်၊ ယဉ်ယဉ့်ကို တစ်ခုမေးစရာရှိလို့ပါ'

'ဘာများလဲစံပယ်ရုံ'

'မနေ့က ယဉ်ယဉ်တို့ဆိုင်မှာတွေ့ခဲ့တဲ့ ကိုဇော်လင်းထိုက်လေ၊ တို့ကို တောင် လူမှားပြီးနှုတ်ဆက်တဲ့လူ၊ အဲဒီလူအကြောင်းမေးချင်လို့ပါ'

'ဟင့်'

'သူနဲ့တို့နဲ့ ဒီနေ့မနက်တွေ့ကြသေးတယ်၊ ကြိုးတံတားထိပ်မှာ၊ တို့ပြန် လာမှာသိလို့ တမင်စောင့်နေသလား၊ လမ်းကြုံတာပဲလားတော့ မသိဘူး၊ ဒီနေ့လဲ တို့ကို လာနှုတ်ဆက်တယ်လေ'

'အိုး ကိုထိုက်က မင်းကို ဘာတွေများပြောလဲစံပယ်ရုံ'

'သူပြောတာတွေက အများကြီးပဲ၊ အဲဒါတွေတော့ ယဉ်ယဉ်နဲ့တွေ့မှပြော တော့မယ်၊ တို့သိချင်တာက ကိုထိုက်ဟာ ဘယ်လိုလူစားမျိုးလဲ၊ လူရိုးလူကောင်း တစ်ယောက်ဟုတ်ရဲ့လား အဲဒါသိချင်တာ'

'လူကောင်းတစ်ယောက်တော့ ဟုတ်ပါတယ်စံပယ်ရုံ၊ သူက တို့ဆိုင်နဲ့ ကပ်ရက်က 'လှလွန်းဆွေ'ဆိုတဲ့ ဓာတ်ပုံဆိုင်ပိုင်ရှင်လေ၊ ဘွဲ့ရပြီးသား၊ လူပျို တစ်ယောက်ပါပဲ၊ အရက်တော့သောက်တတ်တယ်၊ နေ့တိုင်း အချိန်မှန်ပုံမှန်သောက် တယ်၊ တို့ဆိုင်မှာပဲ လာသောက်နေကျလေ'

'သူ့အကျင့်စာရိတ္တကရော့'

'နာမည်ပျက်တော့ မရှိဖူးဘူးစံပယ်ရုံ၊ တစ်ခုတော့ရှိတယ်၊ သူက စမ်းဦး လွင်မှာမွေးပြီး သူ့မိဘတွေက ဟိုးအရင်ကတည်းက ဓာတ်ပုံဆိုင်လုပ်ငန်းလုပ်လာခဲ့ တာ၊ တို့က စမ်းဦးလွင်ရောက်တာ ငါးနှစ်ခြောက်နှစ်လောက်ပဲရှိသေးတာလေ၊ ဒီ

www.burmeseclassic.com
ရောက်မှ သူနဲ့တွေ့ဖူးတာကို၊ အရင်ကအကြောင်းတွေတော့ မသိဘူးပေါ့၊ ဒါပေမဲ့ သိပ်ဆိုးဆိုးဝါးဝါးပြောလောက်စရာ မရှိဘူးထင်ပါတယ်၊ အရက်သောက်ပေမယ့် အ လုပ်ကိုတော့ ဖိဖိစီးစီးလုပ်တယ်၊ သူ့မှာ တပည့်လေးတွေလည်း အများကြီးရှိတယ်၊ သူ့လုပ်ငန်းကတော့ အတော်အောင်မြင်တယ်ကွ'

'မနေ့က တို့ကို စောမြတ်မွန်လို့ခေါ်ပြီးမှားနှုတ်ဆက်လိုက်တာ ယဉ်ယဉ် သတိထားမိမှာပေါ့၊ တို့ထွက်သွားတော့ တို့အကြောင်းမေးသေးလားဟင်'

'မေးတယ်စံပယ်ရုံ၊ တို့က ကောင်းကောင်းပြန်မပြောလိုက်ဖူး၊ သူအရက် သောက်နေတဲ့အချိန်ဖြစ်နေလို့လေ၊ စံပယ်ရုံ မင်းမေးပုံတွေက ဆန်းလှချည်လား ဟင်၊ နေ့လည်က ကိုထိုက်က မင်းကိုဘာတွေများပြောလိုက်လို့လဲ'

'အဲ့ဒီအကြောင်းတွေတော့ လူချင်းတွေ့မှပြောတော့မယ် ယဉ်ယဉ်ရယ်၊ တို့က မနက်ကတွေ့တာ တို့ကိုတမင်စောင့်နေတာလား၊ အမှတ်မထင်လမ်းကြုံလို့ တွေ့တာလားဆိုတာ သိချင်လို့ပါ'

'ဘယ်နေရာမှာ တွေ့ကြတယ်'

'ကြိုးတံတားထိပ်မှာ၊ ရွာဖက်က တို့ပြန်လာတာမြင်တော့ သူက ကြိုးတံ တားထိပ်က ရပ်စောင့်နေတာ'

'တစ်ခုတော့ရှိတယ်၊ ရွာထဲမှာ သူတို့အိမ်ရှိတယ်လေ၊ အိမ်ပြန်ရင်းကြုံ တာလဲဖြစ်နိုင်ပါတယ်၊ ကိုထိုက်က အိပ်တော့ ဆိုင်မှာအိပ်တာကိုး'

'ဟုတ်လား၊ ဒီလိုဆိုလဲ ဒါလောက်ပါပဲယဉ်ယဉ်ရယ့် သူနဲ့ပြောဖြစ်တဲ့ အကြောင်းတွေတော့ မနက်ဖန်လူချင်းတွေ့မှပြောပြတော့မယ်၊ သြော် ဒီနေ့ည တို့အကြောင်းတွေများမေးခဲ့ရင် ဘာမှပြောမပြနဲ့နော်ယဉ်ယဉ်'

'စိတ်ချပါရှင့် စိတ်ချပါ'

+ + + + + + + + +


www.burmeseclassic.com

( ၇ )

နောက်တစ်နေ့မနက်တွင် ကျွန်မပဟိုတယ်အောက်ကိုဆင်းခဲ့တော့ ပန်းခြံထဲမှာထိုင်စောင့်နေသည့် မောင်စိုင်းနောင်ကိုရော၊ ကိုဇော်လင်းထိုက်ကိုပါ တွေ့ရလေသည်။ သူတို့က တစ်ယောက်တစ်နေရာစီထိုင်နေကြကာ့ နှစ်ယောက်သား ကျွန်မကို အတူတူထိုင်စောင့်နေမိမှန်း မသိကြပေ။

ကျွန်မ အပြင်ကိုရောက်သည်နှင့် မောင်စိုင်းနောင်က ကလေးပီပီပြေးလာလေသည်။ ကျွန်မရှိရာ ထလာသည့်ကိုဇော်လင်းထိုက်က မောင်စိုင်းနောင်ပြေးနှုတ်ဆက်လိုက်သည်ကိုမြင်ကာ အနည်းငယ်တုံ့သွားလေသည်။

'မမကြီး ဒီနေ့ဘယ်ကိုလိုက်ပို့ရဦးမလဲ၊ ဒီနေ့တော့ ကျွန်တော့်ကိုမုန့်ဖိုးမပေးပါနဲ့တော့မမကြီး၊ မနေ့က အဘွားကို မမကြီးကန်တော့သွားတာ ပိုက်ဆံတွေအများကြီးပဲ'

'ဩော် စိုင်းနောင်က စောမြတ်မွန်ကို ဂိုက်လုပ်နေတာကိုး'

ကိုဇော်လင်းထိုက်က အနားရောက်လာကာ ပြောလိုက်သည်။

'ဟင့်ဦးဦးထိုက်၊ ဒီမမကြီးနာမည်ကစောမြတ်မွန်မဟုတ်ဖူးဗျ၊ မြစံပယ်ရှုံတဲ့၊ ဦးဦးထိုက် လူမှားနေပြီ'

'မမှားပါဘူးစိုင်းနောင်ရယ်၊ မြစံပယ်ရှုံနဲ့စောမြတ်မွန် အတူတူပဲ၊ မယုံရင်မေးကြည့်ပါလား'

'ဟင့် ဟုတ်လားမမကြီး'

'အို့ ကိုဇော်လင်းထိုက်ကလဲ့ ကလေးကိုဘာတွေပြောနေတာလဲ'

မောင်စိုင်းနောင်က ကျွန်မတို့စကားပြောနေသည်ကို တစ်လှည့်စီ မော့ကြည့်နေပေသည်။

'ဘယ်လိုလဲစောမြတ်မွန်၊ ဘကြီးစိုးဆီကို လိုက်မယ်မဟုတ်လားဟင်'

'ဩော် မမကြီးက ဒီနေ့ ပန်းချီကားတွေသွားကြည့်မလို့လား၊ ဦးဦးထိုက်လိုက်ပြမယ်ဆိုရင် ကျွန်တော်ပြန်တော့မယ်နော်မမကြီး၊ ကျွန်တော် မမကြီးကိုဝင်နှုတ်ဆက်တာပါ'

'မင်းမပြန်ပါနဲ့မောင်စိုင်းနောင်၊ မမကြီးနဲ့အတူတူလိုက်ခဲ့ပါ၊ ဘကြီးစိုးဆိုတဲ့ပန်းချီဆရာကြီးကို မင်းသိသလား'

'သိပါတယ်မမကြီး'

'ဒါဆိုလိုက်ခဲ့ပေတော့'

'ဟုတ်ကဲ့၊ ဒါပေမယ့် မမကြီး ဒီနေ့ ကျွန်တော့်ကိုမုန့်ဖိုးမပေးရဘူးနော်၊ အဘွားကလည်း မမကြီးမှာနေသမျှ လိုတာလုပ်ပေးဖို့ ကျွန်တော့်ကို ပြောထားတယ်'

'အဘွားကိုကန်တော့တာက သပ်သပ်ပါကွယ်၊ မမကြီး မင်းကို မုန့်ဖိုးမပေးရင် မင်း ဒီနေ့ဝင်ငွေမရှိပဲနေမှာပေါ့'

'အို့ ညည်သည်တွေမှအများကြီးပါမမကြီးရယ်၊ မမကြီးနဲ့လိုက်လာလဲ



www.burmeseclassic.com

တစ်နေ့ခင်းလုံး အားနေသေးတာပဲ'

'စိုင်းနောင်ကိုခေါ်ခဲ့မလို့လား စောမြတ်မွန်၊ သူ့ဟာသူ ညှိသည်ရှာပါစေလားဗျာ'

ကိုဇော်လင်းထိုက်က စိုင်းနောင်လိုက်လာမည်ကိုမနှစ်မြို့သလိုပြောလိုက်သည်။

'မိယ်ဆရာကြီး၊ ကလေးပါလို့ ရှင်ခေါ်ရာလိုက်တာရှင့်၊ မောင်စိုင်းနောင်သာမပါရင် ကျွန်မက စဉ်းစားဦးမှာ၊ ရှင် သူ့ကိုတောင်ကျေးဇူးတင်ရဦးမှာပါ ကိုဇော်လင်းထိုက်'

'ဒါဖြင့်လည်း သဘောတော်အတိုင်းပါဗျာ'

ကိုဇော်လင်းထိုက်က သက်ပြင်းကိုချရင်းပြောလိုက်သည်။

အမှန်တကယ်လည်း ကျွန်မသည် မောင်စိုင်းနောင်နှင့်အခန့်သင့်တွေ့လိုက်၍သာ ကိုဇော်လင်းထိုက်နှင့် ပန်းချီဆရာကြီးအိမ်လိုက်ဖို့ကိစ္စကို အလွယ်တကူ ဆုံးဖြတ်လိုက်ခြင်းဖြစ်ပါသည်။

\+ + + + + + + + +

'စိုင်းနောင်ရေ ဦးဦးတို့လာလည်နေပြီဆိုတာကို ဘကြီးစိုးအိမ်ကိုပြေးပြောနှင့်ပါလားကွာ'

ကြိုးတံတားထိပ်အရောက်တွင် ကိုဇော်လင်းထိုက်က မောင်စိုင်းနောင်ကို ပြောလိုက်ခြင်းဖြစ်သည်။

'ဟုတ်ကဲ့ဦးဦးထိုက်၊ ကျွန်တော်သွားပြောနှင့်မယ်နော်'

ခြေသွက်သောမောင်စိုင်းနောင်လေးကလည်း ပြောပြီးသည်နှင့် ပြေးထွက်သွားလေတော့သည်။

'အို့ကိုဇော်လင်းထိုက်ကလဲ့ မောင်စိုင်းနောင်ကို ဘာလို့လွှတ်လိုက်ပြန်တာလဲ၊ အတူတူသွားရင်လည်း ရောက်မှာပဲဟာကို'

'ကျွန်တော်တို့လာမယ်ဆိုတော့ ဟိုမှာ ပြင်ဆင်ထားနိုင်အောင်လို့ပါ စောမြတ်မွန်'

'ဘာတွေပြင်ဆင်ထားမှာလဲရှင့်၊ ရှင်ပြောမယ့်ဇာတ်လမ်းတွေ ကျွန်မယုံအောင် ကြိုတင်ပြင်ဆင်ထားမှာလား'

'ဟာ့ စောမြတ်မွန်ရယ့်'

ကျွန်မစကားကြောင့် ကိုဇော်လင်းထိုက်က လမ်းလျှောက်နေရာမှ တုံ့ကနဲဖြစ်သွားကာ ကျွန်မကို ငေးကြည့်နေသည်။

'စောမြတ်မွန်ရယ့် ဘကြီးစိုးက လေဖြတ်နေတော့ ညှိသည်လာမှ အိပ်ရာထဲကထရင် အလုပ်ရှုပ်နေမှာစိုးလို့ ကြိုပြောခိုင်းလိုက်တာပါဗျာ'

'ဪဆိုလဲ ပြီးတာပဲရှင်'

'စောမြတ်မွန်က ကျွန်တော့်ကို မယုံသေးဘူးနော်၊ အေးလေ ဘကြီးစိုးလို လူကြီးတစ်ယောက်က သက်သေခံရင်တော့ စောမြတ်မွန်ယုံလာမှာပါ၊ ဘကြီးစိုးဟာ စောမြတ်မွန်ရဲ့ပုံတူပန်းချီကို ဆွဲပေးခဲ့တဲ့ ပန်းချီဆရာကြီးလေ၊ ဘကြီးစိုးဆွဲ

www.burmeseclassic.com

www.burmeseclassic.com
ထားတဲ့ပန်းချီကားထဲက စောမြတ်မွန်ပုံကိုကြည့်ရင် စောမြတ်မွန်ဟာ လှုဝင်စားတစ်ယောက်ဆိုတာ ယုံကြည်သွားပါလိမ့်မယ်လေ'

'ရုပ်ချင်းတူတာနဲ့ လှုဝင်စားဖြစ်ရမလားရှင့်၊ ကျွန်မသာ စောမြတ်မွန်ဝင်စားသူမှန်ရင် ကျွန်မကိုယ်တိုင် အရင်ဘဝကိုမှတ်မိနေရမှာပေါ့'

'စောမြတ်မွန်က အတိတ်ဘဝကိုမှတ်မိတဲ့ ဇာတိဿရဉာဏ်နည်းလို့ပါဗျာ ပန်းချီကားကြီးကိုတွေ့တာနဲ့ စောမြတ်မွန်လက်ခံလာစေရပါမယ်၊ ဒီနေ့ပဲ ပန်းချီကားကြီးရှိတဲ့အိမ်ကိုပါ ကျွန်တော်ခေါ်သွားပါ့မယ်စောမြတ်မွန်'

'ရှင့် ပန်းချီကားကြီးရှိတဲ့အိမ် ဟုတ်လား၊ ပန်းချီကားကို ဘကြီးစိုးကိုယ်တိုင်ဆွဲတာဆို၊ ပန်းချီကားက ဘကြီးစိုးအိမ်မှာပဲ မဟုတ်ဖူးလား'

'ပန်းချီကားက စောမြတ်မွန်အရင်ဘဝက နေခဲ့တဲ့အိမ်ကြီးမှာပါ၊ ပန်းချီကားကို စောမြတ်မွန်မိဘများက ဘကြီးစိုးကို အခပေးဆွဲခိုင်းတာဆိုတော့ သူတို့ပဲပိုင်တယ်လေ'

'ဒါဖြင့်လည်း ကျွန်မကို ပန်းချီကားရှိတဲ့နေရာကို ဘာလို့ တိုက်ရိုက်ခေါ်မသွားတာလဲ ကိုဇော်လင်းထိုက်'

'ဘကြီးစိုးပြောတဲ့ဇာတ်ကြောင်းတွေကို ဘကြီးစိုးနှုတ်ကပြောတဲ့အတိုင်းကြားစေချင်လို့ပါ စောမြတ်မွန်၊ အခုအချိန်မှာ ကိုသီဟနဲ့စောမြတ်မွန်ဇာတ်လမ်းကို အစအဆုံးသိတဲ့လူ၊ ဇာတ်လမ်းထဲမှာ အဓိကနေရာက ပါခဲ့တဲ့လူဆိုလို့ ဘကြီးစိုးတစ်ယောက်တည်းပဲ ရှိတော့လို့ပါစောမြတ်မွန်'

'ဒီလိုဆိုလည်း ဘကြီးစိုးအပြောကိုလည်း နားထောင်ရသေးတာပေါ့၊ ပန်းချီကားကြီးကိုလည်း ကြည့်ရသေးတာပေါ့ရှင်၊ ဘကြီးစိုးရဲ့လက်ရာပန်းချီတွေကိုတော့ ဝင်ဘာလိုဏ်ဂူထဲမှာ ကျွန်မတွေ့ခဲ့ဖူးပြီးပြီရှင့်'

'ဒါတွေက ဘာဟုတ်သေးလဲစောမြတ်မွန်ရယ့် စောမြတ်မွန်ပန်းချီကား ကမှတကယ်အသက်ဝင်တဲ့ပန်းချီလက်ရာပါ၊ စောမြတ်မွန်ပန်းချီကားကြီးရှေ့ရောက်တိုင်း သက်ရှိစောမြတ်မွန်ကို ပြန်တွေ့သလိုခံစားရပါတယ်စောမြတ်မွန်၊ ကျွန်တော်ဖြင့် အရင်ဘဝက ကျွန်တော်နဲ့စောမြတ်မွန် သေကွဲကွဲခဲ့ရတဲ့ ခရစ္စမတ်နေ့တိုင်းမှာ အိမ်ရှင်တွေကိုခွင့်တောင်းပြီး စောမြတ်မွန်ပန်းချီကားကြီးကို သွားကြည့်တယ်၊ ပြီးတော့ စောမြတ်မွန်ကို တမ်းတမ်းတတခေါ်ရင်း အလွမ်းဖြေရတာ နှစ်တိုင်းပါပဲစော မြတ်မွန်'

'ဘယ်လို ခရစ္စမတ်နေ့ ဟုတ်လား'

'ဟုတ်ပါတယ် စောမြတ်မွန်၊ ဟိုဘဝတုန်းက ကိုသီဟနဲ့စောမြတ်မွန်တို့နှစ်ယောက်အတူသေပွဲဝင်ခဲ့ရတဲ့နေ့က ခရစ္စမတ်နေ့လေ၊ ၁၉ရရခုနှစ်ရဲ့ ခရစ္စမတ်နေ့လေ'

'ရှင်က ရှင်က ခရစ္စမတ်နေ့တိုင်း စောမြတ်မွန်ပန်းချီကားကြီးရှေ့ကိုရောက်တယ်၊ ဟုတ်လား ကိုဇော်လင်းထိုက်'

'ဟုတ်ပါတယ် စောမြတ်မွန်ပန်းချီပုံကိုကြည့်ပြီး စောမြတ်မွန် ပြန်လာပါတော့စောမြတ်မွန်လို့ အရူးတစ်ယောက်လို အော်ခဲ့ရတာ နှစ်တိုင်းနှစ်တိုင်း

ခရစ္စမတ်ညတိုင်းပါပဲဗျာ’

‘အို’

ကျွန်မရင်သည် ငလျှင်တစ်ခုနှယ် လှုပ်ခတ်သွားလေတော့သတည်း။

\+ + + + + + + + + +

ပန်းချီဆရာကြီးဦးဗစိုးအောင်၏အိမ်မှာ မောင်စိုးနောင်တို့အိမ်ဖက်သို့ ချိုး ဝင်ရာလမ်းနှင့် မျက်နှာချင်းဆိုင်တစ်ဖက်ခြမ်းသို့ချိုးဝင်ရခြင်းဖြစ်သည်။

အိမ်ခြံဝင်းတစ်ဝင်းကိုကျော်ရုံနှင့်ပင် ပန်းချီဆရာကြီးအိမ်သို့ ရောက်သွား လေ၏။ အိမ်ရှေ့၌ ဆိုင်ခန်းကျယ်တစ်ခုဆောက်လုပ်ပြီး ဆရာကြီး၏လက်ရာပန်းချီ ကားများကို ချိတ်ဆွဲ၍ ပန်းချီအရောင်းခန်းမဖွင့်လှစ်ထားလေသည်။

ကျွန်မတို့ရောက်သွားချိန်၌ သတင်းပို့ထားပြီးဖြစ်သော မောင်စိုးနောင်က ကျွန်မတို့ကို ဆိုင်ရှေ့မှစောင့်ကြိုနေသည်။

‘ဆရာကြီးက အိမ်ထဲကိုကြွခဲ့ပါလို့မှာထားပါတယ်ဦးဦးထိုက်’

ကျွန်မတို့သည် အရောင်းခန်းမကိုဖြတ်သန်းကာ အိမ်ထဲသို့ဝင်ခဲ့ကြလေ ၏။

ပန်းချီဆရာကြီးသည် ဧည့်ခန်းအတွင်း ပက်လက်ကုလားထိုင်တစ်လုံး၌ ထိုင်လျှက်ရှိသည်။ ကျွန်မတို့ဝင်သွား၍ ကျွန်မကိုမြင်လိုက်ချိန်တွင် ပန်းချီဆရာကြီး သည် ကုလားထိုင်နောက်မှီကို မှီထားရာမှ ကြွ၍ ကျွန်မကို ကြည့်လိုက်လေသည်။

‘အလို လုံမ၊ စောမြတ်မွန်၊ တကယ့်စောမြတ်မွန်ပါလားကွယ်’

သူ၏နှုတ်မှ အံ့သြစွာထွက်ကျလာသောစကားများပင်ဖြစ်ပါသည်။

‘ထိုင့် စောမြတ်မွန်၊ ] ဘကြီးစိုးဆိုတဲ့ ပန်းချီဆရာဗစိုးအောင်ပါပဲ၊ အဘ့ လက်ရှိစောမြတ်မွန်ဟာ အတိတ်ကစောမြတ်မွန်နဲ့ ဘယ်လောက်တူတယ် ဆိုတာ အဘသာ အဆုံးအဖြတ်အပေးနိုင်ဆုံးပုဂ္ဂိုလ် ဖြစ်ပါလိမ့်မယ်၊ ဘာဖြစ်လို့လဲ ဆိုတော့ အဘက ပန်းချီဆရာတစ်ယောက်လည်းဖြစ်တယ်၊ စောမြတ်မွန်ကိုလည်း ပုံတူပန်းချီဆွဲပေးခဲ့ဖူးတယ်၊ အတိတ်ကစောမြတ်မွန်နဲ့ ရင်းရင်းနှီးနှီးဆက်ဆံခဲ့ဖူးတဲ့သူ တစ်ယောက်မို့ပါ’

‘ြလုံမဟာ စောမြတ်မွန်နဲ့ ခွဲမရအောင်တူတယ်ဆိုတာ အဘထောက်ခံပါ တယ်ကွယ်၊ အချိန်ကာလ ကွာခြားမှုသာမရှိရင့် စောမြတ်မွန်ကွယ်လွန်ခဲ့တာ အ ဘရှေ့မှာသာ မဟုတ်ခဲ့ရင့် စောမြတ်မွန်လို့ပဲ အဘကယူဆမိမှာပါ၊ လုံမရဲ့ အခု ဘဝနာမည်က ဘယ်လိုများခေါ်သတုံးကွဲ့’

‘ကျွန်မနာမည် မြစံပယ်ရုံပါ အဘ’

‘အသက်အရွယ်ကရောကွယ့် ဘယ်နှခုနှစ်မွေးတာလဲ’

‘ကျွန်မအသက် ၂၇နှစ်ရှိပါပြီအဘ၊ ၁၉၈၀မှာမွေးတာပါ’

‘အင်း မောင်သီဟနဲ့တစ်နှစ်တည်းပဲ၊ အဲ့ အခု အဘပြောတဲ့မောင် သီဟဆိုတာ အဘတို့ရှေ့က ဟိုလ္လိ မောင်ဇော်လင်းထိုက်ကိုပြောတာနော်၊ သူ့ကို တော့အဘက မောင်သီဟ ပြန်ဝင်စားတယ်ဆိုတာယုံကြည်လို့ မောင်သီဟလို့ပဲခေါ် နေမိတယ်ကွယ်၊ မောင်ဇော်လင်းထိုက်ကို ငယ်ငယ်လေးကတည်းက မောင်သီဟလို့



www.burmeseclassic.com

www.burmeseclassic.com

ပဲ နှုတ်ကျိုးနေပြီကွဲ့'

'ဟုတ်ကဲ့အဘ၊ ဒါဆို ကိုဇော်လင်းထိုက်ဟာ ကိုသီဟဝင်စားသူဆိုတာ ယုံကြည်လောက်တဲ့အထောက်အထားရှိလို့ပေါ့နော်'

'ရှိပြီကောကွယ့်၊ သူငယ်ငယ်ကတည်းက သူ့သဘောနဲ့သူ အဘဆီကို ရောက်လာတယ်၊ ကလေးအရွယ်နဲ့မလိုက်အောင် အရင်ဘဝကအကြောင်းတွေပြန် ပြောပြတတ်တယ်လေ၊ မောင်သီဟတို့ကွယ်လွန်ပြီး သုံးနှစ်အကြာမှာ မောင်ဇော် လင်းထိုက်ကို ပြန်ဝင်စားတာပဲ၊ မောင်သီဟတို့ကွယ်လွန်တာ ၁၉ရရခုနှစ်ကွဲ့၊ လုံမ ဟာလည်း စောမြတ်မွန်ဝင်စားတာဖြစ်ကောင်းဖြစ်နိုင်တာပေါ့လေ'

'ဒါပေမယ့် ကျွန်မကတော့ ဘာဆိုဘာမှမမှတ်မိပါဘူးအဘရယ့်'

'ဘဝဟောင်းကိုမှတ်မိဖို့ဆိုတာ ဇာတိဿရဉာဏ်ကောင်းဖို့ကလည်း လို သေးသကိုး၊ လုံမကိုယ်တိုင်ပဲ လုံမဟာ စောမြတ်မွန် ဟုတ်နိုင်–မဟုတ်နိုင်ဆိုတာ ချင့်ချိန်ကြည့်ပေါ့ကွယ်၊ ဒါနဲ့ လုံမရဲ့ဇာတိကရော ဘယ်မြို့ဘယ်နယ်ကလဲ'

'ကျွန်မဇာတိက မြိုင်သေလာပါအဘ'

'ဟင့်'

'ဟာ့ စောမြတ်မွန်'

အဘရော၊ ကိုဇော်လင်းထိုက်ပါ အံ့အားသင့်သွားကြလေသည်။

'စမ်းဦးလွင်နဲ့အနီးကလေးနေရာမှာမွေးတာပဲ'

'၁၈မိုင်ပဲဝေးတဲ့ တစ်နေရာနဲ့တစ်နေရာမှာ ၂၇နှစ်လုံးလုံး ကျွန်တော်နဲ့ စောမြတ်မွန်မဆုံမိပါလားဗျာ'

ကိုဇော်လင်းထိုက်က မချိတင်ကဲပြောလိုက်သည်။

'ကျွန်မဖခင်က ဝန်ထမ်းတစ်ယောက်ပါ၊ မြိုင်သေလာမှာ တာဝန်ထမ်း ဆောင်တုံး ကျွန်မကိုမွေးခဲ့တာပါ၊ အသက်၁၃နှစ်အရွယ်အထိ ကျွန်မမြိုင်သေလာမှာ နေခဲ့ပါတယ်၊ ၁၃နှစ်နောက်ပိုင်းကစပြီး မြိုင်သေလာကပြောင်းသွားလိုက်တာ အခုမှ အလည်အပတ်ပြန်လာဖြစ်တာပါအဘ'

'သြော် ဒီလိုကိုး၊ အဘကတော့ လုံမကို စောမြတ်မွန်ပါလို့ အတတ် မစွတ်စွဲချင်ပါဘူးကွယ်၊ လူကတော့ တစ်ယောက်တည်းလို့မှတ်ထင်ရလောက်အောင် တူလှပါပေတယ်၊ စောမြတ်မွန်ဝင်စားတာဟုတ်မဟုတ်တော့ ကိုယ့်ဘာသာချင့်ချိန် ကြည့်ပေတော့၊ လုံမလည်း ပညာတတ်တစ်ယောက်ပဲ၊ မောင်သီဟနဲ့စောမြတ်မွန် တို့အကြောင်းကိုရော လုံမသိပြီးပြီလား'

'အရိပ်အမြွက်လောက်ကို မောင်စိုင်းနောင်ရဲ့အဘွားပြောပြလို့ သိပြီးပါ ပြီအဘ၊ အဘဆီက ပြည့်ပြည့်စုံစုံသိချင်ပါသေးတယ်'

'အင်း စိုင်းနောင်လေးရဲ့အဘွား ဒေါ်နန်းရွှေဟာလည်း ဟိုစဉ်တုံးက စောမြတ်မွန်တို့အိမ်မှာ အလုပ်သမားလုပ်ခဲ့ဖူးတာပေါ့၊ အဖြစ်အပျက်တွေက မနန်း ရွှေရှေ့မှာပဲဖြစ်ပျက်ခဲ့တာလေ၊ အဘကတော့ စောမြတ်မွန်ကို ပုံတူပန်းချီဆွဲပေးရာ က ဒီအဖြစ်တွေကို စေ့စေ့စုံစုံသိနေရတာပါကွယ်'

+ + + + + + + + +


www.burmeseclassic.com

( ၈ )

'စောမြတ်မွန်တို့ မိဘဘိုးဘွားတွေဟာ ရှေးတုန်းကတော့ ီနယ်တစ်ခွင်ကိုအုပ်ချုပ်လာတဲ့ စော်ဘွားစော်ခံအမျိုးအနွယ်တွေပေါ့ကွယ်၊ စောမြတ်မွန်ရဲ့အဖိုးလက်ထက်မှာ အုပ်ချုပ်မှုစံနစ်တွေပြောင်းလဲသွားတော့ စော်ဘွားအုပ်ချုပ်မှုဆိုတာ မရှိတော့ဘူး၊ စောမြတ်မွန်ရဲ့အဘိုး စဝ်ခွန်ဖလက်ထက်မှာ စမ်းဦးလွင်ကိုပြောင်းလာပြီး အေးအေးချမ်းချမ်းနေထိုင်ခဲ့ကြတယ်'

'စဝ်ခွန်ဖကမွေးတဲ့သားက စောမြတ်မွန်ရဲ့ဖခင် စဝ်ရန်ကျော်ဖြစ်တယ်၊ စဝ်ရန်ကျော်နဲ့ စောရှင်မွန်တို့ကမွေးတဲ့သားသမီးနှစ်ယောက်ကတော့ အကြီးက စိုင်း ကျော်စွာတဲ့၊ အငယ်မိန်းကလေးက စောမြတ်မွန်တဲ့'

'တိုက်တိုက်ဆိုင်ဆိုင်ပဲ့ သူတို့မျိုးရိုးထဲမှာ ယောက်ျားသားများဟာစိတ်ထားခက်ထန်ကြမ်းကြုတ်ကြတယ်၊ မာနကြီးကြတယ်၊ စော်ဘွားမျိုးရိုးကို၊ စဝ်ခွန်ဖကစပြီး စဝ်ရန်ကျော်ရော၊ စိုင်းကျော်စွာရောဟာ အလွန်တရာမှမာနကြီးစိတ်ခက်ထန်တဲ့သူတွေပေါ့၊ မာနကြီးရလောက်အောင်လည်း မျိုးရိုးကကောင်း၊ ပညာကလည်းထူးချွန်၊ ငွေကြေးကလည်းချမ်းသာ၊ ရုပ်ရည်ရူပကာများကလည်း အထက်တန်းကျ လှပချောမောကြတာကိုး၊ သူတို့မှာ ချွတ်ယွင်းတာဆိုလို့ စွန့်လွှတ်လိုက်ရတဲ့ စော်ဘွားဆိုတဲ့ ဂုဏ်ထူးဝိသေသတစ်ခုပဲ'

'စော်ဘွားအဖြစ်ကနေ အရာကျ၊ အာဏာကိုစွန့်လွှတ်ရပြီး သာမန်လူလိုနေထိုင်ရတာကြောင့်ပဲ ဇာတိမာနတွေက ပိုကြွလာသလား မဆိုနိုင်ပါဘူးကွယ်၊ စဝ် ရန်ကျော်နဲ့စိုင်းကျော်စွာဟာ အလွန်ကိုပဲ မာနခက်ထန်ပြီး လူတန်းစားခွဲခြားခဲ့ကြတယ်'

ီလိုနဲ့ စိုင်းကျော်စွာနဲ့စောမြတ်မွန်တို့မောင်နှမဟာ အရွယ်ရောက်လာကြတယ်၊ ကျောင်းပညာကိုတော့ မြို့သေလာကသာ မြို့နယ်အဆင့်ရှိတော့ မြို့သေလာမှာ သွားသင်ရတယ်ကွဲ့၊ စမ်းဦးလွင်မှာက အ္ခီခေတ်က တွဲဖက်အလယ်တန်းကျောင်းအဆင့်ပဲရှိသေးတာကိုး'

'မောင်သီဟတို့ဟာလည်း စမ်းဦးလွင်မှာ ဘိုးစဉ်ဘောင်ဆက်နေထိုင်လာကြသူတွေပဲ၊ မောင်သီဟတို့ကတော့ ဗမာလူမျိုးစစ်စစ်တွေပါ၊ ကံအကြောင်းအားလျော်စွာ မောင်သီဟတို့ဟာ ဆင်းရဲကြတယ်၊ လက်လုပ်လက်စား ဆင်းရဲသားတွေပေါ့ကွယ်၊ ီအဖြစ်တွေဖြစ်ပေါ်တဲ့ သူတို့အရွယ်ရောက်ချိန်မှာတော့ မောင်သီဟဖခင်ကြီးဟာ ဆုံးသွားရှာပြီ၊ မိခင်မုဆိုးမကြီးနဲ့နေရရှာတယ်၊ မောင်သီဟမိခင့်ဝှါ်ခင်ညွှန့်က စမ်းဦးလွင်အပန်းဖြေစခန်းမှာ တောက်တိုမယ်ရပစ္စည်းလေးတွေ ရောင်းတယ်၊ တောက်တိုမယ်ရဆိုတာ တခြားမဟုတ်ပါဘူး၊ အ္ခီခေတ်က လက်ဆောင်ပစ္စည်းအရောင်းဆိုင်ရယ်လို့ သီးခြားမရှိသေးတော့ ီနယ်ကထွက်တဲ့လွယ်အိပ်လေးတွေ၊ ဂျပ်ခုပ်စောင်လေးတွေကအစ တောထဲက ရှားပါးတဲ့ သစ်ခွလိုမျိုးစေ့တွေ၊ ဂမုန်းပင်တွေ၊ စပါးကြီးသည်းခြေတို့၊ ကျားစွယ်တို့ အစုံပေါ့ကွယ်၊ ဆိုင်လေးဖွင့်ပြီး ရောင်းချစားရှာတယ်၊ သားအမိနှစ်ယောက်စာတော့ စားလောက်သောက်လောက်ရပါရဲ့လေ၊



www.burmeseclassic.com

မခင်ညွန့်က အမျှော်အမြင်ရှိတော့ သူ့သားမောင်သီဟကို ပညာဆုံးခန်းတိုင်အောင် သင်ပေးဖို့ရည်ရွယ်ချက်ရှိတယ်ကွဲ့

'ရှစ်တန်းအောင်တာနဲ့ မြိုင်သေလာမှာ ကျောင်းဆက်ထားပေးတယ်၊ မြိုင်သေလာမှာ ကျောင်းထားရတာလဲမလွယ်ဘူးကွဲ့၊ နေ့စဉ်ကျောင်းတက်ကျောင်းဆင်းလုပ်ဖို့ရာက ဖြစ်မှမဖြစ်တာကိုး၊ မြိုင်သေလာက အသိဘုန်းကြီးကျောင်းတစ်ကျောင်းမှာထားပြီး ကျောင်းစရိတ်ထောက်ပံ့ရတာပေါ့

'မောင်သီဟနဲ့စောမြတ်မွန်တို့ဟာ သက်တူရွယ်တူတွေဆိုတော့ အတန်းကလည်း တစ်တန်းတည်းပဲ၊ ကလေးချင်းက စမ်းဦးလွင်မှာကျောင်းနေကတည်းက ခင်မင်ကြတယ်၊ အဲ့ အရွယ်ရောက်လာကြတော့လည်း သဘာဝအလျောက်ပေါ့ကွယ်၊ မောင်သီဟနဲ့စောမြတ်မွန်တို့ချစ်ကြိုက်သွားကြတယ်ကွဲ့

'အင်း ဒီအကြောင်းတွေပြန်ပြောရင်း မောင်သီဟနဲ့စောမြတ်မွန်ကို သတိရမိတယ်ကွယ်၊ အဘရှေ့မှာရှိနေကြတဲ့မင်းတို့နှစ်ယောက်ဟာ မောင်သီဟနဲ့စောမြတ်မွန်အတိုင်းပါပဲ၊ မင်းတို့နှစ်ယောက်ကိုတွေ့ရတာ မောင်သီဟနဲ့စောမြတ်မွန်ကိုပြန်တွေ့ရသလိုထင်မှတ်မိတယ်၊ အဘဆက်ပြောပြမယ့် သူတို့နှစ်ယောက်ဇာတ်လမ်းကိုနားထောင်ရင်း မောင်သီဟနဲ့စောမြတ်မွန်နေရာမှာ ကိုယ့်ကိုကိုယ် အစားထိုးပြီးသာ မြင်ယောင်ကြည့်ကြပေတော့ကွယ့်'

\+ + + + + + + + +

'ဆယ်တန်းအောင်ရင် ဘာဆက်လုပ်မယ်လို့ စိတ်ကူးသလဲကိုသီဟ'

'မေမေ့ကိုကူရင်းကပဲ ရွာမှာကျောင်းဆရာလုပ်ရုံရှိတာပေါ့စောမြတ်မွန်'

'စောမြတ်မွန်တော့ တက္ကသိုလ်ဆက်တက်မယ် ကိုသီဟ၊ ဖေဖုရားတို့ကလဲဆက်တက်စေချင်တယ်'

'ကောင်းပါတယ်စောမြတ်မွန်၊ ရန်ကုန်ဖြစ်ဖြစ်၊ မန္တလေးဖြစ်ဖြစ်၊ တောင်ကြီးဖြစ်ဖြစ် တစ်နေရာရာမှာ စောမြတ်မွန် ကျောင်းဆက်တက်ရမှာပေါ့၊ ကိုသီဟတော့လွမ်းကျန်ရစ်ခဲ့ရမှာပဲ စောမြတ်မွန်ရယ်'

'ကိုသီဟ့ စောမြတ်မွန်လိုပဲ တက္ကသိုလ်ဆက်တက်ပါလားဟင်'

'မဖြစ်ပါဘူးစောမြတ်မွန်၊ အမေ့ကို ဆက်ပြီးမပင်ပန်းစေချင်တော့ဘူး၊ ကိုသီဟက တစ်လှည့်လုပ်ကျွေးရမယ့်အချိန်ရောက်နေပါပြီကွယ်'

စောမြတ်မွန်က သက်ပြင်းကိုချလိုက်သည်။ စောမြတ်မွန်အတွက်တော့ ချစ်သူနှင့်မခွဲချင်တာပဲသိပါသည်။

'စောမြတ်မွန်က ကိုသီဟကို တက္ကသိုလ်ပညာသင်စေချင်လို့ပါ'

'အခုလည်း တက္ကသိုလ်စာပေးစာယူသင်တန်းဆိုတာ ရှိနေပြီပဲ စောမြတ်မွန်၊ အိုးမကွာအိမ်မကွာ တက္ကသိုလ်ပညာကို သင်လို့ရနေပါပြီ၊ ကိုသီဟ အမေ့ကိုအနားယူခိုင်းပြီး ရတဲ့အလုပ်တစ်ခုဝင်လုပ်တော့မယ်ကွယ်'

ကိုသီဟရော စောမြတ်မွန်ပါ ဆယ်တန်းဖြေဆိုပြီး၍ စမ်းဦးလွင်သို့ ပြန်လည်ရောက်ရှိနေသောအချိန်ဖြစ်ပါသည်။ ၁၉၇၇ခုနှစ်၊ မတ်လတွင် ကျင်းပသော


www.burmeseclassic.com

တက္ကသိုလ်ဝင်တန်းစာမေးပွဲကို သူတို့နှစ်ယောက်လုံးဖြေဆိုပြီးကာစ နွေရာသီကာလ ဖြစ်ပါ၏။ မြိုင်သေလာတွင်ကျောင်းတက်နေရာမှ စာမေးပွဲများပြီး၍ စမ်းဦးလွင်သို့ ပြန်ရောက်နေကြပြီ။

မြိုင်သေလာမှာတုံးက နှစ်ယောက်တွေ့ဖို့လွယ်သော်လည်း စမ်းဦးလွင်မှာတော့မလွယ်လှချေ။ ကိုသီဟနှင့်ချစ်ကြိုက်နေသည်ကို စောမြတ်မွန်အိမ်ကသာ သိသွားပါက မိုးမီးလောင်သွားနိုင်ပေသည်။

ယခု စောမြတ်မွန်သည် မွေးနေ့တွင် ကိုးဆူဘုရားသို့ ပန်းကပ်ရန် သွားမည်ဆိုကာ ကိုသီဟနှင့် ချိန်းတွေ့နေကြခြင်းဖြစ်ပါ၏။ ချစ်သူနှစ်ဦးသည် လူသူ မမြင်သာသည့် ဝင်္ဘာလိုဏ်ဂူထဲသို့ဝင်ကာ လိုဏ်ဂူ၌ခွင့်တစ်နေရာတွင် ထိုင်ရင်း စကားပြောနေကြခြင်းဖြစ်သည်။

'ရှေ့ရေးကိုတွေးမိရင် ရင်လေးတယ်ကွယ်၊ စောမြတ်မွန်တို့အိမ်က ကိုသီဟနဲ့သဘောမတူမှာတော့ အသေအချာပဲ'

'အို့ စောမြတ်မွန်ဆန္ဒကသာ အဓိကပါ၊ စောမြတ်မွန် ကိုသီဟနောက် ကိုလိုက်လာရင် ကိုသီဟခေါ်ရဲတယ်မဟုတ်လား'

'ဘယ်လိုပြောလိုက်တာလဲစောမြတ်မွန်၊ ကိုသီဟက စောမြတ်မွန်ဆင်း ဆင်းရဲရဲနေရမှာကိုပဲ သနားမိတာပါ'

ချစ်သူနှစ်ယောက်၏စကားသံများမှာ အတွေးများထဲတွင်တိတ်ဆိတ်သွား ကြလေသည်။

စောမြတ်မွန်အဖို့ ချစ်သူစိတ်ချမ်းသာအောင် အဆင်းရဲခံနိုင်သည်၊ ခေါ် ရာလိုက်မည်ဟု အလွယ်တကူပြောနေသော်လည်း တကယ်တန်းကျမလွယ်ပါပေ။ ကိုသီဟနောက်ကို မလိုက်ရဲ၍မဟုတ်၊ အဆင်းရဲမခံနိုင်၍လည်းမဟုတ်ပါ။ ချစ်သူနှင့် ဆိုလျှင် စောမြတ်မွန်က အရာရာကိုစွန့်လွှတ်ရဲပါ၏။ စောမြတ်မွန်သတ္တိရှိသော်လည်း မိဘများက ခွင့်လွှတ်မည်မဟုတ်ပေ။ ကိုသီဟနှင့် မဖြစ်မနေခွဲကြမည်ကို စောမြတ် မွန်သိပြီးဖြစ်သည်။ အနာဂတ်သည် မရေရာပါကလား။

'ကိုသီဟတော့ ဖြစ်နိုင်ရင် ဟော့ဒီလိုဏ်ခေါင်းကြီးအတိုင်း စောမြတ်မွန် ကိုခေါ်သွားပြီး လိုဏ်ခေါင်းထဲမှာပဲ စောမြတ်မွန်နဲ့အတူနေချင်တော့တယ်ကွယ်'

'အို့ ကိုသီဟကလဲ့ နိမိတ်မရှိ နမာမရှိ'

သူတို့ထိုင်နေသည့်နေရာ၏ မျက်နှာချင်းဆိုင်တွင်ရော ဘေးဖက်ဝဲယာ တွင်ပါ လိုဏ်ခေါင်းပေါက်တွေ အများအပြားရှိနေပါသည်။ လိုဏ်ခေါင်းပေါက်များ သည်မဲမှောင်နေပြီး အတွင်း၌ မြေပြင်ညီအတိုင်းတည့်မတ်နေသလား၊ အောက်ဖက် သို့ငုတ်လျှိုသွားသလား၊ အထက်သို့တက်သွားသလား၊ ခရီးတိုတိုဖြင့်ပင်လမ်းဆုံး သွားသလား၊ မဆုံးနိုင်အောင်ရှည်လျားသလား မသိနိုင်ပါပေ။ ဤသို့ ရှုပ်ထွေး လှသောလိုဏ်ခေါင်းပေါက်များစွာကြောင့် ဤလိုဏ်ဂူကြီးအား ဝင်္ဘာလိုဏ်ဂူဟု အ မည်ပေးထားကြခြင်းပင်ဖြစ်လေ၏။

'ဟုတ်တယ်လေ့ လိုဏ်ခေါင်းထဲက လမ်းအသွယ်သွယ်တွေဟာ ဘယ် ရောက်လို့ရောက်မှန်းမသိ၊ ဘယ်မှာဆုံးလို့ဆုံးမှန်းမသိဘူးမဟုတ်လား၊ ကိုသီဟတို့

www.burmeseclassic.com

မသိနိုင်တဲ့ လမ်းသွယ်တစ်နေရာရာမှာ သာယာလှပပြီး နေစရာစားစရာပြည့်စုံတဲ့ လောကလေးတစ်ခုရှိမနေဘူးလို့ ပြောနိုင်မလား။ စောမြတ်မွန်နဲ့ကိုသီဟ အဲ့ဒီလိုနေရာမျိုးလေးကို လိုဏ်ခေါင်းထဲမှာ ရအောင်လိုက်ရှာကြမယ်လေ'

'စိတ်ကူးယဉ်လှချည်လား ကိုသီဟရယ်၊ တကယ်တန်းသာရှိမယ်ဆိုရင်တော့ စောမြတ်မွန်က ကိုသီဟနဲ့အတူ မငြီးမငြူလိုက်မှာပါရှင်၊ စောမြတ်မွန်ကြားဖူးတာတော့ ဟေ့ဒီဝင်္ဂဘာလိုဏ်ဂူက လိုဏ်ခေါင်းတွေအတိုင်းဝင်သွားရင် အမှောင်ထုပဲရှိတယ်တဲ့၊ အထဲမှာ ချောက်ကမ်းများတွေ၊ လျှိုမြောင်တွေ၊ ရေတံခွန်တွေပြည့်နှက်နေတာပဲတဲ့၊ အဲ့ဒါကြောင့် စွန့်စားပြီးဝင်သွားတဲ့ ဘယ်သူမဆို ပြန်ထွက်မလာကြတော့တာတဲ့'

'ပြန်ထွက်မလာတာဟာ ၊ ကွဲနဲ့ကြုံရလို့မဟုတ်ပဲ ကိုသီဟပြောသလို လောကနိဗ္ဗာန်နဲ့တူတဲ့နေရာကိုရောက်သွားပြီး အဲ့ဒီနေရာမှာ ပျော်စရာကောင်းလွန်းလို့ တစ်သက်လုံးနေနေတာဆိုရင်ကော'

'ကိုသီဟကလည်းလေ့ သိပ်စိတ်ကူးယဉ်တာပဲ၊ မမြင်ရတဲ့ လောကနိဗ္ဗာန်ကို မျှော်မှန်းနေမယ့်အစား လက်တွေ့ဘဝမှာ စောမြတ်မွန်နဲ့ကိုသီဟပေါင်းရအောင်သာ ဆုတောင်းစမ်းပါကိုသီဟရယ်'

ဒါဖြင့် အပေါ်ပြန်တက်ရင် ကိုးဆူဘုရားကြီးမှာ ကိုသီဟနဲ့စောမြတ်မွန် သစ္စာဆိုပြီး ဆုတောင်းကြမယ်လေ'

သို့ဖြင့် ချစ်သူနှစ်ဦးသည် ကိုးဆူဘုရားကြီးတွင် အမြန်ပေါင်းဖက်ရပါစေကြောင်းဆုတောင်းခဲ့ကြလေသည်။ တစ်ယောက်နှင့်တစ်ယောက်သစ္စာမဖောက်ဖို့ကိုလည်း သစ္စာဆိုကြ၏။

'ကိုသီဟကတော့ တစ်ခုပိုပြီး ဆုတောင်းလိုက်တယ်စောမြတ်မွန်'

'ဘာများလဲကိုသီဟ'

'ဘဝဆက်တိုင်းဆက်တိုင်း စောမြတ်မွန်နဲ့ဆုံဆည်းရပါစေ၊ ဘယ်ဘဝရောက်ရောက် ကိုသီဟနဲ့စောမြတ်မွန် ပေါင်းရပါစေလို့ပေါ့'

'အို မမြင်ရတဲ့နောက်ဘဝတွေကို မျှော်တွေးမနေပါနဲ့ကိုသီဟရယ့်၊ လက်တွေ့အခုဘဝမှာပဲ ကိုသီဟနဲ့စောမြတ်မွန် ပေါင်းရမှာပေါ့ရှင့်၊ ကိုသီဟသာ ဖေဖုရားတို့သဘောတူနိုင်တဲ့အဆင့်အတန်းမျိုးရောက်နိုင်အောင် ကြိုးစားပါကိုသီဟရယ့်'

ကိုသီဟက သက်ပြင်းချလိုက်သည်။ သူသည် စိတ်ပျက်အားလျော့တတ်သောယောကျ်ားတစ်ယောက်တော့မဟုတ်ပါ။ သို့သော် သူ့အနေနှင့် စောမြတ်မွန်၏ မိဘများကြေနပ်လောက်သောအဆင့်ရောက်အောင် တတ်နိုင်ပါမည်လား။ စောမြတ်မွန်ဖခင်ကြီးမှာဂုဏ်မာနအလွန်ကြီးမားကာ လူလူချင်းအဆင့်အတန်းခွဲခြားတတ်သော ပုဏ္ဏသေယရာဇ်ဉာဉ်မပျောက်သေးသည့် တစ်ယူသန်ပုဂ္ဂိုလ်ကြီးဖြစ်ပါသည်။

'စောမြတ်မွန် ဟေ့ဒီကိုးဆူဘုရားကို စောမြတ်မွန်ရဲ့မွေးနေ့ ကြာသပတေးနေ့တိုင်းလာမယ်နော်ကိုသီဟ၊ ကိုသီဟလာစောင့်နေပါ'

'တစ်ပတ်မှတစ်ခါတွေ့ခွင့်ရတာ အားမရလိုက်တာစောမြတ်မွန်ရယ်'


www.burmeseclassic.com

'အခြေအနေအရ ဘယ်တတ်နိုင်မှာလဲကိုသီဟ၊ အခုတောင် စောမြတ်မွန်တစ်ယောက်တည်း ထွက်ခွင့်ရအောင် မနည်းအယုံသွင်းလာရတာ၊ အဲဒီ့ဒန်ပုတီးစိတ်တာ ကြာမှာမို့ ဘယ်သူ့မှခေါ်မသွားတော့ဘူးဆိုပြီး မေဖုရားကိုပြောခဲ့ရတယ်၊ ပုတီးစိတ်မယ်လို့ပြောပြီး ချစ်သူနဲ့ချိန်းတွေ့နေတာ စောမြတ်မွန်တော့ ငရဲကြီးတော့မယ်ထင်ပါရဲ့'

ကိုသီဟသည် နှုတ်ဆက်ထွက်ခွာသွားသော ချစ်သူစောမြတ်မွန်ကို မျက်စိတစ်ဆုံးကြည့်ကာ ကိုးဆူဘုရားဝင်းထဲ၌ကျန်ရစ်ခဲ့လေသည်။

ချစ်သူကိုတွေ့ရဖို့ တစ်ပတ်တိတိစောင့်ရဦးမှာပါလား။ ကိုသီဟက စောမြတ်မွန်နှင့် ဘယ်လိုနည်းနှင့်နီးစပ်ရပါမည်လဲဟု အကြံထုတ်နေမိတော့သည်။

+ + + + + + + + +

နောက်တစ်ပတ်ကြာသပတေးနေ့တွင် ချစ်သူနှစ်ဦး ကိုးဆူဘုရား၌ဆုံကြပြန်သည်။

သည်တစ်ခါတော့ ကိုသီဟက သူ့မှာပါလာသော သူကိုယ်တိုင်ဆွဲသည့် ပန်းချီကားလေးကိုပြလိုက်လေသည်။ ပန်းချီမှာ ပုံဆွဲစက္ကူပေါ်တွင် ရောင်စုံရေးဆွဲထားသောပန်းချီကားဖြစ်ပါ၏။

'ဒီပုံလေးကိုကြည့်ပါဦးစောမြတ်မွန်၊ ကိုသီဟကိုယ်တိုင်ဆွဲထားတာ'

'အို့ ကိုသီဟလက်ရာက တယ်ဟုတ်ပါလား'

'သိပ်အားမရလှသေးပါဘူးစောမြတ်မွန်၊ အခု ကိုသီဟ ပန်းချီဆရာကြီး ဗစိုးအောင်ဆီမှာ ပန်းချီပညာသင်နေတယ်စောမြတ်မွန်၊ အလုပ်မရှိတုန်း အချိန်ဖြုန်းရာလည်းမကျအောင်၊ ကိုသီဟဝါသနာပါတဲ့ပန်းချီပညာကို လေ့လာနေတာပါ၊ ဘကြီးစိုးကိုလည်း ကူညီရင်းပေါ့'

စောမြတ်မွန်က ကိုသီဟဆွဲထားသောပန်းချီကားလေးကို စိတ်ဝင်တစားကြည့်နေလေသည်။

ပန်းချီမှာ ရှုခင်းပုံတစ်ခုဖြစ်ပြီး ရှုခင်းကို အမြင့်တစ်နေရာမှမြင်ရသည့် သဖွယ်ရေးဆွဲထားခြင်းဖြစ်လေသည်။ တောင်ခြေကဲ့သို့တစ်နေရာတွင်ပန်းခြံကလေးတစ်ခု၊ တဲအိမ်ငယ်လေးတစ်လုံးကို တွေ့ရသည်။ ပန်းခြံထဲ၌ ပန်းရောင်စုံဖူးပွင့်နေဟန် အရောင်မျိုးစုံဖြင့် သစ်ပင်ပန်းပင်များ ရေးခြယ်ထားလေသည်။ ပန်းခြံထဲတွင် ၇န်းကလေးတစ်ခုရှိနေပြီး ၇န်းပေါ်တွင် စုံတွဲတစ်တွဲထိုင်နေဟန် ရေးဆွဲထားလေ၏။ အဝေးမှမြင်ရသောရှုခင်းပုံဖြစ်သည့်အတွက် လူပုံများကို အရိပ်သဏ္ဌာန်ဖြင့်သာ ရေး ချယ်ထားလေ၏။ ပန်းချီကားလေးကိုကြည့်ရသည်မှာ တောင်ပေါ်တစ်နေရာမှ တောင်အောက်ရှိ ပန်းခြံနှင့်စိတ်ကြည်နူးဖွယ်ရှုခင်းလေးကို ငုံ့ကြည့်ရသည်နှင့်တူနေပေသည်။

'ဒီပန်းချီကားလေးကိုကြည့်ပြီး စောမြတ်မွန်စိတ်ထဲမှာ ဘယ်လိုခံစားရလဲဟင်'

'ရှုခင်းလေးကလှတော့ စိတ်ကြည်နူးစရာလေးပါကိုသီဟ'



www.burmeseclassic.com

'သေချာကြည့်ပါဦးကွယ်၊ အဲ့ဒါ ဟိုတစ်ပတ်က ကိုသီဟပြောတဲ့ လိုဏ်ခေါင်းထဲတစ်နေရာမှာရှိနိုင်တယ်ဆိုတဲ့ လောကနိဗ္ဗာန်လေးလေ'

'အို'

'လိုဏ်ခေါင်းထဲကိုဝင်သွားရင် လောကနိဗ္ဗာန်လေးရှိနေတဲ့နေရာကို မြင်ရတဲ့ရှုခင်းကအမြင်ကို ဆွဲထားတာပေါ့စောမြတ်မွန်'

'ဒါဖြင့် ဒါနဲ့ဆိုနေတဲ့စုံတွဲက ကိုသီဟနဲ့စောမြတ်မွန်ပေါ့နော်'

'ဒါပေါ့ စောမြတ်မွန်'

'ဩော် ကိုသီဟ ကိုသီဟ တော်တော်စိတ်ကူးယဉ်တာပဲနော်၊ လိုဏ်ခေါင်းထဲက တစ်နေရာရာမှာ ဒီလိုလောကနိဗ္ဗာန်လေးသာ တကယ်ရှိခဲ့ရင် အ ခုပဲသွားလိုက်ချင်ပါရဲ့ရှင်'

'ဒါဖြင့် လာလေ'

ကိုသီဟက သူတို့ထိုင်နေသည့်ရှေ့မှ လိုဏ်ခေါင်းတစ်ခုကိုလက်ညှိုးထိုးပြရင်းပြောလိုက်သည်။

စောမြတ်မွန်က ကိုသီဟ၏လက်မောင်းကြားတွင်မှီနွဲ့လိုက်၏။

'ကိုသီဟရယ် တစ်နေ့နေ့တော့ ကိုသီဟနဲ့စောမြတ်မွန် တကယ့်လောကနိဗ္ဗာန်တစ်ခုမှာ နေခွင့်ကြုံရဦးမှာပေါ့လေ'

ချစ်သူနှစ်ဦးသည် ကိုယ့်အတွေးနှင့်ကိုယ် ငြိမ်သက်နေမိကြလေသည်။ လောကနိဗ္ဗာန်ပန်းချီကားလေးက သူတို့နှစ်ယောက်ရှေ့တွင် ပြန့်ရက်ရှိနေ၏။

'ကိုသီဟပန်းချီပညာသင်နေတဲ့ ပန်းချီဆရာကြီးဖစိုးအောင်က သိပ်ပြီးပန်းချီဆွဲတော်တာပဲနော်'

'ဟုတ်တယ်၊ စမ်းဦးလွင်မှာကော၊ မြို့သေလာမှာကော့ ဘုရားစောင်းတန်းက နိပါတ်တော်ပန်းချီကားတွေဟာ ဘကြီးစိုးလက်ရာတွေချည်းပဲ၊ တောင်ကြီးက ဘုရားတွေအတွက်တောင် နိပါတ်တော်ပန်းချီကားတွေကို ဘကြီးစိုးပဲ ဆွဲပေးရတယ်'

'အဲ့ဒါတွေတော့ စောမြတ်မွန်မသိဘူး၊ စောမြတ်မွန်တို့အိမ်မှာ ဆရာကြီးရဲ့ပန်းချီပုံတွေရှိတယ်လေ'

'ဟင့်ဟုတ်လား'

ကိုသီဟက အံ့သြသွားသည်။

'ဖေဖုရားနဲ့မေဖုရားပုံကို ပန်းချီကားဆွဲပြီး ဧည့်ခန်းမှာချိတ်ထားတယ်လေ အဲ့ဒါ ဆရာကြီးဦးဖစိုးအောင်ဆွဲပေးတာပေါ့ ကိုသီဟ၊ ဖေဖုရားက လက်ရာမြောက်လွန်းလို့ဆိုပြီး သိပ်ချီးကျူးတာ'

'ဟာ့ စောမြတ်မွန်၊ ဒါဆိုရင် ကိုသီဟအကြံရပြီ'

ကိုသီဟက ရင်ခွင်ထဲမှစောမြတ်မွန်ကို ငုံ့ကြည့်ရင်းပြောလိုက်သည်။

'ဘာများလဲကိုသီဟ'

'စောမြတ်မွန်ပုံကိုလည်း ပုံတူပန်းချီဆွဲပေးဖို့ စောမြတ်မွန်ရဲ့ဖေဖုရားကိုပူဆာပါလားဟင်'


www.burmeseclassic.com

'အင်း ဖေဖုရားက စောမြတ်မွန်ပုံရော၊ ကိုကိုစိုင်းကျော်စွာပုံရော ပန်းချီဆွဲပြီး ဧည့်ခန်းထဲမှာချိတ်ထားမယ်လို့ ပြောဖူးပါတယ်ကိုသီဟ'

'စောမြတ်မွန်က ဘကြီးစိုးဆီမှာ ပုံတူအဆွဲခံချင်တယ်လို့အကြံပေးလိုက်လေ၊ ဒါဆိုရင် ဘကြီးစိုးနဲ့အတူတူ ကိုသီဟက တပည့်အနေနဲ့လိုက်လာလို့ရတယ်၊ ကိုသီဟနဲ့စောမြတ်မွန် ပန်းချီကားမပြီးမချင်း နေ့တိုင်းတွေ့ရတာပေါ့'

'ဒါပေမယ့် ဖေဖုရားတို့ပုံကို ဆရာကြီးက ဓါတ်ပုံကြည့်ဆွဲတာပါကိုသီဟ၊ စောမြတ်မွန်ကျမှ လူကိုယ်တိုင်အဆွဲခံမယ်ဆိုရင် ဖေဖုရားက ယုံပါ့မလား'

'တကယ်တော့ ပန်းချီကားဆိုတာ လူဆိုရင်လည်း လူကိုယ်တိုင်ကိုကြည့်ဆွဲမှ၊ ရှုခင်းဆိုရင်လည်း ရှုခင်းရှိတဲ့နေရာမှာသွားထိုင်ပြီးဆွဲတာဟာ အကောင်းဆုံးပါစောမြတ်မွန်၊ ဓါတ်ပုံကိုကြည့်ဆွဲတော့ ဓါတ်ပုံအတိုင်းပဲထွက်လာမှာပေါ့၊ ဘယ်မှာအသက်ပါမှာလဲ၊ လူကိုယ်တိုင်ကြည့်ဆွဲမှ ပန်းချီဆရာရဲ့ဝိညာဉ်လည်း နိုးမယ်၊ အဆွဲခံရတဲ့သူရဲ့ပုံကလည်း အသက်ပါမယ်လေ'

'ဒါတွေ စောမြတ်မွန်တော့ နားမလည်ပါဘူးလေ၊ ဒါပေမယ့် ဖေဖုရားက ပန်းချီကားဆွဲမယ်ပြောထားတဲ့စကားရှိထားဖူးတော့ လူကိုယ်တိုင်အဆွဲခံချင်ပါတယ်လို့ ပူဆာကြည့်ရမှာပေါ့ကိုသီဟ၊ တကယ်လို့ ဖေဖုရားကခွင့်ပြုရင်ကော ဘကြီးစိုးက ဆွဲပေးပါ့မလားဟင်'

'ဘကြီးစိုးဆွဲပေးအောင် ကိုသီဟ တိုက်တွန်းပေးပါ့မယ်ကွယ်၊ စောမြတ်မွန်ရဲ့ဖေဖုရားကိုယ်တိုင် ခွင့်ပြုလို့တောင်းဆိုရင် ဘကြီးစိုးကလည်း ဆွဲပေးမှာပါ၊ ဘ ကြီးစိုးရဲ့စတူဒီယိုခန်းထဲမှာ အဆွဲခံရင် ကိုသီဟတို့ နေ့တိုင်းတွေ့နိုင်တာပေါ့'

'ဖေဖုရားက အိမ်မှာပဲဆွဲခွင့်ပြုမယ်ဆိုရင်ကော့'

'ဒါဆိုလည်း ကိုသီဟက ဘကြီးစိုးရဲ့တပည့်အဖြစ် ဘကြီးစိုးကိုကူညီဖို့ လိုက်လာတဲ့သဘောနဲ့ လိုက်လာလို့ရတာပဲစောမြတ်မွန်'

'အင်းကိုသီဟပေးတဲ့အကြံက မဆိုးပါဘူး၊ စောမြတ်မွန်လည်း ပန်းချီအဆွဲခံချင်ပါတယ်၊ ဖေဖုရားနဲ့မေဖုရားကို ပူဆာကြည့်ပါဦးမယ်ကိုသီဟ'

+ + + + + + + + +

စောမြတ်မွန်က ပန်းချီကားကို လူကိုယ်တိုင်အဆွဲခံရန် ဆန္ဒပြုသည်တွင် ဦးစဝ်ရန်ကျော်က ခွင့်ပြုခဲ့လေသည်။ သူကိုယ်တိုင်ပင် ဦးဗစိုးအောင်ဆီသို့သွားကာ သမီးဖြစ်သူအား ပန်းချီဆွဲပေးရန်ပြောဆိုခဲ့သည်။

ပန်းချီဆွဲဖို့ကိုတော့ မိမိအိမ်တွင်လာရောက်ရေးဆွဲပေးဖို့လည်း တောင်းဆိုခဲ့၏။ ဦးစဝ်ရန်ကျော်အဖို့ စောမြတ်မွန်ပန်းချီအဆွဲခံရန် အကြံအဖန်လုပ်ခြင်းအပေါ်တွင် မည်သို့မျှသံသယမဝင်ခဲ့ချေ။ ယခင်ကတည်းက သမီးနှင့်သားပုံများကို ပန်းချီဆွဲပြီး မိမိတို့ဇနီးမောင်နှံ၏ပန်းချီကားကြီးများအောက်၌ ချိတ်ဆွဲထားရန်အကြံရှိထားပြီးဖြစ်သည်။ စောမြတ်မွန်က ကိုယ်တိုင်ပန်းချီအဆွဲခံရန်ပူဆာသည်ကို ဆယ်တန်းဖြေပြီးအားလပ်နေချိန်ဖြစ်၍ ခွင့်ပြုခဲ့ခြင်းဖြစ်လေသည်။ တစ်နည်းအားဖြင့် ကျောင်းပိတ်ရက်တွင် သမီးစောမြတ်မွန်ပျင်းရိမနေစေရန်လုပ်ဆောင်ပေးရာလည်း ကျသဖြင့်



www.burmeseclassic.com

ဦးစဝ်ရန်ကျော်က ခွင့်ပြုခဲ့ခြင်းဖြစ်ပါ၏။

သည်လိုနှင့် စောမြတ်မွန်ကိုယ်တိုင် စံပြထိုင်ပေးသောပန်းချီကားကို ပန်းချီဆရာကြီးဦးဗစိုးအောင်က ရေးဆွဲပေးခဲ့လေသည်။ မိုးဦးကျစ ဖွန်လလယ်လောက်မှစ၍ ဦးဗစိုးအောင်က နေ့စဉ် စောမြတ်မွန်တို့အိမ်ကြီးဆီသို့လာကာ ရေးဆွဲပေးခဲ့လေသည်။ နေ့စဉ် နေ့လည်၁၂နာရီအချိန်မှ၃နာရီအချိန်ထိ ပုံမှန်ရေးဆွဲခဲ့လေသည်။

စောမြတ်မွန်၏မိခင် ဝွါစောရှင်မွန်က ဧည့်ခန်းနှင့်ကပ်ရက်စာကြည့်ခန်းတွင် ပန်းချီဆွဲရန်စီစဉ်ပေးခဲ့လေသည်။

ဦးဗစိုးအောင်၏တပည့်အဖြစ် ကိုသီဟလိုက်ပါလာသည်ကိုလည်း မည်သူကမှ သံသယမဝင်ခဲ့ချေ။ ချစ်သူနှစ်ဦးမှာ နေ့စဉ်ဆုံဆည်းခွင့်ရ၍ ပျော်ရွှင်ကြည်နူးနေကြသည်။

တကယ်တော့ ဆုံဆည်းခွင့်ရရုံသက်သက်မျှသာဖြစ်ပါသည်။ ပန်းချီရေးဆွဲနေစဉ်တလျှောက်လုံး တစ်ယောက်နှင့်တစ်ယောက် စကားပြောခွင့်ပင်မကြုံရပါ။ အကြောင်းမှာ ပန်းချီဆွဲသည့်အနီး၌ ဝွါစောရှင်မွန်ဖြစ်စေ၊ ကိုကျော်စွာ၏ဇနီး နန်း ခမ်းယုံဖြစ်စေ အမြဲထိုင်ကာ စောင့်ကြည့်နေသောကြောင့်ဖြစ်ပါ၏။

စောမြတ်မွန်ထက်အသက်ငါးနှစ်ပိုကြီးသော အစ်ကိုစိုင်းကျော်စွာမှာ အိမ်ထောင်ကျနေပြီဖြစ်သည်။ စိုင်းကျော်စွာသည်ဆယ်တန်းအောင်ပြီးသော်လည်း တက္ကသိုလ် ဆက်မတက်ခဲ့ချေ။ လက်ဖက်ခြံများနှင့် ကော်ဖီခြံများတွင် ဖခင်၏လုပ်ငန်းကို ကူညီလုပ်ကိုင်ပေးနေပြီဖြစ်သည်။ အသက်၂၀တွင် နန်းခမ်းယုံနှင့်အိမ်ထောင်ကျကာ သမီးလေးနန်းခမ်းကြွယ်ကိုမွေးဖွားခဲ့ရာ နန်းခမ်းကြွယ်လေးပင် အသက်၂နှစ်အရွယ်ရှိနေပေပြီ။ စိုင်းကျော်စွာသည်စမ်းဦးလွင်ရှိအိမ်ကြီးတွင်နေချိန်နည်းပါးသည်။ အစဉ်သဖြင့် လက်ဖက်ခြံနှင့်ကော်ဖီခြံရှိသည့်နေရာများသို့ လှည့်လည်သွားလာနေရတတ်၏။ ထို့ကြောင့် စောမြတ်မွန်ပန်းချီဆွဲခံနေသည်ကို စိုင်းကျော်စွာတော်တော်နှင့်မသိ ခဲ့ပေ။

\+ + + + + + + + +

စောမြတ်မွန်၏ပန်းချီကားကို ဖခင်မိခင်တို့၏ပန်းချီကားများ အရွယ်အစားအတိုင်း လေးပေသုံးပေအရွယ်ရေးဆွဲရန် သဘောတူကြ၏။ လေးပေသုံးပေဘောင်အတွင်းတွင် လူပုံကို ကိုယ်တစ်ပိုင်းပုံရေးဆွဲမည်ဖြစ်ပါ၏။

မည်သို့ပြင်ဆင်ရမည်ကို မိန်းမသားများဖြစ်သော ဝွါစောရှင်မွန်၊ နန်းခမ်းယုံနှင့်စောမြတ်မွန်တို့တိုင်ပင်ကြသည်။ ဝွါစောရှင်မွန်ကမိမိတို့ရိုးရာမပျက် ရှမ်းအမျိုးသမီးရိုးရာဝတ်စုံဖြင့် ရေးဆွဲစေချင်သည်။ ရှမ်းဝတ်စုံမှာ ခေါင်းပေါင်းပါသည့်အတွက် ပန်းပန်ရန်အခက်အခဲရှိသည်။ စောမြတ်မွန်က ပန်းပန်ချင်သည်။ ပြီးတော့ ဝွါစောရှင်မွန်က လက်ဝတ်လက်စား ဘယက်ဩရယာများကို ဝတ်ဆင်စေချင်သေးသည်။ ရှမ်းဝတ်စုံမှာ လက်ဝတ်လက်စားလည်ဆွဲဘယက်များနှင့်သိပ်မလိုက်ဖက်ချေ။

နောက်ဆုံးတော့ မြန်မာနန်းတွင်းသူဟန်ဝတ်စားဖို့ သုံးယောက်သဘောတူကြသည်။ မြန်မာဝတ်စုံက ဘယက်လည်ဆွဲများနှင့်လည်းတင့်တယ်သည်။ ဆံထုံးထုံးနိုင်၍ပန်းပန်နိုင်သည်။ ဆံမြိတ်တစ်ဖက်ချထားသည့်ဆံထုံးကို နန်းခမ်းယုံကပင်



www.burmeseclassic.com

www.burmeseclassic.com

ထုံးပေး၏။ စောမြတ်မွန်က သူနှစ်သက်သောစံပယ်ပန်းကိုပန်ချင်သည်။ ဆံမြိတ်တွင် စံပယ်ကုံးလေးတွေ တန်းစီချထားချင်သည်။

ပထမနေ့တွင် ပန်းချီဆွဲရန် အပြင်အဆင်ကို ညှိနှိုင်းရသည်နှင့် အချိန်အတော်ကုန်သွားလေ၏။

'စံပယ်ပန်းပန်ချင်ရင် စခန်းအထိသွားဝယ်မှရမယ်သမီးရဲ့'

ဒေါ်စောရှင်မွန်က ပြောလိုက်သည်။

'ဆရာကြီးရဲ့တပည့်လေးကို လွှတ်ပြီး ဝယ်ခိုင်းပေးပါဦးရှင်'

စောမြတ်မွန်ပန်ရန်စံပယ်ပန်းကို မောင်သီဟအား ဝယ်ခိုင်းလိုက်သည်။

ခဏအကြာတွင် မောင်သီဟ စံပယ်ပန်းကုံးများဖြင့် ပြန်ရောက်လာ၏။ တကယ်တော့ မောင်သီဟက စံပယ်ပန်းများကို အပန်းဖြေစခန်းအထိ သွားဝယ်ခြင်းမဟုတ်ပါ။ သူ့အိမ်တွင် စံပယ်ပန်းရုံရှိသည်။ ယခုရာသီတွင် စံပယ်တွေလှိုင်လှိုင်ပွင့်နေပါ၏။ မောင်သီဟမိခင်ကြီးက စံပယ်ပန်းများကိုသီကာ စခန်းရှိ သူမ၏ဆိုင်လေးတွင်ရောင်းလေ့ရှိသည်။ မောင်သီဟယူလာသောစံပယ်ကုံးများမှာ မိခင်ကြီးရောင်းချရန် သူကိုယ်တိုင်သီကုံးထားသောစံပယ်ကုံးများပင်ဖြစ်ပါ၏။

'စံပယ်ကုံးဖိုး ဘယ်လောက်ပေးခဲ့ရလဲမောင်ရင်'

ဒေါ်စောရှင်မွန်က မေးလိုက်သည်။

'ကျွန်တော့်အိမ်ကယူလာတာပါခင်ဗျာ၊ ဘယ်လောက်မှမကျပါဘူး'

'အို ဘယ်ဟုတ်မှာတုံးကွဲ့၊ မင်းတို့က ရောင်းစားတာမဟုတ်လား၊ တစ်နေ့တွက်လည်းမဟုတ်ဖူးလေ၊ ပန်းချီကားဆွဲမပြီးမချင်း နေ့တိုင်းလိုနေမှာ၊ ဒါဟာ တစ်ကျပ်ဖိုးလောက်ရှိတယ်၊ ရော့ ယူပါကွဲ့'

ဒေါ်စောရှင်မွန်က စံပယ်ပန်းဖိုးအဖြစ် ငွေတစ်ကျပ်တန်တစ်ရွက်ထုတ်ပေးသည်။ မောင်သီဟ၏မိခင်ကြီးမှာ ရေတံခွန်အနီးတွင်ဈေးရောင်းသည်ကို ဒေါ်စောရှင်မွန်က သိနေသည်။ မောင်သီဟကိုလည်း စမ်းဦးလွင်ရွာသားတစ်ဦးဖြစ်မှန်းသိနေပေ၏။

'နောက်နေ့တွေလည်း စံပယ်ကုံးကို မောင်ရင်ပဲ ယူလာပေးပါကွယ်၊ ဒေါ်ဒေါ်က မင်းကို တစ်နေ့တစ်ကျပ်နှုန်းတစ်ကျပ်ပေးမယ်နော်'

မောင်သီဟက မငြင်းသာ၍ စံပယ်ကုံးဖိုးတစ်ကျပ်ကို ယူလိုက်ရ၏။

စောမြတ်မွန်ကတော့ ပြုံးနေလေသည်။ သူမနေ့စဉ်ပန်ဆင်မည့်စံပယ်ကုံးကို ချစ်သူကိုယ်တိုင် အိမ်ရှိစံပယ်ပန်းရုံမှခူးကာ ကိုယ်တိုင်သီလာပေးတာကိုသိသည့်အတွက် ကြေနပ်နှစ်သိမ့်နေလေသည်။

\+ + + + + + + + +

သည်လိုနှင့် ဦးဗစိုးအောင်နှင့်မောင်သီဟတို့သည် နေ့လည်၁၂နာရီတိုင်း စောမြတ်မွန်တို့အိမ်ကြီးဆီသို့ နေ့စဉ်ဝတ်မပျက်လာခဲ့ရ၏။

မောင်သီဟက စံပယ်ပန်းကုံးများကို နေ့စဉ်ကိုယ်တိုင်သီ၍ ယူလာပေးသည်။ နန်းခမ်းယုံတစ်ယောက်လည်း နေ့စဉ်ပင် စောမြတ်မွန်အား ဆံထုံးထုံးပေး၍ ပြင်ဆင်ပေးနေရပါသည်။


www.burmeseclassic.com

www.burmeseclassic.com

စောမြတ်မွန်က စာကြည့်ခန်းထဲတွင် ကတ္တီပါဖုံလေးပေါ်၌ထိုင်ကာ ပန်းချီအဆွဲခံသည်။

အနီး၌ ဖွါးစောရှင်မွန်ဖြစ်စေ၊ နန်းခမ်းယုံဖြစ်စေ တစ်ယောက်ယောက်က စောင့်ကြည့်နေမြဲဖြစ်သည်။ နေ့လည်ခင်းအချိန်ဆိုလျှင် ဖွါးစောရှင်မွန်က တစ်ရေးတစ်မောအိပ်တတ်၍ နန်းခမ်းယုံစောင့်ပေးသည်က များပါသည်။ နန်းခမ်းယုံက သမီးလေး နန်းခမ်းကြွယ်ကိုထိမ်းရင်းမှ စောင့်ပေးလေသည်။ အသက်၂နှစ်အရွယ် နန်းခမ်းကြွယ်လေးမှာ အဖွါးပန်းချီဆွဲခံသည်ကိုကြည့်ရင်း စာကြည့်ခန်းထဲ၌ပင် ဆော့ကစားနေတတ်သည်။ မောလျှင် မိခင်နန်းခမ်းယုံရင်ခွင်ထဲ၌ အိပ်ပျော်သွားတတ်၏။

ဘေးမှာအစောင့်မပြတ်ရှိနေ၍ မောင်သီဟနှင့်စောမြတ်မွန် စကားပြောခွင့်မရပါ။ သို့သော် ချစ်သူနှစ်ဦး တစ်ယောက်ကိုတစ်ယောက် နေ့စဉ်မြင်တွေ့နေရသည်နှင့်ပင် ကြေနပ်နေကြပါ၏။

ပန်းချီဆွဲသည်ကိုစောင့်ကြည့်နေသည်မှာလည်း မောင်သီဟနှင့်စောမြတ်မွန်အကြောင်းကို သိလို့မဟုတ်ပါ။ ကိန်းခန်းကြီးသည့် ဆွေကြီးမျိုးကြီးများပီသစွာ အကျယ်ချဲ့နေကြခြင်းသာဖြစ်ပါသည်။

ချစ်သူနှစ်ဦးသည် အိမ်တွင်စကားပြောခွင့်မသာသော်လည်း စောမြတ်မွန်၏မွေးနေ့ဖြစ်သော ကြာသပတေးနေ့တိုင်းမှာတော့ ကိုးဆူဘုရားဝင်းထဲတွင် ဆုံကြမြဲဖြစ်သည်။ လိုဏ်ခေါင်းထဲဆင်းထိုင်ရင်း စကားလက်ဆုံကျမြဲဖြစ်ပါသည်။ မောင်သီဟနှင့်စောမြတ်မွန်တို့ ချစ်နေကြကြောင်းကို အိမ်ကြီးမှ မည်သူမှပင် မရိပ်မိခဲ့ကြပေ။

သို့နှင့် ဆယ်တန်းစာမေးပွဲအောင်စာရင်းများ ထွက်ချိန်ရောက်လာ၏။

ဇူလိုင်လထဲတွင် အောင်စာရင်းထွက်မည်ကို ထွက်မည့်ရက်အားကြိုကြေငြာထား၍ ထိုနေ့မနက်အစောကြီးပင် မောင်သီဟသည် လိုင်းကားဖြင့် မြို့င်သေလာသို့သွားကာ အောင်စာရင်းသွားကြည့်သည်။ စောမြတ်မွန်ကိုတော့ အိမ်ကကားဖြင့် လိုက်ပို့သောကြောင့် မောင်သီဟထက်စောစွာ မြို့င်သေလာသို့ရောက်နေပေ၏။

နှစ်ယောက်စလုံးပင် ဆယ်တန်းစာမေးပွဲအောင်ကြပါသည်။

မောင်သီဟက စမ်းဦးလွင်သို့အမြန်ပြန်လာကာ မိခင်ကြီးကို စာမေးပွဲအောင်ကြောင်းပြောပြလိုက်လေသည်။ မောင်သီဟ၏မိခင်ကြီးမှာ ဝမ်းသာလွန်း၍ ငို ရှာလေသည်။

ထိုနေ့နေ့လည် ပန်းချီဆွဲရန်ရောက်လာတော့ ဖွါးစောရှင်မွန်က စောမြတ်မွန်ဆယ်တန်းစာမေးပွဲအောင်ကြောင်းကို ဦးဗစိုးအောင်ကိုအားပြောပြလိုက်၏။

'ဆရာကြီး၊ ကျွန်မသမီး ဆယ်တန်းစာမေးပွဲအောင်တယ်ရှင့်'

'ဝမ်းသာပါတယ်စော်ဘွားကြီးကတော်'

ဦးစဝ်ရန်ကျော်မှာ စော်ဘွားကြီးမဟုတ်တော့သော်ငြား တစ်နယ်လုံးက စော်ဘွားကြီးဟုပင်လေးစားသမှုဖြင့်ခေါ်ပါသည်။ ဖွါးစောရှင်မွန်ကိုလည်း စော်ဘွားကတော်ဟုပင် ခေါ်ကြပေ၏။

'ကျွန်တော် သိခဲ့ပြီးပါပြီခင်ဗျာ၊ စောမြတ်မွန်အတွက် ဂုဏ်ယူပါတယ်၊

www.burmeseclassic.com

ဟော့ဒီက ကျွန်တော့်တပည့်လေး မောင်သီဟလည်း ဆယ်တန်းအောင်တယ်ခင်ဗျ'

ရွှေစောရှင်မွန်အံ့သြသွားလေသည်။

'ဩော် ဒီသူငယ်က ဆယ်တန်းဖြေထားတာလား'

'ဟုတ်ပါတယ်စော်ဘွားကြီးကတော်'

ရွှေစောရှင်မွန်က မောင်သီဟကို ဈေးသည်မုဆိုးမကြီးသားအဖြစ်သိထားသည်။ ဆယ်တန်းတက်ဖို့က မြို့သေလာလိုမြို့ကိုသွားတက်မှဖြစ်မည်မို့ မောင်သီဟကို ဆယ်တန်းပညာအထိသင်နေမည်မထင်မိချေ။ အလွန်ဆုံး စမ်းဦးလွင်ကျောင်းမှရှစ်တန်းအောင်ထားရုံလောက်သာထင်ထားပေ၏။ မောင်သီဟပါဆယ်တန်းအောင်သည်ဆို၍ အံ့သြနေခြင်းဖြစ်လေသည်။

'ကောင်းပါလေ့ရှင်၊ ဝမ်းသာပါတယ်၊ ဆယ်တန်းအောင်တော့ စာရေးစာချီအလုပ်လေးဘာလေးရတာပေါ့'

ရွှေစောရှင်မွန်က သဘောရိုးနှင့်ပင်ပြောရှာခြင်းဖြစ်ပါ၏။

\+ + + + + + + + +

စောမြတ်မွန်အား ပန်းချီဆွဲပေးသည့်ရက် ၁၅ရက်မြောက်နေ့တွင် စောမြတ်မွန်၏အစ်ကို စိုင်းကျော်စွာ အိမ်သို့ပြန်ရောက်လာလေသည်။ ခရီးဝေးသို့ ရက် ကြာကြာသွားနေရာမှ ပြန်ရောက်ခါစမို့ ဇနီးနှင့်သမီးကို အလွမ်းသယ်နေသေးသည်။ စောမြတ်မွန်ပန်းချီဆွဲခံသည်ကို အံ့သြဟန်ဖြင့်ကြည့်သည်။ အကဲခတ်သည်။

ညီမဖြစ်သူ ဆယ်တန်းအောင်သည့်အတွက်ဆိုပြီး ဝယ်လာသည့်ဆွဲကြိုးတစ်ကုံးကို ဆုချသည်။

တစ်ခါတစ်ရံ ပန်းချီဆွဲသည်ကို ထိုင်ကြည့်နေတတ်သည်။

သုံးလေးရက်အကြာတွင် ပန်းချီဆရာကြီးနှင့်အတူလိုက်လာသော မောင်သီဟကို စိုင်းကျော်စွာက သံသယဝင်လာ၏။ အထူးတလည် ကူညီရန်မလိုပဲ နေ့စဉ်လိုက်ပါလာသည့်မောင်သီဟမှာ သူ့အမြင်တွင် လူပိုဖြစ်နေသည်။

ချစ်သူတို့မည်သည် လူမသိအောင် မည်မျှပင် သတိထားနေပေစေ မျက်လုံးအကြည့်များကိုတော့ ဖုံးကွယ်ဟန်ဆောင်ထားလို့မရပါချေ။ သက်ကြီးပိုင်းရောက်နေသော မိခင်ဖခင်တို့က မရိပ်မိသော်လည်း မောင်သီဟတို့ စောမြတ်မွန်တို့နှင့်အသက်ချင်းမကွာလှသော ခေတ်လူငယ်အဖြစ်သာရှိသေးသည့် စိုင်းကျော်စွာကမူ သံသယဝင်လာလေပြီ။ မောင်သီဟသည် မြို့သေလာတွင်ကျောင်းတက်ခဲ့ဖူးသည်၊ ဆယ်တန်းကိုလည်း သူ့ညီမနှင့်အတူ တစ်နှစ်တည်းအောင်ထားသည်ဆိုတာတွေ သိလာရတော့ စိုင်းကျော်စွာ၏သံသယက ပိုမိုခိုင်မာလာခဲ့လေ၏။

စိုင်းကျော်စွာကား အသက်နှစ်ဆယ်ကျော်အရွယ် ငယ်ရွယ်သောလူငယ်ဖြစ်သော်လည်း လည်ပတ်နှံ့စပ်လှပါသည်။ ငယ်ငယ်ရွယ်ရွယ်နှင့် စီးပွားရေးလုပ်ငန်းများကို ဦးဆောင်လုပ်နေသူမို့ အကွက်မြင်သည်။ သွေးအေးသူလည်းဖြစ်သည်။ ညီမအပေါ်သံသယရှိသော်လည်း ညီမကို အစ်အောက်မမေး။ ချော့မေးမမေး။


www.burmeseclassic.com

www.burmeseclassic.com

ချိန်း ချောက်၍လည်းမမေး။ သူ့သံသယကို မိဘများအားလည်း ဖွင့်မပြော။ သူကား ပိုင်နိုင်တိကျအောင် အထောက်အထားရှာပြီးမှ ပြဿနာကိုဖြေရှင်းသူမျိုးဖြစ်သည်။

တစ်နေ့တွင် စိုင်းကျော်စွာ မြိုင်သေလာသို့သွားသည်။ မြိုင်သေလာသည် သူ့အဘိုးအဘေးများ တစ်ခေတ်တစ်ခါက စော်ဘွားအဖြစ်အုပ်ချုပ်လာခဲ့သော နယ်မြေဖြစ်သည်။ သူကိုယ်တိုင်လည်း ဆယ်တန်းအောင်သည်ထိ မြိုင်သေလာ ကျောင်းမှာပင်နေခဲ့သည်။ မြိုင်သေလာကို သူပိုင်သည်။ နှံ့စပ်သည်။ တစ်မနက်နှင့် တစ်ညနေ စောမြတ်မွန်နှင့်ရင်းနှီးသူများကို လှည့်ပတ်တွေ့ဆုံ မေးမြန်းတီးခေါက် ကြည့်လိုက်သည်နှင့် စိုင်းကျော်စွာ အကြောင်းစုံကို သိလာရတော့၏။

စိုင်းကျော်စွာက ညီမဖြစ်သူကို မစွတ်စွဲသေးပေ။ လွှတ်ထားလိုက်သည်။

စောမြတ်မွန် တစ်ဦးတည်းအပြင်ထွက်သောနေ့မှာ သူ့မွေးနေ့ကြာသပ တေးနေ့ဆိုတာသိထားသည်။ မွေးနေ့တိုင်း အိဥာန်ပုတီးစိတ်ဖို့ဆိုကာ ကိုးဆူဘုရား ထဲသွားတတ်တာကိုလည်း သိထားသည်။

စိုင်းကျော်စွာက ပိုင်နိုင်မှုလုပ်တတ်သောသူဖြစ်ပေ၏။ စိုင်းကျော်စွာ၏ လုပ်ရပ်များက အကွက်စေ့လှပေသည်။

တစ်ခုသော ကြာသပတေးနေ့ မနက်ခင်းတွင် စောမြတ်မွန်၏လက်ကို စိုင်းကျော်စွာက ကြမ်းတမ်းစွာဆွဲခေါ်ကာ ကိုးဆူဘုရားမှပြန်လာကြသည်ကို မိဘနှစ် ပါး ထိတ်လန့်စဖွယ် မြင်လိုက်ရလေသည်။ စိုင်းကျော်စွာက ရှုန်းဖယ်နေသော စော မြတ်မွန်ကို လက်မောင်းရင်းမှကိုင်ကာဆွဲခေါ်လာခဲ့ခြင်းဖြစ်သည်။ စောမြတ်မွန်သည် ငိုရှိုက်ရင်းပါလာ၏။ လမ်းသွားလမ်းလာများက အံ့သြစွာလှည့်ကြည့်သွားကြသည်။

ဦးစဝ်ရန်ကျော်ရော၊ ဒေါ်စောရှင်မွန်ပါ မြင်ကွင်းကိုမြင်၍ အိမ်ပေါ်မှပြေး ဆင်းလာကြသည်။

'မထိတ်သာ မလန့်သာရှိပါဘိသားရယ်၊ ဘယ်လိုဖြစ်လာကြသတုံး'

ဒေါ်စောရှင်မွန်က စောမြတ်မွန်ကို ရင်ခွင်ထဲပွေ့သွင်းကာမေးလိုက်သည်။

'ငါ့သား ကိုယ့်နှမလေးကို ဘဲ့နဲ့ကြောင့် မညှာမတာလုပ်သတုံး၊ မင်း ကအစ်ကိုကြီး၊ ယောကျ်ားလေးတစ်ယောက်ကွဲ့'

သမီးငယ်ကိုအကြမ်းပတမ်းပြုနေသဖြင့် ဦးစဝ်ရန်ကျော်ကလည်း စိတ်ဆိုး ဒေါသဖြစ်စွာ မေးလိုက်လေသည်။

'ဖေဖုရား သားအကြောင်းစုံပြောပြပါရစေ၊ သားပြောတာတွေကြားပြီး လို့ သားလွန်တယ်ထင်ရင် သားကိုသတ်ပစ်လိုက်ပါဖေဖုရား'

စိုင်းကျော်စွာ အလုံးစုံပြောပြပြီးသည့်အခါတွင် စိုင်းကျော်စွာအပေါ်ဖြစ်နေ သောဒေါသက စောမြတ်မွန်ထံသို့ကူးရောက်သွားလေသည်။

'သားအားလုံးစုံစမ်းပြီးမှအမိအရဖမ်းတာပါဖေဖုရား၊ မွေးနေ့တိုင်း ဘုရား သွားပုတီးစိတ်တယ်ဆိုတာ အလကားပါဖေဖုရား၊ ဖေဖုရားရဲ့သမီးက ယောက်မြင်း စီးထွက်နေတာ၊ သူ့အကောင်ကိုလည်း သားထိုးကြိတ်လွှတ်လိုက်ပြီဖေဖုရား'

'သယ့် တယ်မိုက်သကိုး၊ သမီးမိုက် ဆယ်တန်းလေးအောင်လို့


www.burmeseclassic.com

လိမ္မာရေးခြားရှိလှတယ်ဆိုပြီး အလိုလိုက်မိတာ ဖေဖုရားအမှားပါလား၊ တယ်လေ့ ငါစိတ်ထင်တိုင်းလုပ်လိုက်ရ၊ ဆင်းရဲသားကောင်ကိုများ နင်က့ ဟွန်း'

'မောင်မောင့် အိမ်ထဲဝင်ကြရအောင်ပါ၊ လူကြားလို့မတော်ပါဘူးမောင်မောင်ရယ်၊ စောရှင်မွန်လည်း ဆုံးမပါမယ်မောင်မောင်၊ လာ့ လာ့ အိမ်ထဲသွားကြရအောင်'

ဒေါ်စောရှင်မွန်က ပတ်ဝန်းကျင်မသိရအောင် တစ်မိသားစုလုံးကို ချော့မော့ခေါ်ယူ၍ အိမ်ထဲသွင်းခဲ့လေသည်။

အိမ်ထဲရောက်တော့လည်း မုန်တိုင်းက တည်ငြိမ်မသွားပါပေ။

'ပန်းချီဆရာနောက်က ဇီအကောင်ပါလာအောင်လုပ်တာ နင့်ဉာဏ်တွေပဲလားဟဲ့'

'မဟုတ်ရပါဘူးဖေဖုရား့ သူ့ဟာသူ ဆရာကြီးဆီမှာ ပန်းချီပညာသင်နေတာပါ'

'ဇီအကောင်နဲ့ချစ်ကြိုက်နေတယ်ဆိုတာရော နင်ငြင်းချင်သေးလား'

'မငြင်းပါဘူးဖေဖုရား့ မှန်ပါတယ်၊ သမီးနဲ့ကိုသီဟတို့ဟာ ချစ်သူတွေပါ'

'တယ်တော်သကိုး၊ အမေလုပ်တဲ့လူကလည်း မသိဘူးလား၊ ဟွှေနန်းခမ်းယုံ၊ နင်ကလည်း လူငယ်ချင်းလုပ်နေပြီး နည်းနည်းလေးမှ မရိပ်မိဘူးလားဟဲ့'

'ဖေဖုရား့ မေဖုရားနဲ့ မမနန်းခမ်းယုံမှာ ဘာမှအပြစ်မရှိပါဘူးဘုရား၊ သမီးကိုသာဆူပါဖေဖုရား'

'အေး့ မလွန်ခင်တားမိလို့ တော်သေးသပေါ့လေ၊ ငါ့သားကြီးအားကိုးရလို့ပါလား၊ တော်ပြီ၊ ဇီနေ့ကစပြီး ပန်းချီကားကိုလည်း ဆက်မဆွဲနဲ့တော့'

ဦးစဝ်ရန်ကျော်က တစ်ချက်လွှတ်အမိန့်ပေးလိုက်လေသည်။

+ + + + + + + + +

ထိုနေ့နေ့လည် ပန်းချီဆွဲရန်အတွက် ဦးဗစိုးအောင်တစ်ယောက်တည်း ရောက်လာလေသည်။ မောင်သီဟပါမလာပါ။

ဒေါ်စောရှင်မွန်က အိမ်အောက်သို့ဆင်းလာပြီး ပန်းချီဆက်လက်မဆွဲတော့ပါဟု ပြောလိုက်သည်။

'ဘာအတွက်ဆိုတာ ကျွန်တော်ရိပ်မိပါတယ် စော်ဘွားကြီးကတော်၊ လူငယ်တွေကိစ္စကို ကျွန်တော် မဝေဖန်လိုပါဘူး၊ သို့သော် ပန်းချီကားဟာ ပြီးစီးလုပါပြီ၊ ကျွန်တော်လည်း အခကြေးငွေယူထားပြီးပါပြီ၊ ကျွန်တော့်တာဝန်ကျေအောင် ပန်းချီကားပြီးဆုံးသည်အထိ ဆက်ဆွဲပါရစေခင်ဗျာ၊ ပြီးတော့ အနုပညာသည်တစ်ယောက်ဟာ သူ့အနုပညာကို ဆုံးခန်းတိုင်ထိ လုပ်ဆောင်ရမှ စိတ်ကြေနပ်ပါတယ်ခင်ဗျာ၊ လူငယ်တွေကိစ္စကိုတကဏ္ဍထားပြီး ပန်းချီဆက်ဆွဲခွင့်ပြုပါ'

ဦးဗစိုးအောင်က ချောင်းစွာပြောပြသည်ကို ဒေါ်စောရှင်မွန်က အားနာ၍ လက်ခံလိုပါသည်။ သို့သော် ခင်ပွန်းနှင့် သားဖြစ်သူ၏ ဒေါသမာနကြီးမားပုံများ

www.burmeseclassic.com

ကိုသိထားရ၍ တောင်းပန်လွှတ်လိုက်လေ၏။

'သည်းခံပါဦး ဆရာကြီးရှင်၊ မောင်ဖုရားလည်း သိပ်ဖွံ့ဖြိုးသထွက်နေပါတယ်၊ ဖြည်းဖြည်းတော့ ကျွန်မနားဝင်အောင်ပြောပြပေးပါ့မယ်၊ လောလောဆယ်တော့ ပန်းချီဆွဲတာကို ခဏရပ်ဆိုင်းထားပေးပါရှင်'

'ကောင်းပါပြီလေ့ စော်ဘွားကြီး စိတ်ပြေလောက်တဲ့အချိန်ကျ ကျွန်တော်လာတွေ့ပါရစေ၊ ကျွန်တော်ကိုယ်တိုင်စော်ဘွားကြီးကို အကျိုးအကြောင်းရှင်းပြပြီးတောင်းပန်ပါရစေ'

ဦးဗစိုးအောင်က နောက်တစ်ပတ်အကြာတွင် ရောက်သွားပြန်ကာ ဦးစဝ်ရန်ကျော်နှင့်တွေ့ဆုံသည်။ အစပိုင်းတွင် ဦးစဝ်ရန်ကျော်က ခါးခါးသီးသီးငြင်းဆန်ခဲ့၏။ ဦးဗစိုးအောင်က ပန်းချီကားမှာ တစ်ပတ်ခန့်ဆက်ဆွဲရုံနှင့်ပြီးစီးမည်ဖြစ်ကြောင်း၊ မောင်သီဟကိုလုံးဝခေါ်မလာဖို့ ကတိပေးပါကြောင်း၊ မောင်သီဟနှင့်စောမြတ်မွန်ကို ကြားမှဆက်သွယ်ပေးခြင်း မပြုပါကြောင်း၊ မိမိပန်းချီဆွဲသည်ကို တစ်ချိန်လုံးစောင့်ကြည့်နေနိုင်ကြောင်း ကတိအထပ်ထပ်ပေးကာ အရေးဆိုခဲ့လေသည်။

'ကျွန်တော်ဟာ ဝမ်းရေးအတွက် အခကြေးငွေယူပြီး ပန်းချီဆွဲရသော်လဲ အနုပညာသမားတစ်ယောက်ပါ စော်ဘွားကြီး၊ စောမြတ်မွန်ရဲ့ပုံကိုရေးဆွဲခြင်းအပေါ်မှာ အနုပညာတစ်ရပ်ဖန်တီးသလို သဘောထားပါတယ်၊ ကျွန်တော့်ရဲ့အနုပညာတစ်ခုကို ပြီးဆုံးသည်အထိ လုပ်ဆောင်ပါရစေ၊ ကျွန်တော့်ရဲ့သိက္ခာကိုရှင်းပြီး တောင်းပန်ပါတယ်ခင်ဗျာ'

ဦးဗစိုးအောင်က အကျိုးသင့်အကြောင်းသင့် ရည်မွန်ချောင်းစွာပြောပြအရေးဆိုသည့်အခါ ဦးစဝ်ရန်ကျော် တင်းမခံနိုင်တော့ပေ။ နဂိုကပင် မိမိတို့၏ပန်းချီပုံများကို ဆွဲပေးခဲ့သူဖြစ်နေခြင်း၊ ဦးဗစိုးအောင်မှာ တစ်နယ်လုံးက လေးစားအလေးထားရသော ပန်းချီဆရာအကျော်အမော်ဖြစ်နေခြင်းတို့ကို ထောက်ထားကာ ခွင့်ပြုလိုက်လေ၏။

သို့သော် ပန်းချီဆွဲခြင်း၌ တက်ကြွမှုမရှိတော့ပါပေ။

အဆွဲခံသူမိန်းကလေး၏မျက်နှာမှာလည်း ညှိုးနွမ်းနေသည်။ စောမြတ်မွန်၏အပြုံးမှာ အပြုံးတုဖြစ်နေလေပြီ၊ မချိပြုံးဖြစ်နေလေပြီ၊ ဆံထုံးထုံး၍ အလှပြင်ဆင်ချယ်သပေးရသော နန်းခမ်းယုံလည်း စိတ်မပါတော့ပေ။

အဆိုးဆုံးကား ဆံထုံးထက်တွင် ပန်ဆင်ရန် စံပယ်ကုံးလေးများ မပါဝင်တော့ခြင်းပေတည်း။

'ကိစ္စမရှိပါဘူးကွယ်၊ စံပယ်ကုံးမပန်ပါနဲ့တော့၊ စံပယ်ကုံးအပိုင်းက ပြီးစီးနေပြီပဲ၊ စောမြတ်မွန်သာ အသက်ပါအောင် ဟန်ပြပေးပေတော့'

ပန်းချီဆရာကြီးက အဆင်ပြေအောင် ပြောရှာသော်လည်း စောမြတ်မွန်ရင်ဝယ် ပန်းချီအဆွဲခံတိုင်း မြင်နေကျချစ်သူကိုမမြင်ရ၍ ဟာနေသည်။ ခေါင်းထက်တွင်စံပယ်ကုံးမပါသည့်မှာ သဘာဝအရ မသိသာသော်လည်း ချစ်သူပေးသောစံပယ်ကုံးကိုပန်ဆင်နေကျ မပန်ရသည့်အတွက် ဦးခေါင်းတစ်ခုလုံး ပေါ့နေသလို ဟာဟာဟင်းလင်းခံစားရလေသည်။


www.burmeseclassic.com

တကယ်တော့ စောမြတ်မွန်၏နှလုံးသားပြင်တစ်ခုလုံး ဟင်းလင်းပြင်ဖြစ်ခဲ့ပါလေပြီ။

+ + + + + + + + +

( ၉ )

ဒီလိုနဲ့ပဲ ပန်းချီကားကတော့ နောက်တစ်ပတ်အကြာမှာ ဆွဲပြီးသွားခဲ့တယ်၊ မောင်သီဟနဲ့စောမြတ်မွန်ကတော့ တွေ့ဆုံခွင့်မရခဲ့တော့ပါဘူးကွယ်၊ စိတ်ကြီးလှတဲ့စော်ဘွားကြီးက စောမြတ်မွန်ကို တက္ကသိုလ်ဆက်တက်ခွင့်ပါပိတ်ပစ်လိုက်တယ်'

'ဩော်'

ကျွန်မက ဦးဗစိုးအောင်ပြောပြနေသောနောက်ကြောင်းများကိုနားထောင်ရင်းမှ စုတ်သတ်လိုက်သည်။

'သူတို့နှစ်ယောက်ရင်မှာတော့ ကြိမ်မီးအုံးသလို ခံစားနေရတာပေါ့လေ၊ အဘက နှစ်ယောက်စလုံးကို နေ့စဉ်မြင်တွေ့နေရသူဆိုတော့ နှစ်ယောက်လုံးရဲ့ခံစားချက်ကို မျက်မြင်သိနေရတာပေါ့၊ ဒါပေမယ့် အဘလည်း ဘာမှမတတ်နိုင်ခဲ့ဘူး၊ မ ကူညီနိုင်ခဲ့ပါဘူးကွယ်'

'နောက်တော့ကောအဘ၊ သူတို့ထွက်ပြေးတယ်ဆိုတာက'

'အဆက်အသွယ်ပြတ်နေတဲ့ကြားမှာ မောင်သီဟကတော့ လွမ်းရေးကိုအသာထားပြီး ဝမ်းရေးအတွက်အလုပ်အကိုင်ရှာဖွေရတာပေါ့လေ၊ အဲ့ဒီခေတ်ကလည်း အလုပ်အကိုင်က ရှားသားပဲလုံ့မရယ်၊ ဘွဲ့ရတဲ့သူတွေတောင် လုပ်စရာအလုပ်မရှိလို့ထိုင်နေရတဲ့အချိန်မျိုးပေါ့၊ မောင်သီဟလည်း အပေါ်ဆုံးအလုပ်ဖြစ်တဲ့ကျောင်းဆရာအလုပ်ကိုပဲ လျှောက်ခဲ့ရတာပေါ့၊ အပေါ်ဆုံးအလုပ်ဆိုတာ အဘက ချိုးနှိမ်ပြောတာမဟုတ်ပါဘူးကွယ်၊ စာသင်ကျောင်းတွေကတော့ ကျေးလက်တောရွာအကြိုအကြားမကျန်ရှိတယ်မဟုတ်လား၊ တခြား စာရေးစာချီနေရာ၊ အရာရှိအရာခံနေရာတွေသာ မလစ်လပ်ရင်နေမယ်၊ ကျောင်းဆရာကတော့ တို့နိုင်ငံမှာ လိုအပ်နေတာကိုးကွဲ့၊ အဲ ဒါကြောင့် အပေါ်ဆုံးအလုပ်လို့ပြောလိုက်တာပါ'

'ဟုတ်ကဲ့ပါအဘ'

'မောင်သီဟအလုပ်လျှောက်တော့ ပေါက်ကုန်းတောဆိုတဲ့ ရွာကလေးမှာ မူလတန်းပြဆရာအဖြစ် အခန့်ခံရတယ်ကွဲ့၊ ပေါက်ကုန်းတောဟာ ကားနဲ့မိုင်လေးဆယ်လောက်သွားပြီး မိုင်၂၀လောက်ခြေလျှင်လျှောက်ဝင်မှရောက်တဲ့ရွာကလေးပေါ့၊ မိုင်လေးဆယ်လောက်ဝေးတဲ့ရွာကိုလည်း ကားက တစ်ပတ်မှတစ်ခါသာထွက်တယ်၊ သိပ်ခေါင်တယ်၊ အလုပ်ခန့်ခံရကာစလူတိုင်း ဒီလိုပဲ ဝေးလံသီခေါင်တဲ့နေရာမှာပဲတာဝန်ချခံရတယ်၊ မောင်သီဟအလုပ်ရတဲ့အချိန်မှာ ပန်းချီကားကြီးက ဆွဲပြီးနေတော့ အဘလည်း စောမြတ်မွန်တို့အိမ်ကို အဝင်အထွက်မရှိတော့ဘူး၊ စောမြတ်မွန်ကို အ ကြောင်းကြားအသိပေးဖို့ခက်နေတာပေါ့၊ ကံအားလျော်စွာပဲ မောင်စိုးနောင်အေး ရဲ့အဘွား မနန်းရွှေဟာ အပန်းဖြေစခန်းဖက်ရောက်ရင်း မောင်သီဟမိခင်ကြီးမင်းညွှန့်

www.burmeseclassic.com

နဲ့စကားပြောဖြစ်တော့ မောင်သီဟ ပေါက်ကုန်းတောကို ကျောင်းဆရာသွားလုပ်ရမယ်ဆိုတာ သိသွားတယ်'

ဦးဇစိုးအောင်က ဆက်တိုက်ပြောလိုက်ရ၍ မောသွားကာ ခေတ္တရပ်နားလိုက်သည်။

'လိုနဲ့ပဲ စောမြတ်မွန်လည်း မောင်သီဟသွားတော့မယ်ဆိုတဲ့သတင်း ကို မနန်းရွှေသီကတစ်ဆင့် သိလိုက်ရတာပေါ့လေ၊ အင်း အဖြစ်တွေဖြစ်ခဲ့တဲ့ ကာလဟာ ခုလို ဆောင်းရာသီ ဒီဇင်ဘာလထဲမှာပါပဲကွယ်၊ မောင်သီဟကို ဇန်နဝါရီလ(၁)ရက်နေ့အလုပ်စဝင်ဖို့ ခန့်စာထဲမှာပါတော့ သွားရဖို့က နီးနေပြီ။ အဲ့ဒီအချိန်မှာပဲ မနန်းရွှေကနေတစ်ဆင့် စောမြတ်မွန်ရဲ့စာတစ်စောင်ရတယ်၊ လူကြီးတွေအလစ်မှာ ခိုးရေးလိုက်တဲ့စာပေါ့၊ စာထဲမှာ စောမြတ်မွန်က သူလည်း မောင်သီဟနဲ့အတူ လိုက်တော့မယ်၊ ဒီဇင်ဘာလ(၂၅)ရက် ခရစ္စမတ်နေ့မှာ ကိုးဆူဘုရားဝင်းထဲကစောင့်ဖို့နဲ့ သူမဖြစ်ဖြစ်အောင်ထွက်လာမယ်ဆိုတဲ့အကြောင်း ချိန်းထားတယ်ကွဲ့'

အဘွားနွဲ့နန်းရွှေပြောပြဖူး၍ ထိုညတွင် လိုဏ်ဂူထဲဆင်းပြေးရင်း ရင်နင့်ဖွယ်ကြုံရသည့်ဇာတ်ကြောင်းကို ကျွန်မမှတ်မိလာသည်။ သို့သော် အဘဦးဇစိုးအောင်ပြောပြမည့် မျက်မြင်ဖြစ်ရပ်ကို ကြားချင်စိတ်မှာမူ ပို၍တိုးလာခဲ့၏။

ကျွန်မသည် အသက်မရှူမိအောင်ပင် အဘပြောပြသောဇာတ်လမ်းကို နားထောင်နေမိလေတော့သည်။

+ + + + + + + + +

'စောမြတ်မွန်ချိန်းတဲ့ ဒီဇင်ဘာ၂၅ရက် ခရစ္စမတ်ညကိုရောက်လာတယ်၊ မောင်သီဟဟာ စောမြတ်မွန်စာထဲကအတိုင်း ကိုးဆူဘုရားဝင်းထဲက သွားစောင့်နေတယ်ကွဲ့၊ မောင်သီဟကလည်း စောမြတ်မွန်ကိုခိုးသွားရာမှာ ပိပိရိရိဖြစ်ဖို့ အားလုံးစီစဉ်ထားပြီးသားကွဲ့၊ သူငယ်ချင်းတစ်ယောက်ဆီက မော်တော်ဆိုင်ကယ်ကိုငှားထားတယ်၊ စောမြတ်မွန်ကို မော်တော်ဆိုင်ကယ်နဲ့ ညတွင်းချင်း ဒီကနေ လေးမိုင်ဝေးတဲ့ ရွာကလေးကိုခေါ်သွားမယ်၊ ပေါက်ကုန်းတောကို တစ်ပတ်တစ်ခါထွက်တဲ့ကားကလဲ နောက်တစ်နေ့မနက်ထွက်မှာကိုး၊ ကားကို အဲ့ဒီရွာကလေးက တားဆီးပြီး စောမြတ်မွန်ကို သူတာဝန်ကျတဲ့ပေါက်ကုန်းတောအထိခေါ်သွားဖို့ စီစဉ်ထားတာကွဲ့၊ ပေါက်ကြားမှာစိုးလို့ ဒီသတင်းကို သူ့မိခင်ကြီးကိုတောင် ပြောပြမထားဘူး၊ အဘနဲ့ ဆိုင်ကယ်ငှားတဲ့ သူ့သူငယ်ချင်းမောင်မြင့်ထွန်းပဲသိကြတယ်၊ မောင်မြင့်ထွန်းက သူ့ဆိုင်ကယ်ကို နောက်နေ့မှ လေးမိုင်ဝေးတဲ့ရွာကိုလိုက်ယူမှာလေ'

'ခရစ္စမတ်ညမှာ မောင်သီဟ အဘကိုလာနှုတ်ဆက်တယ်၊ ကန်တော့တယ်၊ ပြီးတော့ စောမြတ်မွန်ကိုစောင့်ဖို့ ကိုးဆူဘုရားကို ထွက်သွားတာပဲ၊ အဘအတွက်တော့ အဲ့ဒါဟာ မောင်သီဟကို နောက်ဆုံးမြင်လိုက်ခြင်းပါပဲကွယ့်၊ စောမြတ်မွန် အိမ်ကဘယ်လိုထွက်လာမယ်ဆိုတာ အဘတို့အားလုံးစဉ်းစားလို့မရဘူး၊ မောင်သီဟလည်း ဘုရားဝင်းထဲမှာသွားသာစောင့်နေတယ်၊ အချုပ်အခြာတွေကြားထဲက စောမြတ်မွန်ဘယ်လိုထွက်လာမယ်ဆိုတာ ဖဝေဖါဝါနဲ့စောင့်နေရာမှာ

www.burmeseclassic.com

ပဲကွဲ၊ ဒါပေမယ့် အချိန်တန်တော့ စောမြတ်မွန်ဟာ မောင်သီဟစောင့်နေတဲ့ နေရာကိုရောက်လာခဲ့ပါတယ်ကွယ်၊ စောမြတ်မွန် ဘယ်လိုရောက်လာသလဲဆိုတော့'

+ + + + + + + + +

စမ်းဦးလွင်တွင် ခရစ်ယာန်ဘာသာဝင်များလည်း အများအပြားရှိသည်။ ခရစ်ယာန်သာသနာပြုများက ရှေးယခင်ကပင် ရှမ်းပြည်နယ်အတွင်း ဝင်ရောက်သာသနာပြုထားသဖြင့် အခြားသော ရှမ်းပြည်နယ်ဒေသများနည်းတူ ဗုဒ္ဓဘာသာနှင့် ခရစ်ယာန်ဘာသာဝင်တို့ အရေအတွက်တူမျှစွာရှိနေလေသည်။

စမ်းဦးလွင်၌ ခရစ်ယာန်ဘုရားရှိခိုးကျောင်း နှစ်ကျောင်းလည်းရှိပါသည်။

ဇင်ဘာလို ခရစ္စမတ်လအချိန်၌ ခရစ္စမတ်တေး သီဆိုသည့်အဖွဲ့များသည် လဆန်းပိုင်းကပင် တစ်ရွာလုံးသို့လှည့်လည်ကာ တစ်အိမ်ဝင်တစ်အိမ်ထွက် မွှတေးများကို သီဆိုကြသည်။

ခရစ္စမတ်နေ့တွင်တော့ ပွဲတော်များကျင်းပကာ အိမ်တိုင်းစေ့လိုက်လံဖျော်ဖြေသီဆိုကြလေသည်။

စမ်းဦးလွင်၏ အချမ်းသာဆုံးနှင့်စော်ဘွားနွယ်ဝင် ဦးစဝ်ရန်ကျော်၏အိမ်ကိုလည်း ခရစ္စမတ်ညဉ့် မွှတေးသီဆိုသည့်အဖွဲ့များ တစ်ဖွဲ့ပြီးတစ်ဖွဲ့ရောက်လာကာ တေးသီချင်းများ သီဆိုဖျော်ဖြေသည့်ထုံးစံရှိပေ၏။ ဦးစဝ်ရန်ကျော်မိသားစုသည် မိမိဘာသာဝင်မဟုတ်သော်လည်း မွှတေးသီဆိုသည့်အဖွဲ့များကို ကောင်းမွန်စွာ ညှော်ဝတ်ပြုကာ လက်ခံလေ့ရှိပေ၏။

မှောင်ရီပျိုးချိန်မှစ၍ ခရစ္စမတ်တေးသီဆိုသည့် လူငယ်များ တစ်ဖွဲ့ပြီးတစ်ဖွဲ့ရောက်လာသည်။ ခြံဝင်းထဲ၌ တိုက်အိမ်ကြီးရှေ့မှာပင် သီဆိုကြသည်။ ဆုတောင်းပတ္တနာပြုကြသည်။ ဦးစဝ်ရန်ကျော်မိသားစုလည်း တိုက်အောက်ထပ် ခြံဝင်းထဲသို့ဆင်းကာ မွှတေးအဖွဲ့များ သီဆိုဆုမွန်ကောင်းတောင်းသည်ကို အားပေးကြည့်ရှုနေကြပေ၏။

အချို့အိမ်နီးချင်းများလည်းရောက်လာကာ ခရစ္စမတ်တေးသီဆိုမှုများကို နားထောင်ကြသည်။ ခြံဝင်းတခါးကိုလည်း ဖွင့်ထားသည်။ လူများကလည်း ဥဒဟိုဝင်ထွက်နေကြသည်။

စောမြတ်မွန်ကို ဂုမ္ဘာန်တစ်ထောင်လိုစောင့်ကြပ်နေသော ဖခင်နှင့်အစ်ကိုဖြစ်သူလည်း သတိလက်လွတ်ဖြစ်သွားကြသည်။ အိမ်အလုပ်သမား အစေအပါးများလည်း သတိမပြုမိလိုက်ကြပေ။

ညဆယ်နာရီကျော်ကျော် မွှတေးအဖွဲ့များ သီဆိုမှုပြီးစီးသွားမှပင် စောမြတ်မွန်မရှိတော့မှန်းသိကြသည်။

အားလုံးထိတ်ထိတ်ပြာပြာဖြစ်ကုန်ကြသည်။

ဦးစဝ်ရန်ကျော်က တောက်တစ်ခေါက်ခေါက်။ စိုင်းကျော်စွာက ယမ်းပုံမီးကျွံခဲ့ဒါသထွက်နေသည်။ ဝ္လ္ငါစောရှင်မွန်နှင့်နန်းခမ်းယုံလည်း မလှုပ်ရဲမရှားရဲအနေအပင်ထိတ်လန့်နေကြလေ၏။


www.burmeseclassic.com

'သူတို့ ပထမဆုံးသွားပြီး စနည်းနာတဲ့အိမ်ကတော့ မောင်သီဟအိမ်ပဲ၊ မောင်သီဟမိခင်ကြီးက ဘာမှမသိရှာဘူးဆိုတာ အမူအရာကြည့်ပြီး သူတို့ ယုံသွားတယ်၊ မောင်သီဟကိုတော့ အိမ်မှာမတွေ့ရဘူး၊ မောင်သီဟ မနက်ဖန်မနက် ပေါက်ကုန်းတောကျောင်းကိုအလုပ်ဝင်ဖို့သွားရမယ်ဆိုတာပါ သူတို့သိသွားကြတယ်ကွဲ့၊ သူတို့ နောက်ထပ်လာစုံစမ်းတဲ့အိမ်ကတော့ အဘရဲ့ ဟော်တယ်အိမ်ကိုပဲ'

'ဆရာကြီးကို ကျွန်တော်တို့လေးစားပါတယ်၊ ဆရာကြီးသိသမျှပြောပါ'

ဦးစဝ်ရန်ကျော်က ချော့မော့ခြင်းတစ်ဝက်၊ ချိန်းချောက်ခြင်းတစ်ဝက်လေသံဖြင့်မေးသည်။ ဦးစဝ်ရန်ကျော်နောက်တွင် လွှဲသထွက်နေသော စိုင်းကျော်စွာနှင့် နောက်လိုက်နောက်ပါ အစေအပါးများ ရပ်နေကြသည်။

'မောင်သီဟ အလုပ်ဝင်တော့မှာမို့ မကြာခင်ကပဲ ကျွန်တော့်ကိုလာကန်တော့ပါတယ်စော်ဘွားကြီး၊ သူမနက်ဖန်မနက်ပဲ ပေါက်ကုန်းတောရွာကိုသွားမယ်လို့ ကျွန်တော့်ကို နှုတ်ဆက်သွားပါတယ်ခင်ဗျာ'

'အဘလည်း မုသားမပါ လင်္ကာမချော ပြောရတာပေါ့ကွယ်၊ အဲ့ဒီတုန်းမှာပဲ ရွာထဲက လူတစ်ယောက်ရောက်လာပြီး မောင်သီဟနဲ့စောမြတ်မွန်တို့ နှစ်ယောက်ကို ကိုးဆူဘုရားဝင်းထဲမှာမြင်ခဲ့ကြောင်း လာပြီးသတင်းပို့တယ်ကွဲ့၊ ဦးစဝ်ရန်ကျော်နဲ့အဖွဲ့ဟာ ချက်ချင်းပဲ ဘုရားထဲလိုက်သွားတယ်၊ အဘလည်း မဖြစ်သင့်တာတွေဖြစ်ကုန်မှာစိုးလို့ လိုက်သွားမှတော်မယ်လို့စဉ်းစားမိပြီး နောက်ကလိုက်သွားခဲ့တယ်ကွယ်၊ အဘ ဘုရားဝင်းထဲရောက်တော့ ဦးစဝ်ရန်ကျော်တို့အဖွဲ့ဟာ လိုဏ်ခေါင်းထဲဆင်းလိုက်ဖို့ အဆင်သင့်ပြင်နေတာ တွေ့ရတယ်၊ သူတို့လိုက်လာတာတွေ့လို့ မောင်သီဟနဲ့စောမြတ်မွန် လိုဏ်ခေါင်းထဲဝင်သွားတယ်ဆိုတာ မြင်လိုက်တဲ့လူက ပြောပြပြီးပြီကိုး၊ အဲ့ဒီညကတော့ ကမ္ဘာတုန်အောင် ချောက်ချားစရာကောင်းတဲ့ ညတစ်ညပါပဲကွယ်'

\+ + + + + + + + +

ဦးဗစိုးအောင်ရောက်သွားချိန်တွင် စိုင်းကျော်စွာနှင့် တပည့်ငါးယောက်က ဝင်္ဘာလိုဏ်ခေါင်းထဲသို့ဆင်းရန်ပြင်နေကြပေပြီ။ မီးတုတ်များထွန်းညှိကာ တစ် ယောက်လျှင် မီးတုတ်တစ်ခုစီကိုင်ဆောင်၍ လိုဏ်ခေါင်းထဲဆင်းရန် အသင့်ဖြစ်နေ ကြလေ၏။

လွှော်စောရှင်မွန်နှင့် နန်းခမ်းယုံတို့သားအမိလည်း ဘုရားဝင်းထဲသို့ရောက်နေကြလေသည်။

'နေကြပါဦးဗျာ၊ နေကြပါဦး'

ဦးဗစိုးအောင်က အနီးသို့ပြေးသွားကာ အော်ဟစ်ဟန့်တားလိုက်သည်။

'စော်ဘွားကြီးခင်ဗျာ၊ ကလေးတွေ လိုဏ်ခေါင်းထဲဆင်းသွားတာသေချာလို့လား'

'ဟုတ်တယ်၊ မြင်တဲ့လူကပြောတယ်၊ ကျုပ်သမီးကို ဆင်းရဲသားခွေး ကောင်လက်ထဲအပါမခံနိုင်ဘူး၊ ရအောင်ပြန်ခေါ်ရမယ်'



www.burmeseclassic.com

www.burmeseclassic.com

'လိုဏ်ခေါင်းထဲမှာရှိရိုးမှန်ရင် ဆင်းမလိုက်ကြပါနဲ့ဗျာ၊ ကလေးတွေကို ကျွန်တော်မေတ္တာရပ်ခံပြီး ခေါ်ပေးပါ့မယ်စော်ဘွားကြီး'

'ဘယ်ဖြစ်မလဲ၊ ထွက်ပြေးချင်တဲ့လူကို မေတ္တာရပ်ခံပြီးခေါ်လို့ရရိုးလားဗျ၊ ခင်ဗျားအသာနေစမ်းပါ'

'စော်ဘွားကြီး၊ ကလေးတွေ ကြောက်ကြောက်နဲ့ ရှေ့ဆက်ပြေးရင် လိုဏ်ခေါင်းထဲမှာ ကွဲရောက်ရပါလိမ့်မယ်ခင်ဗျာ၊ သူတို့ကြောက်ရွံ့အောင် နောက်ကနေ ဆင်းမလိုက်ပါနဲ့ တောင်းပန်ပါတယ်'

'အို ဒီအချိန်ဟာ ပျော့နေရမယ့်အချိန်မဟုတ်ဖူးဗျ၊ ပန်းချီဆရာကြီး၊ ခင်ဗျားအရေးကိစ္စမဟုတ်ပါဘူးဗျာ၊ အသာနေစမ်းပါ၊ ကဲ– ဆင်းကြဟေ့၊ ဟိုကောင်နဲ့ငါ့ညီမကိုတွေ့အောင်ရှာကြ'

စိုင်းကျော်စွာက လော်ဆော်လိုက်ရာ တပည့်ငါးယောက်သည် မီးတုတ်ကိုယ်စီကိုင်၍ဆင်းသွားကြလေ၏။

'တစ်ယောက်တစ်လမ်းစီခွဲပြီးရှာကြဟေ့၊ ငါကိုယ်တိုင် လိုက်ခဲ့မယ်'

စိုင်းကျော်စွာက ပြောပြောဆိုဆို မီးတုတ်တစ်ခုကိုကိုင်ကာ လိုဏ်ခေါင်းထဲသို့လိုက်ဆင်းသွားလေသည်။

အပေါ်တွင်စောင့်ကျန်ရစ်သူများ တိတ်ဆိတ်စွာကျန်ရစ်ခဲ့လေ၏။

မီးတုတ်ရောင်များမှာ ခဏချင်းပင် လိုဏ်ခေါင်းထဲ၌ပျောက်သွားလေပြီ။

ထိုအချိန်၌ သတင်းကြားဖြင့် မောင်သီဟ၏မိခင်ကြီးလွှဲခင်ညွန့်လည်း ဘုရားဝင်းထဲသို့ရောက်လာလေသည်။ စော်ဘွားမိသားစုကို ရင်မဆိုင်ဝံ့သောကြောင့် အမှောင်တစ်နေရာတွင်ကွယ်ရင်း အခြေအနေကိုရပ်ကြည့်နေလေ၏။

ပတ်ဝန်းကျင်တစ်ခုလုံးကား တိတ်ဆိတ်နေလေသည်။

မြေပေါ်တွင်ကျန်ရစ်ခဲ့သူအားလုံးသည် စိုးရိမ်ထိတ်လန့်စွာဖြင့် အတွေးကိုယ်စီဖွဲ့ကာ ငြိမ်သက်နေကြခြင်းဖြစ်သည်။ အားလုံးအတွေးထဲ၌ ဝင်္ဂဘာလိုဏ်ခေါင်းထဲတွင် လမ်းစပျောက်ကာ ပြန်မထွက်နိုင်မည့်အရေးကိုတွေး၍ စိုးရိမ်ကြောင့်ကျနေကြခြင်းဖြစ်ပါသည်။

အချိန်သည် တစ်စ့တစ်စ ကုန်လွန်သွားခဲ့သည်။

ငါးမိနစ်မှ ဆယ်မိနစ်။ ဆယ်မိနစ်မှ ဆယ့်ငါးမိနစ်။

ဤမျှကြာအောင်ရှာဖွေနေလျှင် မောင်သီဟနှင့်စောမြတ်မွန်ကပဲ အပုန်းကောင်းလို့လား။ ကြောက်ကြောက်နှင့် တွေ့ရာလိုဏ်ခေါင်းထဲဝင်ကာ ရှေ့သို့ဆက်၍ပြေးလေသလား။

မိနစ်နှစ်ဆယ်ကြာသွားသည်။

ထိုအချိန်တွင် လိုဏ်ခေါင်းထဲဆင်းလိုက်သွားသော တပည့်ငါးယောက်မှ လေးယောက်မှာ မြေပေါ်သို့ပြန်တက်လာကြလေ၏။ သူတို့လက်ထဲမှမီးတုတ်များက ငြိမ်းလျှက်။

'ဆက်လိုက်လို့မရတော့ပါဘူးစော်ဘွားကြီး၊ ကျွန်တော်တို့လက်ထဲက မီးတုတ်တွေလည်းငြိမ်းကုန်ပါတယ်၊ အထဲမှာ ဘာမှလည်း မမြင်ရပါဘူး၊ အသက်ရှူရ


www.burmeseclassic.com

www.burmeseclassic.com

လည်း ခက်ပါတယ်၊ အထွက်ပေါက်ရောက်အောင် မနည်းကြိုးစားပြီးပြန်ခဲ့ရပါတယ်'

လေးယောက်စလုံးက တညီတညွတ်ထဲ အစီရင်ခံကြသည်။

လိုဏ်ခေါင်းထဲ၌ မောင်သီဟ၊ စောမြတ်မွန်တို့နှင့်အတူ စိုင်းကျော်စွာနှင့် တပည့်တစ်ယောက်တို့ရှိသေးသည်။ စိုင်းကျော်စွာကတော့ ညီမဖြစ်သူကို မတွေ့တွေ့အောင်ရှာနေခြင်းဖြစ်ပေမည်။ ကျန်ရစ်သောတပည့်တစ်ယောက်မှာ ဖိုးနီဖြစ်၏။

အချိန်က တဖြည်းဖြည်းနှင့်ကုန်လွန်သွားသည်။

သန်းခေါင်ကျော်လာပြီ။

လူတိုင်းရင်မှာ စိုးရိမ်ထိတ်လန့်မှုများဖြင့် မျက်နှာပျက်စပြုလာပြီ။

ဦးဗစိုးအောင်သည် လိုဏ်ခေါင်းထဲသို့ဆင်းခဲ့၏။ အမှောင်မှာကွဲထွက်နေသောလိုဏ်ခေါင်းပေါက်များဆီသို့ဦးတည်ကာ အော်ခေါ်လေ၏။

'မောင်သီဟ့ စောမြတ်မွန်'

'မောင်သီဟ့ စောမြတ်မွန် ပြန်ခဲ့ပါကွယ်၊ ပုန်းနေရင် ပြန်ထွက်ခဲ့ပါတော့'

ဦးဗစိုးအောင်အသံများက လိုဏ်ခေါင်းများတလျှောက်တွင်ပဲ့တင်ထပ်ကာ လိုဏ်ခေါင်းအဝဆီ၌ပြန်ပေါ်လာလေသည်။

'မောင်သီဟ့ စောမြတ်မွန်'

'မောင်သီဟ့ စောမြတ်မွန်'

မောင်သီဟမိခင် ဌေးခင်ညွန့်လည်း ဆင်းလိုက်လာကာ အော်ဟစ်ခေါ်ဝေါ်ရှာပြန်သည်။

'သားရေ့ လူလေး မောင်သီဟ၊ ပြန်လာခဲ့ပါကွယ်'

'လူလေးရေ့ သား မောင်သီဟရေ'

ဌေးစောရှင်မွန်နှင့် နန်းခမ်းယုံတို့လည်း ဆင်းလိုက်လာကြပြန်၏။

'သမီး စောမြတ်မွန်၊ သား မောင်ကျော်စွာ၊ သားရေ့ မောင်ကျော်စွာရေ့ မင်းညီမလေးကို မတွေ့ရင်လည်း ပြန်ထွက်ခဲ့ပါကွယ်၊ သမီးလေး စောမြတ်မွန် မေဖုရားတို့ရှိနေတယ်၊ ပုန်းနေရင်ထွက်ခဲ့ပါကွယ့်'

'စောမြတ်မွန် ညီမလေး၊ ကိုကျော်စွာ့ ကိုကျော်စွာရေ'

သက်ဆိုင်သူအသီးသီးသို့အော်ဟစ်ခေါ်ဝေါ်သံများကား လိုဏ်ခေါင်းများတွင်ပဲ့တင်ထပ်ကာ ဟိန်း၍ပြန်ထွက်လာသည်။

'စောမြတ်မွန် မောင်သီဟ'

'သာ့ လူလေး မောင်သီဟ'

'သမီးရေ့ စောမြတ်မွန်၊ မောင်ကျော်စွာ့ သား'

'ကိုကျော်စွာရေ့ ကိုကျော်စွာ့ ညီမလေး စောမြတ်မွန်'

အချိန်တို့သာကုန်လွန်သွားခဲ့လေသည်။ လိုဏ်ခေါင်းအတွင်းမှ မည်သည့်တုံ့ပြန်မှုကိုမှ မရခဲ့ချေ။

'အမလေး ကိုယ်ကျိုးနည်းပြီထင်ပါရဲ့၊ သားရေ့လူလေးရဲ့'

မောင်သီဟ၏မိခင်ကြီးက မြေပေါ်တွင်လူးလှိမ့်ကာ အော်ဟစ်ငိုယိုလိုက်


www.burmeseclassic.com

တော့မည်။

'အို သားနဲ့သမီး၊ မေဖုရားရင်တွေကွဲတော့မယ်ကွဲ့၊ ပြန်လာခဲ့ကြပါ တော့'

ဩစောရှင်မွန်သည် စူးစူးဝါးဝါးအော်ဟစ်ငိုယိုလိုက်ပြီး တက်ချက်ကာ သတိလစ်မေ့မျောသွားလေတော့သတည်း။

မိခင်များကို ဖျောင့်ဖျပြီး ပြန်ရန်ခေါ်ပါသော်လည်း ခေါ်လို့မရကြ။ သား ဇော့သမီးဇောဖြင့် မနက်မိုးစင်စင်လင်းသည်ထိ လိုဏ်ခေါင်းဝမှစောင့်နေကြလေသည်။

သို့သော် လိုဏ်ခေါင်းထဲဝင်သွားသူတို့ကား လင်းကြက်တွန်သည်ထိလည်းပေါ်မလာ။ ရောင်နီပျို့သည်ထိလည်း ပေါ်မလာ။ နေထွက်သည်အထိလည်း ပေါ်မလာ။

မည်သည့်အခါမှ ပေါ်မလာပါတော့ချေတကား။

\+ \+ \+ \+ \+ \+ \+ \+ \+

'တစ်ရက်ကြာတဲ့အထိမှ ပေါ်မလာကြတော့လည်း အသက်ဆက်ရှင်စရာ အကြောင်းမရှိဘူးလို့ ယူဆလိုက်ရတာပေါ့ကွယ်၊ လိုဏ်ခေါင်းထဲမှာ အသက်ရှူကြပ်ပြီးပဲ သေသလား၊ ချောက်ကမ္ဘားတွေ ရေတံခွန်တွေထဲပဲကျသွားသလား၊ အမျိုးမျိုး တွေးလို့ရတယ်လေ၊ ထွက်ပြေးသူရော လိုက်ရှာသူနှစ်ယောက်ပါ ပြန်ပေါ်မလာတော့ တဲ့အဖြစ်ကွဲ့၊ မိခင်တွေကတော့ သနားစရာပါပဲ၊ ဩခင်ညွန့်ရော ဩစောရှင်မွန် ရော တစ်ပတ်ကြာတဲ့အထိ လိုဏ်ခေါင်းဝကမပြန်ပဲ စောင့်မျှော်နေခဲ့ကြတယ်၊ တစ် ပတ်ပြည့်တော့မှ သူတို့ကိုယ်တိုင်လက်လျှော့သွားလိုက်ရတယ်ကွဲ့'

'ဖိုးနီဆိုတဲ့လူ ပြန်ပေါ်လာတာကရော အဘ'

ဩကို လုံမသိပြီးပြီကိုး'

'ဝင်္ဂဘာလိုဏ်ဂူအဝမှာ ကျွန်မကိုတွေ့တော့ မင်းသမီးလေးလိုဏ်ခေါင်း ထဲက ပြန်ထွက်လာပြီလို့ အော်ခဲ့ပါတယ်အဘ၊ အဘွားဩနန်းရွှေပြောပြလို့ စိုင်း ကျော်စွာနဲ့အတူ စောမြတ်မွန်ကိုလိုက်ရှာရာက လိုဏ်ခေါင်းထဲကပြန်ထွက်အလာမှာ ရူးသွပ်သွားတယ်ဆိုတာ သိခဲ့ရတာပါ'

'အင်း ဖိုးနီက သခင်တွေကိုမျက်နှာလုပ်ချင်လွန်းလို့ပဲ တွေ့အောင်ရှာ နေသလား၊ သူကိုယ်တိုင်ပဲ လမ်းစပျောက်ပြီးပြန်ထွက်မရတာလား မသိနိုင်ဘူး ပေါ့ကွယ်၊ သူပြန်ထွက်လာတော့ သွက်သွက်လည်အောင် ရူးနေပြီကိုး၊ ဘာမှမေး လို့မရတော့ဘူးလေ၊ ၁၂ရက်ကြာမှ ဖိုးနီလိုဏ်ခေါင်းထဲက ပြန်ထွက်လာတာကွဲ့၊ အဲ ဒီအချိန်ကတည်းက ရူးနေတာ အခုအထိပါပဲကွယ်၊ လုံမကိုတွေ့လို့ အော်တယ်ဆို တာက လုံမက စောမြတ်မွန်နဲ့ရုပ်ချင်းခွဲမရအောင် တူနေတာကိုး၊ အဖြစ်ဟောင်း တွေကို သူပြန်သတိရလို့နဲ့တူပါရဲ့ကွယ်'

'ဖြစ်မှဖြစ်ရလေ့'

'ဝင်္ဂဘာလိုဏ်ခေါင်းကိုလည်း ဖိုးနီပြန်ထွက်လာပြီးနောက်ပိုင်းမှာ ပိတ် ပစ်လိုက်တယ်လုံမလေး၊ အန္တရာယ်များလို့ ဘယ်သူ့ကိုမှပေးမဝင်တော့ဘူး'



www.burmeseclassic.com

www.burmeseclassic.com

'အခု ဖွင့်ထားတာကရောအဘ'

'ပြန်ဖွင့်တာ ဆယ်နှစ်ရှိသေးတယ်ကွဲ့၊ ခရီးသွားလုပ်ငန်းတွေဖွံ့ဖြိုးလာတော့ ဧည့်သည်တွေလည်းများလာတယ်လေ၊ နိုင်ငံခြားသားတွေပါ လေ့လာလို့ရအောင်ဆိုပြီး သက်ဆိုင်ရာလူကြီးတွေအစီအစဉ်နဲ့ ပြန်ဖွင့်လိုက်တာပဲ၊ ါပေမယ့်လုံမတွေ့ခဲ့မှာပေါ့၊ လိုဏ်ခေါင်းရဲ့အတွင်းပိုင်းအထိ သွားနိုင်တဲ့လမ်းတွေကိုတော့ သံတိုင်တွေနဲ့အင်္ဂတေကိုင်ပြီး အသေပိတ်ပစ်လိုက်တယ်လေ၊ အန္တရာယ်ရှိတဲ့အပိုင်းကို လူတွေမသွားနိုင်အောင်လို့ပေါ့'

'ဟုတ်ကဲ့၊ တွေ့ခဲ့ပါတယ်အဘ'

'ပြန်ပြီးမွမ်းမံလိုက်တဲ့လိုဏ်ခေါင်းထဲမှာ အခန်း၁၆ခန်းဖြစ်နေတယ်၊ ဂေါပကအဖွဲ့က အဘကို လိုဏ်ခေါင်းထဲမှာထားဖို့ နိပါတ်တော်ပန်းချီတွေရေးခိုင်းတော့ အခန်း၁၆ခန်းနဲ့ကိုက်အောင် ကောသလအိပ်မက်၁၆ချက်ကို တစ်ခန်းမှာ တစ်ပုံစီထားဖို့ ပန်းချီကားတွေရေးခဲ့တာပဲလုံမလေး၊ အဲ့ဒါဟာ အဘရဲ့ နောက်ဆုံးပန်းချီလက်ရာတွေပါပဲကွယ်၊ ကောသလအိပ်မက်ပန်းချီတွေဆွဲပြီးနောက်ပိုင်း အဘလည်းကျန်းမာရေးချွတ်ယွင်းပြီး လေဖြတ်သွားလို့ ပန်းချီမဆွဲနိုင်တော့ပါဘူး'

\+ + + + + + + + +

'ကိုသီဟနဲ့ စောမြတ်မွန်တို့အဖြစ်က ကြေကွဲစရာကောင်းလှချည်လားအဘရယ်'

'အေး နောက်ဆက်တွဲအဖြစ်တွေက ပိုပြီးကြေကွဲစရာကောင်းပါသေးတယ်လုံမရယ်၊ ဦးစဝ်ရန်ကျော်လည်း နောင်တတွေရသွားတယ်၊ သားရော်သမီးပါတပြိုင်တည်းဆုံးရှုံးသွားတာကိုး၊ စိတ်ထောင်းကိုယ်ကြေဖြစ်ပြီး ဳစိတ်နဲ့ပဲ အိပ်ရာထဲလှဲ့ အသက်ဆုံးခဲ့ရတာပါပဲကွယ်၊ စောမြတ်မွန်တို့အဖြစ်ဆိုးဖြစ်ပြီး နောက်နှစ်နှစ်အကြာမှာပဲ ဦးစဝ်ရန်ကျော်ရော၊ ဒေါ်စောရှင်မွန်ပါ ဇလပဲခြားပြီး ကွယ်လွန်သွားကြတယ်ကွဲ့'

'ဖြစ်မှဖြစ်ရလေ့'

'ခုတော့ သူတို့အိမ်ကြီးမှာ နန်းခမ်းယုံနဲ့ နန်းခမ်းကြွယ်တို့သားအမိပဲကျန်ခဲ့တာပေါ့ကွယ်'

နန်းခမ်းယုံနှင့်နန်းခမ်းကြွယ်မှာ ကျွန်မအား အိမ်ကြီးရှေ့မှစောင့်ကြည့်နေသောသားအမိဖြစ်ပေလိမ့်မည်။ ကျွန်မကိုကြည့်ကာ 'တူလိုက်တာ၊ ချွတ်စွတ်ကိုတူတာပဲ'ဟု တီးတိုးမှတ်ချက်ချသောစကားများကို ယခုတော့ ကျွန်မသဘောပေါက်ပေပြီ။ သူတို့သည် စောမြတ်မွန်၏ ယောင်းမနှင့်တူမများပါကလား။

'အခုလို အဘဆီက အကြောင်းစုံသိလိုက်ရတော့ အရင်ဘဝကအဖြစ်တွေကို ပြန်ပြီးသတိရမလာဘူးလားစောမြတ်မွန်'

ကိုဇော်လင်းထိုက်က ကျွန်မကိုမေးလိုက်သည်။

'သတိမရပါဘူးကိုဇော်လင်းထိုက်၊ ကျွန်မဟာ စောမြတ်မွန်မဟုတ်လို့ဖြစ်မှာပေါ့၊ တိုက်တိုက်ဆိုင်ဆိုင် ရုပ်ရည်ချင်းတူနေတာပဲဖြစ်မှာပါလေ'


www.burmeseclassic.com

www.burmeseclassic.com

ကိုဇော်လင်းထိုက်က သက်ပြင်းချလိုက်သည်။

'စောမြတ်မွန်ရဲ့ပန်းချီကားကြီးကို မျက်မြင်ကိုယ်တွေ့မြင်လိုက်ရင်တော့ ပြန်ပြီး သတိရရင်ရလာနိုင်ပါတယ်လေ၊ ပြီးတော့အရင်ဘဝက အိမ်ကြီးထဲရောက်ရင် အတိတ်ကိုပြန်မှတ်မိလာမှာပါ'

ကိုဇော်လင်းထိုက်က အားမလျှော့သေးပဲပြောနေပြန်သည်။

ကျွန်မသည် ဦးဗစိုးအောင် စီကာပတ်ကုံးပြောပြသောဇာတ်ကြောင်းကို မျက်စိထဲမြင်ယောင်လာသည့်ထိ နားထောင်နေရသော်လည်း တကယ်ပင် ဘာကိုမှ မှတ်မိမလာပါ။ အနည်းငယ်မှပင် မှတ်မိခြင်းမရှိပါပေ။ ကျွန်မသည် စောမြတ်မွန်ဝင်စားသူ ဟုတ်ချင်မှဟုတ်ပေမည်။

စောမြတ်မွန်နှင့်ပတ်သက်တာဆို၍ ခေါ်သံများ ကြားခဲ့ရသည့်အဖြစ်များသာရှိပေသည်။ ကျွန်မသည် စောမြတ်မွန်လူဝင်စားမဟုတ်လျှင် ထိုခေါ်သံများကို အဘယ်ကြောင့်ကြားရသနည်း။ ခေါ်သံတွေကရော ဘဝတစ်ခုခြားပြီးမှ ဘာကြောင့် ထွက်ပေါ်လာရသနည်း။ ပြီးတော့ ကျွန်မရှိနေသည့်အရပ်များအထိ ခေါ်သံများကို ကြားနေရခြင်းပါ ဘာကြောင့်ပါလဲ။

ခေါ်သံနှင့်ပတ်သက်၍ ကျွန်မဆက်လက်စုံစမ်းလေ့လာရပါဦးမည်။

လောလောဆယ်တော့ ခေါ်သံနှင့်ပတ်သက်၍ ကျွန်မ သူတို့ကိုဖွင့်မပြောသေးပါ။ ဖွင့်ပြောလိုက်လျှင် ကိုဇော်လင်းထိုက်က ကျွန်မကိုစောမြတ်မွန်အဖြစ်ပို၍ စွတ်စွဲပေတော့မည်။ ကျွန်မနည်းကျွန်မဟန်ဖြင့် ခေါ်သံကိစ္စကိုစုံစမ်းရန် လျှို့ဝှက်ထားလိုက်ပါ၏။

'ကျွန်တော်ကတော့လူမှန်းသိတတ်စကတည်းက အရင်ဘဝကအကြောင်းတွေကို မှတ်မိခဲ့တယ်စောမြတ်မွန်၊ ကျွန်တော့်ရဲ့လူဝင်စားဘဝဟာ ထင်ယောင်ထင်မှားဖြစ်ရပ်မျိုးမဟုတ်ပါဘူး၊ ကျွန်တော့်မိဘတွေက စောမြတ်မွန်တို့အဖြစ်ကိုမြင်ပြီး စိတ်စွဲလမ်းလို့ ကျွန်တော်လူဝင်စားဖြစ်သယောင်မျိုးမဟုတ်ဘူး စောမြတ်မွန်၊ ကျွန်တော့်ရဲ့လူဝင်စားဘဝဟာ သိပ်ကိုရှင်းတယ်'

'ရှင့်'

'ကျွန်တော်ဟာ ကိုသီဟဝင်စားသူဆိုတာ မိဘရဲ့စိတ်အစွဲအလမ်းကြောင့် မဟုတ်ဖူးလို့ဆိုလိုတာပါ၊ ဘာဖြစ်လို့လဲဆိုတော့ ကျွန်တော့်မိဘတွေက ကိုသီဟနဲ့ စောမြတ်မွန်တို့အဖြစ်ဖြစ်ပြီး တစ်နှစ်ကြာမှ အရပ်ဝေးကနေ ဓါကိုပြောင်းလာကြတာမို့ပါစောမြတ်မွန်၊ ကျွန်တော့်မိဘတွေက စောမြတ်မွန်တို့အဖြစ်ကို ဘာမှသိမထားကြဘူး၊ စမ်းဦးလွင်ရောက်ပြီး ၂နှစ်ကြာမှ ကျွန်တော့်ကိုမွေးတယ်၊ ကျွန်တော်ဟာ အရင်ဘဝကအကြောင်းတွေကို ငယ်ငယ်လေးကတည်းက ကိုယ့်ဟာကိုယ်ပြောပြတတ်နေတာပါစောမြတ်မွန်'

'အခုကတော့ ဟုတ်တယ်လုံမရွှေ ဟော့ဒီသူငယ်ဟာ မောင်သီဟရဲ့ ဘဝဖြစ်စဉ်အားလုံးကိုမှတ်မိနေတယ်၊ စမ်းဦးလွင်ကလူတွေအားလုံးကိုလည်း သိနေတယ်၊ သူ့မိဘတွေက ဘုတ်ပုံဆိုင်ဖွင့်ဖို့ ရပ်ဝေးကရောက်လာပြီး ဓါမှာအခြေချကြတာလေ၊ သူတို့သားပြောပြတာတွေကို အစပိုင်းမှာမယုံကြဘူး၊ မောင်သီဟက


www.burmeseclassic.com

သူ့ ရဲ့အရင်ဘဝကအမွေ့ခေါ်ခင်ညွှန့်ကိုပြန်နိုင်တယ်၊ ဖွေ့ခေါ်ခင်ညွှန့်ကိုယ်တိုင်လည်း အသက်ရှင်ရက်ရှိနေသေးတယ်၊ ဖွေ့ခေါ်ခင်ညွှန့်ကိုယ်တိုင်က သူ့သားမောင်သီဟဝင်စားတာပါဆိုတာကို လက်ခံမှ ယုံသွားကြတာ၊ သူ အသက်ရနှစ်အရွယ်မှာ အဘဆီကိုရောက်လာတော့ အဘကိုယ်တိုင် အံ့ဩခဲ့ရပါတယ်ကွယ်'

\+ + + + + + + + +

( ၁၀ )

'တစ်နေ့မှာ အဘဆီကို အသက်ခြောက်နှစ်,ခုနစ်နှစ်အရွယ် ကလေးတစ်ယောက်ရောက်လာခဲ့တယ်၊ အဲ့ဒါဘယ်နှခုနစ်လောက်လဲဆိုတော့ ဘယ်နှခုနှစ်လဲမောင်သီဟ'

'ကျွန်တော်အဘဆီကို ပထမဆုံးရောက်လာတာ အသက်ခုနစ်နှစ်အရွယ် ၁၉၈၇ခုနှစ်ပါ အဘ'

'အေးဟုတ်တယ်၊ သူနဲ့အတူ သူ့မိဘတွေလည်း ပါလာတယ်၊ အဲ့ဒီအချိန်မှာ သူတို့အားလုံး ဖွေ့ခေါ်ခင်ညွှန့်နဲ့တွေ့ပြီးလို့ ဖွေ့ခေါ်ခင်ညွှန့်ကိုယ်တိုင်က ဟော့ဒီက မောင်ဇော်လင်းထိုက်ကို သူ့သားမောင်သီဟဝင်စားသူဆိုတာ လက်ခံပြီးပြီကွဲ့၊ အဘလည်း ရွာထဲက ပြောကြဆိုကြလို့ ကြားသင့်သလောက်ကြားပြီးပါပြီ၊ သူတို့တွေအဘအိမ်ကို တွတ်တိုက်ထိရောက်လာမှ အဘလည်း ဒီသူငယ်ကို မောင်သီဟဝင်စားသူဆိုတာ လက်ခံလိုက်ရတာပဲ၊ မောင်သီဟနဲ့စောမြတ်မွန်တို့ကွယ်လွန်တာ ၁၉၇၇ခုနှစ်၊ သူ့ကိုပြန်မွေးတာက ၁၉၈၀ဆိုတော့ သုံးနှစ်အကြာမှာ လူဝင်စားအနေနဲ့ပြန်မွေးတယ်ဆိုတာလည်း သိလိုက်ရတယ်'

ကျွန်မမွေးဖွားခဲ့သည့်နှစ်မှာလည်း ၁၉၈၀ပြည့်နှစ်ဖြစ်ပါ၏။

'အဲ့ဒီတုန်းက သူက ဘယ်လိုယုံလောက်တဲ့အကြောင်းတွေများ ပြောနိုင်ခဲ့လို့လဲအဘ'

'ပြောတာတွေကတော့ အများကြီးပဲ၊ အတော်ကိုအသေးစိတ်သိနေတယ်၊ တချို့အချက်တွေက အဘနဲ့သူနဲ့နှစ်ယောက်ထဲသိတဲ့အကြောင်းတွေဖြစ်နေတယ်ကွဲ့၊ ဥပမာ့ သူအဘဆီမှာ ပန်းချီအရေးသင်တုံးက လေ့ကျင့်ရင်းဆွဲထားတဲ့ပန်းချီကားအကြမ်းတွေပေါ့ကွယ်၊ အဲ့ဒီပန်းချီပုံကြမ်းတွေကို ဘယ်နေ့ဘယ်ရက်က ဆွဲခဲ့တယ်၊ အဘကသူ့ကို ဘယ်လိုသင်ကြားပြသပေးတယ်ဆိုတာတွေ ပြန်ပြောနိုင်တယ်ကွဲ့'

'ဪ'

'နောင်တော့ အရင်ဘဝကအတိုင်းပါပဲကွယ်၊ အဘအိမ်ကိုဝင်ထွက်သွားလာပြီး ပန်းချီပညာသင်ခဲ့တယ်ကွဲ့၊ အရင်ဘဝကဆွဲခဲ့တဲ့ပန်းချီကားတွေကိုဆက်ဆွဲခဲ့တာ လက်ရာကတစ်မျိုးတည်းပါပဲလုံးမရယ်၊ လူတစ်ယောက်စီဖြစ်သွားပေမယ့် သူ့ကိုမောင်သီဟလို့ပဲမှတ်ယူလို့ အဘကရော့ တစ်အိမ်သားလုံးကပါ မောင်သီဟလို့ပဲခေါ်ခဲ့ကြတာ နှုတ်ကျိုးနေပြီပေါ့ကွယ်'

'စောမြတ်မွန်နဲ့ပတ်သက်တဲ့ အပိုင်းကိုရော့ ယယ်ယယ်ကတည်းက သူမှတ်မိခဲ့တာလားအဘ'


www.burmeseclassic.com

လွှါပေါ့ကွယ် စောမြတ်မွန်နဲ့အဖြစ်တွေအားလုံးကိုလည်း တစ်ပါတည်း သိနေခဲ့တယ်၊ သူတို့နှစ်ယောက် ဘယ်လိုသေဆုံးခဲ့တယ်ဆိုတာကိုပါ ပြောလည်း ပြောခဲ့တယ်၊ စောမြတ်မွန်တို့အိမ်ကြီးရှေ့ကိုလည်း မကြာမကြာ သွားကြည့်တတ်တယ်ကွဲ့၊ ကိုးဆူဘုရားထဲမှာလည်း အကြာကြီးသွားထိုင်နေတတ်တယ်'

ကျွန်မနှင့်အဘဦးဗစိုးအောင်တို့ သူ့အကြောင်းပြောဆိုနေကြသည်ကို ကိုဇော်လင်းထိုက်က ငြိမ်သက်စွာပင် နားထောင်အကဲခတ်နေပါသည်။

'စောမြတ်မွန်မိသားစုကရော ကိုသီဟလူဝင်စားပြန်ဖြစ်နေတယ်ဆိုတာကို သိကြသလားအဘ'

'သူတို့လည်း ကြားနေခဲ့ကြပါတယ်၊ အဆက်အသွယ်တော့မရှိကြဘူးကွဲ့၊ အဲ့ဒီအချိန်မှာ စော်ဘွားကြီးနဲ့စော်ဘွားကြီးကတော်လည်း ဆုံးသွားပြီလေ'

'ဟုတ်ကဲ့'

လွှါပေမယ့် အဲ့ဒီအိမ်ကကျန်ရစ်သူတွေနဲ့ ပတ်သက်ဖို့ဖြစ်လာခဲ့တယ်၊ တခြားမဟုတ်ပါဘူး၊ ဟော့ဒီမောင်သီဟက စောမြတ်မွန်ရဲ့ပန်းချီကားကြီးကို ကြည့်ချင်တယ်လို့ပူဆာတာပါပဲ'

'အို'

'အသက်ကလေးရလာလေ့ သူဟာ စောမြတ်မွန်ရဲ့ပန်းချီကားကြီးကို ကြည့်ချင်ပါတယ်လို့ပူဆာလေပဲ၊ ပထမဆုံးအကြိမ် မှတ်မှတ်ရရ သူ့ကို ပန်းချီကားကြီးရှိရာလိုက်ပို့ခဲ့တာ သူ့အသက် ၁၃နှစ်အရွယ်မှာပဲကွဲ့၊ မောင်သီဟပူဆာလွန်းလို့ အဘလိုက်ပို့ရတာပါ၊ ဖြစ်ချင်တော့ အဲ့ဒီနေ့ဟာ ခရစ္စမတ်နေ့ဖြစ်နေတယ်ကွဲ့'

'၁၉၉၃ခုနှစ် ခရစ္စမတ်နေ့ပါ စောမြတ်မွန်'

ကိုဇော်လင်းထိုက်က ဝင်ထောက်ပေးသည်။

ဘုရားရေ့ သူ့အသက်၁၃နှစ်အရွယ်သည် ရွယ်တူဖြစ်သောကျွန်မအတွက်လည်း ၁၃နှစ်ဖြစ်ပါသည်။ ကျွန်မသည် အသက်၁၃နှစ်အရွယ် မြို့သေလာတွင်နေစဉ်က ပထမဆုံးအကြိမ် ခေါ်သံကြားသည်ကို မှတ်မိလာ၏။

'အဲ့ဒီနေ့က တစ်နေ့လုံး ပန်းချီကားကြီးဆီကိုလိုက်ပို့ဖို့ပူဆာနေလို့ အဘဟာ ညအချိန်ကြီးမှာ လိုက်ပို့ခဲ့ရတယ်ကွဲ့၊ ခရစ္စမတ်နေ့ဟာ ဟိုဘဝက သူတို့ကွယ်လွန်ခဲ့တဲ့နေ့ဆိုတာမှတ်မိနေတော့ စောမြတ်မွန်ပန်းချီကားကို အမှတ်တရကြည့်ချင်လွန်းလို့ပါဆိုပြီး မရမက ပူဆာနေတော့တာကိုး'

ဦးဗစိုးအောင်သည် ဇော်လင်းထိုက်ပူဆာလွန်း၍ ဖြစ်ချင်ရာဖြစ်ဆိုကာ ဇော်လင်းထိုက်ကလေးကိုလက်ဆွဲ၍ ညအချိန်ကြီးမှာပင် စောမြတ်မွန်နေထိုင်ခဲ့ရာ အိမ်ကြီးဆီသို့ထွက်လာခဲ့လေသည်။

လမ်းတွင် ခရစ္စမတ်တေးဆိုသောအဖွဲ့များကိုတွေ့သည်။

အိမ်ကြီးဆီရောက်တော့လည်း ခရစ္စမတ်အဖွဲ့တစ်ဖွဲ့ အိမ်ကြီးထဲမှထွက်လာသည်နှင့်ကြုံ၏။

အိမ်ဖော်တစ်ယောက်က တံခါးပိတ်လုဆဲတွင် ဦးဗစိုးအောင်က ဝင်၍ တောင်းလိုက်သည်။


www.burmeseclassic.com

www.burmeseclassic.com

အိမ်ဖော်က သူတို့ကို အိမ်ကြီးဆီခေါ်သွား၏။ အိမ်ရှေ့တွင်ခေတ္တစောင့်ခိုင်းကာ ပန်းချီဆရာကြီးရောက်လာကြောင်းကို ဝ္ဍါနန်းခမ်းယုံအား သွားပြောပေး၏။

ဝ္ဍါနန်းခမ်းယုံကိုယ်တိုင် အိမ်ရှေ့သို့ဆင်းလာပါသည်။

'အလို ဆရာကြီးပါလား'

'ဟုတ်ပါတယ်ဝ္ဍါနန်းခမ်းယုံ၊ အချိန်မတော်ကြီးလာရလို့ ခွင့်လွှတ်ပါ၊ ဟော့ဒီသူငယ်လေးက စောမြတ်မွန်ရဲ့ပန်းချီကားကြီးကို ကြည့်ချင်ပါတယ်လို့ပူဆာလွန်းလို့ ကျွန်တော်လိုက်ပို့ပါတယ်၊ ကြည့်ချင်ပြုပါခင်ဗျာ'

ဝ္ဍါနန်းခမ်းယုံက ဦးဗစိုးအောင်လက်ဆွဲခေါ်လာသော လူငယ်လေးကို ကြည့်လိုက်သည်။

'သူ့သူ မောင်သီဟဝင်စားတယ်ဆိုတဲ့ သူငယ်လား ဆရာကြီး'

'မှန်ပါတယ်ဝ္ဍါနန်းခမ်းယုံ'

'အို'

ဝ္ဍါနန်းခမ်းယုံက တုန်လှုပ်သွားလေသည်။

'တူလှချည့်မယ်မယ်ရယ်၊ ကိုသီဟဆိုသူနဲ့ အတော်ကိုတူတာပဲ'

နောက်မှရောက်လာသည့် အသက်၁၈နှစ်အရွယ် မိန်းကလေးက ဇော်လင်းထိုက်ကိုကြည့်ရင်းပြောလိုက်လေသည်။ သူမကား ပန်းချီကားရေးဆွဲစဉ်က အသက်၂နှစ်အရွယ်သာရှိသေးသော စိုင်းကျော်စွာနှင့် နန်းခမ်းယုံတို့၏သမီးလေး နန်း ခမ်းကြွယ်ဖြစ်လေသည်။

'ကြည့်ပါလေ့ ကြည့်ပါ၊ ဆရာကြီးကိုယ်တိုင်ပါလာလို့ ကျွန်မကြည့်ခွင့်ပြုပါတယ်ဆရာကြီး'

ဝ္ဍါနန်းခမ်းယုံက သက်ပြင်းကိုချရင်း ပြောလိုက်သည်။

'လာပါ့ အထဲကိုကြွပါရှင်'

ပန်းချီကားကြီးမှာ ဧည့်ခန်း၌ပင် ဦးစဝ်ရန်ကျော်၏ပန်းချီကားနှင့် ဝ္ဍါစောရှင်မွန်ပန်းချီကား ယှဉ်ချိတ်ထားသည့်အောက်ဖက်၊ ပန်းချီကားနှစ်ချပ်၏အလည်တည့်တည့်တွင် ချိတ်ဆွဲထားပေ၏။

ဦးဗစိုးအောင်အနေနှင့်လည်း မိမိကိုယ်တိုင်ရေးဆွဲခဲ့သော ပန်းချီကားကို နှစ်ပေါင်း၁၆နှစ်ကြာမှ ပြန်လည်မြင်တွေ့ရခြင်းဖြစ်လေသည်။

**'စောမြတ်မွန်'**

အသက်၁၃နှစ်အရွယ်သူငယ်လေးက နှုတ်မှရေရွတ်ကာ ပန်းချီကားကြီး ချိတ်ဆွဲထားရာသို့ပြေးသွားသည်ကို အားလုံးပင် အံ့အားသင့်ကာ ငေးမောနေကြလေ၏။

**'စောမြတ်မွန် စောမြတ်မွန်'**

ဇော်လင်းထိုက်ကပန်းချီကားကိုမော့ကြည့်ကာ သက်ရှိလူတစ်ယောက်ကိုခေါ်သည့်သဖွယ် နှုတ်မှ တဖွဖွခေါ်နေလေသည်။

**'စောမြတ်မွန် စောမြတ်မွန်'**


www.burmeseclassic.com

www.burmeseclassic.com

'စောမြတ်မွန် စောမြတ်မွန်'

သူ့ခေါ်သံကြောင့် ပန်းချီကားထဲကစောမြတ်မွန် အသက်ဝင်လှုပ်ရှားလာလေမလားအထင်ဖြင့် တစာစာအော်ခေါ်နေခဲ့လေသည်။

'စောမြတ်မွန် စောမြတ်မွန်'

'စောမြတ်မွန် စောမြတ်မွန်'

လူကြီးသုံးယောက်လုံး ဇော်လင်းထိုက်၏အပြုအမူကို ငေးမောကြည့်နေမိကြလေသည်။

အတန်ကြာကြည့်အပြီးတွင် ဦးဗစိုးအောင်က ဇော်လင်းထိုက်အားချော့မော့ခေါ်ယူလိုက်လေသည်။

'မောင်သီဟ မောင်သီဟ လာပါကွယ်၊ သူ့ဟာသူရှိပါစေတော့၊ သူပျော်ရာမှာ နေပါစေဦးကွယ်၊ အချိန်တန်ရင် စောမြတ်မွန်ပြန်လာမှာပေါ့၊ ခေါ်မနေပါနဲ့တော့ကွယ်၊ အဘတို့ ပြန်ကြပါစို့'

'စောမြတ်မွန်ဟာ လူ့ပြည်ကိုပြန်ရောက်နေပါပြီ အဘရယ်၊ ကျွန်တော်နဲ့အတူတူ စောမြတ်မွန် လူပြန်ဖြစ်နေပါပြီ၊ စောမြတ်မွန်ဘယ်နေရာမှာ ပြန်ပြီးဝင်စားနေတယ်ဆိုတာသာ မသိတာပါ၊ စောမြတ်မွန်ဟာ တစ်နေ့တော့ စမ်းဦးလွင်ကိုပြန်ရောက်လာပါလိမ့်မယ်အဘ၊ ကျွန်တော့်ဆီကို ပြန်ရောက်လာပါလိမ့်မယ်'

'အို'

'ဘုရားဘုရား'

ဇော်လင်းထိုက်၏နှုတ်မှထွက်လာသောစကားများကြောင့်ဖျော်နန်းခမ်းယုံနှင့်နန်းခမ်းကြွယ်မှာ တုန်လှုပ်ချောက်ချားသွားကြလေသည်။

\+ + + + + + + + +

ကျွန်မ၏ရင်သည်လည်း အဘဦးဗစိုးအောင်ပြောပြသည်များကိုနားထောင်ကာ တုန်လှုပ်ချောက်ချားလျှက်ရှိပေပြီ။

ကျွန်မသိလိုလှသော့ 'ခေါ်သံ'၏ လျှို့ဝှက်ချက်ကို သိလိုက်ရပေပြီ။ 'ခေါ်သံ'၏အဖြေကို သိလိုက်ရပေပြီ။

'အဘဟာ ခရစ္စမတ်ရက်ရောက်တိုင်း သူ့ကို စောမြတ်မွန်ပန်းချီကားကြီးရှိရာကိုလိုက်ပြခဲ့ရတယ်၊ နှစ်စဉ်နှစ်တိုင်း ဆိုပါတော့ကွယ်'

'နှစ်စဉ်နှစ်တိုင်း'

'သူဟာ ပန်းချီကားကြီးရှေ့ရောက်တိုင်း သက်ရှိလူတစ်ယောက်ကို ခေါ်သလို စောမြတ်မွန်နာမည်ကိုခေါ်တယ်၊ အဘကလည်း သူ့ကိုနှစ်သိမ့်ပြီး ပြန်ခေါ်ခဲ့ရစမြဲပါပဲကွယ်'

ကျွန်မကြားခဲ့သောခေါ်သံသည်ကိုဇော်လင်းထိုက်၏ခေါ်သံဖြစ်ပြီး နောက်ဆက်တွဲထွက်ပေါ်လာသော အဘိုးအိုး၏အသံမှာ အဘဦးဗစိုးအောင်၏အသံပါလား။ သို့သော် ကျွန်မသည် ခေါ်သံကို နှစ်စဉ်မကြားခဲ့ရချေ။ အသက်၁၃နှစ်တွင်တစ်ကြိမ် မြိုင်သေလာ၌လည်းကောင်း၊ ၁၆နှစ်တွင်တစ်ကြိမ် မိတ္ထီလာ၌လည်းကောင်း

ကြားခဲ့ရပေသည်။

'အဘ လေဖြတ်သွားပြီးတဲ့နောက်ပိုင်းတော့ အဘလည်း လိုက်မပို့နိုင်တော့ဘူး၊ သူ့ဟာသူပဲ ခရစ္စမတ်ရက်ရောက်တိုင်း သွားတော့တယ်၊ နန်းခမ်းယံတို့က စိတ်သဘောထားပျော့ပြောင်းတဲ့သူတွေမို့ ပန်းချီကားကြီးလာကြည့်တာကိုလက်ခံကြပါတယ်ကွယ်'

တက္ကသိုလ်တက်စဉ်က ကြားရသည့်ခေါ်သံနှင့် မနှစ်က ကြားခဲ့ရသောခေါ်သံများတွင် အဘအသံပါမလာတော့သည်ကို ကျွန်မအတွက် ရှင်းသွားပေပြီ။

တကယ်တော့ ကျွန်မကြားခဲ့ရသော ခေါ်သံများသည် ကျွန်မနှင့်မေမေယူဆသလို သိုက်မှခေါ်သောခေါ်သံလည်း မဟုတ်ပါ။ ခေါ်သံရှင်သည် သိုက်နန်းထဲတွင်ကျန်ရစ်ခဲ့သော ကျွန်မ၏ကြင်လျာလည်းမဟုတ်ပါ။ နောက်ဆက်တွဲအဘိုးကြီး၏အသံသည်လည်း သိုက်ချုပ်ဘိုးဘိုးကြီးလို သိုက်နန်းမှလူကြီးတစ်ဦး၏အသံမဟုတ်ပါပေ။ ပစ္စုပ္ပန်လောကတစ်နေရာမှအသံများကို ကျွန်မ တိုက်ရိုက်ကြားနေရခြင်းသာဖြစ်ပါသည်။ သဘာဝလွန်ကိစ္စ ၊ ကစနမ ဖြေအေကမင္ဂ တစ်ခုသာဖြစ်ပါသည်။ မည်သည့် အတွက်ကြောင့် ကြားရသည်ကိုမူ စဉ်းစားဆင်ခြင်ဖွယ်ရှိပေ၏။

သို့သော် ကျွန်မသည် ခေါ်သံများကြားရခြင်းအကြောင်းကို အဘနှင့်ကိုဇော်လင်းထိုက်အား မပြောသေးပဲမြိုသိပ်ထားလိုက်၏။

'မောင်ဇော်လင်းထိုက်က စောမြတ်မွန်ဟာလည်း တစ်နေရာမှာ ပြန်ဝင်စားနေပါပြီလို့ ခိုင်ခိုင်မာမာပြောခဲ့တယ်ကွဲ့၊ ဒါပေမယ့် စောမြတ်မွန်ဝင်စားသူကိုဘယ်လိုမှရှာလို့မတွေ့ခဲ့ပါဘူးကွယ်၊ လုံမဟာ တစ်ချိန်ကစောမြတ်မွန်ဟုတ်–မဟုတ်ဆိုတာတော့ ကိုယ့်ဖာသာပဲအဖြေရှာကြပေတော့ကွဲ့'

'ဟုတ်ကဲ့ပါအဘ'

'အဘပြောတဲ့အကြောင်းတွေကို ကြားရတဲ့အထိ အရင်ဘဝဟောင်းကိုမှတ်မိမလာသေးဘူးလားစောမြတ်မွန်'

'ကျွန်မဟာ အဘပြောသလို ဇာတိဿရဉာဏ်နည်းတယ်ထင်ပါရဲ့ရှင့်၊ ဒါမှမဟုတ် ကျွန်မဟာ စောမြတ်မွန်ဝင်စားသူမဟုတ်လို့ဖြစ်ပါလိမ့်မယ်'

'အို စောမြတ်မွန်ရဲ့ပန်းချီကားကြီးကို တွေ့ရင်တော့ မှတ်မိလာမှာပါလေ၊ ကဲ့ အဘပြောတဲ့အကြောင်းအရာတွေကတော့ စုံပြီ၊ ကျွန်တော်တို့ စောမြတ်မွန်ပန်းချီကားကြီးကိုကြည့်ဖို့ သွားကြစို့စောမြတ်မွန်၊ ဟိုရောက်ရင် ပန်းချီကားကိုလည်းတွေ့မယ်၊ အရင်ဘဝက ကိုယ်တိုင်နေခဲ့တဲ့အိမ်မို့ စောမြတ်မွန်အရာအားလုံးကို ပြန်မှတ်မိလာမှာပါ'

'အဲ့ဒီလိုဖြစ်ပါစေလို့ ဆုတောင်းပါတယ်ရှင်'

\+ + + + + + + + +

www.burmeseclassic.com

( ၁၁ )

ကျွန်မတို့သည် အဘဦးဗစိုးအောင်ကိုနှုတ်ဆက်ပြီး ထွက်လာခဲ့ကြသည်။ မောင်စိုင်းနောင်ကိုလည်း ပြန်လွှတ်လိုက်ပါ၏။

စောမြတ်မွန်ယခင်ဘဝက နေခဲ့သည့်အိမ်ကြီးကို ကိုဇော်လင်းထိုက်နှင့်အတူလာခဲ့လေ၏။

လှို့ဝှက်သည်းဖိုဆန်သောအိမ်ကြီးက ကျွန်မအားရင်လှိုက်ဖိုဖွယ်ကောင်းအောင်ကြိုဆိုနေပေသည်။

ကိုဇော်လင်းထိုက်က ဝင်းတံခါးမှကြိုးလေးကို ဆွဲလိုက်ရာ အိမ်ဖော်တစ်ယောက်က တခါးမကြီးကိုလာဖွင့်ပေး၏။ တံခါးလာဖွင့်သူ အိမ်ဖော်ထံမှအံ့သြသောအကြည့်ကို ကျွန်မဦးစွာခံယူလိုက်ရလေသည်။

ကျွန်မတို့အိမ်မကြီးဆီသို့လာခဲ့ကြလေ၏။

'အန်တီယုံ့ မမကြွယ့်'

ကိုဇော်လင်းထိုက်က အသံကျယ်ကျယ်ဖြင့်ခေါ်လိုက်လေ၏။

အိမ်ဖော်မလေး အကြောင်းကြားပေး၍ အိမ်ထဲမှအမျိုးသမီးတစ်ယောက်ထွက်လာလေသည်။ သူမကား ကျွန်မကို စျေးသွားရင်း တအံ့တသြ ကြည့်သွားသူ၊ ပြီးတော့ သူမ၏မိခင်နှင့်အတူ ကျွန်မ ကိုးဆူဘုရားမှအပြန်ကို အိမ်ရှေ့မှစောင့်ကြည့်နေသူအမျိုးသမီးဖြစ်ပါ၏။

နန်းခမ်းကြွယ်ဖြစ်ပေမည်။

'အို သူ သူ'

'သူ စောမြတ်မွန်လေ မမကြွယ်၊ စောမြတ်မွန်တစ်နေ့ပြန်လာမယ်လို့ ကျွန်တော်ပြောတယ်မဟုတ်လား၊ စောမြတ်မွန်ပြန်ရောက်လာပါပြီမမကြွယ်'

'မမကြွယ့်သူ့ကိုတွေ့တာနှစ်ရက်ရှိပြီ၊ တူလိုက်တာ တူလိုက်တာ၊ မောင်သီဟ သူဟာ တကယ်ပဲ မမကြွယ်ရဲ့အစ်ငါ့ စောမြတ်မွန်ပဲလားကွယ်'

'အို မဟုတ်ပါဘူးရှင်၊ ကျွန်မနာမည်မြစံပယ်ရုံပါ၊ ကျွန်မစမ်းဦးလွင်ရဲ့ ဧည့်သည်တစ်ယောက်ပါမမ၊ စောမြတ်မွန်ရဲ့ပန်းချီကားကြီးဟာ ကျွန်မနဲ့တူတယ်ဆိုလို့ကြည့်ဖို့လာတာပါရှင်'

'တိုက်ပဲတိုက်ဆိုင်တယ်ကွယ်၊ စောမြတ်မွန်နဲ့တူတဲ့မိန်းကလေးဟာမောင်သီဟနဲ့ သွားတွေ့တယ်နော်'

နန်းခမ်းကြွယ်က ကိုဇော်လင်းထိုက်ကို မောင်သီဟဟုခေါ်ဝေါ်နေသည်ကို သတိပြုမိပေသည်။

'ပန်းချီကားကြီးဟာ ဧည့်ခန်းထဲမှာပဲရှိပါတယ်စောမြတ်မွန်'

'ဩော် လာကြပါကွယ်၊ လာကြွဝင်ကြ'

နန်းခမ်းကြွယ်က ကျွန်မတို့ဝင်သာအောင် ကိုယ်ကိုယို့၍ဖယ်ပေးလိုက်၏။

ဧည့်ခန်းထဲသို့ရောက်သည်နှင့် စောမြတ်မွန်ပန်းချီကားကြီးက ကျွန်မကို

www.burmeseclassic.com

ထည်ဝါစွာကြိုဆိုလိုက်လေသည်။

ကျွန်မ၏ခြေလှမ်းများသည် အလိုအလျောက်ပန်းချီကားကြီးရှေ့သို့ရောက်သွားလေသည်။

ကျွန်မကိုယ်ကျွန်မ မှန်ထဲတွင်ပြန်မြင်ရသည့်သဖွယ် ခံစားလိုက်ရပါသည်၊ ပန်းချီကားထဲမှစောမြတ်မွန်က စံပယ်ပန်းတွေဝေနေအောင်ပန်ကာ ကျွန်မအားပြုံးပြနေလေသည်။

ထိုစဉ်နောက်ဖက်မှ ဘီးလိမ့်သံကြားရ၍ ကျွန်မလှည့်ကြည့်လိုက်ရာ နန်းခမ်းကြွယ်က ဖွါးနန်းခမ်းယုံအား ဘီးတပ်ကုလားထိုင်တွင်တင်တွန်းလာသည်ကို တွေ့လိုက်ရလေ၏။

'အို စောမြတ်မွန်'

ကျွန်မလှည့်ကြည့်လိုက်သည်နှင့် ဖွါးနန်းခမ်းယုံနှင့် အကြည့်ချင်းဆုံကာ ဖွါးနန်းခမ်းယုံနှုတ်မှထွက်ကျလာသောစကားဖြစ်ပါသည်။

'ညီမလေး ညီမလေး စောမြတ်မွန်ရယ်'

ဖွါးနန်ခမ်းယုံက ကုလားထိုင်ပေါ်မှနေ၍ ကျွန်မကိုလက်လှမ်းကာ ကြိုဆိုလိုက်လေသည်။

ကျွန်မသည် လူကြီးတစ်ယောက်က လက်ကမ်းပေးနေသည့်အတွက် ကုလားထိုင်ရှေ့သို့လျှောက်သွားကာ ဖွါးနန်းခမ်းယုံ၏လက်နှစ်ဖက်ကို ဆုပ်ကိုင်လိုက်လေသည်။

'စောမြတ်မွန်၊ စောမြတ်မွန်၊ မင်းဟာ စောမြတ်မွန်ဟုတ်ပါတယ်နော်'

'မဟုတ်ပါဘူးအန်တီ၊ ကျွန်မဟာ ပန်းချီကားကြီးထဲက စောမြတ်မွန်နဲ့တူတဲ့မိန်းကလေးတစ်ယောက်ပါအန်တီ၊ စောမြတ်မွန်မဟုတ်ပါဘူးရှင်'

'အို တစ်ယောက်တည်းလို့ထင်ရအောင် တူလွန်းလှပါတယ် မိန်းကလေးရယ်၊ စမ်းဦးလွင်ကို မင်းရောက်နေတာသိလို့ တို့သားအမိဟာ မင်းကိုစောင့်ကြည့်နေခဲ့ရတယ်'

'ကျွန်မသတိထားမိပါတယ်အန်တီ'

'မင်းဟာ စောမြတ်မွန်မှ စောမြတ်မွန်ပါပဲကွယ်'

'စောမြတ်မွန် အခုအချိန်အထိ အတိတ်ဘဝကို သတိမရသေးဘူးလားဗျာ'

ကိုဇော်လင်းထိုက်က မချင့်မရဲဖြင့် ဝင်မေးလိုက်သည်။

'ကိုဇော်လင်းထိုက်ရယ့်အားလုံးစိတ်ချမ်းသာအောင် အားလုံးရဲ့အထင်အတိုင်း ကျွန်မစောမြတ်မွန်ဖြစ်လိုက်ချင်ပါတယ်ရှင်၊ ဒါပေမယ့် ကျွန်မမှ စောမြတ်မွန်နဲ့ပတ်သက်တာတွေကို တစ်ခုမှသတိမရတာပဲရှင်၊ ဘယ်တတ်နိုင်မှာလဲ'

ကိုဇော်လင်းထိုက်က သက်ပြင်းကိုလေးတွဲ့စွာချလိုက်လေသည်။

'တစ်နေ့နေ့တော့ သတိရလာမှာပါလေ့ ဟုတ်ပါတယ့် တစ်နေ့နေ့ တစ်နေ့နေ့ပေါ့ဗျာ'

+ + + + + + + + +


www.burmeseclassic.com

( ၁၂ )

ကိုဇော်လင်းထိုက်မျှော်လင့်သောတစ်နေ့နေ့သည် ဘယ်သောအခါရောက်လာမည်လဲမသိနိုင်ပါ။

ကျွန်မကဖြင့် တစ်မနက်တည်းဖြင့် သိလာရသောအဖြစ်များကြောင့် ရင်တွင်း၌ရော့ ခေါင်းထဲ၌ပါ ခံစားချက်မျိုးစုံဖြင့် ဟုန်ပြီး ရှုပ်ထွေးနေမိတော့သည်။

ဟိုတယ်သို့ပြန်ကာ အခန်းထဲတွင် မှေးစက်အနားယူလိုက်သည့်တိုင် သိမြင်လာရသောအဖြစ်များ၏လွှမ်းမိုးမှုကြောင့် ကျွန်မစိတ်များက ထိုင်းမှိုင်းနေမြဲပင်။

ညနေခင်းတွင် ရေမိုးချိုးအပြီး ယဉ်ယဉ်တို့စားသောက်ဆိုင်ရှိရာသို့ထွက်လာခဲ့လေ၏။

ကျွန်မသည် မိန်းမသားတစ်ယောက်ပီပီ ကျွန်မ၏ခံစားချက်များကို မိန်းမချင်းဖြစ်သော သူငယ်ချင်းယဉ်ယဉ်ကို ရင်ဖွင့်မိပေတော့သည်။ ယဉ်ယဉ်ကလည်း ကျွန်မခံစားချက်များဖွင့်အံမလာမီပင် ကျွန်မနှင့် ကိုဇော်လင်းထိုက်တို့၏အနေအထားကိုစပ်စုမေးမြန်းလေတော့၏။

'ဘယ်လိုလဲဟေ့စံပယ်ရုံ၊ ဟိုညကလည်း ထူးထူးခြားခြား ဖုန်းဆက်ပြီး ကိုထိုက်အကြောင်းတွေမေးတယ်၊ ကိုထိုက်ကလည်း အဲ့ဒီညပဲ မင်းအကြောင်းတွေ တို့ဆီမှာစုံစမ်းတယ်၊ စမ်းဦးလွင်ရောက်တာမှ ၂ရက်၂ညရှိသေးတယ်၊ တစ်ယောက်အကြောင်းတစ်ယောက်စုံစမ်းလို့၊ ဘာတွေဖြစ် ကုန်ကြပြီလဲဟေ့'

'တို့နဲ့ကိုဇော်လင်းထိုက်လူချင်းတွေ့တာကတော့ ၂ရက်ပဲရှိသေးတာအမှန်ပါယဉ်ယဉ်၊ ဒါပေမယ့် သူနဲ့ကိုယ်နဲ့သိတာ နှစ်ပေါင်းများစွာကြာပြီလို့ပြောနိုင်တယ်ကွ'

ကျွန်မစကားကြောင့် ယဉ်ယဉ်မျက်ခုံးတွန့်သွားလေ၏။

'အဆန်းပါလားဟေ့'

'ဒါနဲ့ ကိုဇော်လင်းထိုက်က တို့အကြောင်း ယဉ်ယဉ့်ကိုမေးတယ်ဆို၊ ဘယ်လိုမေးတာလဲယဉ်ယဉ်'

'အို မင်းသူ့ကိုလိုမ့်ထားတဲ့ကိစ္စ တကယ်ဟုတ်မဟုတ်စုံစမ်းတာပေါ့ကွ'

'အလို တို့က သူ့ကို ဘာများလိုမ့်မိလို့ပါလိမ့်ယဉ်ယဉ်ရယ်'

'မင်းက မင်းကိုယ်မင်း အိမ်ထောင်သည်တစ်ယောက်ပါလို့ ကိုထိုက်ကိုပြောတယ်ဆို၊ ဒါကိုထိုက်ကို သက်သက်ထရိတ်လုပ်လိုက်တာပဲမဟုတ်လား၊ တို့လည်း မင်းမှာအကြံတစ်ခုခုရှိမှန်းသိလို့ စံပယ်ရုံနဲ့တို့နဲ့က ယေယေကတည်းကကွဲသွားပြီး အခုမှပြန်တွေ့လို့ အဲ့ဒီအကြောင်းမသိဘူး၊ မပြောဖြစ်သေးဘူးလို့ပဲ ဖြေပေးလိုက်တယ်လေ'

'ဩော့ယဉ်ယဉ်က တို့ ကိုထိုက်ကိုပြောတဲ့စကားကို သက်သက်လုပ်ကြံစားပြီးပြောတာလို့ထင်နေတာကိုး၊ အမှန်က တို့ဟာ အိမ်ထောင်သည်တစ်ယောက်ပါယဉ်ယဉ်၊ တို့အိမ်ထောင်ကျခဲ့ဖူးပါတယ်'

'အို ဟုတ်လား၊ မသိဘူးလေ၊ စမ်းဦးလွင်ကိုလာတော့လည်း တစ်

www.burmeseclassic.com

ယောက်တည်း၊ စံပယ်ရုံကိုကြည့်ရတာ အပျိုလေးတစ်ယောက်လို လှနေသေးတော့ တို့က အိမ်ထောင်မကျသေးဘူးပဲထင်နေတာဝေ့'

'တို့ အိမ်ထောင်ကျခဲ့ဖူးတဲ့အကြောင်း မမအုံးကိုတောင် ပြောခဲ့ပါသေးတယ်၊ ယဉ်ယဉ်နဲ့ မစပ်မိသေးလို့ပါကွယ်၊ တို့ရဲ့အိမ်ထောင်ရေးကလည်း ခပ်ဆန်းဆန်းပါယဉ်ယဉ်၊ တို့ဟာ အိမ်ထောင်ကျခဲ့ဖူးရုံမကဘူး၊ မုဆိုးမတစ်ယောက်လို့ပြောရင် ယဉ်ယဉ်ပို့ထက်အံ့သြသွားဦးမယ်'

ယဉ်ယဉ်က မျက်လုံးပြူးသွားကာ သူမ၏အံ့သြမှုကို အမူအရာဖြင့်ဖော်ပြလိုက်လေသည်။

'မထင်မိဘူးဟယ့်'

'တို့ပြောပါရော့ တို့အိမ်ထောင်ရေးက ဆန်းပါတယ်လို့'

ကျွန်မသည် မင်္ဂလာဦးညမှာပင် သတိုးသားသေဆုံးသွား၍ အပျိုစင်အဖြစ်နှင့် မုဆိုးမဖြစ်ခဲ့ရသောကျွန်မဘဝအား ပြောပြလိုက်လေသည်။

'စံပယ်ရုံရယ့် ဒီအကြောင်းတွေကို ပြည်ဖုံးကားချလိုက်သင့်ပါပြီ၊ တို့ကိုတောင်ပြောဖို့မကောင်းပါဘူး၊ ဘာဖြစ်လို့လဲဆိုတော့ မင်းက ကံအကြောင်းမလှလို့ မင်္ဂလာဆောင်ပြီးမှ မပေါင်းခဲ့ရတာပဲ၊ အပျိုရည်မှမပျက်သေးပဲ၊ ကိုယ့်ကိုကိုယ် အပျိုတစ်ယောက်လို့ပဲ လူတွေကို အသိပေးတာ ကောင်းပါတယ်ဟယ်'

'မှန်ပါတယ်ယဉ်ယဉ်၊ ကိုထိုက်ကိုတော့ တမင်ကိုပြောလိုက်တာပါ၊ မုဆိုးမဖြစ်တဲ့အထိတောင်မပြောဘူး၊ လက်ရှိအိမ်ထောင်ရှိသယောက်ကို ပြောလိုက်တယ် ယဉ်ယဉ်၊ အဲ့ဒါ တခြားကြောင့်မဟုတ်ဖူး၊ တို့ သူ့ကိုစမ်းသပ်ချင်လို့ပဲ'

'မှန်မှန်ပြောစမ်း၊ ကိုထိုက်က မင်းကို ချစ်ရေးဆိုပြီပေါ့ဟုတ်လား၊ ကိုထိုက်ကို ရိုးလှပြီ၊ ဒါတွေစိတ်မဝင်စားဘူးထင်ထားတာ၊ စံပယ်ရုံနဲ့တွေ့မှ ကိုထိုက်လည်း ချာန်လျှော့ပြီထင်တယ်ဟေ့'

'ယဉ်ယဉ်တို့ကိုထိုက်က တကယ်ပဲ ရိုးလို့လားဟင့်'

'တို့ စမ်းဦးလွင်ကိုရောက်ကတည်းက ဆိုင်ချင်းကပ်ရက်နေလာတာပဲ စံပယ်ရုံ၊ သူ့ကိုသားမက်တော်ချင်တဲ့မိဘတွေမှအပုံပဲ၊ သူ့မှာ ရည်းစားလည်းမရှိဘူး၊ တစ်ဦးတည်းသောသား၊ အလုပ်ကြိုးစားတယ်၊ ဝင်ငွေကောင်းတယ်လေ၊ အဲ့ အရက်သောက်တတ်တာတစ်ခုတော့ရှိတာပေါ့လေ၊ ဘာလဲစံပယ်ရုံ ကိုထိုက်က မင်းကိုချစ်ရေးဆိုလို့ မင်းက အိမ်ထောင်သည်ဟန်ဆောင်ပြီး သူ့စိတ်ကိုစမ်းတာလားဟင့်'

'ကိုထိုက်က တို့ကိုချစ်ရေးမဆိုပါဘူးယဉ်ယဉ်'

'ဟယ့် ဘယ်လိုလဲဟဲ့'

ယဉ်ယဉ် စိတ်ပျက်အားလျော့သွားပုံကိုကြည့်ပြီး ကျွန်မက သက်ပြင်းချလိုက်သည်။

'တို့နဲ့ကိုထိုက်နဲ့ကြားမှ အရင်ကတည်းက ထူးဆန်းတဲ့ဆက်သွယ်မှုတွေရှိနေခဲ့တယ်ယဉ်ယဉ်၊ မင်းဆီက အကြံတောင်းချင်လို့ ဒီအဖြစ်တွေကို မင်းကို အဦး ဆုံးအနေနဲ့ ဖွင့်ပြောပါတော့မယ် ယဉ်ယဉ်ရယ့်၊ ကိုထိုက် တို့ကိုစတွေ့တဲ့ညက


www.burmeseclassic.com

စောမြတ်မွန်ဆိုတဲ့နာမည်ခေါ်ပြီးနှုတ်ဆက်လိုက်တာ မှတ်မိသေးသလားယဉ်ယဉ်'

ကျွန်မက မြိုင်သေလာတွင်နေစဉ် အသက်၁၃နှစ်အရွယ်မှာ စကြားခဲ့ရသည့် ခေါ်သံအကြောင်း၊ တစ်ဘဝလုံးတွင် ခေါ်သံများ အကြိမ်ကြိမ်ကြားရပုံ၊ ထူး ဆန်းသောခေါ်သံသည် စမ်းဦးလွင်သို့ရောက်လာမှ တစ်ချိန်က 'မောင်သီဟနှင့် စောမြတ်မွန်'ဇာတ်ကြောင်းနှင့် ဆက်နွယ်နေပုံများ ယနေ့တစ်နေ့လုံး ကိုဇော် လင်းထိုက်လိုက်ပြသည့် ယုံကြည်လောက်ဖွယ် လူသက်သေအထောက်အထားများ နှင့် ပန်းချီကားကြီးကို မျက်မြင်တွေ့ခဲ့ရပုံများအား ပြောပြလိုက်လေသည်။

'အို ဒါဆို စံပယ်ရုံဟာ အရင်ဘဝက စောမြတ်မွန်ဝင်စားတာပေါ့'

'သူတို့အားလုံးကတော့ ဒီလိုပဲစွတ်စွဲနေကြတယ်ယဉ်ယဉ်၊ ဒါပေမယ့် တို့ ကတော့ တို့ကိုယ်တို့ စောမြတ်မွန်လူဝင်စားဆိုတာကို လက်ခံလို့မရသေးဘူး'

'ဘာဖြစ်လို့လဲယဉ်ယဉ်ရယ်၊ စောမြတ်မွန်ဆိုတဲ့ခေါ်သံကို မင်းတစ်သက် လုံးလည်း ကြားခဲ့ရပြီးပြီ၊ စမ်းဦးလွင်မှာဖြစ်တဲ့အဖြစ်တွေကိုလည်း မင်းသိခဲ့ရပြီလေ၊ ဒ့ထက်ခိုင်လုံတဲ့အထောက်အထား ရှိပါဦးမလားစံပယ်ရုံ'

'အထောက်အထားဆိုတာထက် တို့ကိုယ်တိုင် တို့ဟာစောမြတ်မွန်ဆိုတာ ကို ခံစားလို့မရသေးလို့ပါ'

'အဲ့ဒါကတော့ ကိုထိုက်ပြောသလိုဟို ဘာဉာဏ်ဆိုလား'

'အတိတ်ဘဝကိုမှတ်မိတဲ့ ဇာတိဿရဉာဏ်ပါယဉ်ယဉ်'

'အေး မင်းက အဲ့ဒီဉာဏ်မကောင်းလို့ မမှတ်မိတာဖြစ်မှာပါပဲ၊ ကို ထိုက်က မင်းကို ဘဝခြားတဲ့အထိ သစ္စာရှိရှိစောင့်နေရှာတာပဲ၊ မင်းတို့အဖြစ်ကသိပ် ပြီးဂမ္ဘီရဆန်တာပဲနော်'

'ယဉ်ယဉ်ဲ့ စမ်းဦးလွင်မှာနေပြီး ကိုယ်ပြောခဲ့တဲ့အကြောင်းတွေကို တစ် ခါမှမကြားခဲ့ဖူးဘူးလားဟင်'

'ဟင့်အင်း တို့ရောက်တာ သုံးနှစ်ပဲရှိသေးတာကိုး၊ အဖြစ်တွေကလဲ ကြာပြီမဟုတ်လား၊ လူကြီးပိုင်းကသာ သိမှာလေ၊ တို့မမွေးခင်ကအကြောင်းကို တို့ တွေဘယ်သိမှာလဲဟယ့်'

အမှန်တော့ ကိုသီဟ၊စောမြတ်မွန်ဇာတ်လမ်းမှာ ကာယကံရှင်နှင့်နီးစပ် သူများကြားတွင်သာ မမေ့နိုင်စရာအဖြစ်တစ်ခုအဖြစ် တည်ရှိနေပြီး၊ မသက်ဆိုင်သူ များအတွက်တော့ ကာလကြာသည်နှင့်အမျှ မေ့လျော့သွားသောအကြောင်းတစ်ခု ဖြစ်ပေမည်။

'စံပယ်ရုံရယ့် ကိုထိုက်ကို မင်းလက်ခံသင့်တယ်၊ ကိုထိုက်ဟာ မင်းကို ဘဝခြားတဲ့အထိ စောင့်နေတဲ့သူတစ်ယောက်မဟုတ်လား'

'ကိုထိုက်က တို့ကို ချစ်ရေးမဆိုသေးပါဘူးယဉ်ယဉ်၊ တို့အနေနဲ့ အိမ် ထောင်ရေးမှာ အထိနာထားလို့ နောက်တစ်ခါ ထပ်မှားမှာ စိုးရိမ်မိတယ်ဟယ့် ပြီးတော့ တို့ဟာ အရင်ဘဝက စောမြတ်မွန်ဖြစ်ခဲ့တယ်ဆိုတဲ့ အထောက်အထား ကို တိတိကျကျလိုချင်သေးတယ်၊ ဘေးလူတွေဝိုင်းထောက်ခံနေတာထက် တို့ကိုယ် တိုင် တို့ဟာစောမြတ်မွန်ပါလို့လက်ခံလောက်တဲ့အထောက်အထားမျိုးပေါ့'


www.burmeseclassic.com

www.burmeseclassic.com

ဩမြား ဘာခက်လို့လဲစံပယ်ရို့ မင်းဘဝတစ်သက်မှာ ခေါ်သံကြားရတဲ့ ရက်တိုင်းဟာ ခရစ္စမတ်နေ့တွေဖြစ်နေတယ်မဟုတ်လား၊ ပန်းချီကားကြီးကိုကြည့်ပြီး ခေါ်တဲ့ ကိုထိုက်ရဲ့ခေါ်သံကို အဝေးရပ်ကတောင် ကြားနိုင်သေးရင့် ဟော့လ်ီစမ်းဦးလွင်မှာဆို ပိုပြီးကြားနိုင်သေးတာပေါ့စံပယ်ရို့ နက်ဖန်သဘက်ဆိုရင်ပဲ ခရစ္စမတ်ရောက်တော့မယ်၊ ခရစ္စမတ်နေ့ကျ ကိုထိုက်ကို ထုံးစံအတိုင်း ပန်းချီကားကြီးရှေ့သွားပြီး ''စောမြတ်မွန်''နာမည်ကို တ,ပြီးခေါ်ခိုင်း၊ မင်းက နားထောင်၊ သူ့ခေါ်သံမင်းကြားရရင် မင်းဟာ စောမြတ်မွန်ဖြစ်လို့ပဲပေါ့ စံပယ်ရို့ရယ့်'

'အို'

ယဉ်ယဉ်အကြံပေးစကားကြောင့် ကျွန်မတွင် အသိဉာဏ်အချို့ လင်းပွင့်သွားလေသည်။

ကျွန်မ စမ်းဦးလွင်သို့ရောက်သည့်ရက်မှာ ဒီဇင်ဘာလ(၁၉)ရက်ဖြစ်သည်။ ယနေ့ ဒီဇင်ဘာ(၂၁)ရက်။ နောက်သုံးရက်ခြားလျှင် ခရစ္စမတ်နေ့သို့ရောက်ပေတော့မည်။

ယဉ်ယဉ်တို့ဆိုင်မှ ဟိုတယ်သို့ပြန်လာရာလမ်းတွင် ခရစ္စမတ်အဖွဲ့များ၏ တေးသီချင်းသံများက စမ်းဦးလွင်အပန်းဖြေစခန်းတစ်ခုလုံးတွင် ပျံ့လွင့်လျှက်ရှိလေသည်။

+ + + + + + + + +


www.burmeseclassic.com

( ၁၃ )

နောက်တစ်နေ့မနက် ဇွန်ဘာ(၂၂)ရက်နေ့

ကျွန်မဟိုတယ်ပေါ်မှဆင်းလာရာ ပန်းခြံထဲတွင် မောင်စိုင်းနောင်ရော၊ ကို ဇော်လင်းထိုက်ပါ စောင့်နေသည်ကို တွေ့လိုက်ရ၏။

ကျွန်မက အထူးအထွေ သွားလာလည်ပတ်စရာမရှိတော့ပါ၍ မောင်စိုင်းနောင်ကို ပြန်လွှတ်လိုက်လေသည်။

'စောမြတ်မွန် စောမြတ်မွန်ရောက်နေတဲ့အကြောင်းကို အမေ့ကိုပြောပြတော့ အမေက စောမြတ်မွန်ကိုတွေ့ချင်လို့တဲ့၊ အိမ်ကိုလိုက်ခဲ့ပါဦးစောမြတ်မွန်'

ကိုဇော်လင်းထိုက်စကားကြောင့် ကျွန်မရင်မှာ တင်းကနဲဖြစ်သွားမိ၏။ ကျွန်မ သူ့မိခင်ကို ဘာ့ကြောင့်သွားတွေ့ရမည်နည်း။ ကိုဇော်လင်းထိုက်နှင့် ကျွန်မသည် ယခုအချိန်ထိ ဘာမှမသက်ဆိုင်သေးချေ။

'ကိုဇော်လင်းထိုက်ရဲ့အမေက ကျွန်မကို ဘာကြောင့် တွေ့ချင်ရတာလဲ၊ ကိုဇော်လင်းထိုက်ကရော ဘာတွေများပြောထားလို့လဲ'

'ကျွန်တော်စကားပြောတာလောသွားတယ်စောမြတ်မွန်၊ ဆောရီး ကျွန်တော်ပြောတဲ့အမေဆိုတာ ကျွန်တော့်ကိုမွေးတဲ့အမေအရင်းကိုပြောတာမဟုတ်ပါဘူး၊ အရင်ဘဝက ကိုသီဟအမေကို ပြောတာပါ'

'အို ကိုသီဟအမေ၊ ကိုသီဟအမေက ရှိသေးသလား'

'ရှိပါသေးတယ်စောမြတ်မွန်၊ အသက်၇၂နှစ်အရွယ်နဲ့ သက်ရှိထင်ရှားရှိပါသေးတယ်ဗျာ၊ ရှိတာမှ ကျွန်တော်တို့မိသားစုနဲ့အတူတူရှိနေတာပါ စောမြတ်မွန်'

'ကျွန်မနားမရှင်းပါဘူးကိုဇော်လင်းထိုက်'

'ကျွန်တော်ဟာ ကိုသီဟရဲ့ဘဝဟောင်းတွေကို ပြန်ပြောနိုင်တော့ လူဝင်စားအဖြစ်နဲ့ ကိုသီဟအမေဒေါ်ခင်ညွှန့်ဆီကို ရောက်သွားခဲ့တယ်လေ၊ အဲ့ဒီအချိန်မှာ ဒေါ်ခင်ညွှန့်ဟာ အလုပ်အကိုင်ကောင်းကောင်းမလုပ်နိုင်တော့တဲ့အပြင် တစ်ယောက်ထဲရှိတဲ့သားက ကွယ်လွန်သွားတော့ အားကိုးရာမဲ့နေတဲ့အချိန်ဖြစ်နေတယ်စောမြတ်မွန်၊ ကျွန်တော့်မိဘများကလည်း စမ်းဦးလွင်မှာ ဝတ်ပုံဆိုင်လာဖွင့်တာ လုပ်ငန်းအောင်မြင်တော့ စမ်းဦးလွင်မှာပဲ အခြေချနေထိုင်ဖို့ဖြစ်လာပါတယ်၊ ဒါနဲ့ ရွာထဲမှာ မြေကွက်ကလေးဝယ်ပြီးအိမ်ဆောက်မယ့်အစီအစဉ်ကို ဖျက်ပြီး ဒေါ်ခင်ညွှန့်ရဲ့အိမ်လေးကိုပဲ ဈေးဖြတ်ပြီး ဝယ်ခဲ့ပါတယ် စောမြတ်မွန်၊ ဒေါ်ခင်ညွှန့်ကိုလည်း အဲ့ဒီအိမ်မှာပဲဆက်နေစေပြီး ကျွန်တော်တို့မိသားစုက ကိုယ့်မိဘလိုပဲ ပြုစုလုပ်ကျွေးခဲ့ပါတယ်၊ မိသားစုတစ်စုတည်းအနေနဲ့နေလာခဲ့တာ အခုအချိန်အထိပါပဲစောမြတ်မွန်'

'အို ချီးကျူးပါတယ် ကိုဇော်လင်းထိုက်ရယ်၊ ဘဝဟောင်းကအမေကို ဘဝပြောင်းတဲ့အထိ ပြုစုလုပ်ကျွေးနေတဲ့ရှင့်ကို သာ ့ခေါ်ပါတယ်ရှင်'

'ကျွန်တော်က အမေ့ကို ခုဘဝအထိလည်း အမေလို့ပဲခေါ်ပါတယ်၊ အမေကလည်း ကျွန်တော့်ကို အရင်ဘဝက ကိုသီဟအမှတ်နဲ့ပဲချစ်နေဆဲပါစောမြတ်မွန်၊ အမေနဲ့တွေ့ရင် စောမြတ်မွန်အတွက် မှတ်မိစရာအချက်များ ပေါ်လာမလား

www.burmeseclassic.com

www.burmeseclassic.com
လို့ ကျွန်တော်တွေးမိလို့ အိမ်အလည်ခေါ်တာပါဗျာ'

'ကျွန်မလည်း ကိုသီဟအမေနဲ့တွေ့ချင်ပါတယ်လေ၊ ဘဝဟောင်းက အဖြစ်ထဲမှာ ပါဝင်ခဲ့ဖူးတဲ့လူတွေအားလုံးကို မျက်မြင်ကိုယ်တွေ့မြင်ရတာဟာ ကုသိုလ်ထူးပါတယ်ရှင့်'

ကျွန်မလိုက်ပါလာသဖြင့် ကိုဇော်လင်းထိုက် အတော်ပင်ဝမ်းသာသွားလေသည်။

ကိုဇော်လင်းထိုက်တို့အိမ်မှာ တစ်ထပ်တိုက်ကလေးဖြစ်သည်။ ယခင်အိမ်ဟောင်းလေးကိုဖျက်၍ အသစ်ဆောက်ထားခြင်းဖြစ်ကြောင်း သိရပါသည်။ အိမ် တွင် ကိုဇော်လင်းထိုက်၏မိဘအရင်းများရော၊ ယခင်ဘဝက မိခင်ဖြစ်ခဲ့သူ ဒေါ်ခင်ညွန့်ကိုပါ တွေ့ရလေသည်။

ကိုဇော်လင်းထိုက်က ကျွန်မကို ဒေါ်ခင်ညွန့်နှင့်တွေ့ဆုံပေးပြီး စာကြည့်ခန်းထဲဝင်သွားလေသည်။

'သမီးစောမြတ်မွန်၊ အို့ အရင်ဘဝကအတိုင်းပါလားသမီးရယ်'

အဘွားအိုက ကျွန်မလက်များကိုဆုပ်ကိုင်ရင်းပြောရှာသည်။ ကျွန်မသည် ထုံးစံအတိုင်းပင် ထိုအဘွားအိုကိုလည်း မှတ်မိမလာပါ။

'အမေကတော့ ကံကောင်းပါတယ်သမီး၊ သားကြီးမောင်သီဟကွယ်လွန်သွားပေမယ့် သားလေးဟာ လူဝင်စားအနေနဲ့ မကြာမီပြန်ရောက်လာတယ်၊ သူတို့မိသားစုက အမေ့ကို အမေအရင်းလို ပြုစုလုပ်ကျွေးကြလို့ အမေအိုကံကောင်းခဲ့တယ်ကွယ်၊ သားလေးဟာ ဘဝခြားတဲ့အထိ မိဘကျေးဇူးကိုဆပ်တဲ့သားလိမ္မာလေးပါကွယ်၊ သမီးကရော့ သားကို အရင်ဘဝကလိုပဲ ချစ်နိုင်သေးရဲ့လား'

'ကိုဇော်လင်းထိုက်က အရင်ဘဝကိုမှတ်မိပြီး လူဝင်စားဆိုတာကိုပြောနိုင်ပေမယ့် သမီးကတော့ မမှတ်မိပါဘူးအမေရယ်၊ သမီးဟာ စောမြတ်မွန်နဲ့ရုပ်ချင်းတူပေမယ့် စောမြတ်မွန်ဝင်စားသူဟုတ်ချင်မှ ဟုတ်မှာပါအမေ၊ သမီးအနေနဲ့သူ့ကို ဘယ်လိုမှသဘောထားလို့မရသေးပါဘူးအမေ'

'သမီးရယ့် စမ်းဦးလွင်မှာနေတုံး လေ့လာကြည့်ဦးပေါ့လေ၊ အမေကတော့ သမီးလေးကို သားနဲ့တစ်နှစ်တည်း အတူတူမွေးခဲ့တာရော၊ စောမြတ်မွန်နဲ့ရုပ်ချင်းတူနေတာကိုရော့ ကြည့်ပြီး စောမြတ်မွန်ပြန်လာတယ်လို့ပဲ ထင်မိတယ်ကွယ့်'

'ဟုတ်ကဲ့ပါအမေ့ သမီးကလည်း တကယ်သာစောမြတ်မွန်ဝင်စားသူဖြစ်ရင် ဘဝဟောင်းကိုမှတ်မိလာအောင် အစွမ်းကုန်ကြိုးစားကြည့်နေပါတယ်လေ'

'ဩော် သမီးလေး သမီးလေးစောမြတ်မွန်၊ တကယ်တော့ အရင်ဘဝတုန်းက အမေနဲ့စောမြတ်မွန်ဟာ ဟော္လီလိုအနီးကပ်တွေ့ဆုံပြီး စကားမပြောခဲ့မဆိုခဲ့ဖူးပါဘူးကွယ့်၊ သူတို့နဲ့အမေတို့နဲ့က အဆင့်ချင်းကွာလှတယ်မဟုတ်လား၊ အမေဟာ စောမြတ်မွန်ကို သားရဲ့ချစ်သူအဖြစ်နဲ့ အဝေးကငေးကြည့်ခွင့်ပဲရခဲ့တာကွဲ့၊ သမီးလေးကို ခုဘဝမှာ ခုလိုစကားပြောရတော့ အမေဝမ်းသာလိုက်တာကွယ်'

အဘွားကြီးက ကျွန်မကို စောမြတ်မွန်ဘဝမှလာသူအဖြစ် တစ်ထစ်ချယုံ

ကြည်နေပေသည်။

'ဟော့ဒီသားလေး မောင်သီဟဟာလည်း သမီးကို လူဝင်စားဘဝနဲ့ တစ်နေ့နေ့ပြန်တွေ့ရမယ်ဆိုတဲ့ယုံကြည်ချက်နဲ့ အသက်ရှင်နေသူပါကွယ့်'

ကျွန်မတို့စကားပြောနေစဉ်တွင် အခန်းထဲသို့ဝင်သွားသော ကိုဇော်လင်းထိုက် ပြန်ရောက်လာ၏။ သူ့လက်ထဲတွင် စာရွက်လိပ်တစ်ခုကိုကိုင်ထားလေသည်။

'ဟော့ဒီပန်းချီကားလေးကိုကြည့်ပါဦး စောမြတ်မွန်'

ကိုဇော်လင်းထိုက်က စာရွက်လိပ်ကိုဖြန့်၍ပြလိုက်လေ၏။

'အို'

ရောင်စုံခဲတံဖြင့်ရေးဆွဲထားသည့် ရှုခင်းပုံပန်းချီကားတစ်ချပ်ကိုတွေ့ရလေသည်။ အပေါ်စီးအမြင်မှ ရေးဆွဲထားသောပန်းချီကားထဲတွင် တောတောင်လျှိုမြောင်များ၊ ရေတံခွန်တစ်ခု၊ ပန်းခြံကလေး၊ အိမ်ကလေးတစ်လုံးနှင့် ပန်းခြံထဲမှခုံတန်းကလေးပေါ်တွင်စုံတွဲတစ်တွဲထိုင်နေပုံများ ပါဝင်လေသည်။

ပန်းချီကားအောက်တွင် ''*ဝင်္ဘာလိုဏ်ခေါင်းထဲကလောကနိဗ္ဗာန်*''ဟု ခဲစာလုံးဖြင့်ရေးထိုးထားလေသည်။

'ဪ ကိုသီဟရေးခဲ့တဲ့ လောကနိဗ္ဗာန်ပန်းချီကားပေါ့နော်'

'ဟုတ်ပါတယ်စောမြတ်မွန်၊ စောမြတ်မွန် မှတ်မိပြီလားဟင်'

'အဘဦးဗစိုးအောင်ပြောခဲ့တဲ့ ဇာတ်ကြောင်းအရ သိလိုက်တာပါကိုဇော်လင်းထိုက်၊ မှတ်မိလို့မဟုတ်ပါဘူး'

'ဩော် စောမြတ်မွန်ရယ်'

ကိုဇော်လင်းထိုက်က မချိတင်ကဲဖြင့် သက်ပြင်းချကာ ရေရွတ်လိုက်၏။

'အောက်ကစာတန်းလေးကတော့ အခုဘဝရောက်မှ ကျွန်တော်ကိုယ်တိုင်ရေးထားတာပါစောမြတ်မွန်'

ကျွန်မသည် ပန်းချီကားလေးကိုကြည့်ပြီး လိုဏ်ခေါင်းထဲတွင် သာယာသောလောကနိဗ္ဗာန်လေးတစ်ခုရှိမည်ဟု ကိုသီဟ စိတ်ကူးယဉ်ခဲ့သည်ကို သတိရနေမိ၏။

'စောမြတ်မွန်၊ အတိတ်ဘဝက ကမ္ဘာတုန်တဲ့ညတစ်ညကို ပြန်သတိရလိုရငြား ဝင်္ဘာလိုဏ်ခေါင်းကို လိုက်ပို့ပါရစေစောမြတ်မွန်'

\+ + + + + + + + +

ဝင်္ဘာလိုဏ်ခေါင်းထဲသို့ နောက်တစ်ကြိမ်ရောက်ရပြန်ပေပြီ။

ကိုဇော်လင်းထိုက်က ကျွန်မအား သံတိုင်များဖြင့်အသေပိတ်ထားသော လိုဏ်ခေါင်းဝတစ်ခုကိုညွှန်ပြရင်း ပြောပြသည်။

'အရင်ဘဝတုံးက ကျွန်တော်တို့နှစ်ယောက် ဒီလိုဏ်ခေါင်းပေါက်ထဲမှာ ဝင်ပုန်းနေကြတာပေါ့စောမြတ်မွန်'

'အို'

'ပုန်းနေကြတုံးမှာ ကိုကျော်စွာတို့လူတစ်သိုက် မီးတုတ်တွေထွန်းပြီး ဝင်


www.burmeseclassic.com

www.burmeseclassic.com
လာတဲ့အသံကြားတော့ ကိုသီဟနဲ့စောမြတ်မွန် လိုဏ်ခေါင်းထဲကို ဝေးနိုင်သမျှ ဝေးအောင် ထွက်ပြေးခဲ့ကြတယ်လေ၊ ဘယ်ဆီကိုရောက်ပြီး ဘာတွေဆက်ဖြစ်တယ် ဆိုတာကို ကျွန်တော်မမှတ်မိတော့ပါဘူး၊ ကျွန်တော်တို့ဘဝနိဂုံးဟာ လိုဏ်ခေါင်းထဲ မှာပဲ အဆုံးသတ်ခဲ့တယ်ဆိုတာပဲ သိတော့တယ်၊ စောမြတ်မွန်လည်း မှတ်မိမှာ မ ဟုတ်ဖူးနော်'

'မမှတ်မိပါဘူးကိုဇော်လင်းထိုက်ရယ့်'

'နောက်က ကိုကျော်စွာတို့လိုက်လာတော့ ကျွန်တော်တို့နှစ်ယောက်ဟာ ခြေဦးတည့်ရာစွတ်ပြေးခဲ့ကြတာကိုပဲ မှတ်မိတော့တယ်၊ အတွင်းထဲမှာ ဘယ်လိုအ ဖြစ်မျိုးတွေကြုံရတယ်ဆိုတာ ဘယ်လိုမှပြန်စဉ်းစားလို့မရဘူးဗျာ'

'ကိုသီဟနဲ့စောမြတ်မွန် သူတို့မျှော်လင့်တဲ့ လောကနိဗ္ဗာန်လေးဆီရောက် သွားတယ်လို့ပဲ စိတ်ကိုဖြေသိမ့်လိုက်ပေါ့ရှင်'

'လောကနိဗ္ဗာန်ကို ဘယ်လိုရောက်နိုင်မှာလဲစောမြတ်မွန်ရယ်၊ လောက နိဗ္ဗာန်ကိုမရောက်လို့ပဲ ကျွန်တော်နဲ့စောမြတ်မွန် လူအဖြစ်နဲ့ပြန်တွေ့နေရပြီမဟုတ် လား'

'အို'

'စောမြတ်မွန်က စောမြတ်မွန်မဟုတ်ဖူးပဲထားပါဦး၊ ကျွန်တော်ကတော့ အရင်ဘဝက ကိုသီဟဆိုတာ သေချာနေပါတယ်စောမြတ်မွန်၊ ဒီတော့ ချစ်သူနှစ်ဦး လောကနိဗ္ဗာန်ကိုရောက်သွားတယ်ဆိုတာ မဖြစ်နိုင်တဲ့ကိစ္စပါဗျာ'

'ကိုဇော်လင်းထိုက်ရယ့် တကယ်တော့ အတိတ်ဟာ အတိတ်မှာပဲ ကျန်ရစ်ခဲ့ပါပြီရှင့်၊ ရှင်ဟာ ကိုသီဟဝင်စားသူမှန်ပေမယ့် အခုဘဝမှာ ခန္ဓာအသစ် တစ်ခု၊ ဘဝအသစ်တစ်ခုနဲ့ လူအသစ်တစ်ယောက်ပါရှင်၊ ရှင်လည်း ခေတ်ပညာ တတ်တစ်ယောက်ပဲ၊ ဘဝဟောင်းကအဖြစ်တွေကို သိပ်အစွဲအလမ်းမထားပါနဲ့လား ရှင့်'

'စောမြတ်မွန်နဲ့မတွေ့ရရင်တော့ ကျွန်တော့်စိတ်ကိုဖြေသိမ့်လို့ရရင် ရမှာ ပေါ့လေ၊ ကျွန်တော့်ရှေ့မှာ ပေ့ကျွှီစောမြတ်မွန်တစ်ယောက်လုံးကို မျက်မြင်တွေ့နေ ရတော့ ကျွန်တော်ဘယ်လိုစိတ်ကိုဖြေသိမ့်လို့ရတော့မှာလဲဗျာ'

ကိုဇော်လင်းထိုက်က တုန်ခိုက်စွာပြောလိုက်ရင်းမှ ဦးခေါင်းကိုလိုဏ်ဂူ နံရံတွင်မှီထားလိုက်သည်။

'စောမြတ်မွန်'

သူက ရုတ်တရက် ကျွန်မကိုမော်ကြည့်ရင်းခေါ်လိုက်သည်။

သူ့မျက်လုံးအိမ်မှာ မျက်ရည်စတွေနဲ့ပါလား။

'လူဝင်စားတစ်ယောက်ရဲ့အဖြစ်ဟာ အရင်ဘဝကအတိုင်းဖြစ်လာတာပါပဲ လားဗျာ၊ ကျွန်တော့်မှာ စောမြတ်မွန်ကိုတစ်နေ့နေ့ပြန်တွေ့ရမယ်လို့ယုံကြည်ချက်ရှိ နေတဲ့အတိုင်း တွေ့နေရပါပြီ၊ ဒါပေမယ့် စောမြတ်မွန်က အိမ်ထောင်ကျပြီးသား ဖြစ်နေတယ်၊ ဘဝတစ်ခုလုံးရင်းပြီးစောင့်ခဲ့ရပေမယ့် စောင့်ရကျိုးမနပ်လိုက်တာဗျာ'

'အို ကိုဇော်လင်းထိုက်'


www.burmeseclassic.com

'စောမြတ်မွန်၊ တကယ်ပဲလားဗျာ၊ စောမြတ်မွန်ဟာ အိမ်ထောင်သည် တစ်ယောက်ဆိုတာ တကယ်ပဲလား၊ ကျွန်တော့်ကို သက်သက်မဲ့ ကျီစားပြီးပြောတာပဲ ဖြစ်လိုက်ပါတော့ဗျာ၊ စောမြတ်မွန် စောမြတ်မွန်ဟာ တကယ်ပဲ အိမ်ထောင်သည်တစ်ယောက်လားဟင်'

'ကျွန်မ အိမ်ထောင်ကျခဲ့ဖူးတာတော့ အမှန်ပါ ကိုဇော်လင်းထိုက်'

'ဟင့်'

မျှော်လင့်ချက်ကုန်ဆုံးသွားသူတစ်ယောက်၏ စိတ် ဝတ်ကျသွားဟန်ဖြင့် ကိုဇော်လင်းထိုက်ခေါင်းငိုက်စိုက်ကျသွားပြန်လေသည်။

'ဒါဖြင့် ဒါဖြင့် စောမြတ်မွန်ရဲ့ခင်ပွန်းက ဘာလို့ပါမလာရတာလဲ ဟင့် သူ့သူက ဘယ်မှာလဲ၊ စောမြတ်မွန်နဲ့အတူတူ ဘာလို့လိုက်မလာတာလဲ ဟင့်'

'ကျွန်မရဲ့အိမ်ထောင်ဖက်က အခုမရှိတော့ပါဘူး'

'ဟင့်'

'ကျွန်မ အိမ်ထောင်ကျခဲ့ဖူးတယ်လို့ပဲ ပြောတာလေ၊ ကျွန်မဟာ မုဆိုးမ တစ်ယောက်ပါကိုဇော်လင်းထိုက်'

'ဟာ့ စောမြတ်မွန်၊ ဝမ်းသာလိုက်တာ့ ဝမ်းသာလိုက်တာဗျာ့'

'အို့ ကိုဇော်လင်းထိုက်၊ မိန်းကလေးတစ်ယောက် မုဆိုးမဖြစ်ရတာကို များ ဝမ်းသာစရာလားရှင့်'

'စောမြတ်မွန်၊ စိတ်မရှိပါနဲ့ဗျာ၊ ကျွန်တော့်အတွက်တော့ ဝမ်းသာစရာပဲလေ၊ စောမြတ်မွန်ကို ကျွန်တော်မျှော်လင့်လို့ရသေးတယ်၊ စောမြတ်မွန်အတွက်လဲ စဉ်းစားဖို့အခွင့်အရေးရှိသေးတယ်၊ စောမြတ်မွန် ကျွန်တော့်ကိုလက်ခံပါဗျာ၊ ကျွန်တော့်မေတ္တာကိုလက်ခံပါ'

'ကိုဇော်လင်းထိုက်ရယ့် ကျွန်မဟာ အပျိုစင်တစ်ယောက်မဟုတ်ဖူးဆိုတာကိုလည်း ရှင်ထည့်တွက်ပါဦး'

'မလိုပါဘူး စောမြတ်မွန်၊ ဘဝနှစ်ခုဆက်ပြီး စောင့်စားနေရတဲ့ လူတစ်ယောက်အတွက် ဒါဟာ ဘာမှ မပြောပလောက်တဲ့ အချက်တစ်ခုပါ စောမြတ်မွန်၊ ကျွန်တော်ချစ်တာက စောမြတ်မွန်ရဲ့ဝိညာဉ်ပါ၊ ကျွန်တော်နဲ့မဆုံဆည်းခင်က အဖြစ်တွေကို ကျွန်တော်စိတ်မဝင်စားဘူးဗျာ၊ စောမြတ်မွန်မှာ ကာမပိုင်ရှိမနေဘူးဆိုတာကပဲ ကျွန်တော့်အတွက်လုံလောက်ပါပြီ၊ ကိုသီဟရဲ့ဘဝထဲကို ဝင်လာနိုင်တယ်မဟုတ်လား စောမြတ်မွန်'

'ကျွန်မဟာ အရင်ဘဝက စောမြတ်မွန်ဆိုတာ လုံလောက်တဲ့အထောက်အထားမရှိဘူး၊ ကျွန်မကိုယ်တိုင်ကလည်း စောမြတ်မွန်ဆိုတဲ့ဘဝကို မမှတ်မိတော့ ခက်တာပဲကိုဇော်လင်းထိုက်'

'စောမြတ်မွန်ရယ့် ဘဝဟောင်းကိုမမှတ်မိလည်း မြစံပယ်ရုံဆိုတဲ့မိန်းကလေးတစ်ယောက်အနေနဲ့ပဲ့ ကျွန်တော့်ကို ဘဝအဖော်အဖြစ် လက်ခံနိုင်မခံနိုင် ဆုံးဖြတ်လို့လဲ ရတာပါပဲဗျာ'

'အို့'


www.burmeseclassic.com

www.burmeseclassic.com

'တကယ်တော့ စောမြတ်မွန်ရဲ့ မြစံပယ်ရုံဆိုတဲ့ အခုဘဝကို ဆန်းစစ်ကြည့်ရင်လည်း စောမြတ်မွန်ဘဝက အကျိုးဆက်တွေကို တွေ့ရနိုင်ပါတယ်ဗျာ'

'ရှင့်'

'မြစံပယ်ရုံကိုမွေးဖွားခဲ့တဲ့ မြို့ငသေလာဟာ စမ်းဦးလွင်နဲ့မလှမ်းမကမ်းမှာရှိနေတယ်ဆိုတဲ့အချက်တစ်ချက်လည်း အပါအဝင်ပေါ့စောမြတ်မွန်'

မေမေက ကျွန်မကိုမွေးဖွားရန် စမ်းဦးလွင်ရှိ သားဆုပန်ညောင်ပင်ကြီးတွင်လာရောက်ဆုတောင်းခဲ့ကြောင်းကို ကိုဇော်လင်းထိုက်မသိသေး။ သိများသိလျှင် ကျွန်မကို စောမြတ်မွန်အဖြစ် စွတ်စွဲစရာအချက်အလက်တစ်ခုရသွားပေလိမ့်ဦးမည်။

'မြစံပယ်ရုံဆိုတဲ့နာမည်ကိုထောက်ရင် မြစံပယ်ရုံဟာ ကြာသပတေးနေ့မှာမွေးခဲ့တာမဟုတ်လားဟင်'

'ဟုတ်ပါတယ် ကိုဇော်လင်းထိုက်'

'စောမြတ်မွန်ဟာလည်း ကြာသပတေးသမီးတစ်ယောက်ပါဗျာ'

'သြော်'

'ပြီးတော့ မြစံပယ်ရုံဆိုတဲ့နာမည်၊ စောမြတ်မွန်ဟာ အရင်ဘဝက မွေးနေ့တိုင်းဘုရားပန်းကပ်ရင် စံပယ်ပန်းတွေကို သီပြီးကပ်တယ်၊ ပန်းမွှေ့ရာခင်းပြီး ကပ်တယ် စောမြတ်မွန်၊ စံပယ်ပန်းဟာ စောမြတ်မွန်ရဲ့အကြိုက်ဆုံးပန်းပဲ၊ ပန်းချီအဆွဲခံတော့လည်း စံပယ်ပန်းကုံးတွေဆင်ပြီး အဆွဲခံခဲ့တယ်၊ စောမြတ်မွန်နှစ်သက်တဲ့ စံပယ်ပန်းရဲ့နိမိတ်ပုံဟာ တိုက်တိုက်ဆိုင်ဆိုင် မြစံပယ်ရုံဆိုတဲ့ အခုဘဝအထိပါလာခဲ့တယ်လေ၊ အဲ့ဒါကြောင့် နာမည်ကလည်း မြစံပယ်ရုံရယ်လို့ဖြစ်နေတာပေါ့'

'ရှင်မို့ ကြံကြံဖန်ဖန်တွေးတတ်တယ် ကိုဇော်လင်းထိုက်ရယ်'

သူ့ကိုပြောလိုက်ရသော်လည်း သူပြောပြသည့်တိုက်ဆိုင်သောနိမိတ်ပုံများကို ကျွန်မကိုယ်တိုင်လည်း အံ့အားသင့်စွာလက်ခံသွားမိလေ၏။

'စောမြတ်မွန်ကိုယ်တိုင် ဘဝဟောင်းကို မမှတ်မိတာပဲရှိပါတယ်စောမြတ်မွန်၊ စောမြတ်မွန်ဟာ အရင်ဘဝကစောမြတ်မွန်ပါပဲလေ၊ ဒီတော့ ဘဝဟောင်းက အချစ်ဇာတ်လမ်းကို ပြန်ဆက်ခွင့်ပြုပါတော့စောမြတ်မွန်ရယ်'

'သြော် ကိုဇော်လင်းထိုက်ရယ် ကျွန်မဟာ စောမြတ်မွန်ပါဆိုတာ ကို ကျွန်မကိုယ်တိုင်လက်ခံနိုင်တဲ့အထောက်အထားတစ်ခုခုတွေ့ချင်သေးလို့ပါရှင်'

ယဉ်ယဉ်ပေးလိုက်သောအကြံကို ကျွန်မ ရုတ်တရက်သတိရလိုက်သည်။

'ဒါဖြင့် ဒီလိုလုပ်ပါလားကိုဇော်လင်းထိုက်'

'ပြောပါစောမြတ်မွန်'

'ခရစ္စမတ်ညတိုင်းမှာ စောမြတ်မွန်ပန်းချီကားကြီးရွေ့သွားပြီး စောမြတ်မွန်နာမည်ကို အော်ခေါ်နေကျအတိုင်း လာမယ့်ခရစ္စမတ်ညမှာလည်း ခေါ်ကြည့်ပါ ကိုဇော်လင်းထိုက်'

'မလိုတော့ဘူးလေ စောမြတ်မွန်ကို လူကိုယ်တိုင် ပြန်တွေ့နေရပြီပဲ၊ ပန်းချီကားကိုကြည့်ပြီး တမ်းတစရာမှမလိုတော့တာ စောမြတ်မွန်'

'လိုပါတယ်ရှင့် ကျွန်မအတွက်တော့လိုပါတယ်၊ ကိုဇော်လင်းထိုက်သာ


www.burmeseclassic.com

www.burmeseclassic.com

ခရစ္စမတ်ညမှာ ပန်းချီကားကြီးရှေ့သွားပြီး စောမြတ်မွန်နာမည်ကိုခေါ်လိုက်ပါ၊ ကျွန် မအတွက် အဖြေတစ်ခုခုထွက်လာပါလိမ့်မယ်ကိုဇော်လင်းထိုက်'

ကိုဇော်လင်းထိုက်က ကျွန်မကို ပါးစပ်အဟောင်းသားဖြင့် ငေးမောကြည့်နေ၏။

'ဘဲ့နဲ့လဲ၊ လုပ်နိုင်မယ်မဟုတ်လားဟင် ကိုဇော်လင်းထိုက်'

'ကျွန်တော့်အတွက် ဘာမှအပန်းမကြီးပါဘူး စောမြတ်မွန်၊ စောမြတ်မွန် ပြောတာ ထူးဆန်းလွန်းလို့ ကျွန်တော်အံ့သြနေတာပါ'

'ထူးဆန်းမှုဆိုတာတွေ ကျွန်မတို့ဘဝတလျှောက်လုံးမှာ ကြုံခဲ့ရပြီးပြီပဲ ကိုဇော်လင်းထိုက်ရယ့်'

'ဟုတ်ပါတယ်လေ့ တကယ်တော့ ကျွန်တော်ဟာ ပန်းချီကားကြီးကို အမြဲထိုင်ကြည့်နေချင်တာပါ၊ ပန်းချီကားကို ကိုယ်မပိုင်တဲ့ဘဝမို့သာ တစ်နှစ်မှခရစ္စမတ်တစ်ညတည်း သွားကြည့်ရင်းက လွမ်းဆွေးရတာ့ တမ်းတရတာပါဗျာ၊ ကျွန်တော်ဟာ ပန်းချီကားကြီးရှေ့မှာ စောမြတ်မွန်နာမည်ကိုအော်ခေါ်လိုက်ရရင် စိတ်ထဲကကြေနပ်သွားတယ်၊ ကျွန်တော့်ခေါ်သံကိုလည်း စောမြတ်မွန်ကြားလိမ့်မယ်လို့ထင်မိတယ်'

ကျွန်မကြက်သီးမွေးညှင်းထသွားသည်။

'စိတ်ကူးနဲ့ရူးမိတာပေါ့လေ၊ ကျွန်တော့်စိတ်ထဲမှာ တစ်နှစ်တစ်ခါ ပန်းချီကားကြီးရှေ့မှာ စောမြတ်မွန်နာမည်ကိုအော်ခေါ်လိုက်တိုင်း စောမြတ်မွန်နဲ့ကျွန်တော် တစ်နှစ်ထက်တစ်နှစ်နီးလာပြီလို့ ထင်မှားမိတယ်ဗျာ၊ ကျွန်တော့်ခေါ်သံကိုကြားလို့ စောမြတ်မွန် တစ်နေ့ရောက်လာမှာပဲလို့ထင်မိတယ်၊ ကျွန်တော်ဟာ အသက်၁၃နှစ်အရွယ်ကစပြီး နှစ်စဉ်နှစ်တိုင်း ပန်းချီကားကြီးရှေ့သွားပြီး စောမြတ်မွန်နာမည်ကို အော်ခေါ်ခဲ့တယ်လေ့'

ကျွန်မကတော့ သူ့ခေါ်သံကို သုံးကြိမ်သာလျှင် ကြားခဲ့ဖူးပါသည်။

'ခရစ္စမတ်မဟုတ်တဲ့ ကြားရက်တစ်ညမှာတော့ ကျွန်တော်ဟာကြေကြေကွဲကွဲနဲ့ စောမြတ်မွန်နာမည်ကို တမ်းတမ်းတတအော်ဟစ်နေခဲ့ဖူးသေးတယ် စောမြတ်မွန်'

'ရှင့်'

'ဟုတ်ပါတယ်၊ အဲ့ဒီနေ့က ကျွန်တော်ဘယ်လိုဖြစ်သွားတယ်မသိဘူး၊ လွန်ခဲ့တဲ့တစ်နှစ်ကျော်ကပေါ့၊ အိပ်မက်ထဲမှာ စောမြတ်မွန်ရောက်လာပြီး ကျွန်တော့်ကိုနှုတ်ဆက်ခဲ့တယ်'

'နှုတ်ဆက်တယ့်'

'ဟုတ်ပါတယ်၊ ကျွန်တော် စောမြတ်မွန်ကို မကြာမကြာအိပ်မက်မက်ပါတယ်၊ အိပ်မက်တိုင်းလည်း ကိုသီဟဆွဲခဲ့တဲ့ လောကနိဗ္ဗာန်ပန်းချီကားထဲက ရေတံခွန်လေးရှိတဲ့နေရာကိုချည်းရောက်နေတယ်၊ အဲ့ဒီမှာ ကျွန်တော်နဲ့စောမြတ်မွန် ါန်းကလေးကိုစီးပြီး စကားတွေပြောကြတယ်စောမြတ်မွန်၊ ဒီအိပ်မက်ကို ကျွန်တော် မ ကြာခဏ မက်ပါတယ်၊ ထားပါတော့လေ့ အိပ်မက်ကိုတော့ စိတ်စွဲလမ်းလို့မက်


www.burmeseclassic.com

တယ်လို့၊ ဒီနေ့ကတော့ အိပ်မက်ဟာ အရင်အိပ်မက်တွေနဲ့မတူဘူး စောမြတ်မွန်၊ အိပ်မက်ထဲမှာ စောမြတ်မွန်ဟာ ကျွန်တော့်ကိုကျောခိုင်းပြီး လှည့်ထွက်သွားတယ်၊ ကျွန်တော်ကလိုက်ခေါ်တော့ သူနဲ့ကျွန်တော် အတူတူနေလို့မရတော့ဘူးတဲ့၊ သူသွားရတော့မယ်တဲ့၊ ပြောပြီး ပျောက်သွားတယ်စောမြတ်မွန်'

'အို'

'အိပ်မက်ကလန့်နိုးတော့ ကျွန်တော်နေလို့မရဘူး၊ စောမြတ်မွန်ဟာ အခုဘဝမှာ ကျွန်တော်နဲ့မဆုံလိုက်ပဲ တစ်နေရာရာမှာ သေများသွားပြီလားလို့ မတွေးကောင်းတွေးကောင်းတွေးမိတယ်'

'အို'

'အိပ်မက်မက်ပြီးတာနဲ့ စိတ်ထဲက ထိုင်းထိုင်းမှိုင်းမှိုင်းဖြစ်ပြီး ဝမ်းနည်းနေမိတယ်စောမြတ်မွန်၊ ဒါနဲ့ နောက်တစ်နေ့တစ်နေ့လုံး ကျွန်တော် အရက်ချည်းထိုင်သောက်နေမိတယ်'

'ကိုဇော်လင်းထိုက်ရယ့်'

'မှတ်မိပါသေးတယ်၊ ဒီနေ့ဟာ ၂၀၀၅ခုနှစ်၊ အောက်တိုဘာလ(၃၀) ရက်နေ့ပေါ့'

'ရှင့် အောက်တိုဘာ(၃၀)၊ ၂၀၀၅ခုနှစ် ဟုတ်လား'

ထိုနေ့သည် ကျွန်မနှင့်ဦးကိုကိုကျော်ဇင်တို့မင်္ဂလာဆောင်သည့်နေ့။ မင်္ဂလာဦးညတွင် ဦးကိုကိုကျော်ဇင်သေဆုံးခဲ့သည့်နေ့ဖြစ်ပါ၏။ ကိုဇော်လင်းထိုက်သည် ကျွန်မမင်္ဂလာဆောင်သည့်ရက်တွင် အိပ်မက်ဆိုးကိုမက်ခဲ့ခြင်းဖြစ်ပါလေသည်။

'ဟုတ်ပါတယ်၊ ပြီးခဲ့တဲ့ညက အိပ်မက်ဆိုးကြောင့် စိတ်တွေလေပြီး ဒီနေ့ တစ်နေ့လုံး ကျွန်တော်အရက်တွေသောက်နေခဲ့တယ်၊ ညပိုင်းကျတော့ လူမှန်းမသိအောင်မူးနေပြီ၊ ကျွန်တော်ဟာ မူးမူးနဲ့ ဟော့ဒီ ဝင်္ဘာလိုဏ်ခေါင်းထဲကို အရောက်လာခဲ့တယ်စောမြတ်မွန်'

'အို'

'လိုဏ်ခေါင်းထဲကိုဆင်းပြီး စောမြတ်မွန်ဆိုတဲ့နာမည်ကို ဘယ်နှကြိမ်မှန်းမသိ ဟစ်ဟစ်ပြီး အော်မိတယ်ဗျာ၊ တစ်ညလုံး တစ်ညလုံးပါပဲ၊ ဂူပေါက်ဝတွေဖက်ကိုလှည့်ပြီး စောမြတ်မွန်နာမည်ကို မနားတမ်း အော်ခေါ်နေမိတော့တာပဲစောမြတ်မွန်'

ကျွန်မ၏မင်္ဂလာဦးညတွင် ကျွန်မကြားခဲ့ရသောခေါ်သံကား ကိုဇော်လင်းထိုက်၏စိတ်ခံစားမှုများ ပေါက်ကွဲရာမှ အော်ခေါ်သောအသံများပါလား။ မင်္ဂလာဦးညကုန်ဆုံးမည့်ဟိုတယ်ထဲတွင် ခေါ်သံကို နေရာအနှံ့မှ ကျွန်မကြားခဲ့ရသည်။

ရေချိုးခန်းထဲက ထွက်ပေါ်လာသော ခေါ်သံ။

ကုတင်အောက်မှ ထွက်ပေါ်လာသော ခေါ်သံ။

ဘီရိုထဲမှ ထွက်ပေါ်လာသော ခေါ်သံ။

မျက်နှာကျက်မှ ထွက်ပေါ်လာသော ခေါ်သံ။

အခန်းအပြင်မှ ထွက်ပေါ်လာသော ခေါ်သံ။


www.burmeseclassic.com

www.burmeseclassic.com

ခေါ်သံက နံရံများကြားမှ၊ ဆိုဖာဆက်တီများကြားမှ၊ မှန်ရိုးကေ့စ်များကြားမှ၊ စားပွဲခုံများအတွင်းမှ၊ ပန်းအိုးများအတွင်းမှ၊ ပန်းတွေကြားမှ၊ ကောင်တာအတွင်းထဲမှ အိုနေရာတကာ အစုံအစေ့ဆီမှ 'စောမြတ်မွန်'ဆိုသောခေါ်သံများပျံ့လွင့်နေပေသည်။

မင်္ဂလာဦးညက ကျွန်မကြားခဲ့ရသောခေါ်သံများသည် ဝင်္ဘာလိုဏ်ဂူထဲတွင် စိတ်ခံစားမှုများကိုဖောက်ခွဲအော်ဟစ်နေသည့် ကိုဇော်လင်းထိုက်၏ခေါ်သံများပါလား။

'ကျွန်တော့်ကို ဂေါပကအဖွဲ့လူကြီးတွေက လိုဏ်ခေါင်းထဲက ဆွဲထုတ်ပြီး အိမ်ပြန်ပို့ပေးခဲ့ရပါတယ်စောမြတ်မွန်'

'တော်ပါတော့ရှင့် တော်ပါတော့'

'စိတ်ဆင်းရဲသွားပြီလားစောမြတ်မွန်'

'ရှင့်ရဲ့စောမြတ်မွန်အပေါ်မှာစွဲလမ်းမှုကို အံ့သြမိလို့ပါ၊ ကျွန်မမကြားပါရစေနဲ့တော့၊ ကျွန်မတို့ပြန်ကြပါစို့ကိုဇော်လင်းထိုက်ရယ်'

ကျွန်မတို့ ဝင်္ဘာလိုဏ်ခေါင်းထဲမှ ပြန်ထွက်ခဲ့ကြသည်။

'ခရစ္စမတ်နေ့ရောက်ရင်သာ ညပိုင်းမှာ ပန်းချီကားကြီးရှေ့သွားပြီး စောမြတ်မွန်နာမည်ကိုခေါ်ကြည့်ပါကိုဇော်လင်းထိုက်'

'ဒီနေ့မှ ၂၂ရက်ရှိပါသေးတယ်စောမြတ်မွန်၊ ကြားထဲမှာ'

'ကြားရက်တွေထဲမှာ ကျွန်မကို လာမတွေ့ပါနဲ့တော့ရှင့်၊ ခရစ္စမတ်နေ့ဟာ ထူးခြားပါလိမ့်မယ်၊ လာမယ့်ခရစ္စမတ်ညဟာ ရှင်နဲ့ကျွန်မအတွက် ရှင်းလင်းတဲ့အဖြေတစ်ခု ရနိုင်ကောင်းပါရဲ့ကိုဇော်လင်းထိုက်'

\+ + + + + + + + +

www.burmeseclassic.com

# အပိုင်း–၄

( က )

ဇွဲဖင်ဘာ ၂၃နှင့်၂၄ နှစ်ရက်လုံးတွင် ကျွန်မ ဟိုတယ်ပေါ်မှာပဲ အချိန်ဖြုန်းနေခဲ့သည်။ ဘယ်ကိုမှမသွား။ ဟိုတယ်အောက်သို့ပင် မဆင်းပဲ အခန်းအောင်းနေမိပါ၏။

ဇွဲဖင်ဘာ(၂၅)ရက်ခရစ္စမတ်နေ့ကို စောင့်မျှော်ရင်း ကျွန်မ ရင်ဖိုလှိုက်မောနေမိသည်။

ကျွန်မတစ်သက်တွင်ကြားခဲ့ရသော ခေါ်သံများသည် ကိုသီဟတစ်ဖြစ်လဲ ကိုဇော်လင်းထိုက်၏ ယခုဘဝတွင် တမ်းတအော်ဟစ်ခဲ့သော ခေါ်သံများဖြစ်ကြောင်း ကျွန်မရှင်းလင်းစွာသိခဲ့ရပေပြီ။ သူ့ခေါ်သံများကို မိုင်ပေါင်းများစွာအကွာမှ ကျွန်မ ကြားခဲ့ရခြင်းကိုထောက်ချင့်၍ ကျွန်မသည် တစ်ချိန်က စောမြတ်မွန်ဖြစ်နိုင်ကြောင်းကိုလည်း ကောက်ချက်ဆွဲလို့ရပါပြီ။

ကျွန်မအဖို့ ဘဝဟောင်းကိုမှတ်မိမလာသည့်အတွက်သာ မချင့်မရဲဖြစ်မိပါသည်။

ခရစ္စမတ်ညရောက်လျှင် ကိုဇော်လင်းထိုက်သည် ပန်းချီကားကြီးရှေ့ တွင် စောမြတ်မွန်အမည်ကို ခေါ်ပေလိမ့်ဦးမည်။ ဟိုတယ်နှင့်မဝေးကွာလှသောအိမ်ကြီးဆီမှခေါ်သံကို ဟိုတယ်ပေါ်မှကျွန်မ ကြားရပါမည်လား။ ခေါ်သံကြားရခြင်း မ ကြားရခြင်းကား ကျွန်မအတွက် အပြေပြင်ဖြစ်ပါလိမ့်မည်။

ခရစ္စမတ်တေးသံများကား စမ်းဦးလွင်စခန်းတစ်ခုလုံးတွင် ပျံ့လွင့်နေပေ၏။

ဟိုတယ်အပေါ်ထပ် ကျွန်မတည်းခိုရာအခန်းမှ လှမ်းမျှော်ကြည့်လျှင် ည ချမ်းတွင် ခရစ္စမတ်ပွဲတော်အတွက် မီးရောင်စုံထွန်းညှိထားသော စမ်းဦးလွင်ကို အ ပေါ်စီးမှမြင်နေရသည်။

ခရစ္စမတ်ညချမ်းသို့ရောက်ပေတော့မည်။

ကျွန်မသည် စခန်းသာဟိုတယ်အပေါ်ထပ်တွင် တစ်ဦးတည်းပုန်းအောင်းခိုနားရင်း ခရစ္စမတ်ညကို စောင့်မျှော်လျှက်ရှိလေသည်။

+ + + + + + + + +

www.burmeseclassic.com

( ၁ )

ဇင်ဘာ ၂၅ရက်။ ခရစ္စမတ်နေ့သို့ရောက်ရှိလာပေပြီ။

ကျွန်မရင်ဖိုစွာမျှော်လင့်နေသော ခရစ္စမတ်နေ့။

ခရစ္စမတ်နေ့သည် ကျွန်မအတွက် မည်သို့သောအဖြေကိုပေးမည်နည်း။

ကျွန်မသည် ကိုဇော်လင်းထိုက်၏ ခေါ်သံကြားမှသာ ကျွန်မကိုယ်ကျွန်မ စောမြတ်မွန်ဟု မှတ်ယူရတော့မည်ဖြစ်သည်။ များစွာသောတိုက်ဆိုင်မှုများကို အကြောင်းပြု၍ ကျွန်မသည် စောမြတ်မွန်ဘဝမှလာသူဖြစ်ကြောင်း လက်ခံရပေတော့မည်။ ကျွန်မကိုယ်တိုင်တော့ ဘဝဟောင်းကို မှတ်မိလာစရာအကြောင်းမရှိတော့ပါ။

ညနေခင်းကတည်းက ကျွန်မသည် အနေရအထိုင်ရခက်စွာစိတ်လှုပ်ရှားနေလေ၏။ ညအချိန်သို့နီးကပ်လာလေ့ ကျွန်မ၏ရင်ခုန်သံများက မြန်လာလေဖြစ်သည်။

ကျွန်မသည် သက်ပြင်းတချချဖြစ်လိုက်၊ ဟိုတယ်ပြင်ပကိုငေးမောကြည့်လိုက်၊ ထိုင်ရမလို ထရမလိုနှင့် ယောက်ယက်ခတ်စိတ်လှုပ်ရှားနေလေ၏။

တစ်စတစ်စနှင့် နေဝင်ကာ အမှောင်ထုသန်းလာခဲ့လေပြီ။

ကျွန်မက ကုတင်ပေါ်တွင်လဲလျောင်းရင်း မျက်စိကိုမှိတ်၍မှိန်းကာ စိတ်တည်ငြိမ်အောင်ကြိုးစားနေလိုက်သည်။

ခေါ်သံ့ ခေါ်သံ့

ခေါ်သံကို ယနေ့ည ကျွန်မကြားရလေမည်လား။

'စောမြတ်မွန် စောမြတ်မွန်'

ဟော့ ခေါ်သံပါလား။

'စောမြတ်မွန် စောမြတ်မွန်'

ခေါ်သံသည် တိုးညှင်းစွာထွက်ပေါ်လာနေခြင်းဖြစ်သည်။ ကျွန်မနံဘေးမှ ကပ်၍ထွက်ပေါ်လာနေခြင်းဖြစ်သည်။

'စောမြတ်မွန်'

ခေါ်သံက တိုးတိုးသဲ့သဲ့ ညင်ညင်သာသာ့

ကျွန်မက မျက်လုံးကိုဖွင့်ကြည့်လိုက်သည်။

အို့ ပတ်ဝန်းကျင်တစ်ခုလုံး ပိန်းပိတ်အမှောင့်

နက်ရှိုင်းသောအမှောင်ထုထဲ၌ ကျွန်မရောက်နေပါကလား။

'စောမြတ်မွန်'

အမှောင်ကြားထဲမှ ခေါ်သံတီးတိုးက ကျွန်မနားထဲသို့ နီးကပ်စွာဝင်လာသည်။

ခေါ်သံထွက်လာရာသို့ ကျွန်မမော့်ကြည့်လိုက်မိ၏။

အို့ ကျွန်မသည် နွေးထွေးသောရင်ခွင်တစ်ခုထဲတွင် ရောက်ရှိနေပါကလား။ သန်မာသောလက်အစုံက ကျွန်မကိုထွေးပွေ့ထားသည်။ အမှောင်ထဲတွင် ကျွန်မ ဘာကိုမှမမြင်ရ။ အသက်ရှူလို့မဝ။ မွန်းကျပ်ပိတ်လှောင်နေသည်။

www.burmeseclassic.com

www.burmeseclassic.com

'စောမြတ်မွန် စောမြတ်မွန်၊ နေသာရဲ့လားဟင့်'

ကျွန်မကိုထွေးပွေ့ထားသူက နူးညံ့ညင်သာစွာမေးလိုက်သည်။

အို သူသည် ကိုသီဟပါလား။ ကျွန်မကိုထွေးပွေ့ထားသူမှာ ကိုသီဟဖြစ်သည်ကို ကျွန်မသိနေသည်။

'ကိုသီဟ့'

ကျွန်မနှုတ်မှ စကားလုံးများက အားယူဖွင့်ထုတ်မှပင် မပီမသထွက်ပေါ်လာလေ၏။

'စောမြတ်မွန် ကိုသီဟရှိတယ်လေ၊ ကိုသီဟရှိပါတယ်စောမြတ်မွန်'

'အို စောမြတ်မွန်တို့ အလင်းထဲကို ပြန်မရောက်နိုင်တော့ဘူးလား ဟင် ကိုသီဟ'

'စကားမပြောနဲ့စောမြတ်မွန်၊ ရောက်ရမှာပေါ့ကွယ်၊ ကိုသီဟနဲ့စောမြတ်မွန် အလင်းထဲကိုရောက်ရမှာပေါ့၊ မကြာခင် ကိုသီဟတို့ရဲ့လောကနိဗ္ဗာန်လေးကို ရောက်အောင်သွားကြမယ်နော်'

'လောကနိဗ္ဗာန်'

'ဟုတ်ပါတယ် စောမြတ်မွန်၊ လောကနိဗ္ဗာန်ကိုသွားကြဖို့ စောမြတ်မွန် အားမွေးလိုက်နော်၊ လောကနိဗ္ဗာန်ဘုံလေးထဲမှာ ကိုသီဟနဲ့စောမြတ်မွန်ပျော်ပျော်နေကြမယ်လေ့'

ကိုသီဟရယ့်။ ကိုသီဟနှုတ်မှစကားများက ကျွန်မကို နှစ်သိမ့်နေခြင်းသာဖြစ်လေသည်။ ကျွန်မတို့သည် လိုဏ်ခေါင်း၏ အနက်ရှိုင်းဆုံးသောတစ်နေရာတွင် ရောက်ရှိနေခြင်းဖြစ်ပါသည်။ ပိန်းပိတ်အောင်မှောင်သည့်နေရာ၊ အလင်းရောင်မဝင်သည့် နေရာ။ ပြီးတော့ အသက်ရှုရန် လေလုံလောက်စွာမရှိသည့်နေရာပါကလား။

'အသက်ရှုလို့မဝဘူးကိုသီဟ'

'စောမြတ်မွန် ကိုယ်တို့'

'ကိုသီဟ့ ကိုသီဟ့ စောမြတ်မွန်တို့ မနေရတော့ဘူးကိုသီဟရယ့် နောင်ဘဝရောက်ရင်သာ စောမြတ်မွန်နဲ့ကိုသီဟ့'

'ကိုသီဟနဲ့စောမြတ်မွန်က လောကနိဗ္ဗာန်လေးကို သွားကြမှာလေ'

'လော့ကနိဗ္ဗာန်၊ ကိုသီဟရယ့် စောမြတ်မွန်အသက်ရှုကျပ် လာပြီ၊ နောင်ဘဝ နောင်ဘဝမှာ ကိုသီဟနဲ့စောမြတ်မွန် ပြန်ဆုံဖို့ ဆုဆု ဆုတောင်း'

**'စောမြတ်မွန် စောမြတ်မွန်'**

**'စောမြတ်မွန် စောမြတ်မွန်'**

ကိုသီဟ၏ခေါ်သံများက ပဲ့လွင့်နေသည်။ လိုဏ်ဂူတလျှောက်မှာ ပဲ့လွင့်နေသည်။

**'စောမြတ်မွန် စောမြတ်မွန်'**

**'စောမြတ်မွန် စောမြတ်မွန်'**

ခေါ်သံ ခေါ်သံ ကိုသီဟ၏ခေါ်သံ။


www.burmeseclassic.com

www.burmeseclassic.com

**'စောမြုတ်မွန် စောမြုတ်မွန်'**

**'စောမြုတ်မွန် စောမြုတ်မွန်'**

ခေါ်သံကိုကြားနေရသည်။

ကျွန်မအိပ်ရာမှလန့်နိုးလာသည်။

ကျွန်မသည် အိပ်မက်မက်နေခြင်းပါကလား။

အိပ်မက်။ အိပ်မက်သည် ယခင်ဘဝက နောက်ဆုံးအချိန်ကို သတိရအောင် လုပ်ဆောင်လိုက်ပေပြီ။

ကျွန်မ အိပ်မက်ထဲတွင် မြင်မက်ခဲ့သည်များမှာ ယခင်ဘဝက လိုဏ်ဂူထဲတွင် အသက်မစွန့်မီ တွက်အချိန်လေးမှအဖြစ်များပါတကား။ အိပ်မက်ကြောင့် ဘဝဟောင်းကို ကျွန်မပြန်လည်မှတ်မိလိုက်လေပြီ။

**'စောမြုတ်မွန် စောမြုတ်မွန်'**

**'စောမြုတ်မွန် စောမြုတ်မွန်'**

အိပ်မက်မှလန့်နိုးသော်လည်း ခေါ်သံကိုမူကြားနေရဆဲ။

**'စောမြုတ်မွန် စောမြုတ်မွန်'**

**'စောမြုတ်မွန် စောမြုတ်မွန်'**

အို ယခုကြားနေရသောခေါ်သံက အပြင်ပမှ တကယ်ကြားနေရသောခေါ်သံပါတကား။

**'စောမြုတ်မွန် စောမြုတ်မွန်'**

**'စောမြုတ်မွန် စောမြုတ်မွန်'**

ကျွန်မက နာရီကိုကြည့်လိုက်သည်။

ည ၁၁နာရီ၅၅မိနစ်။ အို ကျွန်မသည် အချိန်များစွာအိပ်ပျော်သွားပေသည်။ အိပ်ပျော်ရင်းမှ အတိတ်ဘဝဟောင်းကို အိပ်မက်အသွင်ဖြင့်ပြန်မြင်ရခြင်းဖြစ်ပေသည်။ ဘဝဟောင်း၏ နောက်ဆုံးအပိုင်းအစလေးကို အိပ်မက်မှတစ်ဆင့်ကျွန်မ သိလိုက်ရပေပြီ။

**'စောမြုတ်မွန် စောမြုတ်မွန်'**

**'စောမြုတ်မွန် စောမြုတ်မွန်'**

လက်ရှိကြားနေရသောခေါ်သံကတော့ ကိုဇော်လင်းထိုက်ခေါ် တစ်ချိန်က ကိုသီဟ၏ခေါ်သံပင်ဖြစ်ပါလိမ့်မည်။

သူသည် ပန်းချီကားကြီးရှေ့မှနေ၍ ကျွန်မကိုခေါ်နေလေပြီ။

**'စောမြုတ်မွန် စောမြုတ်မွန်'**

**'စောမြုတ်မွန် စောမြုတ်မွန်'**

ကျွန်မက ကုတင်ပေါ်မှလူးလဲထလိုက်သည်။ အဝတ်အစားပင်မလဲတော့ပဲ ကျွန်မ ဟိုတယ်ခန်းထဲမှပြေးထွက်ခဲ့သည်။

**'စောမြုတ်မွန် စောမြုတ်မွန်'**

**'စောမြုတ်မွန် စောမြုတ်မွန်'**

ကိုသီဟ ကျွန်မကိုခေါ်နေပါပြီ။


www.burmeseclassic.com

www.burmeseclassic.com

ဟိုတယ်ညှော်ခန်းမှ ကျွန်မကိုတအံ့တဩမော်ကြည့်လိုက်ကြသောမျက်လုံးများကို ရှက်ရမှန်းမသိတော့။ အခန်းသော့ကို ကောင်တာတွင် လှမ်းတင်လိုက်ကာ ဟိုတယ်အပြင်သို့ပြေးထွက်ခဲ့လေသည်။

**'စောမြတ်မွန် စောမြတ်မွန်'**

**'စောမြတ်မွန် စောမြတ်မွန်'**

စောမြတ်မွန် လာနေပါပြီကိုသီဟ။ ကိုသီဟရှိရာကိုစောမြတ်မွန်လာနေပါပြီ။ ကျွန်မက ရွာလယ်လမ်းကိုဦးတည်ကာ အပြေးတစ်ပိုင်းထွက်လာခဲ့လေသည်။

**'စောမြတ်မွန် စောမြတ်မွန်'**

**'စောမြတ်မွန် စောမြတ်မွန်'**

ကြိုးတံတားကိုအကျော်တွင် ကျွန်မခြေလှမ်းများ ပို၍သွက်လာခဲ့သည်။

**'စောမြတ်မွန် စောမြတ်မွန်'**

**'စောမြတ်မွန် စောမြတ်မွန်'**

ကိုသီဟခေါ်သံကို အခြားသူတွေရောကြားကြသလား။ ကျွန်မမသိနိုင်။ သိလည်းမသိချင်တော့။

ကျွန်မအတွက်တော့ ကိုသီဟခေါ်သံများက ကမ္ဘာတုန်သည်ထိ မြည်ဟည်းနေသည့်နှယ်။

**'စောမြတ်မွန် စောမြတ်မွန်'**

**'စောမြတ်မွန် စောမြတ်မွန်'**

သန်းခေါင်တိုင်နေသော်လည်း ခရစ္စမတ်ညချမ်းဖြစ်၍ စမ်းဦးလွင်၏လမ်းမတလျှောက် ခရစ္စမတ်တေးသံများက ပျံ့လွင့်လို့။ မီးရောင်စုံများက ထိန်ညီးလို့။

**'စောမြတ်မွန် စောမြတ်မွန်'**

**'စောမြတ်မွန် စောမြတ်မွန်'**

ကိုသီဟ၏ခေါ်သံကလည်း ကမ္ဘာကြီးတုန်သွားမတတ် ထွက်ပေါ်လာနေဆဲပင်။

ကျွန်မသည် ရွာလယ်လမ်းမကြီးအတိုင်း ပြေး၍လာခဲ့လေသည်။

**'စောမြတ်မွန် စောမြတ်မွန်'**

**'စောမြတ်မွန် စောမြတ်မွန်'**

အိမ်ကြီးဆီသို့နီး၍လာခဲ့ပြီ။

လျှို့ဝှက်သည်းဖိုဆန်သောအိမ်ကြီးကား မီးရောင်စုံများဖြင့် ကျွန်မကို စောင့်ကြိုနေလေသည်။

**'စောမြတ်မွန် စောမြတ်မွန်'**

**'စောမြတ်မွန် စောမြတ်မွန်'**

ကျွန်မက အိမ်ရှေ့ဝင်းတခါးကိုတွန်းဖွင့်လိုက်သည်။ အလိုက်သင့်ပင်ပွင့်သွားသည်။

**'စောမြတ်မွန် စောမြတ်မွန်'**

**'စောမြတ်မွန် စောမြတ်မွန်'**


www.burmeseclassic.com

www.burmeseclassic.com

အိမ်မကြီးရှေ့ရောက်သည်နှင့် ပန်းချီကားကြီးရှေ့မှ ကိုဇော်လင်းထိုက်ကို မြင်လိုက်ရလေသည်။ အို့ကိုဇော်လင်းထိုက်မဟုတ်ဘူး။ သူဟာ ကိုသီဟပါ၊ စောမြတ်မွန်ရဲ့ကိုသီဟ။ ကျွန်မရဲ့ ကိုသီဟလေ့။

**'စောမြတ်မွန် စောမြတ်မွန်'**

**'စောမြတ်မွန် စောမြတ်မွန်'**

သူက ပန်းချီကားကြီးကို မော်ကြည့်ကာ စောမြတ်မွန်အမည်ကို တစာစာ ခေါ်နေပေ၏။

'ကိုသီဟ့'

ကျွန်မက နှုတ်မှဟစ်အော်ရင်း အခန်းထဲသို့ပြေးဝင်သွားလိုက်သည်။

ကိုသီဟက ကျွန်မကိုလှည့်ကြည့်လိုက်လေ၏။

'ဟင့် စောမြတ်မွန်'

'ကိုသီဟ'

'စောမြတ်မွန် ကျွန်တော့်ကို ကိုသီဟလို့ခေါ်တယ်'

'ဟုတ်ပါတယ်ကိုသီဟ၊ ကိုသီဟဆီကို စောမြတ်မွန်ရောက်လာပါပြီ'

'စောမြတ်မွန် စောမြတ်မွန်ရယ့်'

ကျွန်မက ကိုသီဟရင်ခွင်ထဲသို့ပြေးဝင်လိုက်သည်။

ကျွန်မ မရှက်နိုင်တော့ပါ။ ကိုသီဟရင်ခွင်ထဲတွင် ထွေးပွေ့ခံရင်းမှ သူ့ကိုပြန်လည်ဖက်တွယ်ထားမိလေသည်။

'ကိုသီဟရယ့်'

'စောမြတ်မွန် စောမြတ်မွန်ရယ့်၊ စောမြတ်မွန် အတိတ်ဘဝကို ပြန်မှတ်မိပြီလား ဟင့်'

'မှတ်မိပါပြီကိုသီဟ၊ ဓိကိုမလာခင် စောမြတ်မွန် အိပ်မက်မက်တယ်လေ၊ အိပ်မက်ကြောင့် ကိုသီဟကိုယ်တိုင်မေ့နေတယ်ဆိုတဲ့ အရင်ဘဝကနောက်ဆုံးအချိန်ကို သိလိုက်ရပါပြီကိုသီဟ'

'ဟင့် တကယ်လားစောမြတ်မွန်'

'ဟုတ်ပါတယ်၊ ကိုသီဟနဲ့စောမြတ်မွန်ဟာ လိုဏ်ဂူထဲမှာပိတ်မိပြီး အသက်မထွက်ခင်နောက်ဆုံးအချိန်တုံးက နောက်ဘဝမှာပြန်ဆုံရပါစေလို့ ဆုတောင်းခဲ့ကြတယ်လေ'

'တကယ်ပဲလားစောမြတ်မွန်ရယ့်၊ ဒါဖြင့် ကိုသီဟတို့ဆုတောင်းပြည့်ပြီပေါ့၊ အခုလာတော့ စောမြတ်မွန်အတိတ်ကိုပြန်မှတ်မိလို့လိုက်လာတာပေါ့နော်'

'ကိုသီဟခေါ်သံကိုကြားလို့လာခဲ့တာပါကိုသီဟရယ့်'

'ဟင့် ကိုယ့်ခေါ်သံကိုကြားရတယ်'

'ဟုတ်ပါတယ်၊ အခုမှမဟုတ်ပါဘူး၊ လွန်ခဲ့တဲ့နှစ်တွေတုံးကလည်း စောမြတ်မွန် အရပ်ဝေးကနေပြီး ခရစ္စမတ်နေ့တွေမှာ ကိုသီဟခေါ်သံကိုကြားခဲ့ရပါတယ် ကိုသီဟ၊ အဲ့ဒီခေါ်သံကြောင့်ပဲ စောမြတ်မွန် စမ်းဦးလွင်ကိုရောက်လာရတာပါ'

'ဒါနဲ့များစောမြတ်မွန်ရယ့်'

www.burmeseclassic.com

'အတိတ်ဘဝကိုသတိမရသေးလို့ ကိုသီဟကို တစိမ်းဆန်ဆန်ဆက်ဆံခဲ့မိတာ ခွင့်လွှတ်ပါကိုသီဟရယ်'

ကျွန်မနှင့်ကိုသီဟ တစ်ယောက်ကိုတစ်ယောက်အတိုးချ၍ ချစ်ခြင်းပြိုင်နေကြစဉ် ဘီးလိမ့်သံကြားရကာ တစ်ဆက်တည်း လက်ခုပ်သံကိုပါကြားလိုက်ရလေ၏။

ကျွန်မသည် ကိုသီဟရင်ခွင်ထဲမှခွာလိုက်လေသည်။

နောက်ကိုလှည့်ကြည့်လိုက်တော့ ဖွါးနန်းခမ်းယုံကို ဘီးတပ်ကုလားထိုင်ပေါ်တင်၍တွန်းလာသော နန်းခမ်းကြွယ်ကိုတွေ့လိုက်ရလေသည်။ လက်ခုပ်သံကိုတော့ မည်သူတီးလိုက်သည်ကို မသိတော့ပါချေ။

'သိပ်ကြည့်ကောင်းတာပဲဟေ့'

နန်းခမ်းကြွယ်က ပြောလိုက်သည်။

'ဝမ်းသာလိုက်တာကွယ်၊ မောင်သီဟနဲ့စောမြတ်မွန်ကို ခုလိုမြင်ရတာ မမယုံ အဲလေ့ အန်တီယုံသိပ်ဝမ်းသားတာပဲကွယ်'

ဖွါးနန်းခမ်းယုံက မျက်ရည်ဝဲရင်းပြောလေသည်။

'သြော် ဇီလိုရှုခင်းမျိုးကို ဟိုးလွန်ခဲ့တဲ့နှစ်ပေါင်းသုံးဆယ်ကတည်းက မြင်သင့်တာပါကလား၊ မာနတွေ့ အာဃာတတွေ့ အဆင့်အတန်းခွဲမှုတွေ ကြောင့်'

ဖွါးနန်းခမ်းယုံစကားသံက ကြေကွဲမှုဖြင့် လှိုက်ဝင်သွားလေသည်။

'ဖွါးတွေပြောမနေပါနဲ့တော့မေမေရယ်'

နန်းခမ်းကြွယ်က သတိပေးလိုက်သည်။

'ဟုတ်ပါတယ်လေ၊ မေမေဝမ်းသာလွန်းလို့ပါသမီးရယ်၊ ကဲ့ မောင်သီဟနဲ့စောမြတ်မွန်၊ မင်းတို့နှစ်ယောက်ရဲ့အချစ်ကို ဂုဏ်ပြုတဲ့အနေနဲ့ မမယုံ အဲလေ့ မင်းတို့ကို ဟိုဘဝက မောင်သီဟနဲ့စောမြတ်မွန်လို့ပဲမှတ်မှတ်ပြီး ကိုယ့်ကိုကိုယ် မမယုံလို့သုံးမိတာပါကွယ်၊ အန်တီက အန်တီယုံက မင်းတို့ချစ်ခြင်းကို ဂုဏ်ပြုတဲ့အနေနဲ့ စောမြတ်မွန်ပန်းချီကားကြီးကို လက်ဖွဲ့လိုက်ပါပြီကွယ်'

'ဟာ့ အန်တီယုံ'

'ကျေးဇူးတင်ပါတယ်အန်တီယုံ'

'အေး တကယ်တော့ အန်တီယုံဟာ မင်းတို့ကို အရင်ဘဝကတည်း က ပေါင်းစေချင်ခဲ့တာပါကွယ်၊ ကြုံကြိုက်လို့ ဘယ်သူ့ကိုမှမပြောပဲထားခဲ့တဲ့အဖြစ်တစ်ခုကို မင်းတို့ကိုပြောပြတော့မယ်'

'ဘာများလဲအန်တီယုံ'

'လွန်ခဲ့တဲ့နှစ်ပေါင်းသုံးဆယ်၊ ၁၉၇၇ခုနှစ် ခရစ္စမတ်ညမှာ စောမြတ်မွန်ကို မောင်သီဟနောက် လိုက်သွားနိုင်အောင် စီစဉ်ပေးလိုက်တာဟာ အန်တီကိုယ်တိုင်ပဲကွဲ့'

'အို'

'ဟင်'

'အိမ်မှာ ခရစ္စမတ်အဖွဲ့တွေ သီချင်းလာဆိုချိန်ကို အခွင့်ကောင်းယူပြီး

www.burmeseclassic.com

စောမြတ်မွန်ကို အိမ်အပြင်ရောက်အောင် အန်တီယုံကိုယ်တိုင် ကူညီခဲ့တယ်၊ မောင်သီဟ စောင့်နေနိုင်အောင်လည်း ညနေကတည်းက ၎ါနန်းရွှေကို စာရေးပြီး ပေးခိုင်းထားခဲ့တာပဲကွဲ့၊ စာထဲမှာ မောင်သီဟကို ကိုးဆူဘုရားထဲက အဆင်သင့်စောင့်နေဖို့ရေးခဲ့တယ်လေ၊ အန်တီ့သဘောကတော့ သိပ်ချစ်ကြတဲ့ ချစ်သူနှစ်ယောက် ပေါင်းရဖို့အရေးပဲ တွေးခဲ့တာပါကွယ်၊ ဒါပေမယ့် ရာဇမာန်သိပ်ပြင်းထန်တဲ့ အန်တီ့ယောက္ခမကြီးနဲ့ အန်တီ့ခင်ပွန်းသည်ကြောင့် ကမ္ဘာတုန်မတတ် ချောက်ချားစရာကောင်းတဲ့အဖြစ်တွေ ဖြစ်ခဲ့ရတယ်လေ၊ ခုတော့ ပြီးတာတွေပြီးပါပြီလေ၊ မောင်သီဟနဲ့စောမြတ်မွန်တို့သာ ခုဘဝမှာတော့ သစ္စာရှိရှိနဲ့ သက်ဆုံးတိုင်ပေါင်းရပါစေလို့ အန်တီဆုတောင်းပါတယ်ကွယ်'

၎ါနန်းခမ်းယုံကား စိတ်ထားပြည့်ဝသော အမျိုးသမီးကြီးတစ်ယောက်ပါတကား။ ကျွန်မသည် ၎ါနန်းခမ်းယုံပြောပြသည်များကို နားထောင်ရင်း မျက်ရည်များကြားမှ ယခင်ဘဝက ကျွန်မ၏ယောင်းမတော်စပ်ခဲ့သူ ၎ါနန်းခမ်းယုံကိုငေးကြည့်နေမိသည်။

'စိတ်ချပါအန်တီ၊ ခေတ်ကလည်း လူလူချင်း အဆင့်အတန်းခွဲတဲ့ခေတ်မျိုးမဟုတ်တော့ပါဘူး၊ ကျွန်တော်နဲ့စောမြတ်မွန် တစ်ယောက်ကိုတစ်ယောက် ရိုးမြေကျ သက်ဆုံးတိုင်ပေါင်းသွားပါ့မယ်အန်တီ၊ ဟုတ်တယ်မဟုတ်လားစောမြတ်မွန်'

'ဟုတ်ပါတယ်အန်တီ၊ ဘဝနှစ်ခုလုံးမှာ သမီးတို့အပေါ် စေတနာထားခဲ့တဲ့ အန်တီ့ရဲ့စိတ်ထားကို လေးစားပါတယ်ရှင်၊ သမီးတို့ အန်တီ့ကိုကန်တော့ပါရစေ'

ကျွန်မနှင့်ကိုသီဟက ၎ါနန်းခမ်းယုံကိုထိုင်ကန်တော့လိုက်သည်။

၎ါနန်းခမ်းယုံ၏ဆုပေးစကားများက ရှည်လျားစွာထွက်ပေါ်လာလေ၏။

'ကမ္ဘာတုန်အောင်ကြောက်စရာကောင်းတဲ့ဖြစ်ရပ်တွေက ကုန်ဆုံးသွားပါပြီ၊ ဒီညကစလို့ ကမ္ဘာတုန်အောင် ချစ်နိုင်ကြပါစေလို့ ဆုတောင်းလိုက်ပါတယ်ကွယ်'

'ပေးတဲ့ဆုနဲ့ပြည့်ပါစေခင်ဗျာ'

'ပေးတဲ့ဆုနဲ့ပြည့်ပါစေရှင့်'

\+ + + + + + + + +

**နွေတမာန်**

၁၁-၁၂-၀၇ မှ

၂၅-၁၂-၀၇ (ခရစ္စမတ်နေ့)


www.burmeseclassic.com